www.burmeseclassic.com

တက္ကသိုလ်

# သီဟတောင်

## အာဆိပ်ကျေးကျွန်

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဘီဟာအောင်

# အဆိပ်ကျေးကျွန်

(ပထမပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၂၆၅၀၃၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၆၅၀၃၁၁

၂၀၁၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရီ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စနေကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွာ ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၅၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ဖြိုပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

# ဖြိုင်ပွဲ

စိမ်းလန်းသောတောအုပ်တစ်ခု ဖြစ်သည်။

တောလမ်းကလေးအတိုင်း လူတစ်ယောက် လျှောက်လှမ်းလာလေသည်။

ထိုလူသည် အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး အသက်သုံးဆယ်ကျော်ခန့်ရှိသော လူရွယ်တစ်ဦး ဖြစ်လေသည်။

တောလမ်းကလေးပေါ်၌ သစ်ရွက်ခြောက်များ ဖုံးလွှမ်းထားသကဲ့သို့ မြက်ပင်များလည်း ရှိနေသည်။

လူရွယ်က သစ်ရွက်ခြောက်များ၊ မြက်ပင်များပေါ်မှနင်းကာလျှောက်လာရင်း တစ်နေရာသို့အရောက်တွင် သမင်လေးတစ်ကောင် ပြေးလာသည်ကိုတွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမင်လေးသည် လူရွယ်အား ရုတ်တရက် တွေ့မြင်လိုက်ရလျှင် ပြေးလာရာမှ တုန့်ခနဲ ရပ်တန့်သွားလေသည်။

ထိုအချိန်မှာပင်...

"ဝှစ်"

လေတိုးသံနှင့်အတူ မြှားတံတစ်ချောင်း ပစ်လွှင့်လာပြီးသမင်လေး၏လက်ပြင်၌ ရှူးနစ်စိုက်ဝင်သွားတော့သည်။

သမင်လေးသည် မြေပေါ် ဘိုင်းခနဲလဲကျသွားရှာတော့သည်။

လူရွယ်က မြှားတံပစ်လွှင့်လာရာဘက်ဆီသို့ ကြည့်လိုက်လေသည်။

ထိုအခါ...

"မင်း ပြေးနိုင်သေးသလား"

ကြွေးကြော်သံနှင့်အတူ မုဆိုးတစ်ဦး ပြေးလွှားလာသည်ကို တွေ့လိုက်ရလေသည်။

မုဆိုးသည်လည်း သမင်လေးအနီးသို့ မရောက်မီ လူရွယ်ကိုတွေ့လိုက်ရသဖြင့် ခြေလှမ်းတုန့်ခနဲ ရပ်တန့်သွားလေသည်။

တောထဲတောင်ထဲ၌ ခရီးသွားလူရွယ်တစ်ဦးကို တွေ့လိုက်ရသဖြင့် အံ့သြသွားဟန်ရှိလေသည်။

လူရွယ်ကို အကဲခတ်လိုက်ပြီး...

"မိတ်ဆွေလေးက သည်တောလမ်းက ဖြတ်သန်းလာတာဟုတ်လား"



ဟုလည်း မေးလိုက်သည်။

လူရွယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ သည်တောလမ်းက ဖြတ်သွားရင်ရှိုင်ယွင်ဒေသကို အမြန်ဆုံးရောက်သွားနိုင်တယ် မဟုတ်လားဗျာ"

မုဆိုးက...

"ဟုတ်ပါတယ်၊ မိတ်ဆွေလေးက ရှိုင်ယွင်ဒေသကို သွားမလို့လား၊ ဒါဆိုရင် သတိထားသွားပါဗျာ၊ အဲသည်အရပ်မှာသိုင်းသမားဆိုးတွေ အရမ်းပေါများတာ၊ သူတို့က လူတစ်ယောက်ရဲ့အသက်ကို ဖက်ရွက်လောက်တောင် တန်ဖိုးထားကြတာ မဟုတ်ဘူး"

စေတနာဖြင့် သတိပေးလိုက်သောစကား ဖြစ်လေသည်။

လူရွယ် ပြုံးလိုက်သည်။

"ကျုပ်က အဲသည်သိုင်းသမားဆိုးတွေကို မကြောက်ပါဘူးဗျာ"

နှစ်ယောက်သား ပြောဆိုနေကြစဉ် မုဆိုးသည် မြက်ပင်များကြားမှလျှောခနဲ ထွက်လာသော မြွေတစ်ကောင်ကို တွေ့မြင်သွားလေသည်။

မုဆိုး ထိတ်လန့်သွားလေသည်။

"မြွေ...မြွေ...မြန်မြန်ရှောင်လိုက်ပါ"

ဟု အော်ပြောလိုက်လေသည်။

လူရွယ်က ခေါင်းငုံ့ကြည့်လိုက်သောအခါ မြွေက သူ၏ခြေ

www.burmeseclassic.com

www.burmeseclassic.com



တောင်အနီးသို့ ရောက်ရှိနေပြီဖြစ်လေသည်။

"မလှုပ်နဲ့ ဒါ အင်မတန် အဆိပ်ပြင်းတဲ့မြွေစိမ်းပဲ သတိထား"

မုဆိုးက လှမ်းပြီးသတိပေးလိုက်ပြန်သည်။

သူက မလှုပ်နှင့်ဆိုမှ လူရွှယ်က ခြေထောက်ရုပ်ကာ လှုပ်လိုက်မိလေသည်။

လူရွှယ် လှုပ်လိုက်သည်နှင့် မြွေစိမ်းက အလွန်လျင်မြန်စွာ ပေါက်လိုက်ရာ လူရွှယ်၏ခြေထောက်ကို ပေါက်မိလိုက်လေတော့သည်။

"ဟာ...သွားပါပြီ"

မုဆိုးက နဖူးပြင်ကို လက်ဝါးဖြင့် ဖြန်းခနဲမြည်အောင်ရိုက်ကာ ညည်းတွားလိုက်လေသည်။

မြွေပေါက်ခံလိုက်ရသော်လည်း လူရွှယ်က အပြုံးမပျက်ပါချေ။ ခါးကုန်းပြီး မြေပေါ်မှမြွေကို ဖမ်းယူလိုက်သည်။

မြွေကိုကြည့်ပြီး...

"မစွံသေးပါဘူး"

ဟုရေရွတ်ကာ ခပ်လှမ်းလှမ်းရှိ ချုံပုတ်ကြီးတစ်ခုဆီသို့ ပစ်လိုက်လေသည်။

မြွေစိမ်းလည်း ချုံပုတ်ထဲ လျှောခနဲတိုးဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

မုဆိုး အံ့ဩသွားသည်။



"မိတ်ဆွေလေး..မြွေစိမ်းကိုက်ခံရတာတောင် ဘာမှမဖြစ်ဘူးနော်"

လူရွှယ် ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ဘာမှမဖြစ်ပါဘူးဗျာ"

"မြွေစိမ်းက အဆိပ်သိပ်ပြင်းတာ အကိုက်ခံလိုက်ရရင် ဆေးမမီဘူး၊ တုန်းခနဲ သေတာချည်းပဲ၊ မိတ်ဆွေလေးကျမှ.."

လူရွှယ်က...

"ကျုပ်က အဆိပ်မကြောက်တာ မဟုတ်ပါဘူး၊ ကျုပ်က ခင်ဗျားပြောတဲ့ မြွေစိမ်းထက်ပိုပြီး အဆိပ်ပြင်းလို့ နေမှာပေါ့ဗျာ"

"ဟင်"

မုဆိုး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

လူရွှယ် ပြုံးလိုက်ပြန်သည်။

"ကျုပ်အတွက် မစိုးရိမ်ပါနဲ့ဗျာ၊ ကျုပ်က ဘာမှမဖြစ်ပါဘူး။ ချိုင်ယွင်ဒေသကို ကျုပ်သွားမလို့ဆိုတာကလည်း အဲသည်မှာ သတင်းကြီးနေတဲ့ 'ချို' မျိုးနွယ်ကလူတွေနဲ့ ပညာပြိုင်ဖို့ပါပဲ"

"ဟာ"

မုဆိုးမှာ လူရွှယ်နှင့်တွေ့မှ ဟင်ခနဲ ဟာခနဲ ဖြစ်နေရှာလေတော့သည်။ လူရွှယ်ကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"ချိုမျိုးနွယ်"

လူရွှယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးက...

"သူတို့နဲ့ ပညာပြိုင်ဖို့ဟုတ်လား"

"ဟုတ်တယ်"

"သူတို့က အဆိပ်နဲ့ပတ်သက်ပြီး ထင်ရှားကျော်ကြားနေကြတာ၊ လူတွေက သူတို့ကို ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြတယ်"

လူရွယ်က...

"ကျုပ်က သူတို့သတင်းကို ကြားပြီးပါပြီဗျာ"

"မိတ်ဆွေလေး မကြောက်ဘူးလား"

"ဟင့်အင်း"

"ဟာ..သူတို့ကို မကြောက်ရင် သူတို့ရဲ့အဆိပ်ကြောင့် ဒုက္ခရောက်သွားလိမ့်မယ်"

မုဆိုးမှာ လူရွယ်အတွက် စိုးရိမ်ပူပန်နေပါတော့သည်။

လူရွယ်က ရယ်မောလိုက်သည်။

"ကျုပ်အတွက် မပူပါနဲ့ဗျာ၊ အဆိပ်ပြင်းတဲ့ မြွေစိမ်းကိုက်တာတောင် ဘာမှမဖြစ်ဘူးဆိုတာ ခင်ဗျားမြင်တဲ့အတိုင်းပဲလေ၊ ကဲ ကျုပ်သွားလိုက်ဦးမယ်"

စကားဆုံးလျှင် မုဆိုးကို အမှုမထားတော့ဘဲ ထွက်သွားလေတော့သည်။

မုဆိုးလည်း အဆိပ်မကြောက်သည့် လူရွယ်၏နောက်ကျောကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

♠ ♠ ♠



ချိုင်ယွင်ဒေသ...။

ချိုင်ယွင်ဒေသသည် သိုင်းသမားဆိုးများ ထကြွသောင်းကျန်းနေသော ဒေသတစ်ခုဖြစ်လေသည်။

ချိုင်ယွင်ဒေသ၌ 'ချီ' မျိုးနွယ်များက အကျော်ကြားဆုံးဖြစ်လေသည်။

ကောင်းသတင်းဖြင့် ကျော်ကြားခြင်းတော့ မဟုတ်ပါ။

အဆိပ်အလွန်ကျွမ်းကျင်ကြပြီး ထစ်ခနဲရှိလျှင် အဆိပ်ကို အသုံးပြုတိုက်ခိုက်လေ့ရှိခြင်းကြောင့် မကောင်းသတင်းဖြင့် ထင်ရှားကြခြင်း ဖြစ်လေသည်။

ထို့ကြောင့် လူတိုင်း ဝေးဝေးရှောင်ကြလေသည်။

သို့တိုင်...

ချီမျိုးနွယ်များအား မကြောက်မရွံ့ ဒုက္ခပေးမည့်သူတစ်ယောက် ထွက်ပေါ်လာခဲ့လေသည်။

ထို့ကြောင့် ချိုင်ယွင်ဒေသတွင် သိုင်းသမားတို့၏ တိုက်ပွဲများ ဖြစ်ပေါ်လာခဲ့လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ချီရှောင်…။

ချီရှောင်သည် ချီမျိုးနွယ်ခေါင်းဆောင် ဖြစ်သည်။

ချိုင်ယွင်ဒေသ၌ ချီရှောင်သည် နယ်စားကြီးတစ်ဦးကဲ့သို့ ဩဇာတိက္ကမကြီးမားသူ ဖြစ်လေသည်။

လူတိုင်းက ချီရှောင်ကို ကြောက်ရွံ့ထိတ်လန့်ကြသော်လည်း ချိုင်ယွင်ဒေသ အေးချမ်းသာယာရေး ဆောင်ရွက်ရန် နန်းတွင်းမှ စေလွှတ်လိုက်သော အမတ်တစ်ဦး ရောက်ရှိလာသောအခါ ချီရှောင်နှင့် ထိပ်တိုက်တိုးမိလေတော့သည်။

နန်းတွင်းမှ ရောက်ရှိလာသော အမတ်မှာ အသက်လေးဆယ်ခန့်သာ ရှိသေးပြီး သိုင်းလောကသားတစ်ယောက်လည်း ဖြစ်လေသည်။

သိုင်းလောက၌ 'ရွှေစုတ်တံသိုင်းသမားဖုံးရှောင်'ဟု ဂုဏ်သတင်း ထင်ရှားကျော်ကြားခဲ့သူလည်း ဖြစ်လေသည်။

ရွှေစုတ်တံသိုင်းသမား ဖုံးရှောင်သည် ချိုင်ယွင်ဒေသသို့ ရောက်ရှိလာသောအခါ သတင်းအကြီးဆုံး 'ချီ'မျိုးနွယ်များအား ထိမ်းသိမ်းနိုင်မှသာ ချိုင်ယွင်ဒေသ အေးချမ်းသာယာသွားမည်ဖြစ်ကြောင်း နားလည်သဘောပေါက်ခဲ့သည်။

ထို့ကြောင့် ချီမျိုးနွယ်ခေါင်းဆောင် ချီရှောင်နှင့်သွားရောက်တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်ခဲ့လေသည်။

♠ ♠ ♠



ချီရှောင်၏မျက်နှာ တည်ကြည်လေးနက်နေသည်။

စုရုံးရောက်ရှိနေသော ချီမျိုးနွယ်မှ အရေးပါအရာရောက်သူများအား တစ်ချက်ဝေ့ကြည့်လိုက်သည်။

"ချိုင်ယွင်ဒေသမှာ အဆိပ်ပြိုင်ပွဲ ကျင်းပဖို့ အနယ်နယ်အရပ်ရပ်က အဆိပ်ပညာရှင်တွေကို ဖိတ်ခေါ်ထားတဲ့အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင် နန်းတွင်းက အမတ်တစ်ယောက် ရောက်လာတယ်၊ သူက ချိုင်ယွင်ဒေသကို ရောက်လာတာနဲ့ ကျုပ်နဲ့တွေ့ဆုံဆွေးနွေးချင်တယ်လို့ အကြောင်းကြားလာတယ်"

ချီမျိုးနွယ်ခေါင်းဆောင်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

အချင်းချင်း ကြည့်လိုက်ကြသည်။

ချီရှောင်က စကားဆက်လိုက်သည်။

"ပြိုင်ပွဲအတွက် လာနေကြတဲ့လူတွေ လာနေကြပြီ၊ နန်းတွင်းကရောက်လာတဲ့ အမတ်ကြောင့် ကျုပ်တို့ပြိုင်ပွဲကို အပျက်စီးမခံနိုင်ဘူး။ ဒါကြောင့် သည်အမတ်ကို ဖယ်ရှားရလိမ့်မယ်"

ဤတွင် ပိန်ပိန်ပါးပါးရှိသူ တစ်ယောက်က ထောက်ခံ တာဝန်ယူလိုက်လေသည်။

ထိုလူမှာ ချီမျိုးနွယ်မှ တတိယအစ်ကို ချီစန်းဖြစ်လေသည်။

ချီစန်းက…

"အစ်ကိုကြီးချီရှောင်…သည်ကိစ္စကို ကျုပ်တာဝန်ယူလိုက်ပါ့မယ်၊ ကျုပ်ရဲ့ကောင်လေး တစ်ယောက် နှစ်ယောက်လွှတ်လိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပြီးပြတ်သွားမှာပါ”

ချိုရှောင်က...

“ကောင်းပြီလေ..ငါ့ညီ တာဝန်ယူမယ်ဆိုရင်လည်း ပြီးတာပါပဲ၊ ဒါပေမယ့် ငါ့ညီရဲ့ကောင်လေးတွေကို ဂရုစိုက်ပြီး လုပ်နိုင်း၊ ခုရောက်လာတဲ့အမတ်က သိုင်းလောကမှာ ‘ရွှေစုတ်တံသိုင်းသမား’ဆိုဟဲ့ဘွဲ့ထူးနဲ့ ထင်ရှားခဲ့တာ”

ချိုစန်းက...

“စိတ်ချပါ အစ်ကိုကြီး၊ ကျုပ် ကောင်လေးတွေက စိတ်ချရပါတယ်၊ သူတို့ကို သေသေချာချာ မှာလိုက်ပါ့မယ်”

“ကောင်းပြီ..ငါ့ညီ ဆောင်ရွက်လိုက်ပေတော့”

“ဟုတ်ကဲ့...ကျုပ်ကို ခွင့်ပြုပါဦး”

ချိုစန်းက ဦးညွတ်ပြီး ထွက်သွားတော့သည်။

ချိုရှောင်က ကျန်အကြီးအကဲများကို ဝေ့ကြည့်လိုက်သည်။

“အမတ်ကိစ္စကို ချိုစန်းက တာဝန်ယူလိုက်ပြီဆိုတော့ သိပ်ပြီး စိတ်ပူစရာမလိုတော့ပါဘူးလေ၊ ကျုပ်တို့ ဦးဆောင်ပြီးကျင်းပမယ့် အဆိပ်ပြိုင်ပွဲအကြောင်းကို ဆက်ပြောကြရအောင်”

အားလုံး ခေါင်းညိတ် ထောက်ခံလိုက်ကြလေသည်။

ချိုမျိုးနွယ် အကြီးအကဲတစ်ယောက်ဖြစ်သည့် ချိုဂူက...

“ပြိုင်ပွဲကို မိုးမခတောင်ခြေက စိမ်းလဲ့ရေကန်မှာ ပြုလုပ်ဖို့ စီစဉ်ထားတာထက် ကျုပ်တို့ ချိုကျေးရွာမှာပဲ ကျင်းပတာ ပိုမကောင်းဘူးလားလို့ မေးချင်ပါတယ်”



သူ၏ရင်ထဲ မရှင်းမလင်းဖြစ်နေသည့်ကိစ္စတစ်ခုကို မေးလိုက်လေသည်။

ချိုကျောင်းဆိုသူကလည်း...

“ဟုတ်ပါတယ်၊ ပြိုင်ပွဲကို အပြင်မှာကျင်းပတာထက် ကျုပ်တို့ကျေးရွာထဲမှာပဲ ကျင်းပတာက ပိုမကောင်းဘူးလား၊ ဒါမှ အမှားအယွင်း တစ်ခုခုရှိလာခဲ့ရင် ကျုပ်တို့ဘက်က ထိခိုက်ဆုံးရှုံးတာ မရှိအောင် ကြိုတင်ကာကွယ်ပြီးသားဖြစ်မှာပါ”

ချိုမျိုးနွယ်များ စုရုံးနေထိုင်ကြသည့် ချိုကျေးရွာသည် သိုင်းလောကမှ ထန်ကျားကျေးရွာကဲ့သို့ အဆိပ်နှင့်ပတ်သက်ပြီး ထင်ရှားကျော်ကြားနေပေသည်။

အကြီးအကဲဖြစ်သော ချိုရှောင်က ချိုကျေးရွာ၏ အဆိပ်ပညာကို ထန်ကျားကျေးရွာနှင့် နှိုင်းယှဉ်ပြောဆိုနေကြသည်ကို သဘောတွေ့လှသည် မဟုတ်ပါချေ။

ချိုမျိုးနွယ်ကျေးရွာသည် အဆိပ်ပညာတွင် ထန်ကျားကျေးရွာထက်သာသည်ဟု ခံယူထားသူဖြစ်သည်။

ချိုကျေးရွာက ထန်ကျားကျေးရွာထက်ပင် သာသည်ဟု သိုင်းလောကတစ်ခုလုံး သိရှိအောင် လက်တွေ့ပြလိုသူဖြစ်လေသည်။

ထို့ကြောင့်...

သိုင်းလောကမှ အဆိပ်နှင့်ပတ်သက်ပြီး ထင်ရှားနေသူများအား ဖိတ်ခေါ်လိုက်ခြင်း ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ အဆိပ်ပညာရှင်များကို ဖိတ်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ကာ အဆိပ်ပညာရပ်အသီးသီး ဖော်ထုတ်ပြသကာ ယှဉ်ပြိုင်သည့် ပြိုင်ပွဲတစ်ရပ် ကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်လေသည်။

ချီရှောင်က ချီဂူးနှင့်ချီကျောင်းတို့၏စကားများ ကြားလျှင် ပြုံးလိုက်လေသည်။

"ပြိုင်ပွဲကို ကျုပ်တို့ကျေးရွာထဲမှာ ကျင်းပလို့ဖြစ်ပါတယ်၊ အကြောင်းအမျိုးမျိုးနဲ့ တစ်စုံတစ်ခု အမှားအယွင်းဖြစ်လာပြီဆိုရင် ကျေးရွာထဲမှာဆိုတော့ ကျုပ်တို့ဘက်က အသာစီးရနိုင်တာ မှန်ပါတယ်၊ ဒါပေမယ့် အဆိပ်ကြောင့် ကျုပ်တို့ရွာသူရွာသားတွေလည်း ထိခိုက်မှုတွေရှိလာမှာပါပဲ၊ ဒါကြောင့် ရွာမနာရလေအောင် ကျေးရွာအပြင်ဘက်မှာ ကျင်းပဖို့ စီစဉ်ခဲ့တာပါ"

ချီရှောင်ကပင် ဆက်၍ရှင်းပြလိုက်လေသည်။

"မိုးမခတောင်ဟာ ဆေးဘက်ဝင်တဲ့ ဘယဆေးပင်အမျိုးမျိုး စုရုံးပေါက်ရောက်နေတဲ့ တောင်တစ်လုံးပါ၊ မိုးမခတောင်ပေါ်က စီးဆင်းလာတဲ့ရေတွေဟာ 'စိမ်းလဲ့ရေကန်'ထဲကို စီးဝင်သွားပါတယ်၊ ဒါကြောင့် စိမ်းလဲ့ကန်ကရေတွေဟာ ဘယဆေးပင်အမျိုးမျိုးရဲ့ အစွမ်းအာနိသင်တွေရရှိထားတဲ့ ဆေးရေကန်တစ်ခုလို ဖြစ်နေပါပြီ၊ ပြိုင်ပွဲမှာ အမှားအယွင်းတစ်စုံခုဖြစ်ခဲ့ရင် စိမ်းလဲ့ကန်က ကျုပ်တို့ကို ကူညီနိုင်မှာပါပဲ"

သိုင်းလောကသားများ စုရုံးရောက်ရှိသည့်နေရာတိုင်း၌ ပြဿနာများ ဖြစ်ပေါ်လေ့ရှိပေသည်။

အဆိပ်အသုံးပြုသော သိုင်းသမားများသည် အခြားသိုင်း



လောကသားများထက်ပို၍ ရက်စက်ကြမ်းကြုတ်သည့်သဘော ဆောင်လေသည်။ တစ်စက်ကလေး အမှားမခံကြချေ။

ထစ်ခနဲဆိုလျှင် အဆိပ်သုံးကာ တိုက်ခိုက်တတ်ကြသူများ ဖြစ်လေသည်။

ကြောက်မက်ဖွယ်ကောင်းသော အဆိပ်များကို အသုံးပြုကြရကား ဘေးပတ်ဝန်းကျင်မှ မဆီမဆိုင်သူများကိုပါ ထိခိုက်နစ်နာစေတတ်ပေသည်။

အဆိပ်ပညာပြိုင်ပွဲ၌ ယှဉ်ပြိုင်ရင်း ပြဿနာပေါ်ပေါက်လာပါက ဖြစ်ပေါ်လာမည့်တိုက်ပွဲများမှာ ကြောက်စရာကောင်းပြီး မည်မျှအန္တရာယ်ကြီးမားမည်ဆိုသည်ကို စဉ်းစားကြည့်ရုံဖြင့် သိနိုင်ပါတော့သည်။

ချီရှောင်သည် အဆိပ်ကြောင့် ထိခိုက်မှုများရှိလာပါက စိမ်းလဲ့ရေကန်မှ ဆေးစွမ်းအာနိသင်ပြည့်ဝနေသော ကန်ရေကိုအသုံးပြုခြင်းဖြင့် ကာကွယ်ရန် ကြိုတင်စီမံဆောင်ရွက်ထားခြင်း ဖြစ်ပေတော့သည်။ ချီရှောင်က...

"စိမ်းလဲ့ကန်ရဲ့ အစွမ်းအာနိသင်ကို ဘယ်သူမှမသိအောင် လျှို့ဝှက်ထားရမယ်၊ အားလုံးသိထားကြပါ"

ဟု မှာကြားပြီး အဆိပ်ပညာပြိုင်ပွဲတွင် ချီကျေးရွာအနိုင်ရ ဖိုလ်စွဲရေးအတွက် မည်သို့မည်ပုံ စီမံဆောင်ရွက်ကြမည်ကို အကြီးအကဲများနှင့် ဆက်လက်တိုင်ပင်ဆွေးနွေးလိုက်ကြလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

# ရွှေစုတ်တံ

ချိုင်ယွင်ဒေသ...။

ချိုင်ယွင်ဒေသသို့ ရွှေစုတ်တံသိုင်းသမားဖုံးရှောင် ရောက်ရှိလာပြီဖြစ်လေသည်။

ဖုံးကျောင်းသည် ချိုင်ယွင်ဒေသသို့ ခြေချမိသည်နှင့် ချိုကျေး ရွာပိုင်ရှင်နှင့် တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်လိုက်သည်။

လက်အောက်ငယ်သား နှစ်ယောက်ကိုခေါ်ကာ ချိုကျေးရွာ သို့ထွက်လာခဲ့လေသည်။

ဆရာတပည့်သုံးယောက် မြင်းကိုယ်စီဖြင့် ခရီးနှင်လာ ရှင်း လမ်းဘေးဇရပ်ပျက်ကလေးတစ်ခုနှင့် မလှမ်းမကမ်းသို့ရောက်



ရှိလာကြသောအခါ ဇရပ်ပျက်ကလေးပေါ်၌ ထိုင်နေသည့် သူဖုန်းစားနှစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ဖုံးရှောင် မျက်မှောင်ကုပ်သွား၏။

သူဖုန်းစားနှစ်ယောက်ကို အကဲခတ်ပြီး တပည့်နှစ်ယောက်ကို သတိပေးလိုက်လေသည်။

"ချိုကျေးရွာကိုသွားတဲ့ လမ်းခရီးမှာ အန္တရာယ်နဲ့ အချိန်မရွေးကြုံတွေ့ရနိုင်တယ်၊ ဒါကြောင့် အစစအရာရာ သတိထားကြပါ"

တပည့်နှစ်ယောက်သည်လည်း အတွေ့အကြုံများသော သိုင်းသမားများဖြစ်ပြီး ဖုံးရှောင် အားကိုးအားထားပြုနိုင်သူများလည်း ဖြစ်လေသည်။

တစ်ယောက်က 'သံလက်သီးစွန်းထင်း' ဖြစ်ပြီး ကျန်တစ်ယောက်မှာ 'ရန်ပယ်ဓားဟန်စု' ဖြစ်လေသည်။

သိုင်းလောက၌ နာမည်ရှိကြပြီး ဖုံးရှောင်က နန်းတွင်းသို့ ရောက်ရှိသွားသောအခါ သူတို့လည်း လိုက်လာကြပြီး ဖုံးရှောင်၏ လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့ကြခြင်း ဖြစ်လေသည်။

ဖုံးရှောင်တို့ ဆရာတပည့်သုံးယောက်သည် နန်းတွင်းမှ တာဝန်ပေးသည့်အတိုင်း သိုင်းလောကပြဿနာ အတော်များများတို့ဖြေရှင်းပေးနိုင်ခဲ့ကြသဖြင့် ဂုဏ်သတင်း မွှေးပျံ့ခဲ့ပေတော့သည်။

သံလက်သီးစွန်းထင်းနှင့် ရန်ပယ်ဓားဟန်စုတို့က ဦးညွှတ်လိုက်ကြသည်။

"စိတ်ချပါဆရာ၊ ကျုပ်တို့ သတိထားပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဆရာတပည့်သုံးယောက် မြင်းကို ဆက်လက်စီးနှင်း သွားရာ ဇရပ်ပျက်လေးရှေ့သို့ ရောက်ရှိသွားကြလေသည်။

ဇရပ်ပျက်ပေါ်၌ ထိုင်နေသော သူဖုန်းစားနှစ်ယောက်က ရုတ်တရက် ခုန်ဆင်းလာကြလေသည်။

သူတို့၏လှုပ်ရှားမှုကို ကြည့်ရုံဖြင့် သူဖုန်းစားအစစ်မဟုတ်ဘဲ သိုင်းသမားများက ဟန်ဆောင်ထားကြခြင်းဖြစ်ကြောင်း ထင်ရှား နေပါတော့သည်။

သူဖုန်းစားနှစ်ယောက်က လမ်းပေါ်သို့ ခုန်ဆင်းလာကြခြင်း ကြောင့် ဖိုးရှောင်တို့ ရှေ့ဆက်သွားရန် မဖြစ်နိုင်တော့ဘဲ မြင်းကိုရပ် တန့်လိုက်ကြရလေတော့သည်။

ဖိုးရှောင်က ငေါက်လိုက်သည်။

"ဒါ ဘာလုပ်တာလဲ"

သံလက်သီးစွန်းထင်းက ဖိုးရှောင်၏ နန်းတွင်းအမတ်ရာထူး များဖော်ပြထားသည့် ကြက်လျှာစွန်းအလံကို ဝှေ့ယမ်းပြလိုက်လေ သည်။

"သူဖုန်းစားတွေ သည်မှာ အမတ်ကြီးတစ်ယောက်လုံးလာ နေတာတောင် မသိကြဘူးလား၊ အရေးယူခံချင်ပြီထင်တယ်၊ ခုချက် ချင်း လမ်းဖယ်ပေးလိုက်ကြစမ်း"

ဟုလည်း အော်ငေါက်လိုက်လေသည်။

သူဖုန်းစားနှစ်ယောက်ကား ရှီကျေးရွာမှ ရှီစန်း၏တပည့် များ ဖြစ်ကြလေသည်။



အဆိပ်ပညာထက်မြက်ကြသူများလည်း ဖြစ်လေသည်။

စွန်းထင်းက အော်ငေါက်လိုက်လျှင် နှစ်ယောက်သား တဟီး ဟီးတဟားဟား ရယ်မောလိုက်ကြသည်။

ပြီးလျှင် တစ်ယောက်က...

"အမတ်ကြီးဆိုရင် နန်းတွင်းမှာပဲနေသင့်တာပေါ့"

ဟုပြောရာ အခြားတစ်ယောက်က...

"ဒါပေါ့ နန်းတွင်းမှာမနေဘဲ အပြင်ထွက်လာပြီးမှတော့ သူလိုငါလို လူတစ်ယောက်ပဲပေါ့"

ဟု ထောက်ခံလိုက်သည်။

ပထမလူက...

"တို့က သူဖုန်းစားတွေဆိုတော့ သူတို့ဆီက တောင်းရမ်းရ မှာပေါ့လေ၊ ဘာတောင်းရင်ကောင်းမလဲ၊ မင်းစဉ်းစားကြည့်စမ်း"

ဒုတိယလူက...

"သူတို့စီးလာတဲ့မြင်းကို တောင်းမလား၊ ဒါမှမဟုတ် သူတို့ ဝတ်ထားတဲ့ အကောင်းစား အဝတ်အစားတွေကို တောင်းမလား"

ပထမလူ ခေါင်းခါယမ်းလိုက်သည်။

"သည်လောက်နဲ့တော့ ဘာမှဖြစ်နိုင်ဦးမှာ မဟုတ်သေးပါ ဘူး"

"ဒါဖြင့် ဘာတောင်းမလဲ"

"သူတို့အသက်ကိုတောင်းရင် ကောင်းမယ်ထင်တယ်"

"ဟာ...ဟုတ်တယ်၊ ဟုတ်တယ်၊ သူတို့ရဲ့အသက်ကိုတောင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ အကောင်းဆုံးပဲ"

သူဖုန်းစားဟန်ဆောင်ထားသော ချိစန်း၏လူနှစ်ယောက်က အချင်းချင်းပြောဆိုလိုက်ကြပြီး ကျေနပ်သွားကြသလို ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်ကြလေသည်။

သံလက်သီးစွန်းထင်း ခံပြင်းသွားလေသည်။

"ကျုပ်တို့ကို စော်ကားဝံ့တာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ သေဖို့သာပြင်ထားကြပေတော့"

အော်ငေါက်ရင်း မြင်းပေါ်မှခုန်ထွက်ကာ ချိစန်း၏လူနှစ်ယောက်ကို တိုက်ခိုက်လိုက်လေသည်။

စွန်းထင်းသည် သံလက်သီးပညာကို အသုံးပြုကာ လက်သီးနှစ်လုံးပစ်သွင်း တိုက်ခိုက်လိုက်ခြင်းလည်း ဖြစ်လေသည်။

သူ၏လက်သီးထိုးချက်များမှာ လျှပ်ပြက်သကဲ့သို့ လျင်မြန်လှပြီး မုန်တိုင်းတိုက်ခတ်သကဲ့သို့ ပြင်းထန်လေသည်။

လက်သီးစာမိသွားလျှင် သက်သာလိမ့်မည် မဟုတ်ချေ။

သူဖုန်းစားဟန်ဆောင်ထားသော ချိစန်း၏လူနှစ်ယောက်က ကပျာကယာ နောက်ဆုတ်ကာ လက်ဝှေ့ယမ်းလိုက်ကြလေသည်။

"ဟူး"

လေ တစ်ချက် ဝှေ့ယမ်းတိုက်ခတ်သွားပြီး ပန်းရောင်အခိုးအငွေ့များ ထွက်ပေါ်လာကာ စွန်းထင်း၏တစ်ကိုယ်လုံး လွှမ်းခြုံသွားလေတော့သည်။



ရွှေစုတ်တံသိုင်းသမား ဖုံးရှောင်က စကားတစ်လုံးမျှမပြောဘဲတိုက်ပွဲကို အကဲခတ်ကြည့်နေ၏။

ရန်ပယ်ဓားဟန်စုကလည်း လှုပ်ရှားခြင်းမပြုချေ။

စွန်းထင်းသည် ချိစန်း၏လူနှစ်ယောက်ကို ကောင်းစွာဆုံးမနိုင်မည်ဟု ယုံကြည်ထားပေတော့သည်။

လွင့်ပျံ့လာသော ပန်းရောင်အခိုးအငွေ့များကား အဆိပ်ငွေ့များဖြစ်လေသည်။

ချိစန်း၏လူနှစ်ယောက်သည် စွန်းထင်း အဆိပ်မိသွားမည်ဟုယုံကြည်ထားကြလေသည်။

စွန်းထင်း လဲကျသွားသည်နှင့် ဖုံးရှောင်တို့အား ဆက်လက်တိုက်ခိုက်မည်ဟု ကြံရွယ်ထားကြလေသည်။

သို့သော်...

သူတို့မျှော်လင့်ထားသကဲ့သို့ စွန်းထင်းက လဲကျမသွားဘဲ

"ယား"

ညာသံပေးကာ ဆက်လက်တိုက်ခိုက်လာသည်ကို မြင်လျှင် နှစ်ယောက်သား ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

"သူတို့ရဲ့အသက်အန္တရာယ် မထိခိုက်စေနဲ့"

ဖုံးရှောင်၏အသံ ထွက်ပေါ်လာလေသည်။

စွန်းထင်းအား လှမ်း၍ သတိပေးလိုက်ခြင်းဖြစ်သည်။

ဖုံးရှောင်သာ သတိပေးခြင်းမပြုလျှင် စွန်းထင်းသည် ချိစန်း၏လူနှစ်ယောက်အား ပြတ်ပြတ်သားသား တိုက်ခိုက်မိလိမ့်မည် ဖြစ်

www.burmeseclassic.com



လေသည်။

စွန်းထင်းက သူ၏လက်သီးနှစ်လုံးကို ချီစန်း၏လူနှစ်ယောက်၏ရင်ဝသို့ ထိုးနှက်ရန် ရည်ရွယ်ထားရာမှ ပခုံးဆီသို့ပြောင်းကာထိုးသွင်းလိုက်လေသည်။

"ဝုန်း...ဝုန်း"

ချီစန်း၏လူနှစ်ယောက် အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

♠ ♠ ♠



ချီရှောင်က အသားမည်းမည်းရှိသူတစ်ယောက်ကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ထိုလူသည် သူ၏လူယုံတော် ငမဲဖြစ်လေသည်။

ငမဲက...

"ရှာပိုင်ရှင် တာဝန်ပေးလိုက်တဲ့အတိုင်း ဆရာချီစန်းနဲ့ သူ့လူနှစ်ယောက်နောက်ကို လိုက်ကြည့်ခဲ့ပါတယ်၊ သူတို့ဟာ ချီကျေးရွာကို ဦးတည်လာနေတဲ့အမတ်ကြီး ဖုံးရှောင်တို့ ဆရာတပည့်သုံးယောက်ကို ဟန့်တားခဲ့ကြပါတယ်"

ချီရှောင်က...

"ချီစန်းရဲ့လူနှစ်ယောက်က ဟန့်တားခဲ့ကြတာလား"

ငမဲ ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဆရာချီစန်းဟာ တစ်နေရာကနေ အခြေအနေစောင့်ကြည့်နေပြီး သူ့လူနှစ်ယောက်က သူဖုန်းစားအသွင် ဟန်ဆောင်ပြီး ဟန့်တားခဲ့ကြတာပါ"

"အင်း...ဆက်ပြောပါဦး"

ငမဲက...

"ဆရာချီစန်းရဲ့လူနှစ်ယောက်ဟာ အမတ်ကြီးဖုံးရှောင်ရဲ့လူတစ်ယောက်ကို အဆိပ်နဲ့တိုက်ခိုက်ခဲ့ကြပေမယ့် အဲသည်လူရဲ့လက်ချက်နဲ့ သူတို့ပဲ ရှုံးနိမ့်သွားခဲ့ကြပါတယ်ခင်ဗျာ"

ချီရှောင် မျက်မှောင်ကုပ်သွားလေသည်။

"အဲသည်လူက အဆိပ်ငွေ့နဲ့ တိုက်ခိုက်ခံရတာတောင် ဘာ

www.burmeseclassic.com

www.burmeseclassic.com



မှမဖြစ်ဘဲ ဆက်ပြီးတိုက်ခိုက်နိုင်သေးတယ် ဟုတ်လား"

ငမဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

"သူက အဆိပ်မကြောက်ဘူးလား"

"နည်းနည်းလေးတောင် မှုပုံမရပါဘူးခင်ဗျာ"

ချီရှောင် ဘဝင်မကျဖြစ်သွားလေသည်။

"နေစမ်းပါဦး၊ ချီစန်းရဲ့လူတွေက ဘယ်လိုအဆိပ်မျိုးနဲ့ တိုက်ခိုက်ခဲ့တယ်ဆိုတာ ပြောစမ်းပါဦး"

ငမဲက...

"သူတို့ဟာ ပန်းရောင်အဆိပ်ကို အသုံးပြုပြီး တိုက်ခိုက်ခဲ့ကြတာပါခင်ဗျာ"

"ပန်းရောင်အဆိပ် ဟုတ်လား၊ သည်အဆိပ်က အတော်ကို ပြင်းထန်တယ်၊ အဆိပ်မိသွားရင် အသက်ရှင်ဖို့လမ်း မရှိတော့ဘူး"

သို့သော်...

ဖုံးရှောင်၏လူမှာ ပန်းရောင်အဆိပ်ကို လုံးဝအမှုမထားသည့်သဘောရှိကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ငမဲက....

"သူ့ရဲ့လက်ချက်ကြောင့် ဆရာချီစန်းရဲ့လူနှစ်ယောက် အရေးနိမ့်သွားတာကိုတွေ့တာနဲ့ ကျွန်တော် ချက်ချင်းပြန်လာပြီး အကြောင်းကြားတာပါခင်ဗျာ"

ချီရှောင် သက်ပြင်းချလိုက်လေသည်။



ချီစန်းသည် သူ၏လူနှစ်ယောက် အရေးနိမ့်သွားသည်ကို မြင်လျှင် လက်ပိုက်ကြည့်နေမည်မဟုတ်ဘဲ ကိုယ်တိုင်ဝင်ရောက် တိုက်ခိုက်တော့မည်ဖြစ်ကြောင်း ထင်ရှားလေသည်။

ချီစန်းက ဖုံးရှောင်တို့အား ဆုံးမနိုင်ပါမည်လော။

ချီရှောင် သက်ပြင်းချလိုက်သည်။

"ကဲ...မင်းပဲ နောက်တစ်ခေါက် အခြေအနေသွားကြည့်လိုက်ဦး"

ဟု ငမဲကို အမိန့်ပေးလိုက်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ချိစန်း၏လူနှစ်ယောက် မရှုမလှ အရေးနိမ့်သွားကြလေသည်။

စွန်းထင်း၏သံလက်သီးထိုးချက်ကြောင့် နှစ်ယောက်သား ပခုံးရိုးကျိုးကြေကာ ဒုက္ခိတဘဝသို့ ရောက်ရှိသွားကြလေတော့သည်။

စွန်းထင်းသည် ဖုံးရှောင်၏အမိန့်ကြောင့် ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ချေ။

ချိစန်း၏တပည့်နှစ်ယောက်လည်း ကြောက်လန့်တကြားဖြင့် လူးလိမ့်ထလိုက်ကြလေသည်။

ဖုံးရှောင်က...

"သူတို့ကို ဘယ်သူနိုင်းလိုက်သလဲဆိုတာ မေးလိုက်ပါ"

စွန်းထင်းအား လှမ်းပြောလိုက်သည်။

စွန်းထင်းက မေးရန်ဟန်ပြင်လိုက်စဉ်မှာပင်...

"ကျုပ် ခိုင်းလိုက်တာပဲ"

စကားသံနှင့်အတူ ချိစန်း ရောက်ရှိလာလေသည်။

ဖုံးရှောင်က မြင်းပေါ်မှမဆင်းဘဲ ချိစန်းကို အကဲခတ်လိုက်လေသည်။

ချိစန်းရောက်လာသည်နှင့် သူ၏တပည့်နှစ်ယောက် ပိုပြီးထိတ်လန့်သွားကြလေသည်။

"ဆရာ"

ကပျာကယာ မြေပေါ်ဒူးထောက်ချလိုက်ကြလေသည်။



ချိစန်း လက်ကာပြလိုက်သည်။

"မင်းတို့ကို အပြစ်ပေးမှာ မစိုးရိမ်နဲ့၊ သူက အဆိပ်ဖြေဆေးကြိုသောက်ထားလို့ မင်းတို့ ဘာမှမတတ်နိုင်ခဲ့ကြတာ ငါအပြစ်မတင်ဘူး"

ထိုစကားကြားမှ တပည့်နှစ်ယောက် စိတ်သက်သာရာရရှိသွားကြလေသည်။

ဒူးထောက်ရာမှ ကပျာကယာ ထလိုက်ကြလေသည်။

ချိစန်းက သံလက်သီးစွန်းထင်းဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျား မဆိုးဘူး၊ ကျုပ်လူတွေရဲ့ပန်းရောင်အဆိပ်ကို တောင်မမှုဘူးဆိုတော့ အဆိပ်ဖြေဆေး ကြိုသောက်လာတယ်ထင်တယ်"

စွန်းထင်း ရယ်မောလိုက်သည်။

"ချိုင်ယွင်ဒေသမှာ အဆိပ်ကျွမ်းကျင်တဲ့လူတွေက များပြားလှတော့ အဆိပ်ဖြေဆေးကြိုသောက်လာတာ မမှားဘူးပေါ့လေ"

ချိစန်းလည်း ရယ်မောလိုက်သည်။

"မဆိုးဘူး၊ နန်းတွင်းကလူတွေဟာ အတော်ကိုစေ့စေ့စပ်စပ်နိုင်တာပဲကိုး၊ ဒါပေမယ့် ကျုပ်လူနှစ်ယောက်ရဲ့အဆိပ်ကို မမှုတာလောက်နဲ့ ချိုင်ယွင်ဒေသမှာ ထင်သလိုလှုပ်ရှားသွားလာလို့ ရမယ်မထင်ပါနဲ့ဗျာ"

စွန်းထင်းက...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့က တာဝန်အရလာခဲ့တာပဲ၊ ဘယ်သူက ကျုပ်တို့ကိုဟန့်တား နှောက်ယှက်လို့ရမှာလဲ"

ချိစန်းက...

"နန်းတွင်းကလူတွေဟာ တခြားနေရာမှာ နန်းယွင်းရဲ့အရှိန်အဝါကို အသုံးပြုပြီး ထင်ရာစိုင်းနိုင်ပေမယ့် ကျုပ်တို့ချိုင်ယွင်ဒေသမှာတော့ သည်လိုမရပါဘူးဗျာ"

စွန်းထင်းက မျက်နှာထား တင်းတင်းဖြင့် အော်ငေါက်လိုက်လေသည်။

"ဒါ နန်းတွင်းကို မလေးစားတာဘဲ၊သေဒဏ်အပြစ်ပေးခံရမယ်ဆိုတာ မသိဘူးလား"

"ဟား...ဟား...ဟား"

ချိစန်းက အမှုမထားသလို ရယ်မောလိုက်လေသည်။

စွန်းထင်း ဒေါသထွက်သွားသည်။

"စော်ကားလိုက်တာ သိကြသေးတာပေါ့"

ချိစန်းထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ချိစန်းကလည်း ပြန်လည်တိုက်ခိုက်လေသည်။

သို့ဖြင့် နှစ်ယောက်သား သူတပြန်ကိုယ်တပြန် တိုက်ခိုက်လိုက်ကြလေတော့သည်။

♠ ♠ ♠



ချိစန်းနှင့်စွန်းထင်းတို့ သူတပြန်ကိုယ်တပြန် တိုက်ခိုက်လိုက်ကြလေသည်။

ဖုံးရှောင်က တိုက်ပွဲအခြေအနေကို စောင့်ကြည့်နေလိုက်၏။

ရန်ပယ်ဓားဟန်စုက...

"သရာ...ကျုပ်က စွန်းထင်းကို သွားကူလိုက်ရမလား"

စိတ်လှုပ်ရှားနေသောလေသံဖြင့် မေးလိုက်လေသည်။

ဖုံးရှောင် ခေါင်းခါယမ်းလိုက်သည်။

"မလိုသေးဘူး၊ စွန်းထင်းက သူ့ကိုကောင်းကောင်း ယှဉ်နိုင်ပါသေးတယ်"

မှန်ပေသည်။

ချိစန်းသည် ပြင်းထန်စွာ တိုက်ခိုက်လိုက်သော်လည်း စွန်းထင်း၏ အကျီစကိုပင် ထိအောင်တိုက်ခိုက်ခြင်း မပြုနိုင်ခဲ့ပါချေ။

စွန်းထင်းကလည်း ချိစန်းအား ရုတ်တရက် အနိုင်မရနိုင်ဘဲဖြစ်နေ၏။

ချိစန်းကော စွန်းထင်းပါ ဒေါသထွက်လာကြလေသည်။

"ဟိတ်"

"ယား"

မာန်သွင်းကာ ညာသံများပေးပြီး ပို၍ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြတော့သည်။

တိုက်ပွဲပြင်းထန်လာသည်ကိုမြင်လျှင် ဖုံးရှောင် ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စွန်းထင်းဟာ ပါးနပ်တဲ့လူတစ်ယောက်ပါ၊ ဒါကြောင့် နောက်ဆုံး သူပဲအနိုင်ရလိမ့်မယ်"

ဟု ရန်ပယ်ဓားဟန်စုကို ပြောပြလိုက်လေသည်။

ဟန်စုလည်း စိတ်အေးအေးထားလိုက်လေသည်။

ချီစန်းက တရကြမ်း တိုက်ခိုက်ရင်း အဆိပ်အပ်ကလေးများဖြင့် တိတ်တဆိတ် ပစ်ခတ်တိုက်ခိုက်လိုက်လေသည်။

လူချင်းနီးကပ်နေသည်ဖြစ်ရာ အဆိပ်အပ်ကလေးသုံးချောင်းမှာ စွန်းထင်း၏ခန္ဓာကိုယ်၌ ထိမှန်စိုက်ဝင်သွားလေတော့သည်။

"အား"

စွန်းထင်း စူးရှစွာ ခအော်ဟစ်လိုက်လေသည်။

ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလိုက်ရ၏။

"ဟား..ဟား..ဟား"

ချီစန်း သဘောကျစွာ ရယ်မောလိုက်လေသည်။

"ကဲ..ခင်ဗျား ဘာတတ်နိုင်.."

စွန်းထင်းအား အထင်သေးစွာပြောရန် ဟန်ပြင်ရင်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ စွန်းထင်း ဘာမှမဖြစ်ဘဲ သူ့အားပြုံး၍ကြည့်နေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

စွန်းထင်းက စိုက်ဝင်နေသော အဆိပ်အပ်လေးသုံးချောင်းကို အေးအေးဆေးဆေး နုတ်ယူလိုက်လေသည်။



"ခင်ဗျားရဲ့ အဆိပ်အပ်တွေက မစွံပါလားဗျာ၊ ခင်ဗျားပြန်ယူလိုက်ရင်ကောင်းမယ်"

ပြောရင်း အဆိပ်အပ်လေးသုံးချောင်းကို ပြန်လည်ပစ်ပေးလိုက်လေသည်။

အဆိပ်အပ်ကလေးများသည် အရှိန်ပြင်းစွာပစ်လွှင့်သွားပြီး ချီစန်း၏ရင်ဝ၌ စိုက်ဝင်သွားတော့သည်။

"ဟာ"

ချီစန်း ထိတ်လန့်သွားသည်။

မျက်နှာကြီး ရှုံ့မဲ့သွားလေသည်။

အဆိပ်ဖြေဆေးလုံးလေးတစ်လုံး ကပျာကယာ နှိုက်ယူကာ မျိုချလိုက်လေသည်။

အဆိပ်အပ်လေး၌ သုတ်လိမ်းထားသောအဆိပ်က ပြင်းထန်လှသည်။

ချီစန်းက အသက်ကယ် အဆိပ်ဖြေဆေးကို အချိန်မီ သောက်ချလိုက်သည့်တိုင်အောင် အတွင်းအားကို ရုတ်တရက် ဖော်ထုတ်၍မရနိုင်အောင် ဖြစ်သွားလေသည်။

"သည်တစ်ခါ ကျုပ်အလှည့်ပဲ၊ ကျုပ်ရဲ့လက်သီးကိုမြည်းစမ်းကြည့်ပါဦး"

စွန်းထင်းသည် အနီးသို့ ရိပ်ခနဲရောက်ရှိလာပြီး လက်သီးတစ်လုံး ပစ်သွင်းလိုက်ရာ...

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



ချီစန်း မရှောင်နိုင်တော့ဘဲ အဝေးသို့လွင့်စဉ်သွားလေသည်။

ဖိုးရှောင်ပြောခဲ့သည့်အတိုင်း စွန်းထင်းက ချီစန်းကို အနိုင်ယူလိုက်လေတော့သည်။

♠ ♠ ♠

ငမဲသည် ချီစန်းတို့ ဆရာတပည့်သုံးယောက်မှာ စွန်းထင်းကို မယှဉ်နိုင်ဘဲ အရေးနိမ့်သွားကြသည်ကိုမြင်လျှင် ထိတ်လန့်သွားလေသည်။

"နန်းတွင်းက သိုင်းသမားတွေ မခေပါလား။ အတော်ကြောက်စရာကောင်းတာပဲ"

ရှာပိုင်ရှင် ချီရှောင်ထံသို့ အမြန်ဆုံးသွားရောက် သတင်းပို့ရန် ပုန်းအောင်းချောင်းကြည့်နေရာမှ ပြေးထွက်လာခဲ့လေသည်။

သို့သော်...

ငမဲ ဝေးဝေးမပြေးလိုက်ရပါချေ။

လူတစ်ယောက်က လမ်းပိတ်ထားလိုက်ခြင်းကြောင့် ဖြစ်လေသည်။

"ဟင်"

ငမဲ မျက်နှာပျက်သွားလေသည်။

လမ်းပိတ်ထားသူမှာ ရန်ပယ်မားဟန်စု ဖြစ်နေခြင်းကြောင့်



ဟန်စုက...

"မင်းကော"

ဟု မေးလိုက်သည်။

ငမဲ လွှတ်ခနဲ ပြောလိုက်သည်။

"ကျုပ်က တိုက်ခိုက်ဖို့လာခဲ့တာ မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် အခြေအနေလာကြည့်တာပေါ့ ဟုတ်လား"

"ဟုတ်..ဟုတ်ပါ.."

ငမဲ သတိဝင်လာကာ ထပ်မပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

ဟန်စုက...

"ပြောစမ်း..မင်းကို ဘယ်သူက ခိုင်းလိုက်တာလဲ"

"ဟို...ဟို"

"မင်း ဒုက္ခရောက်သွားချင်လို့လား"

ဟန်စု ဝေါက်လိုက်လျှင် ငမဲ ပိုပြီးထိတ်လန့်သွားတော့သည်။

"ဟို..ဟို..ရှာပိုင်ရှင်က အခြေအနေ အကဲခတ်ကြည့်ခိုင်းလိုက်တာပါဗျာ"

"နေပါဦး။ ရှာပိုင်ရှင်ဆိုတာက ဘယ်သူလဲ"

"ချီကျေးရှာပိုင်ရှင် ချီရှောင်ပါ"

"ဩော်"

ဟန်စု ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တဖန်…

"ကျုပ်တို့ ဘယ်သူဘယ်ဝါတွေဆိုတာ မင်းသိတယ် မဟုတ်လား၊ ပြောစမ်း"

ဟု မေးလိုက်ရာ ငမဲလည်း ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်…ဟုတ်ကဲ့၊ နန်းတွင်းကလာခဲ့ကြတယ်ဆိုတာ သိပါတယ်ခင်ဗျာ"

"အေး…မင်းသိတယ်ဆိုရင် ငါ့နောက်ကို အေးအေးဆေးဆေးလိုက်ခဲ့ပေတော့"

ဟန်စုက ငမဲအား ဖိုးရှောင်ထံသို့ ခေါ်ဆောင်သွားလေတော့သည်။

♠ ♠ ♠



စွန်းထင်းအား ရှုံးနိမ့်သွားခြင်းကြောင့် ချိုစန်း အရှက်ကြီးရှက်သွားတော့သည်။

"တောက်…မင်းတို့ကို ငါဘယ်တော့မှ မကြောက်ဘူး"

တက်ခေါက်ကာ ကြိုးဝါးလိုက်သည်။

သို့သော် စွန်းထင်းအား ထပ်မံတိုက်ခိုက်ခြင်း မပြုဘဲ ကိုယ့်ကိုကိုယ် အဆုံးစီရင်ရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်စမ်း"

အော်ငေါက်သံနှင့်အတူ ဖိုးရှောင်က အနီးသို့ရောက်လာပြီး ချိုစန်းမလှုပ်နိုင်အောင် သွေးကြောထိုးပိတ်လိုက်လေသည်။

ချိုစန်း ဘာမှမတတ်သာတော့ဘဲ သွေးကြောပိတ်ကာ အဖမ်းခံလိုက်ရလေတော့သည်။

ဖိုးရှောင်က ချိုစန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီး မေးလိုက်လေသည်။

"ခင်ဗျားဟာ ချိုကျေးရွာက အကြီးအကဲတစ်ဦး မဟုတ်ဘူးလား"

ချိုစန်းမှာ သွေးကြောပိတ်ခံထားရသဖြင့် လှုပ်ရှားခြင်းမပြုနိုင်သော်လည်း စကားတော့ ပြောနိုင်ပါသေး၏။

သူက စိပြင်းဒေါသထွက်နေသောလေသံဖြင့် အဖြေပေးလိုက်လေသည်။

"ဟုတ်တယ်၊ ကျုပ်က အကြီးအကဲတစ်ယောက်ပဲ"

ဖိုးရှောင်က…

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ…ကျုပ်ဟာ ချိုကျေးရွာပိုင်ရှင်နဲ့ဆွေးနွေးဖို့လာခဲ့တဲ့ နန်းတွင်းက တာဝန်ပေးထားတဲ့ အမတ်ကြီးတစ်ယောက်ဆိုတာ သိပါလျက်နဲ့ ဘာကြောင့် တိုက်ခိုက်ရတာလဲ၊ ပြောပါဦး"

ချိုစန်းက…

"ကျုပ်တို့က ဘယ်အမတ်ကြီးကိုမှ ဂရုစိုက်တာမဟုတ်ဘူး ဗျ။ ချိုင်ယွင်ဒေသကိုလာပြီး ကျုပ်တို့ ချိုကျေးရွာကို နှောက်ယှက်ရင် သေရမှာပဲ"

ဖုံးရှောင်၏မျက်နှာ ခတ်ထန်သွားလေသည်။

"ချိုကျေးရွာဟာ နန်းတွင်းကိုတောင် အာခံဝံ့တာကိုး။ ကောင်းပြီလေ၊ မင်းတို့ ချိုကျေးရွာကို ထိုက်ထိုက်တန်တန် အပြစ်ပေးအရေးယူရတော့မှာပေါ့"

ထို့နောက် ချိုစန်း၏သွေးကြော သုံးနေရာကို လက်ညှိုးဖြင့် ထောက်ချလိုက်လေသည်။

သိုင်းပညာကို တစ်သက်လုံး အသုံးမပြုနိုင်တော့အောင် သွေးကြောများအား ဖျက်ဆီးပစ်လိုက်ခြင်းဖြစ်လေသည်။

ချိုစန်း ထိတ်လန့်သွားသည်။

"သည်လို မလုပ်ပါနဲ့"

ကပျာကယာ အော်ဟစ်တောင်းပန်လိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

သိုင်းပညာ အသုံးမပြုနိုင်တော့အောင် သွေးကြောများ ဖျက်ဆီးခံလိုက်ရသောအခါ ချိုစန်း ခေါင်းငိုက်စိုက်ကျသွားလေတော့



သည်။ သူ၏တပည့်နှစ်ယောက်လည်း ကြောက်လန့်တကြားဖြစ်သွားကြလေတော့သည်။

ဖုံးရှောင် လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ…ကျုပ်ရှေ့က ထွက်သွားကြပေတော့"

ချိုစန်းသည် တပည့်နှစ်ယောက်ကိုခေါ်ကာ ခေါင်းငိုက်စိုက်ချပြီး ထွက်သွားလေတော့သည်။

♠ ♠ ♠

ချိုစန်းတို့ ထွက်သွားကြသောအခါ ငမဲတစ်ယောက်ထဲ ကျန်ရစ်ခဲ့လေသည်။

ငမဲကား အသားမည်းသော်လည်း ယခုအချိန်တွင် မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော်ဖြစ်နေတော့သည်။

ငှယ်နစုက…

"ဆရာ…သူဟာ ချိုကျေးရွာပိုင်ရှင်က အခြေအနေကို တိတ်တဆိတ် စောင့်ကြည့်ခိုင်းထားတဲ့လူပါ"

ဖုံးရှောင်ကို အကျိုးအကြောင်း ပြောပြလိုက်လေသည်။

ဖုံးရှောင် ပြုံးလိုက်သည်။

"ချိုရွာပိုင်ရှင်ဟာ မင်းကို ခိုင်းလိုက်တာဟုတ်လား"

ငမဲ မငြင်းဝံ့ချေ။

"ဟုတ်…ဟုတ်ပါတယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သို့လွှတ်လိုက်တဲ့လူတွေဟာ ကျုပ်တို့ကိုမယုံနိုင်ဘူးဆိုတာ ရှာပိုင်ရှင် ကြိုတင်ရိပ်မိနေတဲ့ သဘောပေါ့"

"ဒါ..ဒါတော့..ကျွန်တော်လည်း မပြောတတ်ပါဘူးခင်ဗျာ"

ငမဲသည် အဆိပ်ကိုမမှုဘဲ သိုင်းပညာထက်မြက်သည့် ဖိုးရှောင်တို့လူစုအား ထိတ်လန့်နေပြီဖြစ်လေသည်။

ဖိုးရှောင်က...

"ကဲ..ရှာပိုင်ရှင်က ဘယ်မှာလဲ၊ ပြောစမ်းပါဦး"

ငမဲက...

"ရွာထဲမှာပဲ ရှိပါတယ်"

"ကောင်းပြီ၊ မင်းတို့ရှာပိုင်ရှင်ကို ငါက ဟိုဇရပ်ပျက်လေးမှာစောင့်နေတယ်လို့ သွားပြောပြလိုက်ပါ"

"ဟုတ်..ဟုတ်ကဲ့"

ဖိုးရှောင်က လွှတ်ပေးလိုက်လျှင် ငမဲလည်း ဒရောသောပါး ပြေးလွှားသွားလေတော့သည်။

♠ ♠ ♠

# တိတ်တဆိတ်

ရှာပိုင်ရှင်ချီရှောင် ဒေါသချောင်းချောင်းထွက်နေသည်။

ချီစန်းနှင့်တပည့်နှစ်ယောက် မရှုမလှခံလိုက်ကြရသည် မဟုတ်ပါလား။

ချီစန်းနှင့်သူ၏တပည့်နှစ်ယောက်ကား မျက်နှာငယ်ကလေးများဖြင့် မလှုပ်မယှက် ရှိနေကြလေသည်။

ချီရှောင်က...

"ချီစန်း သူက အတော်ကြောက်စရာကောင်းတယ် ဟုတ်လား"

ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူမပြောနဲ့ သူ့တပည့်တွေကတောင် အတော်ကိုကြောက်စရာကောင်းနေတာ သူတို့က အဆိပ်ကိုလည်း မမှုဘူး"

ချိုရှောင် မဲ့ပြုံးပြုံးလိုက်သည်။

"သူတို့ဟာ ချိုကျေးရွာကို ဖျက်ဆီးပစ်နိုင်တဲ့အထိ အစွမ်းရှိကြမှာလား"

ချိုစန်းက...

"သူတို့ကို အထင်သေးလို့ မရတာတော့ အမှန်ပါပဲဗျာ"

ထိုစကားကို ချိုရှောင် လက်မခံပါချေ။

"မင်း အသုံးမကျတာကိုတော့ မပြောဘဲ၊ သူများကိုအထင်ကြီးနေတာမျိုး ငါမလိုချင်ဘူး၊ ငါ့ရှေ့က မြန်မြန်ထွက်သွားစမ်း"

ဟုငေါက်လိုက်ရာ ချိုစန်းလည်း တပည့်နှစ်ဦးကိုခေါ်ပြီး ထွက်သွားလေတော့သည်။

ချိုရှောင်က မလှမ်းမကမ်း၌ရှိနေသော ချိုကျေးရွာမှအကြီးအကဲများကို ကြည့်လိုက်သည်။

"ချိုစန်းတော့ ခံလိုက်ရပြီ၊ ခင်ဗျားတို့ကော ဘာပြောချင်ကြသေးသလဲ"

ဟု လှမ်းမေးလိုက်လေသည်။

ထိုအခါ ချိုဝူးနှင့်ချိုကျောင်းတို့က ထိုင်ရာမှထလိုက်ကြလေသည်။



ချိုရှောင်က...

"ခင်ဗျားတို့ရဲ့ ရွှေစုတ်တံသိုင်းသမားကိုသွားပြီး ဆုံးမကြမယ်၊ ဟုတ်လား"

ချိုဝူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ချိုကျောင်းက...

"သူတို့ ချိုကျေးရွာကို ရောက်မလာစေရပါဘူးဗျာ"

ဟု အာမခံလိုက်လေသည်။

ချိုရှောင် ပြုံးလိုက်သည်။

"ကောင်းတယ်၊ ခင်ဗျားတို့နှစ်ယောက် အတူသွားကြမယ်ဆိုရင်တော့ ကျုပ်စိတ်ချလိုက်ပါပြီဗျာ"

ချိုဝူးနှင့်ချိုကျောင်းတို့ ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုအချိန်မှာပင် ငမဲက အပြေးအလွှားရောက်ရှိလာလေသည်။

"သခင်ကြီး...သခင်ကြီး"

ငမဲကား အထိတ်တလန့် ဖြစ်နေပါတော့သည်။

ချိုရှောင်က...

"ငမဲ...ဘာကြောင့် သည်လောက်အလန့်တကြားဖြစ်နေရတာလဲ၊ သေချင်ပြီထင်တယ်"

ဟုငေါက်လိုက်တော့မှ ငမဲငြိမ်ကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီရှောင်က…

"ကဲ…ဘာဖြစ်လာတာလဲ၊ ပြောစမ်း"

ဟု မေးလိုက်သည်။

ငမဲက…

"ဟို…ဟို…အမတ်ကြီးက ရွာပိုင်ရှင်ကို တောစပ်က ဇရပ်ပျက်ကိုလာခဲ့ဖို့ မှာလိုက်ပါတယ်၊ အဲသည်မှာ သူစောင့်နေမယ်လို့ ပြောလိုက်ပါတယ်"

ဖုံးရှောင် မှာလိုက်သည့်အတိုင်း ပြန်ပြောပြလိုက်လေသည်။

"ဟား…ဟား…ဟား"

ချီရှောင် ဟားတိုက်ရယ်မောလိုက်လေသည်။

"ရယ်စရာကောင်းလိုက်တာ သူက ချီစန်းကို အနိုင်ယူနိုင်ခဲ့ပေမယ့် ချီကျေးရွာကိုရောက်တဲ့အထိ မလာဝံ့တော့လို့ ခုလိုချိန်းလိုက်တာ ထင်ရှားနေတာပေါ့"

တဖန် ချီဂူးတို့အား လှမ်းပြောလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်ထဲသွားမယ့်အစား အဖော်တွေခေါ်ပြီး အင်အားကောင်းကောင်းနဲ့သွားတာ ပိုပြီးသေချာလိမ့်မယ်၊ သူ့ကိုတွေ့ရင် တစ်ခါထဲရှင်းပစ်လိုက်နိုင်တာပေါ့လေ"

ချီဂူးက…

"ကျုပ်တို့နှစ်ယောက်ထဲနဲ့ မလုံလောက်ဘူးလို့ ရွာပိုင်ရှင်က ထင်နေတာလား"

ဟု ပြန်မေးလေသည်။



ချီရှောင်က…

"သေချာတာက ပိုကောင်းတာပေါ့ဗျာ"

"ကောင်းပြီလေ"

ချီဂူးက အဖော်များခေါ်သွားရန် သဘောတူလိုက်လေသည်။

အကြီးအကဲငါးယောက်လည်း ထိုင်ရာမှထကာ ချီဂူး၊ ချီကျောင်းတို့နှင့်အတူ လိုက်သွားကြလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ချိုငူးတို့လူစု ထွက်သွားကြပြီ ဖြစ်သည်။

ခန်းမဆောင်အတွင်း၌ လူရှင်းသွားလေသည်။

ငမဲ၊ ချိုရောင်နှင့် အသက်သုံးဆယ်ခန့်ရှိ လူရွယ်တစ်ဦးတို့သာကျန်ရစ်ခဲ့လေသည်။

ထိုလူရွယ်မှာ ရွာပိုင်ရှင်ချိုရောင်၏ ညီအငယ်ဆုံး 'ချိုတိတ်ဖြစ်လေသည်။

ချိုရောင်သည် ချိုတိတ်ကို အလွန်ချစ်မြတ်နိုးလေသည်။

လူရှင်းသွားတော့မှ ချိုရောင်က ချိုတိတ်အားမေးလိုက်လေသည်။

"သူက ရွာထဲ ဝင်မလာဘဲ ရွာအပြင်ကိုထွက်လာဖို့ ချိန်းလိုက်တာ၊ ညီလေး ဘယ်လိုယူဆသလဲ"

ချိုတိတ်က...

"သူဟာ နန်းတွင်းကနေပြီး ချိုင်ယွင်ဒေသကိုတောင်ရောက်အောင်လာခဲ့ပြီးပါပြီ၊ ချိုကျေးရွာကို မလာဝံ့စရာအကြောင်းမရှိပါဘူး အစ်ကိုကြီး"

ချိုရောင် ပြုံးလိုက်သည်။

"ဒါပေါ့ ရွာအပြင်ကို ချိန်းလိုက်တာကကော"

ချိုတိတ်က...

"အစ်ကိုကြီးက သိက္ခာကျခံပြီး ကိုယ်တိုင်ရွာပြင်ထွက်သွားမှာ မဟုတ်ပါဘူး၊ ချိုကျေးရွာက အရေးပါတဲ့လူတွေကိုလွှတ်ပြီးဆုံးမနိုင်းလိမ့်မယ်ဆိုတာ သူတွက်ဆထားမှာပါ"



ချိုရောင် ခေါင်းညိတ်လိုက်သည်။

"မှန်တာပေါ့ ချိုကျေးရွာမှာ အားထားရတဲ့လူတချို့ ရွာပြင်ကိုရောက်သွားရင် ရွာထဲမှာအင်အားနည်းသွားလိမ့်မယ် မဟုတ်လားဒါမှရွာထဲဝင်လိုက်ရင် သူ့ဘက်က ပိုပြီးသေချာတာပေါ့"

ချိုတိတ် ဦးညွှတ်လိုက်သည်။

"ကျွန်တော် မရှင်းတာလေး တစ်ခုရှိလို့ မေးချင်ပါတယ်၊ အစ်ကိုကြီး"

ချိုရောင်က...

"ဘာလဲ ရွှေစုတ်တံသိုင်းသမားရဲ့ မြွေလှမ်းကို ရိပ်မိထားလျက်နဲ့ ချိုငူးတို့လူစုကို ရွာအပြင်ဘက် ဘာကြောင့်လွှတ်လိုက်ရသလဲဆိုတာ ညီလေးသိချင်နေတာ မဟုတ်လား"

ချိုတိတ် ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုကြီး"

ချိုရောင်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ချိုငူးတို့က ရွာပြင်ထွက်မသွားဘူးဆိုရင် သူလည်း ရွာထဲဝင်လာမှာမဟုတ်တော့ဘူး၊ ဒါဆို တို့နှစ်ယောက် ဘယ်လိုလုပ် အေးအေးဆေးဆေး တွေ့ရနိုင်တော့မှာလဲ"

ချိုတိတ် အံ့သြသွားလေသည်။

"အစ်ကိုကြီးက သူနဲ့နှစ်ယောက်ထဲ အေးအေးဆေးဆေးတွေ့ဆုံချင်တယ် ဟုတ်လား"

ချိုရောင်က....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါပေမယ့် ညီလေးက ကျုပ်အနားမှာရှိနေမှာ ပေါ့လေ"

ချီတိတ် ဝမ်းသာသွားလေသည်။

ချီကျေးရွာ၌ ချီရှောင်သည် ရွာပိုင်ရှင်ဖြစ်သလို ဩဇာတိက္က မ အကြီးမားဆုံးလူတစ်ယောက် ဖြစ်သည်။

ထို့အပြင် သိုင်းပညာ၊ အဆိပ်ပညာနှင့် ပတ်သက်လာလျှင် လည်း အတော်ဆုံးဖြစ်လေသည်။

ချီရှောင်ကို ချီတိတ်ကလည်း ရိုသေလေးစားပြီး အားကိုး အားထားပြုလေသည်။

"သူက အစ်ကိုကြီးကို ဒုက္ခပေးလာမယ်ဆိုရင် ကျွန်တော် အရင်ဆုံး ရှေ့ထွက်ရင်ဆိုင်သွားပါ့မယ်"

ချီတိတ် ရင်ကော့ပြီး ကတိပေးစကား ပြောလိုက်လေသည်။

"သည်လောက်အထိလည်း မလိုသေးပါဘူးညီလေးရယ်၊ တို့နှစ်ယောက် အေးအေးဆေးဆေး တွေ့ဆုံဖြစ်ကြမှာပါ"

ချီဘိတ် ပင့်သက်ရှိုက်လိုက်သည်။

ချီရှောင်သည် ဉာဏ်များသူတစ်ယောက်လည်း ဖြစ်လေ သည်။

ရှေ့စုတ်တံသိုင်းသမားနှင့် တွေ့ဆုံရန်ဆုံးဖြတ်လိုက်ခြင်းမှာ အကြောင်းတစ်ခုခု ရှိရပေမည်။

မည်သို့သော အကြောင်းရှိနေသည်ကိုမူ ချီတိတ် စဉ်းစားမ ရပါချေ။



ချီရှောင်က...

"မကြာခင် သူရောက်လာလိမ့်မယ်၊ တို့တတွေ ကြိုဆို လိုက်ကြတာပေါ့"

ဟု ပြောလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## ဧည့်သည်

ခန်းမဆောင်အတွင်း၌ ချိုရောင်နှင့်ချိုတိတ်တို့ ညီအစ်ကို နှစ်ယောက်ရှိနေသော်လည်း အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ချိုတိတ်သည် မကြာမီ ရွှေစုတ်တံသိုင်းသမား ရောက်ရှိလာတော့မည်ဆိုသော ချိုရောင်၏စကားကြောင့် စိတ်လှုပ်ရှားနေပါတော့သည်။

ရွှေစုတ်တံသိုင်းသမားသည် မည်သို့သော လူစားမျိုးဖြစ်ပါသနည်း။

ချိုစန်းတို့ ဆရာတပည့်များကို အနိုင်ယူလိုက်ခြင်းကြောင့် ခေသူမဟုတ်ကြောင်း ထင်ရှားလေသည်။



အဆိပ်ကို မမှုသူတစ်ယောက်ဖြစ်နေခြင်းကလည်း ချိုကျေးအတွက် ခေါင်းကိုက်ရသူ ဖြစ်သွားတော့သည်။

ချိုတိတ် တွေးတောစဉ်းစားနေစဉ်မှာပင်...

"အိမ်ရှင်တို့...အိမ်ရှင်တို့"

အပြင်ဘက်မှခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချိုတိတ်က ချိုရောင်ကို လှမ်းကြည့်လိုက်လေသည်။

ချိုရောင် ပြုံးလိုက်သည်။

"အိမ်ရှင်တွေရှိပါတယ်ဗျား၊ မိတ်ဆွေရောက်လာမှတော့ ဝင်လာခဲ့ပါဗျာ"

ဟု ဖိတ်ခေါ်လိုက်လေသည်။

သူ၏စကားဆုံးလျှင် ခြေသံများ ထွက်ပေါ်လာပြီး လူတစ်ယောက်လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

အပေါင်းအဖော် မပါဘဲ တစ်ယောက်ထဲ လှမ်းဝင်လာခြင်းဖြစ်လေသည်။

အနက်ရောင်ကိုယ်ကြပ်ဝတ်စုံ ဝတ်ဆင်ထားသည့် အသက်[illegible]ဆယ်စန့်ရှိ အဘိုးအိုတစ်ယောက် ဖြစ်သည်။

နဖူးမောက်မောက်၊ မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲနှင့် အ[illegible]ရုပ်ဆိုး အကျည်းတန်သူ တစ်ယောက်လည်း ဖြစ်လေသည်။

ချိုတိတ် မျက်မှောင်ကုပ်သွား၏။

"ရွှေစုတ်တံသိုင်းသမားဆိုတာ သည်အဘိုးကြီးပဲလား"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ ထိုအဘိုးအိုသည် ရွှေစုတ်တံသိုင်းသမား မဖြစ်နိုင်ဟု တွေးနေမိလေသည်။

ချီရှောင်လည်း အဘိုးအိုကိုကြည့်ကာ အံ့သြသွားလေသည်။

"မိတ်ဆွေကြီး ရန်ချုန်း ရောက်လာတာကိုး"

အဘိုးအိုကား အဆိပ်ပညာဖြင့် သတင်းကြီးနေသည့် ရန်ချုန်းအဘိုးအိုဖြစ်လေသည်။

ရန်ချုန်းအဘိုးအိုသည် 'ပင့်ကူများမှအဆိပ်ထုတ်ယူအသုံးပြုသူဖြစ်၍ အများက 'ပင့်ကူကြီးရန်ချုန်း'ဟုလည်းခေါ်ကြလေသည်။

အလွန်ပြင်းထန်သော ပင့်ကူအဆိပ်ကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်သူဖြစ်ပြီး စိတ်ထင်ရာလုပ်တတ်သူဖြစ်ခြင်းကြောင့် အားလုံးက သူ့အား သတိထားဆက်ဆံကြလေသည်။

ရန်ချုန်းက ခန်းမဆောင်ထဲ ဝေ့ကြည့်လိုက်သည်။

"သည်နေရာမှာ စည်ကားနေရမယ့်အစား ရှင်းရှင်းလင်းလင်းဖြစ်နေတာ မဟုတ်သေးဘူး၊ ချီကျေးရွာကလူတွေ ရွာအပြင်ဘက်ကို လူစုလူဝေးနဲ့ ထွက်သွားတာတွေ့လိုက်ပါတယ်၊ အကြောင်းထူးများရှိနေလို့လား"

ဟု မေးလာလေသည်။

ချီရှောင်က...

"ခင်ဗျား သတင်းမကြားသေးဘူးလားဗျ"

"ဘာသတင်းများလဲ၊ ပြောစမ်းပါဦး"

"နန်းတွင်းက သိုင်းသမားအမတ်တစ်ယောက်က ချိုင်ယွင်



ဒေသအေးချမ်းသာယာရေး ဆောင်ရွက်ဖို့ရောက်လာတယ်ဆိုတဲ့ သတင်းပေါ့ဗျာ"

"ဪ"

ရန်ချုန်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"လက်စသတ်တော့ ချီကျေးရွာကိုလာခဲ့တဲ့ လမ်းခရီးတလျှောက်မှာ ကျုပ်ကြားခဲ့ရတဲ့သတင်းတွေ မှန်ကန်နေတာကိုး၊ ဒါဖြင့် ရွှေစုတ်တံသိုင်းသမား ရောက်လာပြီပေါ့"

ချီရှောင်က...

"ဟုတ်ပါတယ်ဗျာ၊ သူက ချိုင်ယွင်ဒေသကို ရောက်တာနဲ့ ကျုပ်တို့ချီကျေးရွာကို ဦးတည်လာတော့တာပါပဲ"

ရန်ချုန်း ရယ်မောလိုက်သည်။

"ဒါကြောင့် ခင်ဗျားရဲ့လူတွေကိုလွှတ်ပြီး သွားကြိုဆိုနိုင်းလိုက်တာပေါ့ ဟုတ်လား"

ချီရှောင် ဘာမှမပြောဘဲ နေလိုက်လေသည်။

ရန်ချုန်းက...

"ကောင်းတယ်၊ ကျုပ်က ရွာပိုင်ရှင်ကို ပြောစရာလေးတွေ ရှိသေးတယ်"

"ပြောပါဗျာ၊ ပြောပါ...ပြောပါ"

"ရွာပိုင်ရှင်က ချီကျေးရွာမှ အဆိပ်ပညာပြိုင်ပွဲ ကျင်းပဖို့ စီစဉ်ပြီး သိုင်းလောကက အဆိပ်ပညာရှင်တွေကို ဖိတ်ခေါ်ခဲ့တာပဲ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ..ဟုတ်ပါတယ်"

ရန်ချမ်းက...

"နန်းတွင်းက သိုင်းသမားအမတ်တစ်ယောက်ကလည်း ချိုင်ယွင်ဒေသ အေးချမ်းသာယာရေး ဆောင်ရွက်ဖို့ တိုက်တိုက်ဆိုင်ဆိုင်ရောက်လာတယ်"

"ဟုတ်ပါတယ်ဗျာ"

ရန်ချမ်းက...

"ဒါဟာ ရှာပိုင်ရှင် ဖိတ်ခေါ်ထားတဲ့ သိုင်းလောကအဆိပ်ပညာရှင်တွေအတွက် ရှာပိုင်ရှင်အပေါ် အထင်လွဲစရာများ ဖြစ်စေသွားနိုင်ဘူးလားဗျာ"

ချိုရှောင် သက်ပြင်းချလိုက်လေသည်။

"သည်လောက် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လိမ့်မယ်လို့ ကျုပ်လည်း မထင်မိဘူးဗျ၊ တမင်လုပ်တာမှ မဟုတ်တာ၊ ကျုပ် ဘာတတ်နိုင်မှာတဲ့လဲဗျာ"

ရန်ချမ်းက....

"ဘာပဲဖြစ်ဖြစ် နန်းတွင်းအမတ်သိုင်းသမား ရောက်လာတာကြောင့် အတော်ကလေး ရှုပ်ထွေးသွားမှာ သေချာတယ်၊ ရှာပိုင်ရှင်က အဆိပ်ပညာပြိုင်ပွဲကို အရင်ကျင်းပမလား၊ ဒါမှမဟုတ် နန်းတွင်းအမတ်ကိစ္စကို အရင်ဆုံးဖြေရှင်းမလား၊ ဘာလုပ်မယ်ဆိုတာ ပြောပါဦး"

ချိုရှောင်က...



"နန်းတွင်းအမတ် သိုင်းသမားရှိနေမှတော့ ကျုပ်တို့ရဲ့အဆိပ်ပညာပြိုင်ပွဲကြီးကို ဘယ်လိုလုပ်ပြီး စိတ်ချလက်ချ ကျင်းပနိုင်တော့မှာလဲဗျာ"

"ဟား..ဟား..ဟား"

ရန်ချမ်း ရယ်မောလိုက်သည်။

"သည်လောက်ဆိုရင် ကျုပ် သဘောပေါက်ပါပြီဗျာ"

သူက ချိုရှောင်ကို စိုက်ကြည့်လိုက်သည်။

"ဒါထက် ရှာပိုင်ရှင်ရဲ့လူတွေက နန်းတွင်းအမတ်ကို ဆုံးမနိုင်ကြပါ့မလား"

"သူတို့က..."

ချိုရှောင် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ...

မည်သည့်အချိန်က ရောက်ရှိနေမှန်းမသိသော လူတစ်ယောက်က မလှမ်းမကမ်း တစ်နေရာ၌ ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ခန်းမဆောင်အတွင်းသို့ လူစိမ်းတစ်ယောက် ရောက်ရှိလာသည်ကို ချိုရှောင်၊ ချိုတိတ်တို့ညီအစ်ကိုသာမက ဧည့်သည်ရန်ချန်းပါ သတိမပြုမိလိုက်ကြချေ။

ချိုရှောင်၏ ထူးခြားသော အမူအရာကိုတွေ့ရမှ ရောက်ရှိနေသူကို သတိထားမိသွားကြခြင်း ဖြစ်လေသည်။

ချိုတိဝ်က...

"ဘယ်သူလဲ"

ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"နေဦး"

ချိုရှောင်က ဟန့်တားလိုက်သည်။

"ကိုယ့်ဆီရောက်လာတဲ့ ဧည့်သည်ကို ကောင်းကောင်းမွန်မွန်ဆက်ဆံမှပေါ့"

ဟုလည်း ဟန်ဆောင် ဆုံးမစကား ဆိုလိုက်လေသည်။

ချိုတိတ်က...

"ဧည့်သည်က တိတ်တဆိတ် ဝင်လာပါ့မလား အစ်ကိုကြီး"

ဟု စောဒကတက်လိုက်လေသည်။

ထိုအခါ ခန်းမဆောင်ထဲ ရောက်ရှိလာသူက...

"ကျုပ်က အသံပြုပြီးမှ ဝင်လာတာပါ။ မိတ်ဆွေတို့က အာရုံများနေတာကြောင့် ကျုပ်အသံကော ကျုပ်ဝင်လာတာကိုကော သတိမပြုမိခဲ့ကြတာပါ။ ဒါကြောင့်လည်း ကျုပ်က ရှေ့ဆက်မတိုးတော့ဘဲ သည်နေရာမှာ ငြိမ်ငြိမ်ကလေးရပ်နေခဲ့တာပါ"



တည်ငြိမ်သောလေသံဖြင့် ရှင်းပြလေသည်။

ချိုရှောင်က...

"ထားပါတော့လေ၊ ကျုပ်ကတော့ ရွာပိုင်ရှင်ချိုရှောင်ပါ။ မိတ်ဆွေဟာ ဘယ်သူဘယ်ဝါများလဲဆိုတာ မသိရဘူးလားဗျာ"

ဟု မေးလိုက်လေသည်။

ထိုလူက...

"ကျုပ်က ဟန်စုပါ၊ နန်းတွင်းအမတ်ရဲ့ ကိုယ်ရံတော်ပါဗျာ"

သူ၏အမည်ကို ပြောပြလေသည်။

ထိုလူကား ရန်ပယ်ဓားဟန်စု ဖြစ်လေသည်။

ချိုရှောင် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"နန်းတွင်းအမတ်ဟာ ရွှေစုတ်တံသိုင်းသမားကြီးပဲ မဟုတ်လားဗျာ"

ဟန်စုက...

"ဟုတ်ပါတယ်၊ ရွှေစုတ်တံသိုင်းသမားကြီးပါပဲ"

"သူက ရွာအပြင်ဘက်က ဇရပ်ပျက်မှာ ကျုပ်ကိုစောင့်နေမယ်မထင်ပါဘူး"

"ဟုတ်ပါတယ်၊ ချိုကျေးရွာရဲ့ အင်အားကို အမတ်ကြီးက အထင်မသေးပါဘူးဗျာ"

"ဒါဖြင့်"

"အမတ်ကြီးက ရွာပိုင်ရှင်နဲ့ အေးအေးဆေးဆေး တွေ့ဆုံဆွေးနွေးချင်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ချိုရှောင် ပြုံးလိုက်သည်။

"ကျုပ်ကလည်း အမတ်ကြီးနဲ့ အေးအေးဆေးဆေး တွေ့ချင်ပါသေးတယ်"

ဤတွင် ပင့်ကူကြီးရန်ချုန်းက ဝင်ပြောလိုက်လေသည်။

"ရှာပိုင်ရှင်ကိုယ်စား အမတ်ကြီးနဲ့တွေ့ဖို့ ကျုပ်တာဝန်ယူလိုက်ပါ့မယ်"

ချိုရှောင် လက်မခံပါချေ။

"ဝမ်းနည်းပါတယ်ဗျာ၊ အမတ်ကြီးက ကျုပ်နဲ့တွေ့ဖို့လာခဲ့တာဖြစ်ပါတယ်"

ဟန်စုက...

"ရှာပိုင်ရှင်ပြောတာ မှန်ပါတယ်ဗျာ"

ဟုထောက်ခံလိုက်လေသည်။

ရန်ချုန်း မကျေမနပ် ဖြစ်သွားသည်။

"ကောင်းပြီလေ၊ ရှာပိုင်ရှင်က လက်မခံဘူးဆိုရင်လည်း ကျုပ် ဘာမှမပြောချင်တော့ပါဘူး၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး"

စကားဆုံးလျှင် ခန်းမဆောင်ထဲမှ လျှင်မြန်စွာထွက်ခွာသွားလေတော့သည်။

ချိုရှောင် ပင့်သက်ရှိုက်လိုက်သည်။

ရန်ချုန်း အပြင်ထွက်သွားသည်မှာ အမတ်ကြီးကိုသွားတွေ့ဖို့ကြိုးစားခြင်းဖြစ်ကြောင်း နားလည်ထားလေသည်။

ချိုရှောင်က ဟန်စုကို ကြည့်လိုက်သည်။



"သူက အမတ်ကြီးကို သွားတွေ့လိမ့်မယ်"

ဟန်စု ပြုံးလိုက်သည်။

"အမတ်ကြီးဟာ ရှာပိုင်ရှင်နဲ့ပဲ တွေ့ဆုံဆွေးနွေးဖို့ ဆုံးဖြတ်ထားတာပါ၊ ရှာပိုင်ရှင်ကလွဲရင်..."

စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်လေသည်။

ချိုရှောင်က...

"အင်း...ရှာပိုင်ရှင်ကို ပင်ပန်းအောင်လုပ်သလိုတော့ ဖြစ်နေပါပြီ"

ဟု ဟန်ဆောင်ညည်းတွားလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အရှုံး

ချီကျေးရွာအတွင်း၌လည်း အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကျေးရွာပိုင်ရှင်ချီရှောင်၏ အိမ်ဂေဟာသို့ ဦးတည်သော ရွာလယ်လမ်းမကြီးပေါ်၌ လူတစ်ယောက်ရှိနေ၏။

နန်းတွင်းအမတ်ကြီး(ဝါ) ရွှေစုတ်တံသိုင်းသမားဖုံးရှောင်ဖြစ်လေသည်။

ဖုံးရှောင်က ခြေလှမ်းမှန်မှန်ဖြင့် ရွာပိုင်ရှင်ချီရှောင်၏ အိမ်ဂေဟာသို့ လှမ်းလာနေသည်။

ထိုစဉ်...



"ဟူး"

လေပြင်းတိုက်သံနှင့်အတူ အရိပ်မည်းမည်းကြီးတစ်ခု ရောက်ရှိလာလေသည်။

ဖုံးရှောင်က ခြေလှမ်းရပ်လိုက်လေသည်။

သူ့ရှေ့သို့ ရောက်လာသူကို ကြည့်လိုက်သည်။

ပင့်ကူကြီးရန်ချုန်း ဖြစ်လေသည်။

ရန်ချုန်းကလည်း ဖုံးရှောင်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

ရန်ချုန်း၏မျက်နှာ ပြုံးနေသည်။

ဖုံးရှောင်အား အထင်သေးသည့်သဘောမျိုးဖြစ်လေသည်။

"မင်းက နန်းတွင်းအမတ်ကြီး ဟုတ်လား"

ဟုလည်း ရိသဲ့သဲ့ပြောလိုက်လေသည်။

ဖုံးရှောင်က မျက်နှာထားတင်းတင်းဖြင့် ပြန်ပြောလိုက်သည်။

"ခင်ဗျား ဘယ်သူပဲဖြစ်ဖြစ်၊ ကျုပ်ရှေ့က လမ်းဖယ်လိုက်ပါ၊ ဒါမှမဟုတ်ရင် ခင်ဗျား ဒုက္ခရောက်သွားလိမ့်မယ်"

"ဟား...ဟား...ဟား"

ရန်ချုန်း ဟားတိုက်ရယ်မောလိုက်လေသည်။

"ဘယ်သူကများ ကျုပ်ကို ဒုက္ခပေးနိုင်မှာတဲ့လဲ၊ ကဲ ကျုပ်က လမ်းဖယ်မပေးဘူး၊ မင်းဘာလုပ်ချင်သလဲ၊ ပြောပါဦး"

"ကောင်းပြီ၊ ခင်ဗျား အခုသိရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးရှောင်သည် ရှည်ရှည်ဝေးဝေး တွေးတောစဉ်းစားခြင်း မပြုဘဲ စောင်တိုက်ခိုက်လေသည်။

လက်တစ်ဘက်ဆန့်ထုတ်ကာ အတွင်းအားထည့်သွင်းထားသော လက်ဝါးဖြင့် ရိုက်ထုတ်လိုက်ခြင်းဖြစ်လေသည်။

"ဟူး"

လေတိုးသံများ ထွက်ပေါ်လာပြီး မမြင်ရသောလေပွေလှိုင်းများသည် ရန်ချွန်းထံသို့ တိုးဝင်သွားလေသည်။

ရန်ချွန်း အဆက်မပြတ် ရယ်မောနေသည်။

"သည်လောက်လေးနဲ့ ကျူပ်မှုရမှာလား"

ပြောရင်း လက်ဝါးရိုက်ထုတ်ကာ ပြန်လည်ရင်ဆိုင်လိုက်လေသည်။

သူက ဖိုးရှောင်ကို ပညာပြရန် စိတ်ကူးထားလေသည်။

လက်ဝါးရိုက်ထုတ်ရာ၌ အဆိပ်နှစ်မျိုးကို တပြိုင်နက်တည်း အသုံးပြုလိုက်လေသည်။

အဆိပ်ငွေ့နှင့် အဆိပ်လက်နက်ပုန်းလေးများပါ ဖော်ထုတ်လိုက်ခြင်းဖြစ်သည်။

ရန်ချွန်း ရိုက်ထုတ်လိုက်သည့် လက်ဝါးရိုက်ချက်မှဖြစ်ပေါ်လာသည့်လေအရှိန်ဖြင့် အဆိပ်ငွေ့နှင့် အဆိပ်လက်နက်ပုန်းလေးများ ဖိုးရှောင်ထံသို့ တိုးဝင်သွားခြင်းဖြစ်သည်။

"ဝုန်း"

ကျယ်လောင်သောအသံ တစ်ချက် ထွက်ပေါ်လာသည်။



ရန်ချွန်း ကပျာကယာ နောက်ဆုတ်လိုက်ရလေသည်။

သူက ဖိုးရှောင်ကို ပညာပေးရန်ကြံရွယ်ထားသော်လည်း ဖိုးရှောင် ရိုက်ထုတ်လိုက်သည့် လေအရှိန်ဒဏ်က အင်အား ကြီးမားပြင်းထန်နေခြင်းကြောင့် မတတ်သာဘဲ နောက်ဆုတ်ပေးလိုက်ရခြင်းဖြစ်လေသည်။

ရန်ချွန်း ရင်ထိတ်သွားသည်။

ဖိုးရှောင်သည် သူမျှော်လင့်ထားသည်ထက်ပင် အတွင်းအားပိုကောင်းသူဖြစ်နေသည် မဟုတ်ပါလား။

ဖိုးရှောင်က မူလရပ်နေသောနေရာ၌ပင် မလှုပ်မယှက်ရပ်နေပါသည်။

ရန်ချွန်း မျက်မှောင်ကုပ်သွားလေသည်။

ဖိုးရှောင်က ဘာမှမဖြစ်သည်ကို မယုံနိုင်အောင် ဖြစ်နေပါတော့သည်။

ဖိုးရှောင်က...

"ခင်ဗျား ထွက်မသွားသေးဘူးလား"

ဟု ပေါက်လိုက်သည်။

ရန်ချွန်းက...

"ကျူပ်ထွက်သွားရအောင် မင်းက ဘာတတ်နိုင်..."

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ သူ၏ရင်ဝ၌ နာကျင်မှုဝေဒနာတစ်ရပ် ခံစားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ချန်း ကပျာကယာ အကျီရင်ဘတ်ကို ဖွင့်ကြည့်လိုက်၏။

ထိုအခါ...

ရင်ဝ၌ အညိုရောင်အကွက်ကလေးတစ်ကွက် ရှိနေပြီး လက်နက်ပုန်းလေးအရိုး စိုက်ဝင်နေသည်ကို တွေ့လိုက်ရလေသည်။

“ဟင်”

ရန်ချန်း ထိတ်လန့်သွားလေသည်။

သူ၏အဆိပ် သူ၏လက်နက်ပုန်းဖြင့် သူ့အားပြန်လည် တိုက်ခိုက်သွားခြင်း ဖြစ်လေသည်။

ရန်ချန်း မျက်လုံးပြူးသွားပြီး...

“အား”

စူးရှစွာအော်ဟစ်ကာ တဟုန်ထိုးပြေးလွှားသွားလေတော့သည်။

♠ ♠ ♠



ချိုကျေးရွာအပြင်ဘက် မလှမ်းမကမ်းတစ်နေရာ၌ ဇရပ်ပျက်လေးရှိနေသည်။

ထိုဇရပ်ပျက်လေး၌ လူတစ်ယောက် ထိုင်နေသည်။

သံလက်သီးစွန်းထင်း ဖြစ်လေသည်။

စွန်းထင်းက ဇရပ်ပျက်ပေါ်၌ အေးအေးဆေးဆေးထိုင်ကာ ချိုကျေးရွာမှ ထွက်လာသူများကိုကြည့်နေ၏။

ချိုဂူး ချိုကျောင်းတို့ ဦးဆောင်သော ချိုကျေးရွာမှအကြီးအကဲများလျှင်မြန်စွာ ထွက်လာကြလေသည်။

မကြာပါချေ။

ဇရပ်ပျက်လေးရှေ့သို့ ရောက်ရှိလာကြလေသည်။

စွန်းထင်းကိုမြင်လျှင် ဇရပ်ပျက်လေးအား ချက်ချင်းဝိုင်းရံထားလိုက်ကြလေသည်။

စွန်းထင်း ပြုံးလိုက်သည်။

ဦးဆောင်လာသော ချိုဂူးကို မေးလိုက်သည်။

“ဒါ ခင်ဗျားတို့လူ အကုန်ပဲလား”

ချိုဂူး မျက်မှောင်ကုပ်သွားသည်။

“မင်းက နန်းတွင်းအမတ် မဟုတ်ဘူးထင်တယ်”

စွန်းထင်းက...

“အမတ်ကြီးက ခင်ဗျားတို့ကို တွေ့စရာမှမလိုတာပဲဗျာ”

“ဘာကွ”

“ခင်ဗျားတို့ ချိုကျေးရွာက ဘာမို့လဲ”

www.burmeseclassic.com

www.burmeseclassic.com



"မင်း…မင်း"

ချိုငှုး ဒေါသထွက်သွားလေသည်။

ချက်ချင်းပင် မြေပေါ်ခြေဆောင့်ကာ ဇရပ်ပျက်ပေါ် ခုန်တက်ကာ စွန်းထင်းအား တိုက်ခိုက်လိုက်လေသည်။

လက်ဝါးနှစ်ဘက်ဆန့်ထုတ်ကာ အတွင်းအားလှိုင်းများဖော်ထုတ်လိုက်သည့်အပြင် လက်နက်ပုန်းငါးမျိုးကို တပြိုင်နက်တည်းသုံးကာ တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

စွန်းထင်းကို တစ်ခါထဲ အသေသတ်လိုက်ခြင်းဖြစ်သည်။

"ဟူး"

ရုတ်တရက် စွန်းထင်းသည် မြှားတစ်စင်းပမာ အပေါ်သို့ ထိုးတက်သွားပြီး…

"ဝုန်း"

ဇရပ်ပျက်ခေါင်မိုးကို ထိုးဖောက်ကာ အပြင်ဘက်ရောက်ရှိသွားလေတော့သည်။

ချိုငှုးက ချိုကျောင်းတို့အား အော်ပြောလိုက်လေသည်။

"သူ့ကို မလွှတ်စေနဲ့"

ချိုကျောင်းတို့လူစုလည်း ဇရပ်ပျက်ခေါင်မိုးပေါ်သို့ အသီးသီးခုန်တက်လိုက်ကြလေသည်။

"မဆိုးဘူးဟေ့"

စွန်းထင်းက ရယ်ရယ်မောမောပြောရင်း ဆီးကြိုတိုက်ခိုက်လိုက်လေသည်။



ချိုကျောင်းတို့ကလည်း ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

ယိုင်နဲ့နေသော ဇရပ်ပျက်လေးမှာ ခေါင်မိုးပေါ်မှတိုက်ပွဲကြောင့် သိမ့်သိမ့်တုန်ခါသွားတော့သည်။

ချိုကျောင်းတို့လူစု၏ အဆိပ်ငွေ့များ၊ လက်နက်ပုန်းများလည်း ပလူပျံသွားလေသည်။ စွန်းထင်းက….

"သတ္တိရှိရင် ကျုပ်နောက်လိုက်ခဲ့ကြ"

ဟုစိန်ခေါ်ကာ ဇရပ်ပျက်ခေါင်မိုးပေါ်မှတဆင့် အနီးရှိသစ်ပင်တစ်ပင်ပေါ်သို့ ခုန်ကူးသွားလေသည်။ တဖန်…

"ဟူး…ဟူး"

အခြားသစ်ပင်များသို့ဆက်ကာ ဆက်ကာ ခုန်ကူးသွားတော့သည်။

"ပြေးပြီဟေ့"

"လိုက်ကြ"

ချိုကျေးရွာမှ အကြီးအကဲများက ညာသံပေးကာ တဟုန်ထိုးလိုက်သွားကြလေသည်။

ချိုငှုးက ချိုကျောင်းကိုလှမ်းပြီး သတိပေးလိုက်သည်။

"ဒါ ထောင်ချောက်ဖြစ်မယ်"

စွန်းထင်းနောက်သို့ လိုက်သွားရန် ဟန်ပြင်နေသော ချိုကျောင်း ခြေလှမ်းတုန့်ခနဲ ရပ်သွားလေသည်။

ချိုငှုးကို ကြည့်လိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



"ထောင်ချောက် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုဖြစ်တာလဲ"

ချိုဂူးက ပတ်ဝန်းကျင်ကို လက်ဝှေ့ယမ်းပြလိုက်သည်။

"ကြည့်လိုက်စမ်းပါ၊ နန်းတွင်းအမတ်ကြီးကို တွေ့သလား"

ချိုကျောင်း ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း"

ချိုဂူးက စွန်းထင်း ရောင်ထွက်သွားရာဘက်သို့ ညွှန်ပြလိုက်လေသည်။

"သူက ချိုကျေးရွာနဲ့ ဝေးရာကိုပြေးသွားတာ"

"ဟုတ်တယ်"

ချိုကျောင်း သဘောပေါက်သွားသည်။

"ကျုပ်တို့လူတွေကို မှားခေါ်သွားတာပဲ"

"ဒါပေါ့"

"ဒါဆို နန်းတွင်းအမတ်က..."

"သူက ရွာထဲရောက်နေလောက်ပြီလေ"

"တောက်"

ချိုကျောင်း ဒေါသထွက်ကာ ချိုကျေးရွာဘက်သို့ ပြေးလွှားသွားလေသည်။

ချိုဂူးလည်း လိုက်ပါသွားလေတော့သည်။

♠ ♠ ♠

## အပေးအယူ

ရန်ချုန်း ထွက်ပြေးသွားပြီဖြစ်သည်။

ဖုံးရှောင်က ရှေ့ဆက်လှမ်းသွားရာ ရွာပိုင်ရှင်ချိုရှောင်၏ အိမ်ဂေဟာရှေ့သို့ ရောက်ရှိသွားလေသည်။

အိမ်ရှေ့တွင် ချိုရှောင်၏ညီအငယ်ဆုံး ချိုတိတ်က အသင့်စောင့်ကြိုနေလေသည်။

ချိုတိတ်သည် ဖုံးရှောင်ကိုမြင်လျှင် ဦးညွှတ်လိုက်သည်။

"အမတ်ကြီးကို ဂါရဝပြုပါတယ်၊ အိမ်ထဲကြွပါ"

ဟု ဖိတ်ခေါ်လိုက်လေသည်။

ဖုံးရှောင် ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ချိုကျေးရွာက ညွှေ့ဝတ်ကျေးသားပဲ"

ချိုးကျူးစကားပြောပြီး ချိုတိတ်နှင့်အတူ အိမ်ထဲလှမ်းဝင်လိုက်လေသည်။

အိမ်ထဲ၌ ဟန်စုနှင့်ချိုရှောင်တို့က အသင့်စောင့်ကြိုနေကြလေသည်။

"ကြွပါဗျာ...ကြွပါ"

ချိုရှောင်က ဧရိုးဦးကြိုပြကာ နေရာထိုင်ခင်းပေးလေသည်။

ဖုံးရှောင်နှင့် ရှာပိုင်ရှင်ချိုရှောင်တို့ စားပွဲတစ်လုံး၌ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြလေသည်။

စားပွဲပေါ်၌ ဟင်းငါးမျိုးနှင့် အရက်တစ်အိုး အဆင်သင့်ပြင်ဆင်ထားလေသည်။

ရှာပိုင်ရှင်ချိုရှောင်က...

"အမတ်ကြီးလည်း ချိုကျေးရွာကိုလာရတာ ပင်ပန်းနေရောမယ်၊ အမောပြေ အနားယူစားသောက်လိုက်ပါဦးဗျာ၊ ပြီးမှအေးအေးဆေးဆေး စကားပြောကြတာပေါ့"

ဟုပြောလျှင်...

"သိပ်ကောင်းတာပေါ့၊ ကျုပ်လည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

ဖုံးရှောင်က ရယ်ရယ်မောမောဖြင့် သဘောတူလေသည်။

"သုံးဆောင်လိုက်ပါဦးဗျာ"

ရှာပိုင်ရှင်ချိုရှောင်က ညွှေ့ခံရာ ဖုံးရှောင်လည်း စားသောက်



လိုက်တော့သည်။

ဟင်းလျာငါးမျိုးစလုံးကို တစ်မျိုးနည်းနည်းဖြင့် စုံအောင်စားသောက်လိုက်လေသည်။

"ကောင်းလိုက်တာ အရသာရှိလိုက်တာ"

ဟုချီးကျူးရင်း အရက်တစ်ခွက်လည်း ငှဲသောက်လိုက်လေသည်။

ရှာပိုင်ရှင်ချိုရှောင်က အမတ်ကြီးဖုံးရှောင် စားသောက်နေသည်ကို မျက်တောင်မခတ် ကြည့်နေသည်။

အမတ်ကြီးဖုံးရှောင်က ပြုံးပြလိုက်ရာ ရှာပိုင်ရှင်ချိုရှောင်က သက်ပြင်းချလိုက်လေသည်။

"အမတ်ကြီးစားခဲ့တဲ့ ဟင်းလျာတွေနဲ့ အရက်ထဲမှာ အဆိပ်တွေခတ်ထားတယ်ဆိုတာ အမတ်ကြီး ရိပ်မိမယ် ထင်ပါတယ်"

ဟု မေးလိုက်လေသည်။

အမတ်ကြီးဖုံးရှောင် ခေါင်းညိတ်လိုက်သည်။

"ကျုပ် ရိပ်မိပါတယ်"

ရှာပိုင်ရှင်ချိုရှောင်က...

"ကြက်သားဟင်းထဲမှာ မှိုကနေဖော်စပ်ထားတဲ့ အဆိပ်တစ်မျိုး ခတ်ထားတယ်"

အမတ်ကြီးဖုံးရှောင် ပြုံးလိုက်ပြန်သည်။

"ဒါကြောင့် ကြက်သားဟင်းရဲ့ အရသာက မှိုနံ့သင်းပြီး စားလို့ကောင်းနေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ရှာပိုင်ရှင်ချိုရောင်က…

"ဝက်သားဟင်းထဲမှာတော့ ဂမုန်းမင်ကထုတ်ယူတဲ့ အဆိပ်ခတ်ထားတယ်၊ ကျန်တဲ့ဟင်းသုံးမျိုးမှာလည်း ပြဒါးအဆိပ်၊ မြွေသည်းခြေအဆိပ်၊ ကင်းမြီးကောက်အဆိပ်တွေ ခတ်ထားတာ"

အမတ်ကြီးဖုံးရောင်က…

"အဆိပ်ခတ်ထားတဲ့ဟင်းလျာတွေဟာ တခြားဟင်းလျာတွေထက်ပိုပြီး အရသာရှိတယ်လို့ ကြားဖူးတာကြာပါပြီ၊ ခုမှ လက်တွေ့ကြုံရတော့တယ်၊ ရှာပိုင်ရှင်ကို ကျေးဇူးတင်ပါတယ်ဗျာ"

ရှာပိုင်ရှင်ချိုရောင်မှ မျက်နှာပျက်သွားလေသည်။

"အမတ်ကြီးက ဘယ်လိုအဆိပ်မျိုးကိုမှ မကြောက်ဘူးဆိုတာ တကယ်ပါပဲလား၊ ကျုပ်ရဲ့အဆိပ် တစ်မျိုးနဲ့တင် လူတစ်ယောက် သေဆုံးသွားရလောက်အောင် လုံလောက်နေပါပြီ၊ ခုတော့ အဆိပ်ငါးမျိုး ပေါင်းစပ်တာတောင် ဘာမှမဖြစ်ဘူးဆိုတော့"

သူ၏စကားမဆုံးမီ အမတ်ကြီးဖုံးရောင်က ကြားဖြတ်ပြောလိုက်လေသည်။

"အဆိပ် နောက်တစ်မျိုး ကျန်သေးတယ်၊ အဲဒါ အရက်ထဲမှာလေ"

သူက အရက်တစ်ခွက်ငှဲ့ကာ မော့ချလိုက်လေသည်။

ရှာပိုင်ရှင်ချိုရောင် မအောင့်အဉ်းနိုင်တော့ဘဲ အမတ်ကြီးဖုံးရောင်ကို ဦးညွှတ်လိုက်လေသည်။

"အမတ်ကြီးကို ကျုပ်အရှုံးပေးပါပြီဗျာ"



အမတ်ကြီးဖုံးရောင် ရယ်မောလိုက်လေသည်။

"ကျုပ်က အစွမ်းအစရှိလို့ မဟုတ်ပါဘူးလေ၊ ရှိုင်ယွင်မှာ အေးချမ်းသာယာအောင် ဆောင်ရွက်မယ်ဆိုရင် သည်နယ်ထဲက အဆိပ်ပညာရှင်တွေနဲ့ ရင်ဆိုင်ရလိမ့်မယ်၊ သူတို့ရဲ့အဆိပ်ကို မမှုမှ ဖြစ်မယ် မဟုတ်လား။ ဒါကြောင့် နန်းတွင်းသမားတော်ကြီးတွေ ဖော်စပ်ထားတဲ့ 'တောင်ပင်လယ်ပုလဲ'အဆိပ်ဖြေဆေးကို ကြိုတင်သောက်သုံးထားခဲ့တာ၊ သည်ဆေးကြောင့် ဘယ်လိုအဆိပ်မျိုးကိုမှ မမှုတာပါလေ"

ချိုကျေးရွာမှ အဆိပ်များအား မမှုရသည့်အကြောင်းရင်းကို ပြောပြလိုက်လေသည်။

ရှာပိုင်ရှင်ချိုရောင်က…

"ကျုပ်တို့ ချိုကျေးရွာနဲ့ပတ်သက်ပြီး အမတ်ကြီးရဲ့သဘောထားကို သိပါရစေဗျာ"

ဟု မေးလိုက်သည်။

အမတ်ကြီးဖုံးရောင်က…

"ရှိုင်ယွင်ဒေသမှာ ချိုကျေးရွာဟာ အဆိပ်ပညာနဲ့ပတ်သက်ရင် နာမည်အကြီးဆုံးဖြစ်သလို သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ 'ထန်ကျား'ကျေးရွာနဲ့ ပခုံးချင်းယှဉ်နိုင်ပါတယ်၊ ဒါကြောင့် ချိုကျေးရွာရဲ့ အဆိပ်ပညာကို ကျုပ်က အရင်ဆုံးဆည်းပူးချင်ပါတယ်ဗျာ"

ရှာပိုင်ရှင်ချိုရောင် ဦးညွှတ်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမတ်ကြီးကို ကျေးဇူးတင်ပါတယ်ဗျာ"

အမတ်ကြီးဖုံးရှောင်က...

"ကျုပ်က ချီကျေးရွာကို ချီးကျူးပါတယ်၊ လေးစားမှုလည်း ရှိပါတယ်၊ ဒါပေမယ့် အဆိပ်ပညာကို ကိုယ်ကျိုးအသုံးပြုမယ့်အစား အများအကျိုးသည်ပိုးဆောင်ရွက်ရာမှာ အသုံးပြုဖို့ တိုက်တွန်းချင်ပါတယ်၊ ရှင်းရှင်းပြောရရင်တော့ မကောင်းတဲ့ဘက်မှာ အသုံးပြုမယ့် အစား ကောင်းတဲ့ဘက်မှာ အသုံးပြုဖို့ဆိုပါတော့ဗျာ"

သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်လေသည်။

ရှာပိုင်ရှင်ချီရှောင် မျက်မှောင်ကုပ်သွားလေသည်။

"ကျုပ်တို့ကို အဆိပ်ပညာကို စွန့်လွှတ်ခိုင်းတာ မဟုတ်ဘူးပေါ့နော်"

အမတ်ကြီးဖုံးရှောင်က...

"ဘယ်ပညာမဆို အသုံးပြုတဲ့အပေါ်မှာမူတည်ပြီး အသုံးဝင်ကြတာချည်းပါပဲဗျာ၊ အဆိပ်ပညာကိုလည်း ကောင်းတဲ့ဘက်မှာ အသုံးပြုမယ်ဆိုရင် အကျိုးရှိတဲ့ပညာဖြစ်သွားမှာပေါ့၊ ဒါကြောင့် အဆိပ်ပညာကို စွန့်လွှတ်လိုက်စရာအကြောင်း မရှိပါဘူးဗျာ၊ ကောင်းမှုကောင်းကျိုး ဆောင်ရွက်တဲ့နေရာမှာ အသုံးပြုဖို့ပဲလိုပါတယ်"

ရှာပိုင်ရှင်ချီရှောင် ဝမ်းသာသွားလေသည်။

"ကျုပ်က အဆိပ်ပညာကို မစွန့်လွှတ်ရဘူးဆိုရင် ဘာမဆို လုပ်နိုင်ပါတယ်ဗျာ"



ဟု ပြောလိုက်လေသည်။

အမတ်ကြီးဖုံးရှောင်က...

"ရှာပိုင်ရှင်မှာ သည်လိုသဘောထားရှိတယ်ဆိုရင် ကျုပ်တို့ နှစ်ယောက် လက်တွဲပြီးချိုင်ယွင်ဒေသ အေးချမ်းသာယာအောင် ဆောင်ရွက်နိုင်တာပေါ့ဗျာ၊ အေးအေးဆေးဆေး ဆွေးနွေးရအောင် ကျုပ် နောက်တစ်ခေါက် လာခဲ့ပါဦးမယ်"

ရှာပိုင်ရှင်ချီရှောင်က...

"အမတ်ကြီး အခုပဲရောက်တယ်၊ ပြန်တော့မလို့လားဗျ၊ အေးအေးဆေးဆေး နေပါဦးလား၊ ကျုပ်ဧည့်ဝတ်ပြုပါရစေဗျာ"

ဟု မေတ္တာရပ်ခံလိုက်လေသည်။

အမတ်ကြီးဖုံးရှောင် ပြုံးလိုက်သည်။

"ကျုပ်က ချီကျေးရွာပြီးရင် စုထိန်မြို့ကိုသွားဖို့ စီစဉ်ထားပါတယ်၊ ဒါကြောင့် အချိန်သိပ်မပေးနိုင်လို့ပါ၊ ကျုပ်ကို ခွင့်ပြုပါဦး"

ရှာပိုင်ရှင်ချီရှောင်က...

"ဒါဆိုရင် နောက်တစ်ခါတော့ အေးအေးဆေးဆေး နေစေချင်ပါတယ်"

"စိတ်ချပါ၊ ကျုပ် နောက်တစ်ခေါက်လာခဲ့ဦးမှာပါ၊ အဲသည်တော့မှပဲ အေးအေးဆေးဆေး နေပါ့မယ်"

ထို့နောက် အမတ်ကြီးဖုံးရှောင်သည် နှုတ်ဆက်ကာ တာနံစုကိုခေါ်ပြီး ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာပိုင်ရှင်မျိုးရှောင်က…

"ညီလေး…မင်းက အရင်သွား၊ မျိုးကျောင်းတို့လူစုကို ချက်ချင်းပြန်လာခဲ့ဖို့ သွားခေါ်လိုက်၊ အမတ်ကြီးတို့လူစုကို လုံးဝအန္တရာယ်မပြုရဘူးလို့လည်း ပြောလိုက်ပါ"

မျိုးတိတ်ကို အမိန့်ပေးလိုက်လေသည်။

"ကောင်းပါပြီ အစ်ကိုကြီး"

မျိုးတိတ်လည်း ချက်ချင်း ထွက်သွားတော့သည်။

♠ ♠ ♠

## တင်းမာတဲ့လူ

မျိုးတိတ်က ပြေးထွက်လာခဲ့လေသည်

ရွာလယ်လမ်းသို့ရောက်လျှင် ပြေးလွှားလာကြသည့် မျိုးဂူးနှင့်မျိုးကျောင်းတို့နှစ်ဦးအား တွေ့လိုက်ရလေသည်။

မျိုးဂူးက မျိုးတိတ်ကိုမြင်လျှင်…

"မျိုးတိတ် ရွာထဲကို နန်းတွင်းအမတ်ကြီး ရောက်လာပြီလား"

ဟု မေးလိုက်လေသည်။

မျိုးတိတ်က…

"ဟုတ်ကဲ့…ရောက်လာပါတယ်၊ အစ်ကိုကြီးမျိုးရှောင်နဲ့တွေ့ဆုံဆွေးနွေးပြီးသွားပါပြီ"

"ဘာကွ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးနဲ့ အမတ်ကြီးတို့ အဆင်ပြေသွားကြပါပြီ"

ချီတိတ်က အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

ချီဂူးနှင့်ချီကျောင်းတို့ အချင်းချင်း ကြည့်လိုက်ကြသည်။

ချီဂူးက...

"အမတ်ကြီးက ကျုပ်တို့ ချီကျေးရွာကို အဆိပ်ပညာဆက်ပြီး အသုံးပြုခွင့်ပြုတယ်ဆိုတာ မယုံနိုင်စရာဘဲ"

ဟုပြောလိုက်ရာ ချီကျောင်း ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ သူက ဘာကြောင့်သည်လောက် သဘောကောင်းနေရတာလဲ"

ချီဂူးက ချီတိတ်အား မေးလိုက်လေသည်။

"ဒါထက် တို့တတွေကျင်းပမယ့် အဆိပ်ပညာပြိုင်ပွဲအကြောင်းကိုကော ဘာပြောသွားသေးသလဲ"

ချီတိတ် ခေါင်းခါယမ်းလိုက်သည်။

"ပြိုင်ပွဲနဲ့ပတ်သက်လို့တော့ ဘာမှပြောမသွားပါဘူး"

"ဘာမှမပြောဘူး"

"ဟုတ်ပါတယ်"

"ထူးဆန်းလှချည်လား"

ချီဂူးက ချီကျောင်းအား...

"ခင်ဗျား ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်လေသည်။

ချီကျောင်း မျက်မှောင်ကုပ်ကာ...



"တစ်ခုခုတော့ မှားနေပြီထင်တယ်"

ဟု ရေရွတ်လိုက်လေသည်။

ထိုစဉ်...

"ဟား...ဟား...ဟား"

ကျယ်လောင်သောရယ်မောသံ ထွက်ပေါ်လာလေသည်။

ချီတိတ်၊ ချီဂူးနှင့်ချီကျောင်းတို့ လှည့်ကြည့်လိုက်ကြလျှင် ရွာပိုင်ရှင်ချီရှောင် ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ချီဂူးက...

"နန်းတွင်းအမတ်က..."

ချီရှောင်က...

"ဟုတ်တယ်၊ သူထွက်သွားပြီ၊ အခြေအနေမဟန်လို့ အမြန်ဆုံးထွက်သွားတာ"

ချီတိတ် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"အစ်ကိုကြီး နန်းတွင်းအမတ်ကြီးက အခြေအနေမဟန်လို့ ထွက်သွားတာ ဟုတ်လား"

ချီရှောင် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ သူ အဆိပ်မိသွားပြီ"

"ဗျာ"

"သူက အဆိပ်ခြောက်မျိုးမိခဲ့တယ်၊ အဆိပ်တစ်ခုချင်းက ဘာမှမဖြစ်နိုင်ဘူးဆိုရင်တောင် ခြောက်မျိုးပေါင်းစပ်လိုက်တဲ့အခါ တောင်ပင်လယ်ပုလဲဆေးကို ကြိုတင်သောက်ထားတယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တောင် ကာကွယ်နိုင်စွမ်းရှိတော့မှာ မဟုတ်ပါဘူး"

ချီတိတ် ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ချီရှောင်၏မျက်နှာ တည်သွားသည်။

"သူက ချီကျေးရွာရဲ့အဆိပ်ပညာကို ဖျက်ဆီးဖို့လာခဲ့တာ၊ ဒါပေမယ့် သူ့ရဲ့ရည်ရွယ်ချက်အတိုင်း မလုပ်တော့ဘဲ အင်မတန်သဘောထားကြီးတဲ့ လူတစ်ယောက်ပုံစံမျိုးနဲ့ ပြန်သွားတယ်၊ သူကသာ အဆိပ်မကြောက်ဘူးဆိုရင် ချီကျေးရွာကို မြေလှန်သွားမှာ"

ချီကျောင်းက...

"သူ အဆိပ်မိထားပြီဆိုရင် ကျုပ်တို့မှုစရာမလိုတော့ဘူးပေါ့"

ချီဝူးက...

"ဟုတ်တယ်၊ သူ့နောက်ကိုလိုက်သွားပြီး တစ်ခါထဲ ရှင်းပစ်လိုက်တာကောင်းမယ်"

နန်းတွင်းမှနေ၍ ချိုင်ယွင်ဒေသ အေးချမ်းသာယာရေးဆောင်ရွက်ရန်လာခဲ့ကြသူများသည် အစအနရှာမရအောင် ပျောက်ဆုံးသွားကြသည်ချည်း ဖြစ်ပြီး လက်သည်မပေါ်ခဲ့ချေ။

ချိုင်ယွင်ဒေသ၌ ထင်တိုင်းကျဲနေသူများက အခွင့်အရေးရလျှင်ရသလို တိုက်ခိုက်သုတ်သင် ပစ်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

ချီရှောင်က...

"ကျုပ်လည်း အမတ်ကြီးက ဘာကြောင့် ကောက်ကာင်



ကာပြန်သွားချင်ရသလဲဆိုတာ ရုတ်တရက် မတွေးမိဘူး၊ နောက်မှစဉ်းစားလိုက်တော့ အဆိပ်မိသွားလို့ဖြစ်မယ်ဆိုတာ တွေးမိလိုက်တာ၊ ဒါကြောင့် သူ့နောက်ကိုလိုက်ဖို့ ထွက်လာခဲ့တာ၊ ကဲ သွားကြတာပေါ့"

သူက ဦးဆောင်မည်ဖြစ်ရာ ချီဝူးနှင့်ချီကျောင်းတို့ ဝမ်းသာသွားကြလေသည်။

"ကျုပ်တို့ မြန်မြန်လိုက်ရမယ်"

ထို့နောက် လေးယောက်သား ပြေးလွှားသွားကြလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



"ဟူး"

စွန်းထင်းက သစ်ပင်ပေါ်မှ မြေပေါ်ခုန်ဆင်းလိုက်လေ၏။

သူ၏နောက်သို့လိုက်လာသူများကို မျက်ခြည်ပြတ်ထားနိုင်ခဲ့ပြီဖြစ်သည်။

စွန်းထင်းက ပတ်ဝန်းကျင်ကို အကဲခတ်ပြီး အရှေ့ဘက်သို့ ပြေးသွားလိုက်လေသည်။

ဖိုးရှောင်တို့နှင့် ချိန်းထားသောနေရာသို့ ဦးတည်ပြေးသွားခြင်းဖြစ်သည်။

သစ်ပင်ချုံနွယ်များသည် အနောက်ဘက်တွင် တရိပ်ရိပ်ကျန်ရစ်ခဲ့လေသည်။

စွန်းထင်း အတန်ကြာ ပြေးသွားပြီးလျှင် တောင်ပူစာလေးများအနီးသို့ ရောက်ရှိသွားလေသည်။

တောင်ပူစာလေးတစ်ခုရှေ့၌ လူနှစ်ယောက်ရှိနေ၏။

ဖိုးရှောင်နှင့်ဟန်စုတို့ ဖြစ်လေသည်။

"ဆရာ"

စွန်းထင်းက ပြေးသွားပြီး ဖိုးရှောင်အား ဂါရဝပြုလိုက်လေသည်။

သို့သော်...

ဖိုးရှောင်က တောင်ပူစာလေးကို ကျောမှီကာထိုင်နေပြီး မောပန်းနွမ်းနယ်နေသည့် အသွင်ရှိနေသည်ကို မြင်လျှင် အံ့ဩထိတ်လန့်သွားလေသည်။



"ဆရာက..."

ဖိုးရှောင် ပြုံးလိုက်သည်။

"ချိုင်ယွင်ဒေသမှာ ချီကျေးရွာရဲ့အဆိပ်က ကြောက်စရာအကောင်းဆုံးပဲဆိုတာ မှန်ကန်နေတာပဲ"

စွန်းထင်းက...

"ဆရာအဆိပ်မိသွားတယ် ဟုတ်လား"

ဖိုးရှောင် ခေါင်းညိတ်လိုက်သည်။

"အေး ငါက အဆိပ်ဖြေဆေးကြိုတင်သောက်ထားခဲ့တာတောင် ချီရှောင်ရဲ့အဆိပ်ခြောက်မျိုးဒဏ်ကို အတော်ခံလိုက်ရသေးတယ်"

မြေပေါ်၌ ဖိုးရှောင်အန်ထုတ်ထားသော အန်ဖတ်များကို စွန်းထင်း တွေ့လိုက်ရလေသည်။

အန်ဖတ်များသည် အမည်းရောင်၊ ခရမ်းရောင်ဖြစ်နေသည်။

စွန်းထင်းက ဖိုးရှောင်ကို မေးလိုက်လေသည်။

"ဆရာ..ကျွန်တော်တို့ ပြန်သွားကြမလား"

ဖိုးရှောင် ခေါင်းခါယမ်းလိုက်သည်။

"ပြန်စရာမလိုပါဘူး၊ ငါက ဆေးထပ်သောက်လိုက်ပြီးပါပြီ၊ စိတ်ပူစရာမရှိတော့ပါဘူး"

ဤတွင် စွန်းထင်း အံကြိတ်ကာ ပြောလိုက်လေသည်။

"ဆရာခွင့်ပြုမယ်ဆိုရင် ချီကျေးရွာကို ကျွန်တော် ဖျက်ဆီး

www.burmeseclassic.com

www.burmeseclassic.com



ပစ်ချင်ပါတယ်”

ဖုံးရှောင်က...

“စိတ်ချ၊ တို့က ချိုင်ယွင်ဒေသမှာ မကောင်းသတင်းနဲ့ နာမည်ကြီးနေတဲ့ ချီကျေးရွာကို ဆုံးမဖို့လာခဲ့ကြတာပဲ၊ မင်းတစ်ယောက် ထဲသွားစရာမလိုပါဘူးလေ”

စွန်းထင်း ဝမ်းသာသွားလေတော့သည်။

ဖုံးရှောင်က ဟန်စုကို မေးလိုက်သည်။

“တို့က ချက်ချင်းနှုတ်ဆက်ပြီး ထွက်လာတော့ ငါ့အဆိပ်မိသွားပြီဆိုတာကို ရှာပိုင်ရှင်ချီရှောင် ရိပ်မိသွားမယ်လို့ မင်းထင်သလား”

ဟန်စု ခေါင်းညိတ်လိုက်သည်။

“သူ ရိပ်မိသွားမှာ သေချာပါတယ်ဆရာ”

“ဒါဖြင့်”

“သူတို့ ကျွန်တော်တို့နောက်ကို လိုက်လာကြမှာ သေချာပါတယ်”

“မင်း မဆိုးဘူး”

ဖုံးရှောင် ချီးကျူးလိုက်လေသည်။

ထိုအချိန်မှာပင် အဝတ်အစား လေတိုးသံများထွက်ပေါ်လာကာ လူတစ်စု ပြေးလွှားရောက်ရှိလာကြလေတော့သည်။

♠ ♠ ♠



ရှာပိုင်ရှင်ချီရှောင် ဦးဆောင်သော ချီကျေးရွာမှ အကြီးအကဲများ ရောက်ရှိလာကြလေသည်။

တောင်ပူစာလေးအနီးသို့ ရောက်သည်နှင့် အမတ်ဖုံးရှောင်တို့အား တွေ့မြင်သွားပြီး အထပ်ထပ်ဝိုင်းရံထားလိုက်ကြလေသည်။

ဟန်စုအား လိုက်ရှာနေကြသည့် ချီကျေးရွာမှ အကြီးအကဲများသည် ချီရှောင်တို့နှင့် ဆုံတွေ့မိကြပြီး တစ်ခါတည်းလိုက်လာကြသဖြင့် အင်အားကောင်းသွားသည်ဟု ဆိုနိုင်ပါတော့သည်။

ချီရှောင်သည် အမတ်ဖုံးရှောင်ကိုမြင်လျှင် သဘောကျစွာ ရယ်မောလိုက်လေသည်။

“ဟား...ဟား...ဟား...အမတ်ကြီးက ကျုပ်တို့ ချီကျေးရွာမှာ အနားယူပါဆိုတာကို လက်မခံဘဲ သည်နေရာမှာလာပြီး အနားယူနေတာကိုး”

အမတ်ဖုံးရှောင် ပြုံးလိုက်သည်။

“အဆိပ်နှိုး၊ အဆိပ်ငွေ့တွေ ဖုံးလွှမ်းနေတဲ့ ချီကျေးရွာမှာထက် သည်နေရာကပိုပြီး အေးချမ်းသာယာတယ်၊ ပိုပြီးအနားယူလို့ ကောင်းမယ်ထင်ပါတယ်ဗျာ”

ရှာပိုင်ရှင်ချီရှောင်က...

“သည်နေရာဟာလည်း ချီကျေးရွာရဲ့ပိုင်နက်ထဲမှာ ပါဝင်နေတာပါပဲလေ”

အမတ်ဖုံးရှောင်က...

“အင်း...ဒါကြောင့်လည်း ကျုပ်က ဟိုတောင်ခြေက ရေကန်

www.burmeseclassic.com

www.burmeseclassic.com



ကြီးဘက်မှာသွားပြီး အနားယူမယ်လို့ စိတ်ကူးနေတာ”

လှမ်းပြီး တွေ့မြင်နေရသော တောင်ညိုကြီးနှင့် ရေကန်ကြီးတစ်ကန်ကို ညွှန်ပြကာ ပြောလိုက်လေသည်။

ရှာပိုင်ရှင်ချိုရောင် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

စိမ်းလဲ့ရေကန်မှရေသည် အဆိပ်အမျိုးမျိုးတို့၏ အာနိသင်ကို ပျက်ပြယ်စေသည် မဟုတ်ပါလား။

ထိုလျှို့ဝှက်ချက်ကို အမတ်ကြီးဖုံးရောင်က သိရှိနေပြီလော။

အမတ်ဖုံးရောင်သာ သိရှိနေပြီဆိုပါလျှင်။

ရှာပိုင်ရှင်ချိုရောင်က စိမ်းလဲ့ရေကန်သို့ အမတ်ဖုံးရောင် ရောက်မသွားနိုင်အောင် တားဆီးရန် ဆုံးဖြတ်လိုက်လေသည်။

“အမတ်ကြီးက ဟိုနေရာသွား သည်နေရာသွားနဲ့ ပင်ပန်းလှပါတယ်ဗျာ၊ သည်နေရာမှာပဲ တစ်သက်လုံး အနားယူသွားလို့ရအောင် ကျုပ်ကူညီလိုက်ပါ့မယ်”

စကားဆုံးလျှင် ချိုဂူးနှင့်ချိုကျောင်းတို့အား မျက်ရိပ်ပြလိုက်လေသည်။

နဂိုကတည်းက လက်ယားနေကြသော ချိုဂူးနှင့်ချိုကျောင်းတို့သည် ချိုရောင်က ခွင့်ပြုလိုက်သည်နှင့်...

“ယား”

ညာသံပေးကာ အမတ်ဖုံးရောင်ထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်ကြလေတော့သည်။ ဤတွင်...

“ရပ်လိုက်”



ဟန်စုနှင့်စွန်းထင်းတို့က ရှေ့ထွက်လာပြီး ချိုဂူးတို့အား ရင်ဆိုင်လိုက်ကြလေတော့သည်။

♠ ♠ ♠

ချိုဂူးနှင့်ချိုကျောင်းတို့သည် တားဆီးလာကြသော ဟန်စုနှင့်စွန်းထင်းတို့အား အဆိပ်အမျိုးမျိုး အသုံးပြုကာ ပြင်းထန်စွာတိုက်ခိုက်လိုက်ကြလေသည်။

ဟန်စုနှင့်စွန်းထင်းတို့သည်လည်း အမတ်ဖုံးရောင်ကဲ့သို့ အဆိပ်ဖြေဆေးကြိုတင်သောက်သုံးထားခဲ့ကြရခြင်းကြောင့် ချိုဂူးတို့၏ အဆိပ်ကို ကြောက်ရွံ့ခြင်းမရှိဘဲ ထိပ်တိုက်ရင်ဆိုင်နိုင်ခဲ့ကြလေသည်။

“ဝှစ်...ဝှစ်...ဝှစ်”

တရှိန်ထိုးပစ်လွှင့်လာသော အဆိပ်လက်နက်ပုန်းလေးများတိုရောင်တိမ်းကာ ဟန်စုက ချိုဂူးထံသို့ ခုန်ဝင်သွားပြီး စွန်းယင်းက ချိုကျောင်းနှင့် ရင်ဆိုင်လိုက်ခြင်းဖြစ်လေသည်။

ဟန်စုသည် သူ၏လက်စွဲဓား ရန်ပယ်ဓားကို အသုံးပြုကာ...

“လဲကျလိုက်စမ်း”

ဟုအော်ဟစ်ရင်း တရကြမ်း တိုက်ခိုက်လိုက်လေသည်။

စွန်းထင်းကလည်း သံလက်သီးတိုက်ကွက် အသုံးပြုကာ သတ်သီးနှစ်လုံးဖြင့် တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ဖိုးရှောင်၏ ကိုယ်ရံတော်များဖြစ်ကြသည့်အတိုင်း သိုင်းပညာထက်မြက်သူများဖြစ်ရကား ချီဂူးနှင့်ချီကျောင်းတို့ အခက်ကြုံအောင် တိုက်ခိုက်နိုင်ခဲ့ကြလေသည်။

ချီဂူးတို့သည် အမတ်ဖိုးရှောင်က အဆိပ်မိသွားသဖြင့် သုတ်သင်ပစ်နိုင်တော့မည်ဟု ဝမ်းသာနေခဲ့ကြသဖြင့် ဟန်စုနှင့်စွန်းထင်းကိုယ်ရံတော်နှစ်ယောက်ကို ရုတ်တရက် သတိမရဘဲ မေ့နေခဲ့ကြလေသည်။

ထို့ကြောင့် ဟန်စုတို့ တိုက်ခိုက်လာကြသောအခါ အခက်ကြုံသွားကြတော့သည်။

ဟန်စုတို့ သိုင်းပညာ ထက်မြက်နေကြပြီး ပြင်းထန်စွာ တိုက်ခိုက်လာကြလျှင် ချက်ချင်း နောက်ဆုတ်လိုက်ကြရတော့သည်။

“ဟိတ်”

“ယား”

ဟန်စုနှင့် စွန်းထင်းတို့က ညာသံများပေးကာ ဖိ၍တိုက်ခိုက်လိုက်ကြလေသည်။

ရှာပိုင်ရှင်ချီရှောင်သည် ချီဂူးနှင့်ချီကျောင်းတို့ အခြေအနေမဟန်သည်ကိုမြင်လျှင် အကြီးအကဲများဘက်သို့လှည့်ကာ ပြောလိုက်လေသည်။

“ခင်ဗျားတို့ရဲ့ အစွမ်းအစကိုလည်း ထုတ်ဖော်ပြလိုက်ကြပါဦးဗျာ”

“ကောင်းပါပြီ”



အကြီးအကဲလေးယောက်က နှစ်ယောက်စီခွဲကာ ချီဂူးနှင့်ချီကျောင်းတို့အား ကူညီလိုက်ကြလေသည်။

ဟန်စုနှင့်စွန်းထင်းတို့သည် သုံးယောက်တစ်ယောက် ရင်ဆိုင်လိုက်ကြရခြင်း ဖြစ်လေသည်။

ချီဂူးနှင့်ချီကျောင်းတို့အတွက် စိတ်ချရပြီဟု ယူဆတော့မှ ရှာပိုင်ရှင်ချီရှောင်က အမတ်ဖိုးရှောင်ဘက်သို့လှည့်လိုက်လေသည်။

“ကဲ…အမတ်ကြီး…ကျုပ်က အဆိပ်ပညာပြိုင်ပွဲကို ကျင်းပဖို့စီစဉ်ထားတာတွေ ဖျက်ဆီးမခံချင်တာကြောင့် အမတ်ကြီးပြောသလို လက်မခံနိုင်ပါဘူးဗျာ၊ ချိုင်ယွင်ဒေသကို တခြားလူတွေလာပြီး ကြီးစိုးတာထက် ကျုပ်တို့လက်ထဲမှာပဲထားဖို့ ဆုံးဖြတ်ထားပါတယ်၊ သည်ကိစ္စကို အမတ်ကြီးဘယ်နည်းနဲ့မှ လက်ခံနိုင်မှာမဟုတ်တာကြောင့် ကျုပ်တို့ချင်း စာရင်းရှင်းလိုက်ကြတာပေါ့ဗျာ”

အမတ်ဖိုးရှောင်က…

“ရှာပိုင်ရှင်ကို လွယ်လွယ်နဲ့နားချလို့ရမှာ မဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်၊ ကောင်းမယ်ထင်သလိုသာ လုပ်ပါ၊ ရှာပိုင်ရှင်သဘောပါပဲလေ”

ရှာပိုင်ရှင်ချီရှောင်က…

“ဒါဆို သတိထားပါဗျာ”

သတိပေးပြီးနောက် အမတ်ဖိုးရှောင်ထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တောင်ပူစာလေးရှေ့၌ တိုက်ပွဲများဖြစ်ပေါ်လာလေသည်။

ဟန်စုနှင့်စွန်းထင်းတို့က ချိဝူး ချိကျောင်းတို့လူစုနှင့် ရင်ဆိုင်နေသကဲ့သို့ အမတ်ဖုံးရှောင်က ရှာပိုင်ရှင်ချိရှောင်နှင့် ရင်ဆိုင်နေသည်။

ရှာပိုင်ရှင်ချိရှောင်တို့လူစုက အဆိပ်ငွေ့၊ အဆိပ်မှုန့်နှင့် အခြားအဆိပ်လက်နက်ပုန်းအမျိုးမျိုးကို အသုံးပြုကာ ပြင်းထန်စွာ တိုက်ခိုက်ကြရာ ဝန်းကျင်တစ်ခုလုံး အဆိပ်များ ဖုံးလွှမ်းထားသည် ဟုပင် ထင်ရလေတော့သည်။

ချိတိတ်က မလှမ်းမကမ်းမှနေပြီး တိုက်ပွဲကို အကဲခတ်ကြည့်နေသည်။

သူလည်း ဝင်ရောက်တိုက်ခိုက်လိုစိတ် ပြင်းပျနေသည်။

သို့သော်...

ရှာပိုင်ရှင်ချိရှောင်က ပါဝင်တိုက်ခိုက်ခြင်းမပြုရဟု အမိန့်ထုတ်ထားသဖြင့် ဘာမှမတတ်သာဘဲ လက်ပိုက်ကြည့်နေရခြင်း ဖြစ်လေသည်။

"သည်လူတွေက အဆိပ်မကြောက်တော့ ရင်ဆိုင်ရခက်ခဲတယ်၊ တစ်နေ့ သိုင်းလောကထဲ ငါဆင်းသွားတဲ့အချိန်မှာ သည်လိုလူစားမျိုးတွေနဲ့ ရင်ဆိုင်ရရင် လွယ်မယ်မထင်ဘူး"

ဟုလည်း ရေရွတ်လိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"သူတို့က အဆိပ်မကြောက်ဘူး ဟုတ်လား"



တအံ့တသြမေးမြန်းသံ ထွက်ပေါ်လာလေသည်။

ချိတိတ် လှည့်ကြည့်လိုက်ရာ မည်သည့်အချိန်က ရောက်ရှိနေမှန်းမသိ မျက်နှာစိမ်းတစ်ယောက် ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ချိတိတ် မျက်မှောင်ကုပ်သွားလေသည်။

"ခင်ဗျားက ဘယ်သူလဲ"

ဟုမေးလိုက်သည်။

ထိုလူမှာ ချိတိတ်နှင့် သက်တူရွယ်တူခန့် ရှိလေသည်။

တောလမ်းခရီးမှ ဖြတ်သန်းလာရင်း မုဆိုးတစ်ယောက်နှင့် တွေ့ဆုံခဲ့သလို အလွန်အဆိပ်ပြင်းသော မြွေစိမ်းအကိုက်ခံခဲ့ရသော်လည်း ဘာမှမဖြစ်ခဲ့သည့် ထူးဆန်းသောလူရွယ်ဖြစ်သည်။

ချိမျိုးနွယ်ကျေးရွာ၌ ကျင်းပမည့် အဆိပ်ပညာပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲရန်လာခဲ့သူလည်း ဖြစ်လေသည်။

လူရွယ်က...

"ကျုပ်နာမည် 'လုထိန်'လို့ခေါ်ပါတယ်ဗျ၊ ချိကျေးရွာမှာ ကျင်းပမယ့် အဆိပ်ပညာပြိုင်ပွဲဝင်ဖို့ ဟိုအဝေးကြီးက လာခဲ့တာပါ၊ ဒါထက် သည်မှာ ဘာတွေဖြစ်နေသလဲဆိုတာ ပြောပါဦးဗျာ"

လုထိန်ဆိုသောလူရွယ်သည် အဆိပ်ပညာပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲရန်လာခဲ့သူ တစ်ယောက်ဖြစ်ကြောင်း သိလိုက်ရလျှင် ချိတိတ် ဝမ်းသာသွားလေသည်။

ရန်သူမဟုတ်ဘဲ မိတ်ဆွေဟု သတ်မှတ်နိုင်သူဖြစ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။

"ချိုပျူင်ယွင်ဒေသကို အေးချမ်းသာယာအောင်လုပ်မယ်၊ ချီကျေးရွာနဲ့ ကျင်းပမယ့် အဆိပ်ပညာပြိုင်ပွဲကို ဖျက်ဆီးမယ်ဆိုပြီး ရောက်လာတဲ့လူတွေကို ဆုံးမနေတာလေဗျာ"

ချီတိတ်က ရှင်းပြလိုက်လေသည်။

လုထိန်က...

"လက်စသတ်တော့ နန်းတွင်းအမတ်ချွေစုတ်တံသိုင်းသမားဖုံးရှောင်ကို ဝိုင်းပြီးဆုံးမနေကြတာကိုး၊ ကောင်းတယ် ကောင်းတယ်"

ချီတိတ် ပြုံးလိုက်သည်။

"ခင်ဗျားက သူ့ကို သဘောမကျဘူးလား"

လုထိန်က...

"ကျုပ်တို့လို အဆိပ်ပညာကိုမြတ်နိုးတဲ့လူတိုင်း သူ့ကိုသဘောကျကြမှာမဟုတ်ပါဘူးဗျာ၊ ဒါထက် သူက အဆိပ်မကြောက်ဘူးဟုတ်လား"

ချီတိတ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မကြောက်ဘူးဗျ"

"ဘယ်လိုဖြစ်တာလဲ"

"ကျုပ်အစ်ကိုက အဆိပ်ခြောက်မျိုးတောင် အသုံးပြုခဲ့တာ သူက.."

ချီတိတ် စကားဆုံးအောင် မပြောလိုက်ရပါချေ။

"ဝုန်း"



"အား"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာပြီး ရှာပိုင်ရှင်ချီရှောင် အဝေးသို့လွင့်စဉ်သွားသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

"ဟာ"

ချီတိတ် အထိတ်တလန့် ဖြစ်သွားလေသည်။

"အစ်ကိုကြီး"

ကပျာကယာပြေးသွားပြီး ချီရှောင်ကို ဖေးမလိုက်လေသည်။

ချီရှောင်ကား အမတ်ဖုံးရှောင်လက်ချက်ဖြင့် ပြင်းထန်စွာ ဒဏ်ရာရရှိသွားပြီ ဖြစ်လေသည်။

"တောက်"

ချီတိတ် ဒေါသထွက်သွားလေသည်။

အမတ်ဖုံးရှောင်အား ဆုံးမည်ဟုလည်း ကြုံးဝါးလိုက်လေသည်။

"ညီလေး..မင်း စိတ်လိုက်မာန်ပါလုပ်လို့ မရဘူး"

ရှာပိုင်ရှင်ချီရှောင်က တားမြစ်လိုက်လေသည်။

ချီတိတ်က...

"အစ်ကိုကြီး..သူက ကျုပ်တို့ချီကျေးရွာကို ဖျက်ဆီးပစ်လိမ့်မယ်ဗျ"

ချီရှောင် ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့ကွာ၊ သူ သည်လောက် မတတ်နိုင်ပါဘူး။ သူလည်း သက်သာတာမှမဟုတ်တာ"

ထိုစဉ် ချောင်းဆိုးသံများထွက်ပေါ်လာသဖြင့် ချိုတိတ်လှည့်ကြည့်လိုက်ရာ အမတ်ဖိုးရှောင် ချောင်းတဟွတ်ဟွတ်ဆိုးရင်း သွေးများအန်ထုတ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုအချိန်မှာပင်...

"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချိုတ်တ်ကြည့်လိုက်ရာ ချိုဂူ၊ ချိုကျောင်းနှင့် အကြီးအကဲများ လဲကျသွားသလို ဟန်စုနှင့်စွမ်းထင်းကို့လည်း လဲကျသွားသည်ကို မြင်လိုက်ရလေတော့သည်။

♠ ♠ ♠

## နှစ်မျိုးအဆိပ်

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

ရှာပိုင်ရှင်ချိုရှောင်နှင့် အကြီးအကဲများ လဲကျသွားကြသကဲ့သို့ အမတ်ကြီးဖိုးရှောင်တို့ ဆရာတပည့်သုံးယောက်သည်လည်း လဲကျနေကြပြီ ဖြစ်လေသည်။

ချိုတိတ်သည် အမတ်ကြီးဖိုးရှောင်တို့ ခံလိုက်ရခြင်းကြောင့် ဝမ်းမသာနိုင်ပါချေ။

ချိုရှောင် အပါအဝင် အကြီးအကဲများသည်လည်း မဟာန်နိုင်အောင်ဖြစ်နေကြခြင်းက ချိုကျေးရွာပျက်စီးသကဲ့သို့ ဖြစ်နေပြီ မဟုတ်ပေလော။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အမတ်ကြီးဖုံးရှောင် ခုန်ထလိုက်လေသည်။

အသက်ကယ်ဆေးတစ်လုံး အသုံးပြုပြီးနောက် တခဏအတွင်းပင် လူကောင်းပကတိဖြစ်သွားခြင်းပင်။

ချိုရှောင်ကား မြေပေါ်၌ လဲကျနေဆဲ။

ချိုတိတ် ဖေးမထားရဆဲ။

အမတ်ဖုံးရှောင်က ဟန်စုနှင့်စွန်းထင်းတို့ နှစ်ယောက်ကိုလည်း အသက်ကယ်ဆေးတစ်လုံးစီ တိုက်ကျွေးလိုက်လေသည်။

ထိုအခါ ဟန်စုနှင့်စွန်းထင်းတို့လည်း ကောင်းစွာ ထရပ်လာနိုင်ကြလေတော့သည်။

ချိုတိတ် ခံပြင်းသွားသည်။

ချိုကျေးရွာ အရှုံးကြီးရှုံးသွားပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

အမတ်ဖုံးရှောင်၏အသံ ထွက်ပေါ်လာလေသည်။

"ရှာပိုင်ရှင် ခင်ဗျားတို့ ချိုကျေးရွာရှုံးနိမ့်သွားပါပြီ၊ အဆိပ်ပညာကို စွန့်လွှတ်လိုက်ပါတော့၊ ခင်ဗျားတို့ကျေးရွာမှာ ကျင်းပဖို့ စီစဉ်ထားတဲ့အဆိပ်ပညာပြိုင်ပွဲကိုလည်း ဖျက်သိမ်းလိုက်ပါတော့ဗျာ"

ရွာပိုင်ရှင်ချိုရှောင် အံကြိတ်လိုက်လေသည်။

"ကျုပ် ဘယ်တော့မှ အရှုံးမပေးဘူးဆိုတာ မှတ်ထားပါ"

ဒေါသတကြီးပြောရင်း လူးလိမ့်ထလိုက်လေသည်။

သို့သော် မဟန်နိုင်ဘဲ ဒယီးဒယိုင်ဖြစ်နေခြင်းကြောင့် ချို



တိတ်က ဖေးမထားလိုက်ရလေသည်။

အမတ်ဖုံးရှောင် ခေါင်းခါယမ်းလိုက်လေသည်။

"ရွာပိုင်ရှင် ခင်ဗျားဘာမှ မတတ်နိုင်တော့ပါဘူးဗျာ၊ ကျုပ်စကားကို လက်ခံလိုက်တာ ခင်ဗျားအတွက် အကောင်းဆုံးပါပဲ"

ချိုရှောင်က...

"ကျုပ် ဘာကြောင့် ဒူးထောက်ရမှာလဲ"

ကြုံးဝါးပြီး တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ချိုတိတ်ကလည်း ချိုရှောင်ကို ဖေးမရင်း တိုက်ခိုက်ရန်ဟန်ပြင်လိုက်လေသည်။

ဟန်စုက ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

အမတ်ဖုံးရှောင် ဟန့်တားလိုက်သည်။

"နေပါစေ၊ သူတို့ဘာမှ မတတ်နိုင်တော့ပါဘူး"

ဟန်စုလည်း နောက်သို့ ပြန်ဆုတ်လိုက်လေသည်။

ချိုရှောင်က...

"ညီလေး..ဘေးဖယ်ပါ"

ချိုတိတ်၏ ဖေးမမှုကို လက်မခံဘဲ ရှေ့သို့လှမ်းထွက်ကာ အမတ်ဖုံးရှောင်ကို တိုက်ခိုက်လိုက်လေသည်။

အမတ်ဖုံးရှောင်က မလှုပ်မယှက် ရပ်နေ၏။

ခုခံဖို့၊တိုက်ခိုက်ဖို့ လုံးဝမစဉ်းစားပါချေ။

ချိုရှောင်သည် ရှေ့တိုးလာရင်း ကိုယ့်ကိုကိုယ် မဟန်နိုင်တော့ဘဲ...

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

မြေပေါ်လဲကျသွားလေသည်။

"အစ်ကိုကြီး"

ချိုတိတ်က ဖေးမလိုက်သည်။

"အစ်ကိုကြီး သူတို့ကို ကျွန်တော် တာဝန်ယူပြီး ဆုံးမလိုက်ပါ့မယ်"

ထို့နောက် အမက်ဖုံးရှောင်နှင့် ရင်ဆိုင်လိုက်လေသည်။

အမတ်ဖုံးရှောင်က...

"မင်းက ချိုရှာပိုင်ရှင်ရဲ့ညီ အငယ်ဆုံးဟုတ်လား"

ချိုတိတ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အစ်ကိုကြီးချိုရှောင် ရှုံးနိမ့်သွားပေမယ့် ကျုပ်ရှိပါသေးတယ်ဗျာ"

ဖုံးရှောင်က...

"ချိုရှာပိုင်ရှင်ရဲ့ညီအငယ်ဆုံးဟာ ရှာပိုင်ရှင်ရဲ့အဆိပ်ပညာအားလုံးရရှိထားတယ်လို့ ကျုပ် သတင်းကြားထားတယ်"

"ကျုပ်က ခင်ဗျားကို ဆုံးမသွားမှာပါ"

အမတ်ကြီးဖုံးရှောင် ပြုံးလိုက်သည်။

မဆုံးသေးသော သူ၏စကားကို ဆက်ပြောလိုက်သည်။

"ဒါပေမယ့် ချိုညီအငယ်ဆုံးဟာ ရှာပိုင်ရှင်ရဲ့အဆိပ်ပညာအားလုံးရထားပေမယ့် တစ်ကြိမ်တစ်ခါမှ လက်တွေ့အသုံးမချခဲ့ရသေးဘူးဆိုတာလည်း ကျုပ်သိထားပါတယ်"



ချိုတိတ်က...

"ခင်ဗျားပြောတာ မှန်တယ်၊ ဒါပေမယ့် ခင်ဗျားမသိသေးတာကို ကျုပ်ပြောပြမယ်"

အမတ်ဖုံးရှောင်က...

"ပြောစမ်းပါဦး"

ချိုတိတ်က...

"ကျုပ်က အစ်ကိုကြီးချိုရှောင်ရဲ့အဆိပ်ပညာအားလုံးရထားတဲ့အပြင် ကျုပ်ကိုယ်တိုင် စီမံဖော်စပ်ထားတဲ့ အဆိပ်ပညာတွေလည်း ရှိသေးတယ်ဗျ"

"ဩော်"

အမတ်ဖုံးရှောင် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ချိုတိတ်က...

"ကျုပ်က အဆိပ်ပညာအမျိုးမျိုးအပြင် သိုင်းပညာလည်း ထွန်းကွန်းပေါက်ပေါက်ဖြစ်အောင် ကြိုးစားလေ့ကျင့်ထားပါသေးတယ်ဗျာ"

အမတ်ဖုံးရှောင်က...

"ကောင်းပြီလေ၊ မင်းဘယ်လောက် အစွမ်းအစရှိတယ်ဆိုတာ ကျုပ်လက်တွေ့စမ်းသပ်ကြည့်ရသေးတာပေါ့။ ကဲ ဘယ်လိုလဲ၊ မင်းလက်ခံမလား"

ချိုတိတ် ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ဆုံးမဖို့ အခွင့်အရေးရတာပဲဗျာ၊ ဘာကြောင့် လက်မခံနိုင်ရမှာလဲ"

ရှာပိုင်ရှင်ချိုရှောင်နှင့် အကြီးအကဲများမှာ ဒေါ်ရာပြင်းစွာ ရရှိထားပြီဖြစ်ရာ ချီတိတ်ကို ဟန့်တားနိုင်စွမ်းမရှိကြတော့ပါချေ။

ချီတိတ်က အမတ်ဖုံးရှောင်နှင့် ရင်ဆိုင်ရန် အသင့်ပြင်လိုက်လေသည်။

ထိုစဉ်...

"ကျုပ်ကိုလည်း အခွင့်အရေး နည်းနည်းလောက် ပေးပါလားဗျာ"

စကားသံနှင့်အတူ လုထိန် ရောက်ရှိလာလေသည်။

အမတ်ဖုံးရှောင် မျက်မှောင်ကုပ်သွားလေသည်။

"မင်းက..."

"ကျုပ်က တောင်ပိုင်းအဆိပ်လုမျိုးနွယ် 'လုထိန်'ပါဗျာ"

လုထိန်က ဦးညွှတ်ဂါရဝပြုပြီး ပြောလေသည်။

အမတ်ဖုံးရှောင်က...

"လက်စသပ်တော့ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ တောင်ပိုင်းက အဆိပ်ပညာသည် လုမျိုးနွယ်က သခင်လေးကိုး"

လုထိန်က...

"အမတ်ကြီးဟာ အဆိပ်မကြောက်တဲ့လူတစ်ယောက်ဖြစ်နေတော့ ကျုပ် စိတ်ဝင်စားမိပါတယ်၊ ဒါကြောင့် အမတ်ကြီးနဲ့ ပညာချင်းယှဉ်ပြိုင်ကြည့်ချင်ပါတယ်၊ ကျုပ်ရဲ့အဆိပ်ပညာကို အမတ်ကြီး



ခံနိုင်ရည်ရှိပါ့မလားဗျာ"

အမတ်ဖုံးရှောင်က...

"ကျုပ်က ချီကျေးရွာရဲ့ အဆိပ်ကိုမမှုပေမယ့် တောင်ပိုင်းလုမျိုးနွယ်ရဲ့အဆိပ်ကိုတော့ နည်းနည်းစိုးရွံ့မိပါတယ်"

လုထိန်က ရယ်မောလိုက်သည်။

"အမတ်ကြီးက ကျုပ်ကို အထင်ကြီးအောင် ပြောနေတာမဟုတ်လားဗျာ"

အမတ်ဖုံးရှောင် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး ကျုပ် တကယ်ပြောတာပါ၊ ကျုပ်ဟာ ချိုင်ယွင်ဒေသကိုလာခဲ့တော့ သည်ဒေသမှာ အဆိပ်ပညာရှင်အမျိုးမျိုးနဲ့ တွေ့ဆုံရလိမ့်မယ်ဆိုတာသိလို့ တောင်ပင်လယ်ပုလဲဆေးကို ကြိုတင်သောက်သုံးထားခဲ့သလို နန်းတွင်းက ဖော်စပ်ထားတဲ့ အဆိပ်ဖြေအသက်ကယ်ဆေးလုံးတွေကိုလည်း အသင့်ဆောင်ထားခဲ့ပါတယ်၊ ဒါပေမယ့် လုမျိုးနွယ်ရဲ့အဆိပ်ကို ဂရုမစိုက်ဘဲ မနေဝံ့ပါဘူးလေ"

လုထိန်က...

"အမတ်ကြီးက တောင်ပင်လယ်ပုလဲ အဆိပ်ဖြေဆေးကို သုံးစွဲထားတာကြောင့် အဆိပ်မကြောက်တာကိုး၊ အင်း ဒါဆိုရင် ကျုပ်တို့လုမျိုးနွယ်က အဆိပ်ကလည်း အမတ်ကြီးကို ဘာမှလုပ်နိုင်တော့မယ် မထင်ပါဘူး"

ဟုညည်းတွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တဖန်...

"ဒါပေမယ့် ခုလိုတွေ့ဆုံရပြီးမှ နည်းနည်းလောက်တော့ စမ်းကြည့်ချင်ပါသေးတယ်ဗျာ"

"ရပါတယ်..ရပါတယ်၊ မောင်ရင်လေးက ဘယ်လိုစမ်းကြည့်ချင်တယ်ဆိုတာ ပြောပါ"

"ကျုပ်က"

လုထိန်က ပြောရန်ဟန်ပြင်လိုက်စဉ်...

"ခင်ဗျား ဘေးဖယ်လိုက်ပါ"

ချိုတိတ်က အော်ပြောရင်း ရှေ့တိုးလာလေသည်။

လုထိန်က..

"ကျုပ်တို့ ယှဉ်ပြိုင်မလို့"

ချိုတိတ်က...

"သူက ချိုကျေးရွာကို ဖျက်ဆီးခဲ့တာ၊ ဒါကြောင့် ကျုပ်က သူနဲ့ရင်ဆိုင်ရလိမ့်မယ်၊ ခင်ဗျားနောက်ဆုတ်လိုက်ပါဗျာ"

လုထိန် မချင့်မရဲ ဖြစ်သွားလေသည်။

"ချိုကျေးရွာမှာ အဆိပ်ပညာပြိုင်ပွဲ မကျင်းပဖြစ်တော့ဘူးဆိုရင် ဟိုးအဝေးကြီးကလာခဲ့ရတဲ့ ကျုပ်အတွက် ဘယ်လောက်နစ်နာမယ်ဆိုတာ တွေးကြည့်ပါဦးဗျာ၊ ကျုပ်ကို အခွင့်အရေးပေးတဲ့အနေနဲ့ အမတ်ကြီးနဲ့ယှဉ်ပြိုင်ခွင့်ပြုစေချင်တယ်၊ ဒါဟာ ရတောင့်ရခဲ အခွင့်အရေးတစ်ခုပဲ မဟုတ်လားဗျာ"

ချိုတိတ်က...



"ခင်ဗျားကို အခွင့်အရေးပေးလိုက်ရင် ကျုပ် နစ်နာသွားမှာပေါ့ဗျာ"

နှစ်ယောက်သား ငြင်းခုန်ပြောဆိုနေသည့် စကားများကြောင့် ဟန်စုနှင့်စွန်းထင်းတို့ မကျေမနပ် ဖြစ်သွားကြလေသည်။

ဟန်စုက နှာခေါင်းရှုံ့လိုက်သည်။

"သူတို့ကများ အမတ်ကြီးကိုယှဉ်နိုင်မယ် ထင်နေကြသေးတယ်"

စွန်းထင်းက...

"ဟုတ်တယ်၊ ကြီးကြီးကျယ်ကျယ် ပြောနေလိုက်ကြတာ ဆုံးမလိုက်မှထင်တယ်"

စကားဆုံးလျှင် ရှေ့သို့ခုန်ထွက်ကာ လုထိန်ကို တိုက်ခိုက်လိုက်လေသည်။

လုထိန်နှင့် ချိုတိတ်တို့ ရင်ထိတ်သွားကြသည်။

စွန်းထင်း ခုန်ဝင်လာခြင်းကြောင့် သူတို့၏အဆိပ်များကို အမှတ်မထင် ထုတ်ဖော်အသုံးပြုကာ ခုခံလိုက်ကြလေသည်။

နှစ်ယောက်သား လက်ဝှေ့ယမ်းလိုက်ကြသည်နှင့် အဆိပ်မှုန့်လေးများ ပျံ့လွင့်သွားလေသည်။

အဆိပ်မှုန့်လေးများသည် လေထဲရောက်သည်နှင့် လေနှင့်ပေါင်းစပ်ကာ ပျောက်ကွယ်သွား၏။

လေထုတစ်ခုလုံး အဆိပ်ငွေ့လေထုကြီး ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စွန်းထင်းသည် အော်ငေါက်ခုန်ဝင်လာရင်း ရုတ်တရက် လေထဲ၌ ခန္ဓာကိုယ်ကြီး တုန်းခနဲ ဖြစ်သွားပြီး...

"ဝုန်း"

မြေပေါ်ပြုတ်ကျ သွားလေတော့သည်။

♠ ♠ ♠

အဖြစ်အပျက်က လျှင်မြန်စွာဖြစ်ပျက်သွားခြင်း ဖြစ်လေသည်။

ဟန်စုနှင့် အမတ်ကြီးဖုံးရှောင်တို့ ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

စွန်းထင်းသည်လည်း အဆိပ်ဖြေဆေးနှင့် အသက်ကယ်ဆေးများ ကြိုတင်သောက်သုံးထားခြင်းကြောင့် အဆိပ်မကြောက်သူဖြစ်နေပါသည်။

သို့တိုင်...

လုထိန်နှင့်ချိုတိတ်တို့နှစ်ယောက်နှင့် ရင်ဆိုင်လိုက်ရသောအခါ မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်သွားတော့သည်။

အမတ်ကြီးဖုံးရှောင်က...

"စွန်းထင်း...မင်း ဘယ်လိုဖြစ်သွားတာလဲ"

ဟု လှမ်းမေးလိုက်သည်။

စွန်းထင်း အဖြေမပေးသလို လှုပ်ရှားခြင်းလည်း မပြုပါချေ။



"စွန်းထင်း"

အမတ်ကြီးဖုံးရှောင် ထပ်ခေါ်လိုက်သောအခါ သူ၏အသံမှာ မသိသာ တုန်ခါနေပါတော့သည်။

စွန်းထင်းကား ငြိမ်သက်မြဲ ငြိမ်သက်နေ၏။

အမတ်ဖုံးရှောင် မျက်နှာပျက်သွားလေသည်။

လုထိန်နှင့် ချိုတိတ်တို့အား မကျေမနပ် ကြည့်လိုက်သည်။

"မင်းတို့နှစ်ယောက် အတော်လက်စွမ်း ထက်နေကြတယ်ပေါ့ ဟုတ်လား"

ချိုတိတ် အံ့ဩနေသည်။

စွန်းထင်း လဲကျသွားအောင် တိုက်ခိုက်နိုင်မည်ဟု မမျှော်လင့်ခဲ့ပါချေ။

လုထိန်ကလည်း စွန်းထင်းကို ငေးကြည့်နေမိလေသည်။

ထိုအချိန်မှာပင်...

"သေပေတော့"

ဟန်စုက အော်ငေါက်ရင်း ခုန်ဝင်တိုက်ခိုက်လာလေသည်။

လုထိန် သတိဝင်လာပြီး ဟန်စုနှင့် ရင်ဆိုင်လိုက်လေသည်။

လက်နှစ်ဘက်ဝှေ့ယမ်းကာ အဆိပ်လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

"ဂွစ်..ဂွစ်..ဂွစ်"

အဆိပ်လက်နက်ပုန်းလေးများသည် ပျားပိတုန်းလိပ်ပြာလေးများအလား အုပ်စုဖွဲ့ကာ ဟန်စုထံ ပစ်လွှင့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်း"

ဟန်စု အော်ငေါက်ကာ အင်္ကျီလက်ကိုဝှေ့ယမ်းလိုက်လျှင်...

"ထောက်..ထောက်..ထောက်"

လက်နက်ပုန်း အတော်များများ မြေပေါ်ပြုတ်ကျသွားလေသည်။

သို့တိုင် လက်နက်ပုန်းနှစ်ခု ထိသွားသည်ကိုမြင်လျှင် လုထိန် ဝမ်းသာသွားလေသည်။

ဟန်စု လဲကျသွားမည် ထင်မှတ်လိုက်သည်။

သို့သော်...

ဟန်စုက လုံးဝအမှုမထားဘဲ ရှေ့ဆက်ခုန်ဝင်လာပြီး တိုက်ခိုက်လိုက်ရာ လုထိန် အလန့်တကြားဖြစ်သွားလေတော့သည်။

လက်နှစ်ဘက်၌ အတွင်းအားစုစည်းပြီး ကပျာကယာ ခုခံလိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလျှင်...

"ဝုန်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ လုထိန်မှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ဟား..ဟား..ဟား..မင်း ဘာတတ်နိုင်သေးသလဲ"

ဟန်စုက ဟားတိုက်လှောင်ပြောင်ရယ်မောလိုက်လေသည်။

ထိုစဉ်...



"ကျုပ်လည်း ရှိပါသေးတယ်ဗျာ"

ချိုတိတ်က ခုန်ဝင်တိုက်ခိုက်လာတော့သည်။

အဆိပ်ဖြင့် တိုက်ခိုက်လိုက်သည့်အပြင် လက်သီး၊ လက်ဝါးများကိုလည်း အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

လူရွယ်တစ်ဦးဖြစ်သော်လည်း သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ဟန်စုက...

"မင်းကို ကြောက်နေရမှာလား"

ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်ရာ...

"ဝုန်း"

ချိုတိတ်လည်း လွင့်စဉ်သွားတော့သည်။

သူ၏လက်သီး၊ လက်ဝါးသိုင်းကွက်များနှင့် အဆိပ်တို့က ဟန်စုကို ထိခိုက်စေခြင်းမရှိပါချေ။

ချိုတိတ် မြေပေါ်လဲကျသွားပြီး လူးလိမ့်ခုန်ထလိုက်သည်။

ထိုအချိန်တွင် လုထိန်ကလည်း မြေပေါ်မှခုန်ထလာပြီဖြစ်သည်။

နှစ်ယောက်သား ဟန်စုကို မယုံနိုင်စွာကြည့်လိုက်ကြသည်။

တဖန် တစ်ယောက်ကိုတစ်ယောက် မျက်လုံးပြူးကာ ကြည့်လိုက်ကြလေသည်။

"သူ ဘာမှမဖြစ်ဘူး"

"ဟုတ်တယ်၊ ဟိုတစ်ယောက်ကတော့ လွယ်လွယ်လေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



သေသွားတာ"

လုထိန်နှင့် ချီတိတ်တို့ အံ့သြနေကြသည်။

စွန်းထင်းကား သူတို့၏ အဆိပ်ကြောင့် သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

ဟန်စုကတော့ လုံးဝမမှုသည့်အပြင် သူတို့ကိုပင် အနိုင်ယူလိုက်သည် မဟုတ်ပါလား။

"ဘယ်လိုဖြစ်တာလဲ"

"ကျုပ်လည်း မသိဘူး"

နှစ်ယောက်သား နားမလည်နိုင်အောင် ဖြစ်နေသည့်အချိန်မှာပင်...

" မင်းတို့သိစရာမလိုဘူး၊ ငါဆုံးမတာကို ခံဖို့ပဲရှိတယ်ကွ"

ဟန်စုက အော်ငေါက်ရင်း တရကြမ်း တိုက်ခိုက်လာလေသည်။

လုထိန်နှင့်ချီတိတ်တို့ ရင်ထိတ်သွားကြလေသည်။

"ဟိတ်"

"ယား"

ညာသံပေးကာ နှစ်ယောက်သား ပြိုင်တူခုခံတိုက်ခိုက်လိုက်ကြလေသည်။

အဆိပ်ငွေ့များ၊ အဆိပ်လက်နက်ပုန်းလေးများ တဖွဲဖွဲပစ်လွှင့်သွားသည်။

လုထိန်နှင့် ချီတိတ်တို့က လှုချင်းခွဲကာ ဟန်စု၏ဝဲယာတစ်



ဘက်တစ်ချက်မှညပ်ကာ လက်သီး၊ လက်ဝါး၊ ခြေထောက်ကန်ချက်များဖြင့်လည်း ဆက်လက်တိုက်ခိုက်လိုက်ကြလေသည်။

လူရှယ်များဖြစ်သော်လည်း သူတို့နှစ်ယောက်ပေါင်း၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ဟန်စုက ချီတိတ်တို့အား ဆုံးမနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

သို့သော်...

ချီတိတ်တို့၏ တိုက်ခိုက်မှု ခံလိုက်ရသောအခါ လုံးဝမျှော်လင့်မထားသည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့သွားရလေတော့သည်။

"အား"

ဟန်စု စူးရှစွာ အော်ဟစ်ရင်း မြေပေါ်အရုပ်ကြိုးပြတ်လဲကျသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အမတ်ဖိုးရှောင် မျက်နှာပျက်နေသည်။

မြေပေါ်လဲကျကာ မလှုပ်မယှက်ဖြစ်နေသည့် ဟန်စုနှင့်စွန်းထင်းတို့နှစ်ယောက်ကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ဟန်စုနှင့်စွန်းထင်းတို့ မလှုပ်မယှက် ဖြစ်နေကြသည်။

နှစ်ယောက်စလုံး သေဆုံးသွားပြီဖြစ်ကြောင်း ထင်ရှား၏။

တပြည်းပြည်းနှင့် နှစ်ယောက်စလုံး မီးသွေးတုံးပမာ မည်းနက်သွားကြလေသည်။

ပြင်းထန်သော အဆိပ်ဒဏ်ခံစားလိုက်ရကြောင်း ထင်ရှားနေပါတော့သည်။

ရှိုတိတ်နှင့်လုထိန်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ရှိုတိတ်က…

"ခင်ဗျား နားလည်သွားပြီလား"

ဟု မေးလိုက်သည်။

လုထိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ် သဘောပေါက်သွားပြီဗျ"

နှစ်ယောက်သား ပြုံးလိုက်ကြလေသည်။

အမတ်ဖိုးရှောင် ချောင်းတစ်ချက်ဟန့်လိုက်သည်။

"မင်းတို့ဟာ တကယ့် အဆိပ်ပညာရှင်တွေပါပဲ၊ တစ်ယောက်ချင်းရဲ့အဆိပ်ပညာ ထက်မြက်ပါတယ်၊ နှစ်ယောက်ပေါင်းလိုက်တော့ ပြောစရာမရှိအောင် အစွမ်းထက်သွားတာပေါ့"



ရှိုတိတ် အရွဲ့တိုက်ကာ ပြောလိုက်သည်။

"ကျုပ်တို့ကို ချီးကျူးတာ ကျေးဇူးတင်ပါတယ်ဗျာ"

လုထိန်က…

"ခင်ဗျားတပည့်နှစ်ယောက်တော့ မလှုပ်နိုင်တော့ဘူး၊ ခင်ဗျားကော"

ဟု မေးလိုက်လေသည်။

အမတ်ရှောင်ဖိုးက…

"ကျုပ်တပည့်နှစ်ယောက်ဟာ အဆိပ်ဖြေဆေး၊ အသက်ကယ်ဆေးတွေ ကြိုသောက်ထားတာတောင် ခံလိုက်ကြရတယ်ဆိုတော့ ကျုပ်လည်း စိတ်မချရတော့ပါဘူး၊ ဒါပေမယ့် ကျုပ်က တာဝန်ရှိတဲ့အတိုင်း မင်းတို့ကို တားဆီးဆုံးမသွားရမှာပါပဲ"

လုထိန်က…

"အမတ်ကြီး ကြိုးစားကြည့်ပေါ့ဗျာ"

ရှိုတိတ်က…

"အမတ်ကြီး စုရှိန်မှာ ဘာမှတတ်နိုင်မှာ မဟုတ်တော့ပါဘူးဗျာ"

နှစ်ယောက်သား ခနဲ့လိုက်ကြလေသည်။

အမတ်ဖိုးရှောင်က…

"မင်းတို့နှစ်ယောက်ရဲ့ အဆိပ်ပညာကို ကျုပ်လေ့လာကြည့်ဦးမယ်"

စကားဆုံးလျှင် ရှေ့တိုးလာပြီး တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုထိန်နှင့်ချိုတိတ်တို့ကလည်း ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

အဆိပ်မကြောက်သူနှင့် အဆိပ်သိုင်းသမားများ၏ တိုက်ပွဲကား ပြင်းထန်နေပါတော့သည်။

♠ ♠ ♠

တိုက်ပွဲမှာ အချိန်ကြာမြင့်လှသည် မဟုတ်ပါ။

အဆိပ်၏အာနိသင်က အခြားသော လက်နက်များထက် အဆပေါင်းများစွာ ပိုပြီးပြင်းထန်လှသည် မဟုတ်ပါလား။

လုထိန်နှင့် ချိုတိတ်တို့နှစ်ယောက် ပေါင်းပြီး တိုက်ခိုက်လိုက်ကြသောအခါ အမတ်ဖုံးရှောင် အဆိပ်မိကာ လဲကျသွားလေတော့သည်။

လုထိန်နှင့်ချိုတိတ်တို့ အနိုင်ရလိုက်ကြသဖြင့် ဝမ်းသာနေကြလေသည်။

အဆိပ်မကြောက်သော ထိပ်သီးသိုင်းပညာရှင် နန်းတွင်းအမတ်ကြီးတစ်ယောက်ကို အနိုင်ယူနိုင်လိုက်ကြပြီ မဟုတ်ပါလား။

အမတ်ဖုံးရှောင်သည် သွေးမည်းများကို တဝေါ့ဝေါ့အန်ထုတ်ရင်း ဒယီးဒယိုင်ဖြစ်နေသည်။

လုထိန်နှင့်ချိုတိတ်တို့ကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။



"မင်းတို့နှစ်ယောက်ပေါင်းပြီး ကျုပ်တို့အနိုင်ယူနိုင်တာ မယုံနိုင်စရာပဲ၊ ကျုပ် ရှုံးနိမ့်သွားပေမယ့် နန်းတွင်းက လက်ပိုက်ကြည့်နေမှာမဟုတ်ပါဘူး၊ မင်းတို့ကို ဆုံးမနိုင်မယ့်လူတွေကို ထပ်ပြီးလွှတ်လိုက်လိမ့်မယ်ဆိုတာ ဘယ်တော့မှမမေ့နဲ့"

နောက်ဆုံးစကားပြောပြီး မြေပေါ်လဲကျ အသက်ပျောက်သွားလေတော့သည်။

ချိုတိတ်က လုထိန်ကို ကြည့်လိုက်သည်။

"ကျုပ်တို့ တစ်ယောက်ချင်းတိုက်ခိုက်ကြမယ်ဆိုရင် သူတို့ကိုဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာ မဟုတ်တာ သေချာတယ်ဗျ"

"မှန်ပါတယ်ဗျာ"

လုထိန် လ က်ခံလေသည်။

ချိုတိတ်က...

"ကျုပ်တွေးမိတာက ကျုပ်တို့ ချိုမျိုးနွယ်ရဲ့အဆိပ်က ပြင်းထန်သလို ခင်ဗျားတို့ တောင်ပိုင်းလုမျိုးနွယ်ရဲ့အဆိပ်ကလည်း ကြောက်စရာကောင်းပါတယ်၊ ချိုမျိုးနွယ်အဆိပ်နဲ့ လုမျိုးနွယ်အဆိပ်ပေါင်းစပ်လိုက်တဲ့အခါ အင်မတန်ကြောက်စရာကောင်းတဲ့ အဆိပ်တစ်မျိုးဖြစ်သွားတာ"

လုထိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့အဆိပ်က ပြိုင်ဘက်ကင်းတယ်လို့ယူဆထားတာ၊ ခုတော့ တောင်ပင်လယ်ပုလဲအဆိပ်ဖြေဆေးနဲ့တွေ့ရင်ခံနိုင်မှာ မဟုတ်ဘူးဆိုတာ သဘောပေါက်ပါပြီဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ချိတိတ်က…

"ကျုပ်တို့ ချိကျေးရွာကလည်း အဆိပ်နဲ့ပတ်သက်လာရင် ထိပ်ဆုံးမှာရှိတယ်လို့ ယုံကြည်ထားတာ၊ ဒါပေမယ့် ကျုပ်တို့မျှော်လင့်သလို မဟုတ်သေးဘူးဆိုတာ လက်တွေ့သိလိုက်ရပါပြီဗျာ"

နှစ်ယောက်သား သူတို့မျိုးနွယ်များ၏ အဆိပ်ပညာများနှင့်ပတ်သက်ပြီး လိုအပ်ချက်များ ရှိနေသေးကြောင်း နားလည်သဘောပေါက်လိုက်ကြပြီ ဖြစ်လေသည်။

လုထိန်က…

"ကျုပ်က ချိုင်ယွင်ဒေသမှာ အဆိပ်ပညာပြိုင်ပွဲမှာ ပထမဆုရအောင်ကြိုးစားမယ်ဆိုပြီး တောင်ပိုင်းက ထွက်လာခဲ့တာ၊ အမတ်ကြီးနဲ့တွေ့မှ ကျုပ်ရဲ့ပညာဟာ လုံလောက်မှုမရှိသေးဘူးဆိုတာ ကောင်းကောင်းကြီး နားလည်သဘောပေါက်လိုက်ပါပြီဗျာ"

ချိတိတ်က…

"ကျုပ် တစ်ခုပြောချင်တယ်"

"ပြောပါဗျာ"

"ကျုပ်တို့ တစ်ယောက်ချင်းရဲ့အဆိပ်ပညာက မဟန်ဘူးဆိုရင်တောင် နှစ်ယောက်ပေါင်းလိုက်တဲ့အခါ အမတ်ကြီးကိုတောင် အနိုင်ယူနိုင်ခဲ့တယ်ဆိုတော့ ကျုပ်တို့နှစ်ယောက် ပူးပေါင်းလိုက်ရင်…"

ချိတိတ်ကစကားဆုံးအောင်မပြောဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

"ဟား…ဟား…ဟား"



လုထိန် သဘောကျစွာ ရယ်မောလိုက်လေသည်။

ချိတိတ်က…

"ခင်ဗျား သဘောမကျဘူးလား"

လုထိန်က…

"ကျုပ်က သဘောကျလို့ ရယ်မိတာပါဗျာ"

"သဘောကျလို့"

"ဟုတ်တယ်"

လုထိန် သဘောကျသည်ဆိုခြင်းကြောင့် ချိတိတ် ဝမ်းသာသွားလေသည်။

"ကျုပ်တို့နှစ်ယောက် ပူးပေါင်းလိုက်မယ်ဆိုရင် ခင်ဗျား လက်ခံမလား"

လုထိန်က…

"လက်မခံနိုင်စရာအကြောင်း မရှိပါဘူးဗျာ"

ထို့စဉ်…

"ငါလက်မခံဘူး"

ချိရှောင်၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ချိုရှောင်၊ ချိုဂူ၊ ချိုကျောင်းနှင့် ချိုကျေးရွာမှ အကြီးအကဲများသည် အမတ်ဖုံးရှောင်လက်ချက်ကြောင့် ဒဏ်ရာအသီးသီးရကာ သိုင်းပညာဆုံးရှုံးသွားခဲ့ကြပြီ ဖြစ်သည်။

သူတို့ အသက်ရှင်နေကြသော်လည်း လူသေနှင့်မခြား ဖြစ်နေကြချေပြီ။

ချိုကျေးရွာသည် အမတ်ဖုံးရှောင်ကြောင့် ပျက်စီးသွားပြီဟု ဆိုနိုင်ပါတော့သည်။

ထို့ကြောင့် ချိုရှောင် စံပြင်းနေသည်။

ချိုတိတ်နှင့်လုထိန်တို့နှစ်ယောက် ပေါင်းပြီး အမတ်ကြီးဖုံးရှောင်ကို ဆုံးမနိုင်လိုက်သော်လည်း ချိုရှောင် မကျေနပ်နိုင်အောင် ဖြစ်နေပါသည်။

ထို့အပြင် ချိုတိတ်က လုထိန်နှင့်မိတ်ဖွဲ့လက်တွဲမည်ဆိုသည်ကိုလည်း သဘောမကျနိုင်အောင် ဖြစ်နေပါတော့သည်။

ချိုရှောင်၏အသံကြောင့် ချိုတိတ်က လှမ်းကြည့်လိုက်လေသည်။

ချိုရှောင်က…

"ညီလေးချိုတိတ်၊ မင်းဘာကြောင့် သူနဲ့မိတ်ဖွဲ့ချင်ရတာလဲ"

ဟုမေးလေသည်။

ချိုတိတ် ရှင်းပြလိုက်သည်။

"အစ်ကိုကြီး ကျွန်တော်က သူနဲ့ပေါင်းပြီး အမတ်ကြီးကို ဆုံးမနိုင်လိုက်တယ်လေ၊ ကျွန်တော်တို့နှစ်ယောက်ရဲ့အဆိပ်ပညာ



နှစ်မျိုးကို ပေါင်းစပ်လိုက်ရင် အင်မတန် ကြောက်စရာကောင်းတဲ့ အဆိပ်မျိုး ပေါ်ထွက်လာတာဟာ အင်မတန်ထင်ရှားနေပါတယ်၊ ဒါကြောင့်…"

သူ၏စကားမဆုံးမီ ချိုရှောင်က ကြားဖြတ်ပြောလိုက်လေသည်။

"မင်းတို့နှစ်ယောက် မိတ်ဖွဲ့ကြမယ်၊ အဆိပ်ပညာချင်း ပေါင်းစပ်ကြမယ်ဆိုပါတော့"

"ဟုတ်ပါတယ် အစ်ကိုကြီး၊ ကျွန်တော်တို့ရဲ့အဆိပ်နှစ်မျိုး ပေါင်းစပ်လိုက်ရင်"

"အေး..မင်းတို့အဆိပ်က ဘယ်လောက်ပဲကြောက်စရာကောင်းကောင်း ချိုမျိုးနွယ်ရဲ့အဆိပ်လို့ မပြောနိုင်တော့ဘူး"

ဤတွင် ချိုဂူနှင့်ချိုကျောင်းတို့ကလည်း မကျေမနပ်ဖြင့် ဝင်ပြောလာကြလေသည်။

"ဒါ ကျုပ်တို့ ချိုမျိုးနွယ်ရဲ့ အဆိပ်ပညာကို မျိုးတုံးပျောက်ကွယ်သွားအောင်လုပ်တဲ့ သဘောပဲ"

"အမတ်ကြီးဖုံးရှောင်ကို အနိုင်ယူချင်ရင် လက်ရှိအသုံးပြုနေတဲ့အဆိပ်တွေထက်ပိုပြီး အစွမ်းထက်တဲ့အဆိပ်ကို ဖော်စပ်ဖို့ ကြိုးစားရမှာပေါ့၊ ဒါမှ ချိုမျိုးနွယ်ရဲ့ မူပိုင်အဆိပ်ဖြစ်လာမယ်၊ တခြားမျိုးနွယ်ရဲ့အဆိပ်ကို မှီခိုအားကိုးနေစရာမလိုပါဘူး"

ကျန်အကြီးအကဲများလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုတိတ်သည် လုထိန်ကို အားနာသွားလေသည်။

လုထိန်က ချိုရှောင်တို့လူစုကို တစ်ချက်ကြည့်လိုက်ပြီး ချိုတိတ်ကို နှုတ်ဆက်လိုက်လေသည်။

"ကျုပ်သွားတော့မယ်၊ ခွင့်ပြုပါဦးဗျာ"

ချိုတိတ် စိတ်မကောင်းဖြစ်သွားသည်။

"ကျုပ်တို့ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့ဗျာ"

လုထိန် မျက်မှောင်ကုပ်သွားသည်။

"ကျုပ်နဲ့ တွေ့ချင်သေးတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

လုထိန် ပြုံးလိုက်သည်။

"ကောင်းပြီလေ၊ တွေ့ကြသေးတာပေါ့"

ထို့နောက် ချာခနဲလှည့်ကာ ကျောနိုင်းထွက်သွားလေတော့သည်။

♠ ♠ ♠

လုထိန် ထွက်သွားပြီ ဖြစ်လေသည်။

ချိုတိတ်က ချိုရှောင်ဘက်သို့ လှည့်လိုက်လေသည်။

ချိုရှောင်က...

"သူ့ကိုလွှတ်ပေးလိုက်လို့ မဖြစ်ဘူး"

ဟုပြောလေသည်။ ချိုတိတ်က...



"အစ်ကိုကြီး ဒါဘာသဘောလဲ"

ချိုရှောင်က...

"ငါတို့မျိုးနွယ်အဆိပ်က အမတ်ဖုံးရှောင်ကို ဘာမှမတတ်နိုင်ဘူးဆိုတာ သူ့ဆီကတဆင့် ပေါက်ကြားသွားပြီ၊ အားလုံးသိသွားကြလိမ့်မယ်၊ ဒါဆို တို့မျိုးနွယ်ရဲ့ဂုဏ်သိက္ခာ ...နုန်မျောရပြီပေါ့။ ငါတို့အကြောင်း ဘယ်သူမှမသိနိုင်အောင် သူ့ကိုနှုတ်ပိတ်ပစ်ရမှာပဲ"

ချိုတိတ် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် လက်မခံနိုင်ပါဘူး အစ်ကိုကြီး"

"ဘာကွ"

"သူသာ ရောက်မလာဘူးဆိုရင် ကျွန်တော်နဲ့လက်တွဲပြီး အမတ်ကြီးကို ရင်မဆိုင်ခဲ့ဘူးဆိုရင် အမတ်ကြီးကြောင့် ကျွန်တော်တို့အားလုံး ဒုက္ခရောက်သွားကြမယ်ဆိုတာကိုလည်း ထည့်တွက်ပါဦး အစ်ကိုကြီး"

"ဘာကွ မင်းက ငါ့ကိုစံပြောတယ် ဟုတ်လား"

ချိုရှောင်က ဒေါသတကြီး အော်ငေါက်လိုက်လေသည်။

ချိုတိတ်က...

"လုထိန်ဟာ မိတ်ဆွေကောင်းတစ်ယောက်ပါ၊ သူ့ကို ဒုက္ခပေးတာမျိုး ကျွန်တော် လုံးဝလက်မခံနိုင်ပါဘူး"

သူ၏သဘောထားကို ပြတ်ပြတ်သားသားပင် ပြောလိုက်၏။ ချိုရှောင် ဒေါ့ဒေါ့ခုန်သွားလေသည်။

"တိတ်စမ်း၊ မင်း ဘယ်တုန်းက ငါ့ကိုစုလိုခံပြောခဲ့ဖူးလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ချီတိတ်က…

"ကျွန်တော် ခံပြောနေတာ မဟုတ်ပါဘူး ရှင်းပြတာပါ"

"တော်စမ်းပါကွာ၊ ငါတို့ ချီမျိုးနွယ်ရဲ့အဆိပ် အာနိသင် ပိုပြီး ပြင်းထန်လာအောင် အားလုံးဝိုင်းပြီး အစွမ်းကုန်ကြိုးစားရမယ်၊ သူများကို အားကိုးနေဖို့မလိုဘူးကွ"

ထိုစကားကိုလည်း ချီတိတ် လက်မခံပါချေ။

"အစ်ကိုကြီး စဉ်းစားပါဦးဗျာ၊ ချီမျိုးနွယ်ရဲ့အဆိပ်အာနိသင် ပိုပြီးပြင်းထန်လာအောင် ထပ်ပြီးကြိုးစားကြမယ်ဆိုရင် အချိန်တွေ အများကြီးကုန်သွားလိမ့်မယ်၊ ပြီးတော့ အမတ်ကြီးလက်ချက်ကြောင့် အစ်ကိုကြီးတို့အားလုံး ထိခိုက်ထားပြီးပြီ၊ ဒါကြောင့် ဘာများတတ်နိုင်ကြတော့မှာလဲ"

"မင်း…မင်း ဇော်ကားလှချည်လား"

"အစ်ကိုကြီး ကျွန်တော်က အဖြစ်မှန်ကို ပြောပြနေတာပါ၊ ချီကျေးရွာဟာ ပျက်စီးသွားခဲ့ပါပြီ၊ ချိုင်ယွင်ဒေသမှာ နာမည်တစ်လုံးနဲ့ဆက်ပြီး လွှမ်းမိုးထားနိုင်တော့မယ် မထင်ပါဘူး"

ချီရှောင် ဒေါသမထိန်းနိုင်အောင် ဖြစ်သွားတော့သည်။

"သွား…ခုချက်ချင်း ငါ့ရှေ့ကထွက်သွား၊ မင်းကို ချီမျိုးနွယ်က လက်မခံတော့ဘူး၊ မင်းသွားပေတော့"

ချီတိတ်ကို မောင်းထုတ်လိုက်လေသည်။

ချီတိတ် သက်ပြင်းချလိုက်လေသည်။

"ချီကျေးရွာမှာကော ချိုင်ယွင်ဒေသမှာဆက်နေလို့ကော ဘာမှအကြောင်းထူးတော့မှာ မဟုတ်ဘူးဆိုတာ ကျွန်တော် နားလည်နေပါပြီ၊ အစ်ကိုကြီးပဲ အဆိပ်ပညာနဲ့သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးနိုင်အောင် ကြိုးစားရမယ်လို့ မှာထားတာပဲ မဟုတ်လား"



ချီတိတ်က ချီရှောင်၏ရှေ့တွင် ဒူးထောက်ချလိုက်လေသည်။

"အစ်ကိုကြီးကို အရိုအသေပြုပါတယ်၊ အဆိပ်ပညာနဲ့ သိုင်းလောကကိုလွှမ်းမိုးနိုင်အောင် ကြိုးစားဖို့ ကျွန်တော် သွားပါတော့မယ်"

ချီရှောင်က…

"စကားရှည်လိုက်တာ၊ ငါ့ရှေ့က ခုချက်ချင်း ထွက်သွားစမ်းကွာ"

ဟု အော်ငေါက်မောင်းထုတ်နေတော့သည်။

ချီတိတ်လည်း အရိုအသေပြုပြီးလျှင် ဒူးထောက်ရာမှထကာ အားလုံးကို ကျောခိုင်းထွက်ခွာသွားလေတော့သည်။

ချီရှောင်နှင့် အကြီးအကဲများက ငေးမောကြည့်နေကြ၏။

ချီတိတ်သည် တရွေ့ရွေ့ ဝေးသွားပြီး နောက်ဆုံးမြင်ကွင်းမှပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အကြံတော်မဟာ

ဝမ်ကျားမြို့...။

ဝမ်ကျားမြို့သည် မြို့ငယ်လေးတစ်မြို့ဖြစ်သော်လည်း မြို့ကြီးပြကြီးများနှင့်မခြား စည်ကားသိုက်မြိုက်သောမြို့ကလေး တစ်မြို့ဖြစ်လေသည်။

ချီတိတ်သည် ဝမ်ကျားမြို့သို့ ရောက်ရှိလာသောအခါ အတော်ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်လေသည်။

စည်ကားသိုက်မြိုက်နေသော မင်းလမ်းမကြီးအတိုင်း လျှောက်လာရင်း စားသောက်ဆိုင်တန်းများဘက်သို့ ရောက်မှန်းမသိ ရောက်ရှိလာလေသည်။



စားသောက်ဆိုင်များမှ ဟင်းနံ့များသည် လမ်းပေါ်သို့တိုင် လွင့်ပျံ့ကာ မွှေးကြိုင်သင်းပျံ့နေပါတော့သည်။

ချီတိတ်လည်း ဗိုက်ထဲတကြုတ်ကြုတ်မြည်ကာ ဆာလောင်မွတ်သိပ်လာရလေသည်။

ခေတ္တအနားယူစားသောက်ရန်, ဆုံးဖြတ်ကာ အနီးရှိစားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်လေသည်။

ထိုစားသောက်ဆိုင်ထဲ၌ လူရှင်းနေသည်။

စားသောက်သူ လေးငါးယောက်သာ ရှိနေသည်။

ချီတိတ်က စားပွဲတစ်လုံး၌ နေရာယူကာ ဆိုင်လုလင်တစ်ယောက်အား စားသောက်ဖွယ်ရာများ မှာကြားစား သောက်လိုက်လေသည်။

ထိုစဉ်...

တစ်ဖက်စားပွဲ၌ ထိုင်နေသူတစ်သောက်က ထိုင်ရာမှထကာ ချီတိတ်အနီးသို့ ရောက်ရှိလာလေသည်။

ချီတိတ် ခေါင်းမော့ကြည့်လိုက်သောအခါ ထိုလူက ပြုံးပြနေသည်ကိုတွေ့ရလေသည်။

ချီတိတ် မျက်မှောင်ကုပ်သွားသည်။

"ကျုပ်ကို သိလို့လားဗျ"

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

"ဒါဖြင့် ဘာကြောင့် ပြုံးပြနေရတာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သဘောကျလို့ပါ"

"ဗျာ"

ချိုတိတ် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ထိုလူက...

"မင်းကို သဘောကျတယ်ဆိုတာ တခြားအကြောင်းတော့ မဟုတ်ဘူး၊ ငါတို့ စားသောက်ထားတာတွေကို ငွေရှင်းပေးမယ့်လူ တစ်ယောက် ရောက်လာပြီဆိုပြီး သဘောကျတာကွ"

"ဩော်"

ချိုတိတ် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

ထိုလူက...

"ဘယ်လိုလဲ၊ မင်းက သဘောကောင်းတယ် မဟုတ်လား"

ချိုတိတ်က...

"အင်း..သဘောတော့ ကောင်းပါတယ်ဗျာ"

ထိုလူက...

"မင်းမှာထားတဲ့ဟင်းတွေကို ငါတို့ယူပြီးစားလိုက်မယ်ဆိုရင်ကော"

ချိုတိတ်က...

"ခင်ဗျား စားရဲလို့လား"

"ဘာကြောင့် မစားရဲရမှာလဲ"

"ကျုပ်က စားစရာတွေ အရသာပိုရှိအောင် အဆိပ်ခတ်ပြီးမှ စားတာဗျ"



"ဟား..ဟား..ဟား"

ထိုလူသည် ချိုတိတ်၏စကားကို သဘောကျကာ တဟားဟားရယ်မောလိုက်လေသည်။

ထိုစဉ်...

ဆိုင်လုလင်က ချိုတိတ်မှာထားသည့် နောက်ဆုံးဟင်းပွဲဖြစ်သော ကြက်ကင်ကို ယူလာပေးလေသည်။

ချိုတိတ်က ကြက်ကင်ပန်းကန်ပေါ်၌ လက်တစ်ချက်ဝှေ့ယမ်းကာ အဆိပ်မှုန့်တစ်မျိုး ဖြူးချလိုက်လေသည်။

ထိုလူက အဆိပ်မှုန့်များ ဖြူးချလိုက်သည်ကိုတွေ့ရသော်လည်း ကောင်းစွာ နားမလည်ချေ။

"ဒါ ဘာလုပ်တာလဲ၊ ဘာအမှုန့်တွေလဲ"

ချိုတိတ် ပြုံးလိုက်သည်။

"အဆိပ်မှုန့်တွေ ဖြူးလိုက်တာလေ"

"မင်း"

"အဆိပ်ခတ်ထားတဲ့ ဟင်းလျာတွေက ပိုပြီးအရသာရှိတယ်လို့ ကျုပ်ပြောသားပဲဗျာ"

ချိုတိတ်က ပြောရင်း ကြက်ကင်ကိုဖွဲ့ကာ အချဉ်ရည်နှင့်တို့ပြီးအားရပါးရ စားသောက်လိုက်လေသည်။

သူကိုယ်တိုင်စားသည်သာမက ထိုလူကိုလည်း စားဖို့ ခေါ်လိုက်လေသည်။

"ခင်ဗျား စားကြည့်ပါဦးလား"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက…

"ကျူပ်က ဘာကြောင့် မစားရရမှာလဲ"

ကြက်ပေါင်ကိုမှရွေးကာ ဖွဲယူပြီး ပါးလုတ်ပါးလောင်း စားလိုက်လေသည်။

ထိုလူ၏လုပ်ရပ်ကို စောင့်ကြည့်နေကြသော တစ်ဖက်စားပွဲမှ အဖော်နှစ်ယောက်က သဘောကျစွာ ရယ်မောလိုက်ကြ၏။

သို့သော်…

သူတို့၏ရယ်မောသံများ ချက်ချင်း တိတ်ဆိတ်ပျောက်ကွယ်သွားလေသည်။

အကြောင်းကား…

"ဝေါ့"

ကြက်ပေါင်စားနေသူသည် ဝေါ့ခနဲထွေးထုတ်ရင်း မျက်လုံးကြီးပြူးကာ မျက်နှာကြီးရှုံ့မဲ့သွားလေသည်။

လက်နှစ်ဘက်ကလည်း လည်ပင်းကိုဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

လျှာကြီး အပြင်ထွက်ကာ သွားရည်တမြားမြားကျလာသည်။

"အား"

အသံနက်ကြီးဖြင့် ရူးရူးဝါးဝါး အော်ဟစ်ရင်း တစ်ကိုယ်လုံးတွန့်လိန်ကောက်ကွေးကာ ကြမ်းပြင်ပေါ်ဝုန်းခနဲ လဲကျကာအသက်ပျောက်သွားတော့သည်။



ကြက်ပေါင်ကို ယူစားလိုက်သဖြင့် အဆိပ်မိကာ သေဆုံးသွားရခြင်း ဖြစ်ပါတော့သည်။

"ဟင်"

"ဟာ"

တစ်ဖက်စားပွဲမှ လူနှစ်ယောက် အထိတ်တလန့်ဖြစ်သွားကြသည်။

သူတို့၏အဖော် စံလိုက်ရသဖြင့် ဒေါသထွက်သွားလေသည်။

ထိုလူသုံးယောက်သည် ဝမ်ကျားမြို့၌ လူတိုင်းကြောက်ရွံ့ရသည့် လူမိုက်ကြီးများ ဖြစ်ကြလေသည်။

စားသောက်ဆိုင်များတွင် ဝမ်ကျားမြို့သို့ ယခုမှရောက်လာသော ဧည့်သည် မျက်နှာစိမ်းများအား အနိုင်ကျင့်ဗိုလ်ကျတတ်ကြ၊ မိုက်ကြေးခွဲတတ်ကြသူများလည်း ဖြစ်လေသည်။

လူမိုက်ကြီးသုံးယောက်သည် ချီတိတ်ကို အနိုင်ကျင့်ဗိုလ်ကျဖို့ကြိုးစားရင်း မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်းမှာပင် တစ်ယောက် အသက်ပျောက်သွားလေတော့သည်။

ကျန်လူမိုက်ကြီးနှစ်ယောက်သည် ဒေါသတကြီးဖြင့် ဝုန်းခနဲထရပ်လိုက်ကြပြီး ချီတိတ်အနီးသို့ ရောက်လာကြလေတော့သည်။

"မင်းက အဆိပ်ခတ်လိုက်တာ ဟုတ်လား"

"သေချင်ပြီ ထင်တယ်"

အော်ငေါက်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီတိတ် အကြောက်အလန့်မရှိဘဲ ပြုံးလိုက်သည်။

"ခင်ဗျားတို့ကော အဆိပ်မကြောက်ဘူးလား"

"ဘာကွ"

"ကျုပ်ကို ဒုက္ခပေးဖို့ကြိုးစားရင် ခင်ဗျားတို့ပဲ ဒုက္ခရောက်သွားကြလိမ့်မယ်၊ ကျုပ်ရဲ့တစ်ကိုယ်လုံးမှာ အဆိပ်တွေ ပြည့်နှက်နေတာဗျ"

"ငါတို့က မင်းကိုကြောက်နေရမှာလား"

ထိုလူနှစ်ယောက် တိုက်ခိုက်ရန် ရှေ့တိုးလာသောအခါ ချီတိတ်က လက်ဝှေ့ယမ်းလိုက်လေသည်။

အဆိပ်မှုန့်များ ပျံ့လွင့်သွားရာ ထိုလူနှစ်ယောက်လည်း အဆိပ်မိသွားကြလေတော့သည်။

"အား"

"အမယ်လေး"

အဆိပ်မိကာ ပြင်းထန်သောဝေဒနာ ခံစားလိုက်ရခြင်းကြောင့် စူးစူးဝါးဝါးအော်ဟစ်ကာ ထွက်ပြေးသွားကြလေသည်။

သို့သော်...

အဆိပ်က ပြင်းထန်လှသည်ဖြစ်ရာ ဆိုင်အပြင်ဘက်ရောက်သွားသည်နှင့် မြေပေါ်ဝုန်းခနဲ လဲကျကာ အသက်ပျောက်သွားကြလေတော့သည်။

♠ ♠ ♠



လူမိုက်သုံးယောက်မှာ ချီတိတ်၏ အဆိပ်ကြောင့် အသက်ပျောက်သွားကြပြီဖြစ်လေသည်။

ချီတိတ်က အမှုမထားဘဲ အေးအေးဆေးဆေး ဆက်လက်စားသောက်လိုက်လေသည်။

ထိုအချိန်မှာပင် ဆိုင်ရှေ့သို့ လူတစ်ယောက် လှမ်းလာလေသည်။

ထိုလူသည် ဆိုင်အပေါက်ဝမှနေပြီး ဆိုင်ထဲခေါင်းပြူကြည့်လိုက်လေသည်။

ချီတိတ်သည် ထိုလူကိုမြင်လျှင် ဝမ်းသာအားရဖြစ်သွားလေတော့သည်။

"ဆိုင်အပြင်ဘက်မှာ ဘာလုပ်နေတာလဲဗျ၊ အထဲဝင်လာခဲ့ပါလားဗျာ"

ဟုလည်း လှမ်းပြီးဖိတ်ခေါ်လိုက်လေသည်။

ထိုလူကား 'လုထိန်' ဖြစ်နေပါသည်။

လုထိန် သဘောကျစွာ ရယ်မောကာ ဆိုင်ထဲဝင်လာ၏။

ချီတိတ်၏စားပွဲသို့ ရောက်လာပြီး မျက်နှာချင်းဆိုင်ထိုင်ချလိုက်လေသည်။

ချီတိတ်က...

"ကျုပ်ကိုချီကျေးရွာက မောင်းထုတ်လိုက်တာနဲ့ ထွက်လာခဲ့တာ လမ်းခရီးမှာ ခင်ဗျားနဲ့တွေ့ရင် သိပ်ကောင်းမှာပဲလို့တောင် တွေးမိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



လုထိန်က…

"ကျုပ်ကလည်း ဟိုဟိုသည်သည်သွားရင်း နောက်ဆုံးသည်မြို့ကိုရောက်လာတာ၊ လမ်းမကြီးအတိုင်းလျှောက်လာရင်း သည်ဆိုင်ထဲက လူနှစ်ယောက် ပြေးထွက်လာကြပြီး လဲကျသေဆုံးသွားတာကြောင့် အဆိပ်မိတာပဲဖြစ်ရမယ်လို့ တွေးပြီး စိတ်ဝင်စားတာနဲ့ လာခဲ့မိတာ"

အကျိုးအကြောင်း ရှင်းပြလေသည်။

ချီတိတ်က…

"သူတို့က အဆိပ်ခတ်ထားတဲ့ ဟင်းလျာတွေက ပိုပြီးအရသာရှိတယ်ဆိုတာ မယုံကြဘူးလေ"

လုထိန် ရယ်မောလိုက်လေသည်။

ချီတိတ်က…

"ကဲ…စားလိုက်ပါဦးဗျာ"

နောက်ထပ်စားစရာများ မှာကြားကာ လုထိန်ကို ညွှန်ပြလိုက်လေသည်။

"ကျေးဇူးပဲ"

လုထိန်လည်း ကျေးဇူးတင်စကားပြောကာ ချီတိတ်နှင့်အတူ လက်ဆုံစားသောက်လိုက်လေသည်။

ယခု…

လုထိန်နှင့်ချီတိတ်တို့နှစ်ယောက် အေးအေးဆေးဆေး တွေ့ဆုံလိုက်ရပြီ ဖြစ်လေသည်။



လုထိန်က မေးလိုက်သည်။

"သူတို့က ခင်ဗျားကို ဘာကြောင့်မောင်းထုတ်လိုက်ကြတာလဲဗျ"

ချီတိတ်က…

"မှန်မှန်လင်းလင်းပြောရရင်တော့ ကျုပ်က ခင်ဗျားနဲ့လက်တွဲပြီး အမတ်ကြီးကိုရင်ဆိုင်ခဲ့တာကို သူတို့ သဘောမကျကြဘူး၊ ပြီးတော့ သူတို့အားလုံး ပျက်စီးသွားကြပြီဆိုတာကို သတိမထားမိကြသေးဘူး။ ချီမျိုးနွယ်ရဲ့အဆိပ်ကို ပိုပြီးအစွမ်းထက်လာအောင် မြှုပြင်မွမ်းမံကြမယ်၊ ကြိုးစားဖော်စပ်ကြမယ်လို့ ကြွေးကြော်နေကြသေးတယ်"

လုထိန် ပြုံးလိုက်လေသည်။

"သူတို့က လူအိုကြီးတွေ ဖြစ်နေကြပြီလို့ ခင်ဗျား စိတ်ပျက်နေတာပေါ့"

ချီတိတ် သက်ပြင်းချလိုက်သည်။

"သူတို့ မလုပ်နိုင်တာကို လုပ်ပြဖို့ ကျုပ်ထွက်လာခဲ့တာ"

လုထိန်က…

"ဒါဆို ကျုပ်တို့နှစ်ယောက် ဘဝတူတွေဖြစ်သွားကြပြီပေါ့"

ချီတိတ် အံ့ဩသွားသည်။

"ဘဝတူတွေ ဟုတ်လား၊ ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ"

"ကျုပ်လည်း လုမျိုးနွယ်ကိုစွန့်ခွာပြီး ထွက်လာခဲ့တာ"

"ဟောဗျာ ဘယ်လိုဖြစ်လို့လဲ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ချီတိတ်က မေးလိုက်လေသည်။

လုထိန်က...

"ပြောရမှာ ရှက်စရာကောင်းပါတယ်ဗျာ၊ တောင်ပိုင်းက လုမျိုးနွယ်ဟာ အဆိပ်ပညာနဲ့ ပတ်သက်လာရင် တစ်ချိန်က လျှမ်းလျှမ်းတောက်နာမည်ကြီးခဲ့ပေမယ့် ခုနောက်ပိုင်းမှာ အဲသည်လို မဟုတ်တော့ဘူး၊ ကိုယ့်အချင်းချင်း ပညာလျှို့ကြတယ်၊ တကယ်တော်တဲ့ တတ်တဲ့လူတွေကလည်း အသက်ကြီးပြီး သေကုန်ကြပြီ၊ ဒါကြောင့် ကျုပ်က တိုက်တိုက်ဆိုင်ဆိုင်ပဲ ချူင်ယွင်ဒေသမှာ အဆိပ်ပညာပြိုင်ပွဲကျင်းပမယ်ဆိုတဲ့သတင်း ကြားလို့ ချီကျေးရွာကိုလာခဲ့တာ၊ ပြိုင်ပွဲမှာ အဆိပ်ပညာရှင်တွေကိုတွေ့ရပြီး ပညာရလိမ့်မယ် မျှော်လင့်ထားခဲ့တာ"

ယခုမှ သူ့အကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြလေသည်။

ချီတိတ်က...

"ချီကျေးရွာရဲ့အဆိပ်ပညာပြိုင်ပွဲဟာ ဘယ်တော့မှဖြစ်လာတော့မှာ မဟုတ်ပါဘူးဗျာ"

လုထိန်က....

"ထားလိုက်ပါတော့လေ၊ ပြိုင်ပွဲမကျင်းပဖြစ်တော့လည်း ကျုပ် ဝမ်းမနည်းပါဘူး၊ ခင်ဗျားနဲ့တွေ့ဆုံရင်းနှီးခဲ့ရတာကိုပဲ ဝမ်းသာလှပါပြီ၊ ကျုပ် တစ်ခုမေးချင်တယ်"

ချီတိတ်က...



"မေးပါဗျာ..မေးပါ"

လုထိန်က....

"ကျုပ်တို့နှစ်ယောက် ပူးပေါင်းလိုက်တာနဲ့ အမတ်ကြီးဖုံးရှောင်ကိုတောင် အနိုင်ယူနိုင်ခဲ့ကြတာပဲ မဟုတ်လားဗျာ"

"ဟုတ်တယ်လေ"

"ကျုပ်ရဲ့အဆိပ်နဲ့ ခင်ဗျားရဲ့အဆိပ် နှစ်မျိုးပေါင်းစပ်လိုက်မယ်ဆိုရင်.."

လုထိန်၏စကားမဆုံးမီ ချီတိတ်က ကြားဖြတ်ပြောလိုက်သည်။

"အင်မတန်ကြောက်စရာကောင်းတဲ့ အဆိပ်တစ်မျိုး ဖြစ်ပေါ်လာမှာပေါ့ဗျာ"

လုထိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် နှစ်ယောက်ပေါင်းအဆိပ်က သိုင်းလောကကို လွှမ်းမိုးနိုင်အောင် စွမ်းဆောင်နိုင်ပါ့မလား"

ဟု ထပ်မေးလေသည်။

ချီတိတ် ရုတ်တရက် အဖြေမပေးနိုင်ဘဲ ဖြစ်သွားလေသည်။

လုထိန်က...

"ကျုပ်စိတ်ထဲမှာတော့ မလွယ်လောက်သေးဘူး၊ မဖြစ်နိုင်သေးဘူးထင်တယ်"

ချီတိတ် သက်ပြင်းချလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ပညာရှင်ဖြစ်ဖို့ဆိုတာ တကယ်တော့ အင်မတန် ခက်ခဲတဲ့ကိစ္စပါဗျာ"

"ပြောပါဦးဗျာ"

"ကျုပ်တို့နှစ်ယောက် ပေါင်းလိုက်တာနဲ့ အမတ်ဖုံးရှောင်ကို အနိုင်ယူနိုင်လိုက်တယ် မဟုတ်လား၊ ခင်ဗျားတို့ ကျုပ်တို့လိုလူစားမျိုးလေးငါးယောက် ပူးပေါင်းလက်တွဲလိုက်ကြမယ်ဆိုရင်"

လုထိန် စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

နိုတိတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"သိုင်းလောကမှာ ကြောက်စရာအကောင်းဆုံးအဆိပ်ဂိုဏ်းကို ဖော်ထုတ်နိုင်မှာပေါ့ဗျာ"

လုထိန် ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့ဗျာ"

နိုတိတ်က...

"ခင်ဗျားပြောသလို ကျုပ်တို့နဲ့ပူးပေါင်းဆောင်ရွက်ချင်တဲ့ လူကော ရှိပါ့မလား၊ ရှိတယ်ဆိုရင်တောင် သည်လူဟာ လေးစားလောက်တဲ့ အဆိပ်ပညာရှင်ဖြစ်ရလိမ့်မယ်"

လုထိန်က...

"သိုင်းလောကမှာ ထင်ရှားတဲ့အဆိပ်ပညာရှင်တွေ အများကြီးရှိပါတယ်ဗျာ၊ ဒါပေမယ့် ပညာမာနရှိကြသူတွေဆိုတော့ ကျုပ်တို့နဲ့တကယ်တမ်း ပူးပေါင်းလက်တွဲဖို့ အများစုက စိတ်ဝင်စားကြမှာ မဟုတ်ဘူး"



နိုတိတ်က...

"အများစုက စိတ်ဝင်စားကြမှာ မဟုတ်ပေမယ့် စိတ်ဝင်စားတဲ့လူ တချို့တော့ ရှိနေနိုင်သေးတယ်လို့ ခင်ဗျား ဆိုလိုချင်တာလား"

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် ဘယ်သူတွေလဲဆိုတာ ပြောပါဦး"

နိုတိတ် စိတ်လှုပ်ရှားစွာ မေးလိုက်လေသည်။

လုထိန်က တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"ကျင်းနိုင်ငံမှာ မားမျိုးနွယ် အဆိပ်ပညာရှင်တွေ ကျော်ကြားခဲ့တယ်၊ နောက်ပိုင်းမှာ မားမျိုးနွယ်တွေ တိမ်ကောသွားသလို မန်ချူးတွေကလည်း ကျူးကျော်သိမ်းပိုက်လိုက်တာကြောင့် မားမျိုးနွယ်တွေအကြောင်း ဘာမှမသိကြရတော့ဘူး"

နိုတိတ်က...

"ခင်ဗျားက မားမျိုးနွယ်ရဲ့ အဆက်အနွယ်တွေထဲက လူတစ်ယောက်အကြောင်းကို ပြောချင်နေတာလား"

လုထိန် ခေါင်းညိတ်လိုက်ပြန်သည်။

"ဟုတ်ပါတယ်ဗျာ၊ မားမျိုးနွယ်က 'မားကျောက်'ဆိုတဲ့လူတစ်ယောက်က သူတို့မျိုးနွယ်ရဲ့အဆိပ်ပညာ လျှို့ဝှက်ချက်ကိုရရှိထားတယ်၊ ဒါပေမယ့် သူဟာ ပျော့ပျော့နေ ပျော့ပျော့စား အဖော်တစ်ယောက်နဲ့အတူ ထင်ရာလျှောက်သွားနေတဲ့ လူတစ်ယောက်ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချိုတိတ်က...

"ခင်ဗျားပြောတဲ့အတိုင်းဆို လူပေလူတေ တစ်ယောက်လို ဖြစ်နေတာပေါ့"

"မှန်ပါတယ်ဗျာ၊ သူက လူပေလူတေလိုဖြစ်နေပေမယ့် မန်ချူးတွေကို အတော်မုန်းပြီး အခွင့်အရေးရတာနဲ့ ပြဿနာရှာတတ်တယ်၊ မန်ချူးခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ သခင်လေး'ပေ့လိုက်'နဲ့ဆို လုံးဝမတည့်ဘူး၊ ဘာပဲဖြစ်ဖြစ် ကျင်းနိုင်ငံကို မန်ချူးတွေက သိမ်းပိုက်လိုက်တာကြောင့် မားကျောက်က ကြာကြာနေနိုင်မှာမဟုတ်ဘူး၊ ထွက်ပြေးရမှာပဲ"

ချိုတိတ်က...

"ခင်ဗျားက သူ့ကို သဘောကျတယ် ဟုတ်လား"

လုထိန်က...

"ဟုတ်တယ်၊ သူ့မှာ ထိပ်တန်းအဆိပ်ပညာရှိတယ်၊ သိုင်းပညာလည်း တတ်မြောက်ထားတယ်၊ ဒါပေမယ့် သူဟာ မန်ချူးတွေနဲ့ ပြဿနာဖြစ်နေတဲ့တိုင်အောင် ခုချိန်ထိအဆိပ်ပညာအသုံးပြုဖို့ စိတ်မကူးသေးဘူး၊ ကုန်ကုန်ပြောရရင် မားကျောက်မှာ ထိပ်တန်းအဆိပ်ပညာရှိတာကို သူနဲ့အမြဲတွဲနေတဲ့ ခေါင်းတုံးလေးဆိုတဲ့လူတောင် မသိဘူး"

ချိုတိတ်သည် လုထိန်ပြောသည့်စကားများကို နားထောင်ရင်း 'မားကျောက်'ဆိုသူကို တဖြည်းဖြည်း စိတ်ဝင်စားလာလေတော့သည်။



လုထိန်က...

"ကျင်းနိုင်ငံမှာပဲ မားကျောက်လို အဆိပ်ပညာရှင်မျိုးနွယ်ကဆင်းသက်လာတဲ့ ဆားဖွေးဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိသေးတယ်၊ ခုချိန်မှာ သူဟာ တစ်ကောင်ကြွက်ဘဝရောက်နေတယ်၊ စားရမဲ့သောက်ရမဲ့ဘဝနဲ့ ခြေဦးတည့်ရာ သွားနေရတာတောင် အဆိပ်ပညာကို အသုံးပြုပြီး ဘဝတိုးတက်အောင်လုပ်ဖို့ စိတ်မကူးမိသေးဘူး"

ချိုတိတ်က...

"သူတို့နှစ်ယောက်က သိုင်းလောကထဲရောက်လာရင် ကျုပ်တို့နဲ့တွေ့မယ်ဆိုရင်..."

လုထိန်က...

"ကျုပ်တို့ပေါင်းစည်းမိကြရင် သိုင်းလောကမှာ အင်မတန်အစွမ်းထက်တဲ့ အဆိပ်ဂိုဏ်းကြီးတစ်ခု ပေါ်ပေါက်လာမှာပေါ့လေ"

ချိုတိတ် ရယ်မောလိုက်သည်။

"သိပ်ကောင်းတာပေါ့ဗျာ၊ ဒါထက် မားကျောက်တို့ ဆားဖွေးတို့က.."

"သူတို့က ကျင်းနိုင်ငံမှာပဲ ရှိနေသေးတာဗျ၊ သူတို့နဲ့ဆက်သွယ်ပြီး သိုင်းလောကထဲရောက်လာအောင် ကျုပ်ပဲ တာဝန်ယူလိုက်ပါ့မယ်ဗျာ"

လုထိန်က တာဝန်ယူလိုက်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## လူရှုပ်လူမွေ

မားကျောက်နှင့် သူ၏အဖော် ခေါင်းတုံးလေးတို့မှာ လျှောက်လှမ်းလာကြရင်းမှ ဗိုက်ဆာလာကြသဖြင့် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်သွားကြလေသည်။

စားသောက်ဆိုင်ထဲ၌ မန်ချူးစစ်သ[ည်]တော်များ စားသောက်နေကြလေသည်။

မန်ချူးစစ်သည်တော်များကို မြင်သော[အ]ခါ ခေါင်းတုံးလေးကထိတ်လန့်ပြီး စားပွဲအောက်သို့ ဝင်ရောက်ပုန်းအောင်းလိုက်လေသည်။

မားကျောက်မှာမူ မည်သူ့ကိုမျှ အလေးထားခြင်းမရှိ[ဘဲ]



ပြုခြင်းမရှိဘဲ အေးဆေးစွာထိုင်ချလိုက်ပြီး ဆိုင်လုလင်အား လှမ်းအော်ပြောလိုက်၏။

"သည်မှာ ပေါက်စီနဲ့ရေနွေးကြမ်းပေးပါ"

"လာပါပြီခင်ဗျာ"

ဆိုင်လုလင်သည် ပေါက်စီဗန်း ယူဆောင်လာပြီး စားပွဲပေါ်သို့ချပေးလိုက်လေသည်။

ထို့နောက်...

ရေနွေးကြမ်းကို ပြေးယူပြန်လေသည်။

မားကျောက်က ဆိုင်အတွင်းသို့ တစ်ချက် အကဲခတ်ကြည့်လိုက်လေသည်။

ဆိုင်ထဲ၌ မန်ချူးစစ်သားများ မင်းမူနေ၏။

မားကျောက်သည် မန်ချူးစစ်သားများ မင်းမူနေပုံကို တွေ့ရသဖြင့် ပေါက်စီ မစားနိုင်သေးဘဲ ဒေါသထွက်နေ၏။

စားပွဲအောက်၌ ပုန်းအောင်းနေသော ခေါင်းတုံးလေးသည် လက်ဖြင့် စားပွဲပေါ်မှ ပေါက်စီကို စမ်း၍ယူလိုက်လေသည်။

ထို့နောက် ပေါက်စီကို အောက်ဘက်မှဖောက်၍ ပေါက်စီအထဲ၌ရှိနေသောအသားများကို နှိုက်ယူစားလိုက်ပြီး စက္ကူဖြင့်ပြန်ကပ်ထားလိုက်လေသည်။

ထို့နောက် စားပွဲပေါ်သို့ တိတ်တဆိတ် ပြန်တင်ထားလိုက်သည်။

ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်က ရေနွေးအိုး လာရောက်ချပေးလိုက်လေသည်။

မားကျောက်သည် ရေနွေးကြမ်းငှဲ့၍ ပေါက်စီကို ယူစားရန် စက္ကူအားခွာလိုက်လေသည်။

စက္ကူခွာလိုက်သောအခါ ပေါက်စီထဲ၌ အသားမရှိတော့ဘဲ ဟောင်းလောင်းဖြစ်နေသည်ကို တွေ့ရလေသည်။

သူသည် မျက်မှောင်ကုပ်သွားသည်။

မားကျောက်က ဆိုင်လုလင်ကို လှမ်းအော်လိုက်သည်။

"သည်မှာ ခဏလာစမ်းပါ"

ဆိုင်လုလင်က ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာလေသည်။

မားကျောက်က ပေါက်စီကို ပြလိုက်သည်။

"ခင်ဗျားတို့ပေါက်စီထဲမှာ အသား မပါပါလား"

ဆိုင်လုလင်မှာ မားကျောက် နောက်နေသည်ဟု ထင်မိ၏။

ထို့ကြောင့်လည်း ခပ်ပြုံးပြုံး မျက်နှာပေးဖြင့်...

"အစ်ကိုလေး မနောက်ပါနဲ့ဗျာ"

"ငါ နောက်နေတာ မဟုတ်ဘူး"

ဆိုင်လုလင်က ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်တာဗျာ၊ ကျုပ်တို့ပေါက်စီတွေကို လိုက်ကြည့်ပါ အသားမပါဘူးဆိုတာ မရှိပါဘူး"

သူသည်ပြောရင်း မားကျောက်အား ခြေဆုံးခေါင်းဆုံးကြည့်



လိုက်သည်။

မားကျောက်၏တစ်ကိုယ်လုံးမှာ ဖုန်များ အလိမ်းလိမ်းပေကျံနေပြီး အဝတ်အစားများလည်း ညစ်နွမ်းနေသည်ကို တွေ့လိုက်ရလေသည်။

သူသည် မားကျောက်အား အထင်သေးစွာကြည့်လိုက်လေသည်။

"ကျုပ်တို့ဆိုင်က သည်လိုလာလိမ်ပြီးစားလို့ရတဲ့ဆိုင်မျိုး မဟုတ်ဘူးဗျ"

မားကျောက်က ထိုင်ရာမှ ထလိုက်၏။

"အေး...မင်းတို့ဆိုင်မှာလဲ ငါမစားတော့ဘူး"

သူသည်ပြောရင်း ထိုနေရာမှထသွား၏။

ဆိုင်လုလင်က ဟန့်တားလိုက်၏။

"နေပါဦးလေ၊ ပိုက်ဆံပေးသွားပါဦး"

မားကျောက် ခေါင်းခါယမ်းလိုက်၏။

"မပေးဘူး"

ဆိုင်လုလင်က...

"ခင်ဗျား မပေးရင် ကျုပ်က တိုင်မှာပဲ"

ဆိုင်လုလင်က တင်းမာစွာ ပြောဆိုလိုက်၏။

မားကျောက်က အမှုရှုပ်ကာ ဖြေရှင်းနေရမည်စိုးသောကြောင့် အိတ်ထဲမှငွေပြားတစ်ပြားကိုယူကာ တစ်ခြမ်းဖဲ့လိုက်ပြီး ဆိုင်လုလင်၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်က ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဒါ ဘာလုပ်တာလဲဗျ"

မားကျောက်က မဲ့ပြုံးပြုံးလိုက်သည်။

"မင်းရဲ့ပေါက်စီက အသားမှမပါတာ၊ ကျုပ်က ငွေပြားတစ်ဝက်ပဲပေးနိုင်မှာပေါ့"

သူသည် ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် ဆိုင်ထဲမှထွက်သွားလေတော့သည်။

စားပွဲအောက်၌ ပုန်းအောင်းနေသော ခေါင်းတုံးလေးသည် ကမန်းကတန်း ပုန်းကွယ်ရာမှထွက်လာပြီး မားကျောက်နောက်သို့ ပြေးလိုက်သွားလေသည်။

ဆိုင်လုလင်မှာမူ လက်ဝါးပေါ်မှ ငွေပြားတစ်ခြမ်းအား ကြည့်ရင်း ကြက်သေသေကာ ကျန်ရစ်ခဲ့လေတော့သည်။

♠ ♠ ♠



မားကျောက်နှင့် ခေါင်းတုံးလေးတို့သည် စားသောက်ဆိုင်မှထွက်လာပြီးနောက် လမ်းမအတိုင်း အေးဆေးစွာ လျှောက်သွားလေသည်။

လျှောက်လှမ်းလာကြရင်းမှ ခေါင်းတုံးလေးသည် မားကျောက်အား မော့ကြည့်ကာ...

"အစ်ကိုလေး...ခင်ဗျားပေါက်စီဖိုး ဘယ်လောက်ပေးလိုက်သလဲ"

မားကျောက် က မကျေနပ်စွာဖြင့်...

"မစားဘဲနဲ့ ငွေပြားတစ်ခြမ်း ပေးလိုက်ရတယ်"

ခေါင်းတုံးလေး ရယ်မောလိုက်၏။

"အစ်ကိုလေးကလည်း ငွေပြားတစ်ခြမ်းကို ဘယ်လိုလုပ်သုံးမှာလဲဗျ"

"အေး...ငါသိသားပဲ၊ မစ်ချင်လို့ သက်သက် ငွေပြားတစ်ခြမ်းဖဲ့ပေးလိုက်တာကွ"

မားကျောက်က မကျေနပ်သည့်လေသံဖြင့် ပြောဆိုနေသည်။ ခေါင်းတုံးလေးက ရယ်မောလိုက်လေသည်။

"အစ်ကိုလေးက ဘာသိလို့လဲ၊ ပေါက်စီထဲမှာ အသားတွေရှိနေပါတယ်ဗျ"

မားကျောက် မျက်မှောင်ကုပ်သွားသည်။

"မင်း နှိုက်စားလိုက်တယ် ဟုတ်လား"

ခေါင်းတုံးလေးက ခပ်အေးအေးအမူအရာနှင့်ပင် ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ညိတ်လိုက်သည်။

မားကျောက် ဒေါသထွက်လာလေသည်။

"လက်စသတ်တော့ မင်းက နိုးစားနေတာကိုး"

သူသည် လက်သီးဖြင့် ခေါင်းတုံးလေးအား ထိုးရန်ရွယ်လိုက်သည်။

သို့သော် တကယ်တမ်းတွင် သူက ရွယ်ရုံသာရွယ်ပြီး မထိုးဖြစ်ခဲ့ပါချေ။

ရုတ်တရက် လမ်းသွားလမ်းလာများနှင့် လမ်းဘေးမှဈေးသည်များသည် ရုတ်ရုတ်သဲသဲဖြင့် ပြေးလွှားနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ခေါင်းတုံးလေးက ထိတ်ထိတ်ပျာပျာဖြစ်သွားရင်း...

"မန်ချူးတွေ ချွေးတပ်ဆွဲနေပြီနဲ့တူတယ်"

မားကျောက်က ခေါင်းညိတ်လိုက်သည်။

နှုတ်မှလည်း ခေါင်းတုံးလေး၏ထင်မြင်ချက်ကို ထောက်ခံပြောဆိုလိုက်သည်။

"ဟုတ်တယ် ဒါဖြစ်နိုင်တယ်"

"တို့ မြန်မြန်ပုန်းနေရင် ကောင်းမယ်ထင်တယ်"

သူတို့နှစ်ယောက်သည် လမ်းဘေးသို့ ချဉ်းကပ်သွားကြ၏။

ထို့နောက်...

ပုန်းအောင်းလိုက်ကြလေသည်။

♠ ♠ ♠



မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

မန်ချူးစစ်သည်များသည် လမ်းမပေါ်၌ အဆင်ခြင်မဲ့စွာဖြင့် မြင်းများကို ဒုန်းစိုင်းမောင်းနှင်လာနေသည်။

ထို့ကြောင့်...

လမ်း၏နံဘေး၌ ရောင်းနေသော ဈေးသည်များမှာ ဖရိုဖရဲဖြစ်သွားကာ တစ်ချို့ဗန်းပေါ်မှပစ္စည်းများ မြေပြင်ပေါ်သို့ လွင့်စဉ်ကျသွားပြီး တစ်ချို့ပစ္စည်းများသည် မြင်းခွာဖြင့် ခြေနင်းခြင်းကို ခံလိုက်ရလေသည်။

အချို့လူများသည် ရှောင်တိမ်းရာ၌ အနည်းငယ် နောက်ကျသွားသဖြင့် မန်ချူးစစ်သည်တော်တို့၏ ကျာပွတ်ဖြင့် ရိုက်နှက်ခြင်းကို ခံကြရပေသည်။

မားကျောက်နှင့် ခေါင်းတုံးလေးတို့သည် မန်ချူးစစ်သည်တော်များ ရိုင်းပျစွာ ပြုမူနေကြပုံကိုတွေ့ရသောအခါ မခံမရပ်နိုင်အောင် ဖြစ်လာကြလေသည်။

မန်ချူးစစ်သည်တော်များသည် သခင်လေးတစ်ယောက်ကို ခြံရံ၍ ရောက်ရှိလာခြင်းဖြစ်သည်။

ထိုသခင်လေးမှာ ပေ့လိုက်ဖြစ်သည်။

မည်သူမဆို သခင်လေးပေ့လိုက်အား ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြရပေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မားကျောက်နှင့် ခေါင်းတုံးလေးတို့သည် စန်းစီးမြို့ဦးကြီး ပြင်းလာသူများ မဟုတ်ကြပါ။

အမှန်တော့ သူတို့သည် စစ်ပြေးဒုက္ခသည်များသာ ဖြစ်ကြလေသည်။

ထို့ကြောင့်...

သခင်လေးပေ့လိုက်၏အကြောင်းကို မသိကြပါ။

သူတို့သည် မန်ချူးလူမျိုးများက ကျင်းလူမျိုးများအပေါ် ရိုင်းပျစွာဖြင့် ပြုမူနေသည်ကို တွေ့မြင်ရသည်နှင့်မိမိတို့ မျိုးချစ်စိတ်ကို ပြလိုသည့် မခံမရပ်နိုင်သောစိတ်များ တဖွားဖွားပေါ်ပေါက်လာလေတော့သည်။

သူတို့သည် လူငယ်များပီပီ စိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ ပုန်းကွယ်ရာမှ ထွက်လာကြပြီးလျှင် အရှိန်ပြင်းစွာမောင်းနှင်လာသော မြင်းကို ဟန့်တားလိုက်၏။

အရှိန်ပြင်းစွာ မောင်းနှင်လာသောမြင်းမှာ ရုတ်တရက် ရပ်တန့်လိုက်သောကြောင့်...

"ဝုန်း"

ဟူသောမြည်သံနှင့်အတူ မြင်းပေါ်ရှိ သခင်လေးပေ့လိုက်၏ခန္ဓာကိုယ်သည် အရှိန်မသတ်နိုင်ဘဲ မြေပေါ်သို့ ထိုးကျသွားလေသည်။

မားကျောက်နှင့်ခေါင်းတုံးလေးတို့သည် သခင်လေးမရှုမလှ မြင်းပေါ်မှထိုးကျလာသည်ကို မြင်ရသောအခါ သဘောကျစွာ ရယ်မောလိုက်ကြလေသည်။



"ဟား...ဟား...ဟား"

မားကျောက်ကလည်း အားရပါးရ ရယ်မောနေသည်။

ထိုစဉ်...

မန်ချူးစစ်သည်များမှာ သူတို့နှစ်ယောက်အား တိုက်ခိုက်ရန် ဝိုင်းရံလာကြသည်။

သို့သော်...

"ရပ်လိုက်"

သခင်လေးပေ့လိုက်က လူးလိမ့်ထလာပြီး ဟန့်တားလိုက်ခြင်းဖြစ်လေသည်။

သခင်လေး၏ အမိန့်ကြောင့် မန်ချူးများ နောက်သို့ဆုတ်သွားကြလေသည်။

သခင်လေးပေ့လိုက်က မားကျောက်တို့အား အထင်သေးသောအကြည့်ဖြင့် တစ်ချက်ကြည့်လိုက်သည်။

"မင်းတို့က ငါ့ကို ဘာမှတ်သလဲ"

မားကျောက်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်တို့က ခင်များကို ဘာမှမမှတ်ပါဘူး"

သခင်လေးပေ့လိုက်က လက်မထောင်၍ ကိုယ့်ရင်ဘတ်ကိုညွှန်ပြလိုက်သည်။

"ကျုပ်က သခင်လေးပေ့လိုက်"

မားကျောက်က ခေါင်းတုံးလေးဘက်လှည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့..ခေါင်းတုံးလေး သူက သခင်လေးပေ့လိုက်ဆိုပါ လား"

ခေါင်းတုံးလေးက မားကျောက်ကိုကြည့်ကာ...

"အဲဒါ ဘာဖြစ်သလဲ"

သခင်လေးပေ့လိုက်က မဲပြုံးပြုံးလိုက်သည်။

"သခင်လေးပေ့လိုက်ကို အနှောက်အယှက်ပေးတဲ့လူဟာ အသက်တိုသွားရလိမ့်မယ်၊ ငါ့စိတ်ထဲမှာ နှောက်ယှက်တယ်လို့ထင် တာနဲ့ အထင်ခံရတဲ့လူဟာ သေမှာပဲ"

ခေါင်းတုံးလေးက မားကျောက်အား ပခုံးတွန့်ပြလိုက်၏။

"သူ့ကို အနှောက်အယှက်ပေးရင် သေမယ်ဆိုပါလား"

တစ်ဆက်တည်းမှာပင် မားကျောက်က ကိုယ့်ကိုကိုယ် ပြန် ကြည့်လိုက်၏။

"ငါ မသေသေးပါလား"

မားကျောက် ပြောဆိုပြုမူနေပုံက တကယ့်ကို မထီတထီ နိုင်လှပေသည်။

"အခုပဲ မင်းသေရတော့မှာပါ"

သူသည်ပြောပြီးသည်နှင့် မားကျောက်အား တိုက်ခိုက် လိုက်လေတော့သည်။

မားကျောက်က အညှိမခံဘဲ ပြန်လည်ခုခံတိုက်ခိုက်လိုက် လေသည်။

သိုင်းပညာစွမ်းအားခြင်းမှု ကွာခြားလှ၏။



သိုင်းကွက်သုံးကွက်မျှနှင့် ပေ့လိုက် မြေပေါ်သို့ မှောက် လျက်လဲကျသွားရလေတော့သည်။

♠ ♠ ♠

စန်းစီးမြို့....။

စန်းစီးမြို့တစ်ခုလုံး တိတ်ဆိတ်၍နေ၏။

လူများမရှိ၍ မဟုတ်ပါ။

လူများသည် အိမ်ထဲ၌သာ ပုန်းအောင်းနေကြခြင်းကြောင့် ဖြစ်သည်။

အလွန်အရေးကြီးသောကိစ္စရှိသည်မှအပ မည်သူမျှ အိမ် ပြင်သို့ မထွက်ဝံ့ဘဲ ဖြစ်နေကြ၏။

ယခင်က စည်ကားသိုက်မြိုက်ခြင်းကား ဆိတ်သုဉ်းသွားခဲ့ ချေပြီ။

စန်းစီးမြို့၏စည်ကားသိုက်မြိုက်သော လမ်းမပေါ်တွင် မန်ချူးများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လှည့်ပတ်သွားလာနေသည်မှအပ လူ သူတစ်ယောက်မျှ မရှိတော့ချေ။

သို့သော်...

လှုပ်ရှားသွားလာနေသူ တစ်ယောက်ကား ရှိနေ၏။

ထိုလူသည် အမှောင်ထုကိုကွယ်၍ စားသောက်ဆိုင်တစ် ဆိုင်ထဲသို့ ဝင်ရောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် မိန်းကလေးတစ်ယောက်ပင် ဖြစ်သည်။

သူမ၏တစ်ကိုယ်လုံးတွင် ဖုန်အလိမ်းလိမ်းပေကျံနေသော်လည်း သူမ၏ချောမောလှပသော မျက်နှာကို ဖုံးလွှမ်းထားနိုင်ခြင်း မရှိပေ။

မိန်းကလေးသည် စားသောက်ဆိုင်ထဲသို့ ရောက်တော့မှ ဆိုင်ထဲမှာ လူသူတစ်စုံတစ်ယောက်မျှ မရှိသည်ကိုတွေ့ရ၏။

သူမသည် ဆိုင်ခန်းတစ်ခုလုံးအား မွှေနှောက်ရှာဖွေလိုက်ရာ စားသောက်ဖွယ်ရာများနှင့် အရက်များတွေ့ရှိသွားသဖြင့် ဝမ်းသာသွားသည်။

သူသည် စားသောက်ဖွယ်ရာများကို တစ်ခုပြီးတစ်ခု နှိုက်စားနေစဉ်မှာပင် စေ့ထားသော အခန်းတံခါးကို တစ်စုံတစ်ယောက် ကတွန်းဖွင့်၍ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

သူမသည် ရင်ထိတ်သွားသည်။

စီရှိနောက်တွင် ကမန်းကတန်း ပုန်းအောင်းလိုက်၏။

ထို့နောက်...

တံခါးရှိရာသို့ ချောင်းကြည့်လိုက်သည်။

ထိုစဉ် ဆိုင်ထဲသို့ လူငယ်တစ်ယောက် ဝင်ရောက်လာသည်ကိုတွေ့မြင်လိုက်ရသည်။

♠ ♠ ♠



ထိုလူငယ်မှာ မားကျောက်ဖြစ်သည်။

သူသည် မန်ချူးများကို ရှောင်တိမ်းရင်း ဆိုင်အတွင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

သူသည် ဆိုင်ထဲသို့ ဝင်ရောက်လာသည်နှင့် အထဲ၌ လူသူတစ်ယောက်မျှ မရှိသည်ကိုတွေ့ရသဖြင့် အံ့သြသွားသည်။

သူ့နှုတ်မှ ငြိမ်သက်မနေနိုင်တော့ပါ။

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်၏။

"ဟေ့..အိမ်ထဲမှာ လူတစ်ယောက်မှ မရှိတော့ဘူးလား"

သူသည် ယင်းသို့မေးရင်း ဟိုဟိုသည်သည် လျှောက်ကြည့်နေသည်။

ထိုအခါ...

မမျှော်လင့်ဘဲ စီရှိနောက်ကွယ်တွင် ပုန်းအောင်းနေသော မိန်းကလေးအား မြင်တွေ့လိုက်ရ၏။

"ဟေ့..မင်း ဘယ်သူလဲ"

မားကျောက်က မိန်းကလေးအား မေးလိုက်၏။

မိန်းကလေးက ပုန်းကွယ်ရာမှ ထွက်လာသည်။

သူမက ခါးထောက်လိုက်သည်။

"ကျွန်မက သည်ဆိုင်ရှင်ပဲ၊ ရှင်က ဘယ်သူလဲ"

မိန်းကလေးက ခပ်တည်တည် ပြောဆိုလိုက်၏။

"ကျုပ်က ဧည့်သည်ပါ၊ ဘာများစားသောက်စရာရှိသလဲ"

မိန်းကလေးက ခေါင်းခါယမ်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ပိတ်ထားတာ မတွေ့ဘူးလား၊ ကျွန်မတို့ ဘာမှမ ရောင်းတော့ဘူး"

လူငယ်က အခန်းတစ်ခုလုံးကို ဝေ့ကြည့်လိုက်သည်။

"ခင်ဗျား တစ်ယောက်ထဲပဲလား"

"ဟုတ်တယ်"

"ခင်ဗျား တစ်ယောက်ထဲပဲဆိုရင် ကျုပ်ကို တစ်ခုခုစားစရာ ရောင်းပါလားဗျာ"

မိန်းကလေးက နှုတ်ခမ်းစူလိုက်သည်။

"ကျွန်မ ပြောပြီးပြီပဲ၊ ရှင့်ကိုရောင်းဖို့မပြောနဲ့ ကျွန်မအ တွက်တောင် စားစရာမရှိဘူး"

"ဟောဗျာ"

မားကျောက် အံ့အားသင့်သွားလေသည်။

သူသည် မိန်းကလေးအား အကဲခတ်သလို ကြည့်ရင်း...

"ခင်ဗျား စားစရာမရှိဘူး ဟုတ်လား"

"ဟုတ်တယ်"

"ဟား..ဟား..ဟား"

မားကျောက်၏ရယ်မောသံက ဆိုင်တစ်ခုလုံးဆူညံသွား အောင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မိန်းကလေးက နှုတ်ခမ်းစူလိုက်၏။

"ရှင်က ဘာရယ်တာလဲ"

မားကျောက်က ရယ်မောရာမှ ရပ်တန့်လိုက်သည်။



"ခင်ဗျားက စားသောက်ဆိုင်ပိုင်ရှင် တစ်ယောက်ဖြစ်ပြီး စားစရာမရှိဘူး ဟုတ်လား"

"ဒါက.."

မိန်းကလေး ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

မားကျောက်ကလည်း မိန်းကလေးအား ခပ်ပြုံးပြုံးစိုက် ကြည့်နေစဉ် တံခါးခေါက်သံ ကြားလိုက်ရလေသည်။

မိန်းကလေး၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဟောတော့"

မားကျောက် မျက်မှောင်ကုပ်သွားမိ၏။

"ခင်ဗျား ဘာဖြစ်နေတာလဲ"

မိန်းကလေးက တံခါးဘက်သို့ကြည့်လိုက်၏။

နှုတ်မှလည်း ထိတ်လန့်တကြားဖြင့်...

"ဒုက္ခပဲ ဆိုင်ရှင်ပြန်လာပြီနဲ့တူတယ်"

မားကျောက်က မိန်းကလေးအား မျက်မှောင်ကုပ်၍ကြည့် လိုက်သည်။

"ဒါနဲ့ ခင်ဗျားက ဆိုင်ရှင်ဆို"

မိန်းကလေးက ခေါင်းတွင်တွင် ခါယမ်းပြလိုက်၏။

မားကျောက်က သူမအား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ ခေါင်းခါပြရတာလဲ"

မိန်းကလေးက ထစ်ထစ်ငေါ့ငေါ့ဖြင့်...

"ကျွန်မ..ကျွန်မ ဆိုင်ရှင်မဟုတ်ဘူးရှင့်"

www.burmeseclassic.com

www.burmeseclassic.com



မားကျောက်၏မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားသည်။

မိန်းကလေးပြောစကားများကိုပင် ပွဲတင်ထပ်ကာ...

"ခင်ဗျားက ဆိုင်ရှင်မဟုတ်ဘူး"

ဟု ရေရွတ်လိုက်မိ၏။

မိန်းကလေးက ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မ ဗိုက်ဆာလွန်းလို့ ဘာများစားစရာရှိမလဲလို့ ဝင်ခဲ့မိတာပါ"

"သြော်...သည့်လိုကိုး"

ယခုမှပင် မိန်းကလေးမှာ သူ့ကို တစ်ချိန်လုံးလိမ်ညာနေခြင်းဖြစ်ကြောင်း သိရတော့သည်။

မားကျောက် ခါးထောက်လိုက်၏။

"မင်းနာမည် ဘယ်သူလဲ၊ မှန်မှန်ပြောစမ်း"

မိန်းကလေးက နှုတ်ခမ်းစူလိုက်သည်။

"ကျွန်မက ဘာဖြစ်လို့ ပြောရမှာလဲ"

"မပြောရင် မင်းကို အမှုထမ်းလက် အပ်လိုက်မှာပေါ့"

မားကျောက်က ခပ်တည်တည် ပြောလိုက်သည်။

မိန်းကလေး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ရှင်က ဘယ်သူလဲ"

မားကျောက်က ရင်ကော့လိုက်သည်။

"ကျုပ်က စားသောက်ဆိုင်ရဲ့ ပိုင်ရှင်ဗျ"



မိန်းကလေးက တောင်းပန်လိုက်၏။

"ကျွန်မကို မဖမ်းပါနဲ့ရှင်၊ တောင်းပန်ပါတယ်"

မားကျောက်က ခေါင်းကိုမော့လိုက်သည်။

အလွန်တရာတင်းမာ ခက်ထန်သောလေသံဖြင့်...

"မင်းက သည်ကိုဝင်လာတာ ပစ္စည်းခိုးဖို့ မဟုတ်လားကွ"

"မဟုတ်ပါဘူးရှင်၊ ကျွန်မ ဗိုက်ဆာလို့ဝင်လာခဲ့တာပါ"

"မင်းနာမည် ဘယ်သူလဲ"

"ဆားဖွေးပါ"

ဟု ပြောလိုက်၏။

မားကျောက် နှုတ်ခမ်းမဲ့လိုက်၏။

"ငါ့ကို လိမ်ဖို့မကြံနဲ့နော်"

မိန်းကလေးက ဦးညွတ်တောင်းပန်လိုက်သည်။

"ကျွန်မ...ကျွန်မ လိမ်မပြောပါဘူးရှင်"

မားကျောက်က မျက်မှောင်ကုပ်သွား၏။

"ထားပါတော့လေ၊ သည်တစ်ခါ ငါနင့်ကို ခွင့်လွှတ်လိုက်မယ်"

မားကျောက်က သဘောထားကြီးစွာ ပြောဆိုလိုက်၏။

ဆားဖွေး ဝမ်းသာသွားလေသည်။

"ကျေးဇူးတင်လိုက်တာရှင်"

"ကျေးဇူးတင်ရင် ငါလည်း ဗိုက်ဆာတယ်၊ တစ်ခုခုသွားချက်စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင့်"

ဆားဖွေးသည် မားကျောက်အား အလိုက်သင့်ပြောဆို ခေါင်းညိတ်လိုက်သည်။

ထိုစဉ်မှာပင် မန်ချူးအရာရှိတစ်ယောက်သည် တံခါးကို တွန်းဖွင့်ကာ ဆိုင်ထဲသို့ လှမ်းဝင်လာသည်။

"သည်မှာ ဆိုင်ရှင်တို့"

မားကျောက်သည် မန်ချူးအရာရှိအား တွေ့မြင်လိုက်သည်နှင့် စီရိနောက်ကွယ်သို့ ပုန်းအောင်းလိုက်သည်။

ဆားဖွေးက အံ့ဩစွာ မားကျောက်အားကြည့်မိလေသည်။

မန်ချူးအရာရှိသည် ဟိုဟိုသည်သည် ကြည့်လိုက်ပြီး...

"ဆိုင်ရှင်တို့ ခေါ်နေတာ မကြားဘူးလား"

မားကျောက်၏မျက်နှာ ရှုံ့မဲ့နေ၏။

သူသည် ဆားဖွေးကိုကြည့်ကာ...

"ငါမသွားချင်ဘူး၊ မင်းပဲသွားတွေ့လိုက်"

ဆားဖွေးက ခေါင်းခါယမ်းလိုက်သည်။

"သူက ဆိုင်ရှင်ကိုခေါ်တာပဲ၊ ကျွန်မသွားတွေ့လို့ ဖြစ်မလား"

မားကျောက်က အသံတိုးတိုးဖြင့်...

"ကျုပ်က ဆိုင်ရှင်မှမဟုတ်ဘဲ"

မားကျောက်က မတတ်သာသည့်အဆုံး၌ အမှန်အတိုင်း



ပြောဆိုလိုက်ရ၏။

မိန်းကလေးက မျက်မှောင်ကုပ်သွား၏။

"ဒါနဲ့ ရှင်က ဆိုင်ရှင်ဆို"

ယခုတစ်ကြိမ် မကျေမနပ်ဖြင့် ပြောဆိုလိုက်သူက ဆားဖွေးဖြစ်သည်

မားကျောက်၏မျက်နှာ မဲ့သွားလေသည်။

"ကျုပ်...ကျုပ်က လိမ်ပြောတာဗျ"

ဆားဖွေး ခါးထောက်လိုက်သည်။

"ဩော်....ရှင်က ဆိုင်ရှင်အတုကိုး"

ထိုစဉ်...

မန်ချူးအရာရှိက စိတ်မရှည်စွာဖြင့် အလွန်ခက်ထန်သော လေသံဖြင့် ဆိုင်အတွင်းဘက်သို့ လှမ်းအော်လိုက်လေသည်။

"သည်မှာ ခင်ဗျားတို့ ထွက်မလာရင် ကျုပ်က ဆိုင်ကိုမီးရှို့လိုက်ရမလား"

မန်ချူးအရာရှိမှာ ပြောသည့်အတိုင်း လုပ်မည့်လူစားမျိုးဖြစ်ဟန်တူသည်။ သူသည် ဆားဖွေးအား လက်အုပ်ချီ၍...

"ငါတောင်းပန်ပါတယ်ဟာ မြန်မြန်သွားတွေ့လိုက်စမ်းပါ"

ဆားဖွေးသည် မားကျောက်အား မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး ထွက်သွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မန်ချူးအရာရှိက ဆားဖွေးအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။

"မင်းက ဘယ်သူလဲ၊ ဆိုင်ရှင် ဘယ်မှာလဲ"

မန်ချူးအရာရှိ၏ ခပ်ဆတ်ဆတ်အမေးကို ဆားဖွေးက ကြောက်ရွံ့ဟန်မရှိပါ။

ဆားဖွေးက ရင်ကော့လိုက်၏။

"ကျွန်မက ဆိုင်ရှင်ပဲ"

"မတွေ့ဘူး"

"ဘယ်နေရာမှာ မတွေ့တာလဲ"

မန်ချူးအရာရှိက နှာခေါင်းရှုံ့လိုက်၏။

"မင်းရဲ့ဝတ်စားပုံကိုလည်း မင်းဘာသာ ပြန်ကြည့်ပါဦး။ ဆိုင်ရှင်နဲ့တူရဲ့လားလို့"

မန်ချူးအရာရှိက ပိုင်နိုင်စွာ ပြောဆိုနေ၏။

ဆားဖွေးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ရှင် မယုံချင်နေ၊ သည်ဆိုင်ထဲမှာ ကျွန်မ တစ်ယောက်ထဲပဲ ရှိတယ်"

မန်ချူးအရာရှိက မျက်မှောင်ကုပ်၍ အတန်ကြာစဉ်းစားလိုက်သည်။

"ကောင်းပြီလေ၊ မင်းတို့ တစ်ဆိုင်လုံးကို သခင်လေးမေ့လိုက်က ငှားလိုက်ပြီ၊ အဲဒါ ခုချိန်ကစပြီး အပြင်လူတစ်ယောက်မှ လက်မခံနဲ့တော့"



ဆားဖွေး ရင်ထိတ်သွားသည်။

"အပြင်လူကို လက်မခံရဘူး ဟုတ်လား"

"ဟုတ်တယ်၊ နောက်ပြီး စားသောက်ဖွယ်ရာများနဲ့ အရက်ကိုပါ အဆင်သင့်လုပ်ထား"

သူသည်ပြောပြီး ဆားဖွေး၏အဖြေကို မစောင့်ဘဲ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့၏။

"သည်မှာ..သည်မှာ"

ဆားဖွေးသည် ယင်းသို့လှမ်းခေါ်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဆားဖွေးသည် မားကျောက် ပုန်းကွယ်နေသောနေရာသို့ လျှောက်သွားလေသည်။

"သည်မှာ ကျွန်မတို့ မြန်မြန်ပြေးမှဖြစ်မယ်"

မားကျောက် ပုန်းကွယ်ရာမှ ထွက်လာလေသည်။

"ဘာဖြစ်လို့လဲ"

"တော်ကြာ သခင်လေးဆိုလား၊ ဘာဆိုလား ရောက်လာလိမ့်မယ်၊ သူတို့ကို အရက်နဲ့စားသောက်စရာတွေ ချပေးရမယ်တဲ့"

ဆားဖွေးက သူမ သိသမျှ အတိုချုပ်ကို ပြောပြလိုက်၏။

မားကျောက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဟုတ်တယ်၊ ဒါဖြင့် တို့ မြန်မြန်ပြေးကြမယ်"

သူတို့သည် ကမန်းကတန်း ထွက်လာကြသည်။

သို့သော်...

ထိုအခိုက်မှာပင် သခင်လေးမှုလိုက်နှင့် သူ၏ကိုယ်ရံတော်များသည် ဆိုင်ထဲသို့ ဝင်ရောက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မားကျောက်နှင့်ဆားဖွေးတို့သည် မီးဖိုဆောင်ဘက်သို့ လျင်မြန်စွာ ပြေးလွှားသွားကြ၏။

သို့ရာတွင် နောက်ဘက်မှာလည်း ထွက်ပေါက်တံခါး လုံးဝ မရှိသည်ကို တွေ့ရသဖြင့် လက်မှိုင်ချကြရလေတော့သည်။

"အခုမှ ဒုက္ခပဲ"

မားကျောက်က ညည်းညူလိုက်သည်။



ဆားဖွေးက သက်ပြင်းချလိုက်ပြီး ကြမ်းပေါ်သို့ ထိုင်ချလိုက်သည်။

ထိုစဉ်...

မားကျောက် ရုတ်တရက် ထအော်လိုက်သည်။

"ဆားဖွေး..မင်းဟိုမှာကြည့်စမ်း"

ဆားဖွေးသည် မားကျောက် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ရာ သူမ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

အကြောင်းမှာ မီးဖိုဆောင်ကစ်ခုလုံး စားသောက်ဖွယ်ရာများနှင့်ပြည့်နက်လျှက်ရှိသည်ကို တွေ့ရသည့်အပြင် အရက်အိုးများလည်း အစီအရီတွေ့ရသောကြောင့် ဖြစ်လေသည်။

မားကျောက်က...

"ကဲ တို့ပြေးလို့ မလွတ်မယ့်အတူတူ ဒါတွေကိုချပြီး သူတို့ကိုလည်းရောင်း၊ တို့လည်း ဝဝစားရတာပေါ့"

ဆားဖွေးက...

"ရှင်က ချက်တတ်လို့လား"

မားကျောက်က ခေါင်းခါယမ်းပြလိုက်၏။

"ကျုပ် ဘာမှမချက်တတ်ဘူး"

ဆားဖွေးက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကောင်းရော ကျွန်မလည်း ဘာမှမချက်တတ်ဘူး"

မားကျောက်က လက်အုပ်ချီလိုက်ပြန်၏။

"ချက်တတ်သလောက်တော့ ချက်ပါဗျာ၊ ကျုပ် အများကြီး

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်"

မားကျောက်က ဆားဖွေးအား တောင်းပန်ပြောဆိုလိုက်လေသည်။

ဆားဖွေးသည် ခြေထောက်တစ်ချက် ဆောင့်လိုက်ပြီး ထွက်သွားလေတော့သည်။

♠ ♠ ♠



ည...။

မန်ချူးများ။

ဆားဖွေး ဖြစ်သလို ချက်ထားသောထမင်းနှင့်ဟင်းများ ထိုင်ဝင် ဗိုင်းဖွဲ့ကာ စားသောက်နေကြ၏။

အရက်များ သောက်နေရသောကြောင့် ဟင်းလျာအရသာ ထို ဂရုမစိုက်နိုင်ကြပါ။

သူတို့သည်အရက်သောက်ရင်း ဗိုင်းဖွဲ့စကားပြောနေကြလေသည်။

အပေါ်ထပ်ရှိ သီးသန့်အခန်းထဲ၌မူ မန်ချူးစစ်သည်များ၏ ခေါင်းဆောင်ဖြစ်သော သခင်လေးပေ့လိုက် စားသောက်နေ၏။

ဆားဖွေးမှာ အနီးမှ ကျွေးမွေးပြုစုနေရသည်။

အရက်တော်တော်များများ သောက်ပြီးသောအခါ သခင်လေးပေ့လိုက်မှာ ရီဝေလာလေသည်။

သူသည် ရီဝေသော မျက်လုံးအစုံဖြင့် ဆားဖွေးအားကြည့်နေသည်။

"မင်း ဘာဖြစ်လို့ ရပ်နေတာလဲ"

သူသည် အနီးရှိ ကုလားထိုင်ကို ညွှန်ပြလိုက်သည်။

"လာပါ သည်မှာလာထိုင်စမ်းပါ"

ဆားဖွေးက မလွန်ဆန်ရဲဘဲ ကုလားထိုင်ပေါ်သို့ ထိုင်လိုက်ရသည်။

ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးပေ့လိုက်က အရက်တစ်ခွက် ငှဲ့လိုက်ပြီး ဆားဖွေးအား လှမ်းပေးလိုက်သည်။

"သောက်ပါ ညီမ"

သို့သော်...

ဆားဖွေးက ခေါင်းခါယမ်းပြလိုက်သည်။

"ကျွန်မ မသောက်တတ်ဘူး"

သခင်လေးပေ့လိုက်က အရက်ခွက်ကို အတင်းထိုးပေးနေသည်။

"မရဘူး၊ သောက်ရမယ်"

သူ၏နှုတ်မှလည်း အတင်းအဓမ္မတိုက်တွန်းနေလေသည်။

ဆားဖွေးသည် မတတ်နိုင်တော့ဘဲ အရက်ကို တစ်ငုံသောက်လိုက်ပြီး အောက်သို့ သွန်ချလိုက်လေသည်။

သခင်လေးပေ့လိုက်က ဆားဖွေး သောက်လိုက်သည်ဟု ထင်မှတ်ပြီး ကျေနပ်သွားလေသည်။

သူသည် လက်ခုပ်လက်ဝါးတီးလိုက်ကာ ဩဘာပေးလိုက်၏။

"သည်လိုမှပေါ့"

သူသည် နောက်ထပ် အရက်ငှဲ့ပေးလိုက်သည်။

"ကဲ နောက်တစ်ခွက်လောက် သောက်လိုက်ပါဦး"

ဆားဖွေးက သောက်ချင်ဟန်ဆောင်ပြီး သခင်လေးမမြင်အောင် သွန်ချလိုက်ပြန်သည်။



ထို့နောက်...

သခင်လေး၏ခွက်ထဲသို့ ငှဲ့ပေးလိုက်၏။

သူမ၏နှုတ်မှလည်း အမှူးသမားတစ်ဦးကဲ့သို့ အသံလေးတွဲ့စွာဖြင့်...

"သခင်လေးလည်း သောက်ရမယ်"

"ဟား..ဟား..ဟား"

သခင်လေးပေ့လိုက်က ရယ်မောလိုက်လေသည်။

"သောက်ရမှာပေါ့ဗျာ"

သူသည် အရက်ကို မော့သောက်လိုက်လေသည်။

ဆားဖွေးက ထပ်မံငှဲ့ပေးလိုက်ပြန်သည်။

သို့သော်...

ကရားထဲ၌ အရက်ကုန်သွားပြီ ဖြစ်သည်။

"အရက်ကုန်သွားပြီ ကျွန်မ သွားထည့်ပါ့မယ်"

ဆားဖွေးက ပြောပြောဆိုဆိုဖြင့်ပင် ထိုင်ရာမှထရပ်လိုက်လေသည်။

သခင်လေးပေ့လိုက်မှာ ကိုယ့်ကိုကိုယ် မထိန်းနိုင်ဘဲဖြစ်နေသည်။

"ကောင်းတယ်၊ မြန်မြန်သွားယူစမ်း၊ သည်ကနေ့ညငါမူးအောင်သောက်မယ်"

သူသည် မူးမူးရူးရူးဖြင့် ပါးစပ်ထဲ ဝေ့ကာရာပြောနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆားဖွေးက အရက်အိုးကို ယူလိုက်၏။

ထို့နောက်...

မီးဖိုဆောင်ဘက်သို့ ထွက်ခွာသွားလေသည်။

♠ ♠ ♠

ဆားဖွေးသည် အရက်ကရားကို ယူဆောင်လာပြီးနောက် အခန်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာလေသည်။

ယခုအခါတွင်မူ ဆားဖွေးတစ်ယောက်တည်း မဟုတ်တော့ ပါချေ။

ဆားဖွေးနှင့်အတူ မားကျောက်ပါ တစ်ပါတည်းပါလာ သည်။

သို့သော်...

သခင်လေးပေ့လိုက်က အလွန်အကျွံမူးနေသောကြော ဆားဖွေးကို အကာအကွယ်ယူ၍ အခန်းတွင်းသို့ ဝင်ရောက်လာသော မားကျောက်ကို မတွေ့မမြင်လိုက်ပါချေ။

မားကျောက်သည် စားပွဲအောက်သို့ ဝင်ပုန်းနေလိုက်သည်

ဆားဖွေးက သခင်လေးအား ဟန်မပျက်ပင် အရက်ငှဲ လိုက်၏။

"အရက်ရလာပါပြီ သခင်လေး၊ သောက်လိုက်ပါဦးရှင်"

ဆားဖွေးက ထပ်မံငှဲ့ပေးလိုက်ပြန်၏။



သခင်လေးက သူမအား ပြန်လည်လှမ်းပေးလိုက်လေ သည်။

သူသည် အားလေးလျှာလေးဖြင့်...

"ညီမလေးလည်း သောက်လိုက်ပါဦး"

ဟု ပြောလိုက်၏။

ဆားဖွေးက ပေ့လိုက်လက်ထဲမှ အရက်ခွက်ကိုယူလိုက်လေ သည်။

ထို့နောက်...

သူမက အရက်ခွက်ကို စားပွဲအောက်မှ မားကျောက်အား လှမ်းပေးလိုက်သည်။

ဤတွင်...

မားကျောက်က သောက်လိုက်ပြီး အရက်ခွက်ကို ပြန်ပေး လိုက်သည်။

ဤသို့ဖြင့် သခင်လေးပေ့လိုက်က သောက်လိုက် ဆားဖွေး ကိုယ်စား မားကျောက်က သောက်လိုက်ဖြင့် အရက်ကရားတစ်အိုး ထပ်မံကုန်သွားပြန်လေသည်။

အရက် အလွန်အကျွံမူးလာသောအခါ သခင်လေးပေ့လိုက် သည် မဟန်နိုင်တော့ဘဲ ခုတင်ရှိရာသို့ လျှောက်သွားလိုက်၏။

သူသည် ခုတင်ပေါ်သို့ လှဲချလိုက်ပြီး အိပ်ပျော်သွားလေ သည်။

ဆားဖွေးသည် သခင်လေးပေ့လိုက် အရက်အလွန်အကျွံ

www.burmeseclassic.com

www.burmeseclassic.com



မူး၍ အိပ်ပျော်သွားသည်ကို တွေ့ရသောအခါ စိတ်လှုပ်ရှားသွား၏။

သူမသည် စားပွဲအောက်၌ ပုန်းနေသော မားကျောက်အား အသံတိုးတိုးဖြင့် သတိပေးပြောဆိုလိုက်ရလေသည်။

"ဟော့..သူအိပ်ပျော်သွားပြီ တို့ ဘယ်လိုလုပ်ကြမလဲ"

သို့သော်...

သူမက သတိပေးပြောဆိုသော်လည်း စားပွဲအောက်မှ မားကျောက်၏အသံ ထွက်မလာပါ။

သူမသည် စိတ်တိုလာ၍ စားပွဲအောက်သို့ ငုံ့ကြည့်လိုက်ရာ သူမ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

အကြောင်းမှာ...

မားကျောက်မှာလည်း အရက်မူး၍ အိပ်ပျော်နေသည်ကို တွေ့ရလေသည်။

ဆားဖွေးသည် မားကျောက်အား သတိရလာအောင် လှုပ်လိုက်၏။

နှုတ်မှလည်း မကျေမနပ်ဖြင့် ခပ်တိုးတိုးကြိတ်ကာ ကြိမ်းမောင်းလိုက်၏။

"ဒုက္ခပါပဲ၊ ရှင် ဘယ်လိုဖြစ်သွားတာလဲ"

ဟုရေရွတ်လိုက်၏။

မားကျောက်က ရီဝေသော မျက်လုံးအစုံဖြင့် ကြည့်ကာ အာလေးလျှာလေးလေသံဖြင့်...

"ငါ ဘာဖြစ်နေလို့လဲကွ"



ဆားဖွေးက ရေအေးယူ၍ မျက်နှာကို ပက်ဖျန်းလိုက်တော့မှ မားကျောက်က သတိရလာလေသည်။

သူသည် လူးလိမ့်၍စားပွဲအောက်မှ ထွက်လာသည်။

သူ့အမူအရာမှာ ကြောင်စီစီဖြစ်နေ၏။

"ဒုက္ခပါပဲ၊ ရှင် ဘယ်လိုဖြစ်နေတာလဲ"

ဆားဖွေးက အပြစ်တင်လိုက်၏။

မားကျောက်က မျက်နှာပေါ်မှ ရေများကို သုတ်လိုက်၏။

"ငါလည်း သောက်ရင်း မူးသွားလို့ပါကွာ"

"ရှင်မူးတာက အရေးမကြီးဘူး၊ တော်ကြာ သခင်လေးသတိရလာရင် အကုန်သေကုန်လိမ့်မယ်"

ဆားဖွေး၏စကား ကြားရတော့မှ မားကျောက်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ၏။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ရှင်က ယောကျ်ားပဲ၊ ကျွန်မကို မေးနေရသလား"

မားကျောက် အနည်းငယ် စဉ်းစားလိုက်သည်။

ထို့နောက်...

ဆားဖွေးအား တစ်ချက်လှမ်းကြည့်ကာ...

"တို့ ထွက်ပြေးကြမယ်လေ"

ဟု ပြောလိုက်၏။

ဆားဖွေးက...

"အောက်မှာ မန်ချူးတွေရှိတယ်၊ ပြေးလို့ ဘယ်ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်"

မားကျောက် အတန်ကြာ စဉ်းစားသော်လည်း အကြံမရပါချေ။

သူသည် ခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။

"ငါ အရက်အလွန်အကျွံသောက်ထားလို့ အခုထိ ခေါင်းမူးနောက်နောက် ဖြစ်နေတယ်၊ ဘာမှစဉ်းစားလို့မရဘူး"

သူမသည် အကြံတစ်ခုရလာ၏။

မားကျောက်အားကြည့်ကာ…

"ကျွန်မ အကြံတစ်ခုရပြီ"

ဟု ပြောလိုက်၏။

မားကျောက်က သူမအား ရိုဝေစွာကြည့်လိုက်လေသည်။

"ဟုတ်လား ဆိုစမ်းပါဦး"

ဟု မေးလိုက်၏။

ဆားဖွေးက သူ့လက်ကိုဆွဲလိုက်၏။

"ကဲ လာပါရှင်၊ ကျွန်မ ခိုင်းသလိုလုပ်ပါ"

♠ ♠ ♠



မန်ချူးများသည် အရက်သောက်ရင်း စကားပြောနေကြ၏။ မန်ချူးတစ်ယောက်က အပေါ်ထပ်သို့ ညွှန်ပြလိုက်လေသည်။

ပြီးလျှင်…

"တို့သခင်လေးကတော့ ကံကောင်းနေပြီထင်တယ်"

ဟု ပြောလိုက်၏။

သူသည် ယင်းသို့ပြောဆိုနေစဉ်မှာပင်…

ဆားဖွေးက ခေါင်းငိုက်စိုက်ချထားသော သခင်လေးမွေ့လိုက်အားဖေးမပြီး လှေကားပေါ်မှ ဆင်းလာနေသည်ကို တွေ့ရလေသည်။

သူတို့သည် မည်သူမျှ စကားမပြောရဲကြတော့ဘဲ တိတ်ဆိတ်နေပြီး အကဲခတ်ကြည့်နေကြ၏။

သခင်လေးမွေ့လိုက်နှင့် ဆားဖွေးတို့ ဆိုင်ထဲမှထွက်ခွာပျောက်ကွယ်သွားသည်အထိ ကြည့်နေမိ၏။

နှစ်ယောက်စလုံး ပျောက်ကွယ်သွားသောအခါကျမှ မန်ချူးတစ်ယောက်က သက်ပြင်းချလိုက်လေသည်။

"တစ်ယောက်တော့ ပါသွားပြန်ပြီ"

သူ့စကား၌ မည်သို့ ရယ်မောစရာပါလေသည်မသိ။

အားလုံးက ဝါးခနဲ ရယ်မောလိုက်ကြလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဆားဖွေးနှင့် သခင်လေးပေ့လိုက်တို့သည် အဝေးသို့ရောက်သွားတော့မှ အဆောက်အဦးတစ်ခုအနီးသို့ ချဉ်းကပ်သွား၏။

သခင်လေးပေ့လိုက်က ခေါင်းပေါ်မှ ဦးထုပ်၊ အပေါ်အင်္ကျီများချွတ်လိုက်သောအခါ မားကျောက်ဖြစ်နေသည်ကို တွေ့ရလေသည်။

မားကျောက်က လက်မ ထောင်ပြလိုက်၏။

"ကျုပ်ကတော့ မင်းကို အတော်လေးစားသွားပြီ"

မားကျောက်က ဆားဖွေးအား နှုတ်မှချီးကျူးပြောဆိုလိုက်သည်။

ဆားဖွေးက သဘောကျသွား၏။

"ဒါနဲ့ ခင်ဗျားက အခု ဘယ်သွားမှာလဲ"

မားကျောက် မေးလိုက်တော့မှ ဆားဖွေး၏မျက်နှာမှာ ညှိုးငယ်သွားလေသည်။

"ကျွန်မ…ကျွန်မလည်း ဘယ်သွားရမှန်း မသိတော့ပါဘူး"

မားကျောက် မျက်မှောင်ကုပ်သွား၏။

"ခင်ဗျား ဘယ်သွားရမှန်းမသိဘူး ဟုတ်လား"

ဆားဖွေးက ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျားမှာ အိမ်မရှိဘူးလား၊ ခင်ဗျားမိဘတွေကော"

ဟု မားကျောက်က ထပ်မံမေးလိုက်၏။

ဆားဖွေး ခေါင်းခါယမ်းလိုက်၏။

မားကျောက်က…



"ခင်ဗျား အဖေနဲ့အမေကော သေသွားပြီ ဟုတ်လား"

ဆားဖွေး ခေါင်းညိတ်ပြလိုက်၏။

မားကျောက် သက်ပြင်းတစ်ချက် ချလိုက်၏။

"ဒါဖြင့် ခင်ဗျား ဘယ်ကိုသွားရမှန်းတောင် မသိတော့ဘူးပေါ့"

ထိုအမေးကိုလည်း ဆားဖွေးက ခေါင်းညိတ်ပြလိုက်ခြင်းဖြင့်သာဖြေဆိုလိုက်ပြန်၏။

မားကျောက် ပခုံးတစ်ချက် တွန့်လိုက်သည်။

"သည်မှာ ကြာကြာနေလို့ မဖြစ်ဘူး၊ ဘာပဲဖြစ်ဖြစ် မင်းငါ့နောက်လိုက်ခဲ့၊ မင်းကိစ္စ ဘယ်လိုဖြေရှင်းရမယ်ဆိုတာ နောက်မှ စဉ်းစားကြတာပေါ့"

သူသည် ပြောရင်း ဆက်လျှောက်သွားသည်။

ဆားဖွေးက သူ့နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အဆိပ်ဂိုဏ်း

ချီတိတ်၊ လုထိန်တို့သည် ကျင်းနိုင်ငံမှ ထွက်ပြေးလာသော မားကျောက်နှင့်ဆားဖွေးတို့အား ရာဖွေဆက်သွယ်ကာ စည်းရုံးသိမ်းသွင်းခဲ့ကြသည်။

မားကျောက်နှင့် ဆားဖွေးတို့သည် ချီတိတ်တို့နှင့် လက်တွဲရန် ဆုံးဖြတ်လိုက်ကြသည်။

ထိုအချိန်တွင် ဂူးမျိုးနွယ်မှ အဆိပ်သိုင်းသမားဂူးယုက သူတို့နှင့် လာရောက်ပူးပေါင်းခဲ့လေသည်။

ချီတိတ်၊ လုထိန်၊ မားကျောက်၊ ဆားဖွေးနှင့်ဂူးယုတို့သည် အဆိပ်အမျိုးမျိုး တီထွင်ခဲ့ကြသည်။



သိုင်းလောကၣ် အဆိပ်ဂိုဏ်းကို ထူထောင်ခဲ့ကြသည်။

ချီတိတ်တို့ငါးယောက် ဦးဆောင်သော အဆိပ်ဂိုဏ်းသည် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့ပြီး သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ခဲ့ကြရလေသည်။

ချီတိတ်တို့က အလွန်ကြောက်စရာကောင်းသော အဆိပ်လက်နက်သန်းတစ်ခုကိုလည်း တီထွင်နိုင်ခဲ့ကြပြီး သိုင်းလောကကို နှစ်ပေါင်းများစွာ ခြိမ်းခြောက်နိုင်ခဲ့ကြလေသည်။

သိုင်းလောကကို နှစ်ပေါင်းငါးဆယ်နီးပါး စိုးမိုးထားနိုင်ခဲ့ကြပြီး အဆိပ်ဂိုဏ်းကို စတင်ထူထောင်ခဲ့ကြသော ခေါင်းဆောင်များဖြစ်သည့် ချီတိတ်တို့ ငါးဦးမှာ အသက်ကြီးရင့်လာခြင်းကြောင့် လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးဖြင့်လည်းကောင်း ကွယ်လွန်သွားကြသည်။

ချီတိတ်တို့၏ သွေးသားမျိုးဆက်များက အမွေဆက်ခံခဲ့ကြသော်လည်း ချီတိတ်တို့၏ခြေရာကို မမီကြ၊ အရည်အချင်းမပြည့်ကြခြင်းကြောင့် အဆိပ်ဂိုဏ်းမှာ တဖြည်းဖြည်း ကျဆင်းဆုတ်ယုတ်လာခဲ့တော့သည်။

သိုင်းလောကသားများကလည်း လက်မခံဘဲ စုပေါင်းတိုက်ခိုက်ချေမှုန်းကြသောအခါ နောက်ဆုံး အဆိပ်ဂိုဏ်းပြိုကွဲပျက်စီးသွားခဲ့ရလေတော့သည်

အဆိပ်ဂိုဏ်း၏ ခေါင်းဆောင်ငါးဦး၏ မျိုးဆက်များမှ ဂူးမျိုးနွယ်ခေါင်းဆောင်၏ မျိုးဆက်ဖြစ်သော ဂူးခေါင်းဆောင်သာ

www.burmeseclassic.com

www.burmeseclassic.com



လျှင် သိုင်းလောကသားများ၏ လက်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့လေသည်။

ထိုဂူးမျိုးဆက်ခေါင်းဆောင်သည် ကြောက်စရာကောင်းသော လက်နက်ဆန်းနှင့်အတူ သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့တော့သည်။

နှစ်များကြာလာသည်နှင့်အမျှ သိုင်းလောကသားများသည်လည်း အဆိပ်ဂိုဏ်းအား တဖြည်းဖြည်း မေ့လျော့သွားကြလေသည်။

သိုင်းလောကသည် အပြောင်းအလဲများလှသည့်အတိုင်း အဆိပ်ဂိုဏ်းပျက်စီးသွားပြီး နောက်ပိုင်း၌ ကြာဖြူကန်ဂေဟာပိုင်ရှင် ဂူးပေကျားနှင့် ကျန်းဂေဟာပိုင်ရှင် ကျန်းစုထင်းတို့ ဖြစ်ပွားခဲ့ကြသော ပြဿနာရပ်များကို ထိပ်သီးသိုင်းသမားရှောင်စုရီက ကြားဝင်ဖြေရှင်းပေးရသည့်ကိစ္စက သိုင်းလောကသားများကို အာရုံပြောင်းသွားစေခဲ့သည်။

ဤတွင်...

♠ ♠ ♠



## အကြံသမား

သိုင်းလောကၢ ပညာရပ်အမျိုးမျိုးဖြင့် ထင်ရှားကျော်ကြားနေသော သိုင်းသမား အများအပြားရှိကြသကဲ့သို့ အလွန်ခေါင်းမာပြီး ပေါင်းရသင်းရခက်သည်ဟု သတင်းကြီးသော သိုင်းသမားတစ်ယောက်လည်း ရှိလေသည်။

ထိုသိုင်းသမားသည် 'ကြာဖြူကန်ဂေဟာ' ပိုင်ရှင် 'ဂူးပေကျား' ဖြစ်လေသည်။

ဂူးပေကျား...။

ဂူးပေကျားသည် ပေါင်းသင်းရခက်ကာ ခေါင်းမာသည့် လူ့ခွစာတစ်ယောက် ဖြစ်သကဲ့သို့ လောဘရမ္မက်ကြီးသူလည်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ကြာဖြူကန်ဂေဟာပိုင်နက် နယ်မြေ၌ အရှင်သခင်တစ်ပါးအလားရှိခဲ့ပြီး သိုင်းပညာအားကိုးဖြင့် ထင်ရာစိုင်းနေသူဖြစ်လေသည်။

ထို့ကြောင့်...

အကြောင်းသိသူများသည် ဝူးပေကျားကို သဘောမကျဘဲ ဝေးဝေးရှောင်ကြလေသည်။

ဝူးပေကျားကို ကြည့်မရသူ ပေါ်များသည်။

သို့ဖြင့်...

သိုင်းလောကအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်နေသည့် ကျင်းဂေဟာပိုင်ရှင် ကျန်းစုထင်းနှင့် တခောင်းစေးနှင့်မျက်ချေးပမာ တစ်ယောက်ကိုတစ်ယောက် ကြည့်မရတော့ဘဲ ရန်သူကြီးများသဖွယ် ဖြစ်လာခဲ့လေတော့သည်။

♠ ♠ ♠



လေတဟူးဟူး တိုက်ခတ်နေသည်။

တောင်ကုန်းလေးပေါ်၌ ရပ်နေသူ၏ အဝတ်အစားများမှာ လေထဲ၌ တဖျပ်ဖျပ်လူးလွန့်နေ၏။

ထိုလူသည် အဝေး၌ ခပ်ရေးရေးတွေ့မြင်နေရသော ဂေဟာကြီးတစ်ခုကို ငေးမောကြည့်နေသည်။

ထိုလူကား ကြာဖြူကန်ဂေဟာပိုင်ရှင် ဝူးပေကျားဖြစ်လေသည်။

ဝူးပေကျား ငေးမောကြည့်နေသည့် ဂေဟာကြီးမှာ သူနှင့်အဆင်မပြေဖြစ်ခဲ့ရာမှ ဆက်ဆံရေး ဆိုးဝါးလာပြီး တစ်စထက်တစ်စ တင်းမာလာကာ နောက်ဆုံး မဟာရန်သူတော်များဖြစ်ခဲ့ရသည့် ကျန်းစုထင်း ပိုင်ဆိုင်သော ကျန်းဂေဟာဖြစ်လေသည်။

ဝူးပေကျားက ကျန်းဂေဟာကို အဝေးမှကြည့်နေသည်မှာ အဘယ်ကြောင့် ဖြစ်ပါသနည်း။

ရုတ်တရက်...

ကျန်းဂေဟာမှ မီးရောင်အချို့ ထွက်ပေါ်လာသည်ကို မသဲမကွဲတွေ့မြင်လိုက်ရလေသည်။

ဝူးပေကျား၏မျက်နှာ ခက်ထန်သွားလေသည်။

"သင်းက ကိုယ့်ကိုကိုယ် တကယ့်အရေးပါ အရာရောက်တဲ့လူတစ်ယောက်လို လုပ်ပြနေတာ၊ ငါ့ကို သိက္ခာကျအောင် လုပ်သလိုပဲ"

ဟုလည်း ရေရွတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကတွင် ဝူးပေကျား၏ မကောင်းသည့် သတင်းက တစ်နေ့တခြားပို၍ လူပြောများလာသလို ကျန်းဂေဟာပိုင်ရှင် ကျန်းစုထင်း၏ ကောင်းသတင်းက ပို၍မွှေးပျံ့လာနေသည် မဟုတ်ပါလား။

ဝူးပေကျားက မည်သူ့ကိုမျှ အမှုမထားဘဲ တစ်ကိုယ်ကောင်းဆန်စွာ ဇနေထိုင်ကျင့်ကြံသော်လည်း ကျန်းစုထင်းမှာမူ ဖော်ရွေသူ၊ သဘောမနောကောင်းသူ၊ သူတပါးကို ကူညီတတ်သူ၊ အများအကျိုး ဆောင်ရွက်တတ်သူဖြစ်ရကား သိုင်းလောက၌ ပို၍ ဝင်ဆန့်လာပြီး လူချစ်လူခင်လည်း ပေါများလာသည် မဟုတ်ပါလား။

ယခု...

ကျန်းစုထင်းက သိုင်းလောကမှ မိတ်ဆွေများအား ဖိတ်ကြားကာ ဧည့်ခံပွဲကျင်းပနေခြင်း ဖြစ်လေသည်။

ကျန်းစုထင်းက သိုင်းလောကမိတ်ဆွေ သင်္ဂဟများဖြင့် ပျော်ပျော်ရွှင်ရွှင်ရှိနေချိန်၌ ဝူးပေကျားက အဝေးမှ မျှော်ငေးကြည့်ကာ ဒေါသချောင်းချောင်း ထွက်နေပါတော့သည်။

"ကျန်းဂေဟာကို မီးရှို့ဖျက်ဆီးပစ်ရမှ ငါကျေနပ်နိုင်မယ်"

ဝူးပေကျား ကျိတ်မနိုင်ခဲမရ ကြုံးဝါးလိုက်ပြန်လေသည်။

ထိုစဉ်...

"ဂေဟာရှင်ကြီး ဘာတွေများ မကျေမနပ် ဖြစ်နေတာလဲဗျာ"

နောက်ကျောဘက်မှ မေးမြန်းသံ ထွက်ပေါ်လာသဖြင့်



ဝူးပေကျား ချာခနဲ လှည့်ကြည့်လိုက်ရာ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ မျက်နှာ စုတ်ချွန်းချွန်းရှိပြီး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ဝူးပေကျားသည် ထိုလူကိုမြင်လျှင် ဝမ်းသာအားရ ဖြစ်သွားလေသည်။

"ကျူးစုခင်ဗျား ရောက်လာပြီကိုး"

ကျူးစုသည် အနက်ရောင်သိုင်းသမားတစ်ယောက် ဖြစ်ပြီး အလွန်ရက်စက်ကြမ်းကြုတ်သူဟု သတင်းကြီးနေသူ ဖြစ်လေသည်။

ကျူးစုကဲ့သို့ ကြမ်းကြုတ်လှသည့် အနက်ရောင်သိုင်းသမားတစ်ဦးနှင့် ဝူးပေကျား အဆက်အသွယ်ရှိနေသည်မှာ အဘယ်ကြောင့်ပါနည်း။

ကျူးစုက...

"ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်က ခင်ဗျားက ကျုပ်ကို တွေ့ချင်နေတယ်လို့ သတင်းပေးခဲ့တာကြောင့် ကျုပ်ရောက်လာရတာပေါ့ဗျာ၊ ကဲ ကျုပ်ကို ဘာကြောင့်တွေ့ချင်နေရတယ်ဆိုတာ ပြောစမ်းပါဦး"

ဝူးပေကျား၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ဝူတစ်ဝူထဲမှာ ခြင်္သေ့နှစ်ကောင် မအောင်းဘူးဆိုတဲ့စကား ခင်ဗျားကြားဖူးတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျူးစု မျက်မှောင်ကုပ်သွားလေသည်။

အဝေးတွင် ရှိနေသည့် ကျန်းဂေဟာဆီသို့ မျှော်ကြည့်လိုက်သည်။

တဏအတွင်းမှာပင် ဝူးပေကျားပြောသည့်စကားကိုနားလည် သဘောပေါက်သွားသည့်အလား ပြုံးလိုက်လေသည်။

"ကျုပ် ကောင်းကောင်းကြီး ကြားဖူးတာပေါ့ဗျာ"

ဝူးပေကျားက...

"သည်နယ်တစ်နယ်ထဲမှာ ထင်ရှားတဲ့ဂေဟာ နှစ်ခုဆောင်ဖြစ်နေတယ်ဗျ"

"ဒါပေါ့ ကျုပ်ဂေဟာကလည်း ထင်ရှားတဲ့ဂေဟာတစ်ခုဖြစ်နေတာပဲလေ"

ကျန်းဂေဟာသည် ဝူးပေကျား၏ကြာဖြူကန်ဂေဟာထက်ပင် ပို၍ထင်ရှားကျော်ကြားနေကြောင်း ကျူးစု သိထားပြီးသားဖြစ်လေသည်။

ဝူးပေကျားက...

"ခင်ဗျား မချမ်းသာချင်ဘူးလား"

ကျူးစုကို စိုက်ကြည့်ကာ မေးလိုက်လေသည်။

ကျူးစု ရယ်မောလိုက်လေသည်။

"မချမ်းသာချင်တဲ့လူ ဘယ်နှစ်ယောက်များ ရှိနေလို့လဲဗျာ"

ဝူးပေကျားက...

"ကောင်းပြီ..ခင်ဗျား ချမ်းသာသွားအောင် ကျုပ်ကူညီမယ်ဆိုရင်ကော"



"တယ်ဟုတ်ပါလား။ ဘယ်လိုများ ကူညီချင်တာလဲ၊ ပြောစမ်းပါဦးဗျာ"

ဝူးပေကျားက...

"သည်နယ်ထဲမှာ အရင်ကတော့ ကျုပ်က အချမ်းသာဆုံးပဲ၊ အခုတော့ သည်လိုမဟုတ်တော့ဘူး၊ ကျုပ်ထက် အဆပေါင်းများစွာ ပိုပြီးချမ်းသာကြွယ်ဝတဲ့လူတစ်ယောက် ထွက်ပေါ်လာပြီ၊ သည်လူနဲ့ယှဉ်လိုက်ရင် ကျုပ်ရဲ့ပိုင်ဆိုင်မှုတွေဟာ မပြောပလောက်အောင် ဖြစ်သွားတာပေါ့ဗျာ"

ကျူးစုက...

"ကျန်းဂေဟာကို ဆိုလိုတာလား"

ဝူးပေကျား ဝန်ခံလိုက်သည်။

"ဟုတ်တယ်၊ ကျန်းစုထင်းက ကျိုကျိုတက်ချမ်းသာကြွယ်ဝနေပြီ"

ကျန်းစုထင်းသည် သိုင်းလောက၌ အောင်မြင်နေသကဲ့သို့ စီးပွားရေးလုပ်ငန်းများ၌လည်း အလွန်တိုးတက်အောင်မြင်ကာ ကျိုကျိုတက် ချမ်းသာကြွယ်ဝနေပြီ ဖြစ်လေသည်။

အထူးသဖြင့် ကျန်းစုထင်း၏သမီး ကျန်းဟွာ၏ လိမ္မာရေးခြားရှိပြီး သိမြင်နားလည်တတ်မှုများက အဓိကနေရာမှပါဝင်နေခဲ့တော့သည်။

ကျူးစုက...

www.burmeseclassic.com

www.burmeseclassic.com



"ကျန်းစုထင်း ချမ်းသာတာ ကျုပ်ချမ်းသာတာမှ မဟုတ်တာဗျာ"

ဝူးပေကျား လက်ကာပြလိုက်လေသည်။

"ဒါပေမယ့် သူ့ရဲ့ပစ္စည်းဥစ္စာကို ကိုယ့်ရဲ့ပစ္စည်းဥစ္စာဖြစ်အောင်လုပ်ယူလို့ရတဲ့ နည်းလမ်းတွေ အများကြီးရှိတယ်ဆိုတာ သတိထားဦးမှပေါ့ဗျာ"

ကျူးစု ခေါင်းညိတ်လိုက်သည်။

"ဒါလည်း ဟုတ်တာပဲ၊ ဒါပေမယ့် ကျုပ်ကကြိုတင်စဉ်းစားထားတာမဟုတ်တော့ ရုတ်တရက် ဘာလုပ်ရမယ်ဆိုတာ ဘယ်လိုသိနိုင်ဦးမှာလဲဗျာ၊ ခင်ဗျား စဉ်းစားထားတဲ့နည်းလမ်းလေး ဘာလေးရှိရင် ပြောစမ်းပါဦး"

ဝူးပေကျား ပြုံးလိုက်သည်။

"ကျန်းဂေဟာမှာ ကျန်းစုထင်းရဲ့သမီး ကျန်းဗွာက အရေးပဲလေ၊ သူသာ ခင်ဗျားလက်ထဲရောက်လာရင် ကျန်းစုထင်း ပိုင်ဆိုင်သမျှဟာ ခင်ဗျားပိုင်ဆိုင်သွားတော့မှာပေါ့"

"လက်စသတ်တော့ သည်လိုကိုး"

ကျူးစု ကျေနပ်သွားလေသည်။

ဝူးပေကျားက...

"ကျန်းဗွာက ကျန်းစုထင်းရဲ့ အရှိန်အဝါကြောင့် သူ့ကိုဒုက္ခပေးမယ့်လူ မရှိဘူးထင်နေတာ"

"ဒါဆို ကျုပ်အတွက် လွယ်ကူသွားတာပေါ့ဗျာ"



"ခင်ဗျား လက်ခံပြီလား"

"ခင်ဗျား တစ်ယောက်လုံး ရှိနေမှတော့ ကျုပ်လက်မခံနိုင်စရာအကြောင်း ရှိဦးမှာလားဗျာ"

"ဟား..ဟား..ဟား"

ကျူးစု၏စကားကြောင့် ဝူးပေကျား သဘောကျစွာဖြင့် ဟားတိုက်ရယ်မောလိုက်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆွေ

သုံးလ…။

သုံးလဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

ကျွန်းဂေဟာပိုင်ရှင် ကျွန်းစုထင်းသည် ယွမ်မြို့ကလေးသို့ ရောက်ရှိလာလေသည်။

ကျွန်းစုထင်းက တစ်ယောက်ထဲ လာခဲ့ခြင်းဖြစ်သည်။

လှုတိုင်း ကြည်ညိုလေးစားကြသည့် ကျွန်းစုထင်းအား ရောက်လေရာအရပ်တိုင်း၌ မိတ်ဆွေသင်္ဂဟများက ခရီးဦးကြိုပြုကာ ကြီးကျယ်ခမ်းနားစွာ ဧည့်ခံကြမြဲဖြစ်သည်။

ယခုတစ်ကြိမ်၌မူ ကျွန်းစုထင်းက မည်သူ့ကိုမျှ အကြောင်းမကြားဘဲ ရောက်လာခြင်းကြောင့် သူက မည်သူ့ကိုမျှ အသိမပေးဘဲ တိတ်တဆိတ် ခရီးထွက်လာခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။



တိတ်တဆိတ် ခရီးထွက်ခြင်းသည် လျှို့ဝှက်ချက်တစ်ခုခု သို့မဟုတ် အရေးကြီးသော အကြောင်းကိစ္စတစ်ခုခုရှိနေခြင်းကြောင့် ပင်ဖြစ်ရမည် မဟုတ်ပါလား။

ကျွန်းစုထင်းက ယွမ်မြို့ကလေးသို့ ရောက်လျှင် ‘ငွေမောင်း’ တည်းခိုခန်းသို့ ဦးတည်သွားလိုက်လေသည်။

♠ ♠ ♠

ငွေမောင်းတည်းခိုခန်း…။

မထင်မရှား တည်းခိုခန်းလေးတစ်ခု ဖြစ်သည်။

သို့သော်…

ယခုအချိန်၌ ထင်ရှားသော သိုင်းသမားမုစင်း ရောက်ရှိ တည်းခိုနေလေသည်။

မုစင်းသည် သံစဉ်ဓားဟူသောဘွဲ့ထူးဖြင့် သိုင်းလောက၌ ထင်ရှားကျော်ကြားနေသော အဖြူရောင်သိုင်းသမားတစ်ဦး ဖြစ်သည်။

သံစဉ်ဓားမုထင်းဆိုလျှင် ဒုစရိုက်သမားများ၊ အနက်ရောင် သိုင်းသမားများ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြလေသည်။

မုစင်းကို ဝေးဝေးရှောင်ကြသည်။

အကြောင်းအမျိုးမျိုးကြောင့် ထိပ်တိုက်ရင်ဆိုင်ရလျှင်ပင် လက်မြှောက်အရှုံးပေးသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မစင်းအား ထိနိုက်မိပါက ရှောင်စုရီနှင့် ရင်ဆိုင်ရမည်ကို စိုးရွံ့ကြခြင်းကြောင့်လည်း ဖြစ်သည်။

ရှောင်စုရီသည် သိုင်းလောက၏ အတော်ဆုံးသိုင်းသမားဟု အားလုံးလက်ခံထားကြသည် မဟုတ်ပါ လား။

ရှောင်စုရီနှင့်မစင်းတို့သည် အလွန်ခင်မင်ရင်းနှီးကြသော သွေးသောက်မိတ်ဆွေများလည်း ဖြစ်ကြလေသည်။

မစင်းကို ထိခိုက်ပါက ရှောင်စုရီက လက်ပိုက်ကြည့်နေလိမ့်မည် မဟုတ်ပါ။

ထို့ကြောင့် မည်သူကမျှ မစင်းကို ဒုက္ခပေးဖို့ မစဉ်းစားကြတော့ချေ။

မစင်းသည် ကျန်းဂေဟာပိုင်ရှင် ကျန်းစုထင်းနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေလည်း ဖြစ်လေသည်။

မစင်းက ငွေမောင်းတည်းခိုခန်း၌ ရောက်ရှိတည်းခိုနေသည်ဟူသော သတင်းကြောင့် ကျန်းစုထင်း အလျင်အမြန် ရောက်လာခဲ့ခြင်းဖြစ်ပါတော့သည်။

♠ ♠ ♠



ကျန်းစုထင်း၏မျက်နှာ ညှိုးနွမ်းနေသည်။

"ကျုပ်သမီး ပျောက်ဆုံးသွားတယ်၊ တစ်ယောက်ယောက်ကသူ့ကို ဖမ်းဆီးသွားတာ ဖြစ်ပါလိမ့်မယ်"

မစင်းက...

"ဘယ်သူဖမ်းသွားတာလဲ၊ ဘာကြောင့်လဲဗျာ"

ကျန်းစုထင်းက...

"သူတို့က ကျုပ်ပိုင်ဆိုင်တဲ့ပစ္စည်းဥစ္စာတွေ၊ ဥယျာဉ်ခြံမြေတွေကို လိုချင်နေကြတယ်"

မစင်း မျက်မှောင်ကုပ်သွားသည်။

ကျန်းစုထင်းက စာတစ်စောင် ထုတ်ပေးလိုက်သည်။

မစင်းက ယူကာဖတ်ကြည့်လိုက်လေသည်။

ကျန်းစုထင်း၏သမီးကို အသက်ရှင်လျက် ပြန်လိုချင်ပါက ကျန်းစုထင်းသည် ပိုင်ဆိုင်ထားသော ပစ္စည်းဥစ္စာများကိုစွန့်ကာ ရပ်ဝေးသို့ အပြီးအပိုင်ထွက်သွားရမည်ဟု ခြိမ်းခြောက်ထားသောစာဖြစ်လေသည်။

စာရေးသူမှာ မည်သူမည်ဝါဖြစ်ကြောင်းကိုမူ ဖော်ပြထားခြင်းမရှိချေ။

မစင်းက...

"တော်တော် ဆိုးတဲ့လူပဲ၊ သူများရဲ့ပိုင်ဆိုင်မှုတွေကို အပိုင်စီးချင်တာနဲ့ အကောက်ကြံခဲ့တာကိုး။ ဒါထက် ခင်ဗျားရဲ့ကျန်းဂေဟာမှာ ထိပ်တန်းသိုင်းသမားတွေ အတော်ရှိနေတယ် မဟုတ်လား၊ လူ

www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာ ဘယ်သူဘယ်ဝါဆိုတာ လိုက်ပြီး မနှံစမ်းနိုင်ဘူးလားဗျ”

မှန်ပေသည်။

ကျန်းစုထင်း ဩဇာတိက္ကမကြီးမားလာပြီးနောက်ပိုင်း တပည့်တပန်းပေါများကာ ကျန်းဂေဟာမှာ အလွန်အင်အားကောင်းလာခဲ့လေသည်။

ကျန်းဂေဟာ၌ ကျန်းစုထင်း၏ လက်အောက်၌ခိုလှုံကာ တာဝန်ထမ်းဆောင်နေသော ထိပ်တန်းသိုင်းသမား ရာနှင့်ချီပြီး ရှိလေသည်။

ကျန်းစုထင်းက...

“ကျုပ်ဘက်က လှုပ်ရှားလိုက်တာနဲ့ သူတို့က ကျုပ်သမီးကို သတ်ပစ်လိုက်မှာ စိုးရိမ်ရတယ်လေ၊ ဒါကြောင့် ကျုပ် မလှုပ်ရှားဝံ့ပါဘူးဗျာ”

မုစင်း ခေါင်းညိတ်လိုက်လေသည်။

“ခင်ဗျား ဘေးကြပ်နံကြပ် ဖြစ်နေတယ်ဆိုတာ ကျုပ် သဘောပေါက်ပါပြီဗျာ”

ကျန်းစုထင်းက...

“ကျုပ်က ပစ္စည်းဥစ္စာတွေကို မမက်မောပါဘူးဗျာ၊ ဆုံးရှုံးသွားပါစေ၊ ကိစ္စမရှိပါဘူး၊ ကျုပ်သမီးလေး ဘေးမသီရန်မခ လွတ်မြောက်လာရင် တော်ပါပြီဗျာ”

မုစင်းက...

“သည်လိုဆိုရင်လည်း ခင်ဗျားသမီးကို ဖမ်းသွားတဲ့လူတွေ



နဲ့ဆက်သွယ် ညှိနှိုင်းကြည့်ပါလားဗျာ”

ကျန်းစုထင်း ညည်းတွားလိုက်သည်။

“ကျုပ်က သူတို့နဲ့ ဆက်သွယ်ဖို့ ကြိုးစားခဲ့ပေမယ့် ခုထိ အဆက်အသွယ်မရခဲ့ပါဘူးဗျာ”

“သူတို့က ထပ်ပြီးမဆက်သွယ်တော့ဘူးပေါ့”

“ဟုတ်တယ်၊ ဘာသတင်းမှ မကြားရတော့လို့ ကျုပ်လည်း စိတ်ချေဆိုကိုလာပြီး အကူအညီတောင်းရတာပါပဲလေ”

မုစင်း ပြုံးလိုက်သည်။

“ခင်ဗျား မှန်သွားပြီ၊ သည်ကိစ္စကို ကျုပ်စိတ်ဝင်စားပါတယ်၊ ကျုပ်ကူညီပါ့မယ်ဗျာ”

ထိုစကားကြားလျှင် ကျန်းစုထင်း ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

♠ ♠ ♠

ကျန်းစုထင်း ငွေမောင်းတည်းခိုခန်းမှ ထွက်သွားပြီး မရှေးမနှောင်းမှာပင် အစိမ်းရောင်ဝတ်ထားသူတစ်ယောက်က ငွေမောင်းတည်းထိုခန်းသို့ ရောက်ရှိလာလေသည်။

ထိုလူကား သိုင်းလောက၌ အတော်ဆုံးသိုင်းသမားဟု အားလုံးက တညီတညွတ်တည်း လက်ခံထားသော ရှောင်ဆုရှီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်စုရီက မစင်းနှင့် တွေ့လျှင်...

"တည်းခိုခန်းထဲက ထွက်သွားတဲ့ လူတစ်ယောက်ကို ကျုပ်တွေ့ခဲ့တယ်"

ဟု ပြောလိုက်သည်။

မစင်းက...

"ကျန်းဂေဟာပိုင်ရှင် ကျန်းစုထင်း မဟုတ်လားဗျာ၊ သူက ကျုပ်ကို လာတွေ့တာလေ"

ကျန်းစုထင်း ရောက်လာသည့် အကြောင်းရင်းကို ပြောပြလိုက်လေသည်။

ရှောင်စုရီသည် မစင်း၏စကား ဆုံးသွားသည်အထိ အသာငြိမ်ကာ နားထောင်နေပြီးမှ...

"ကျန်းစုထင်း ဒုက္ခရောက်နေတာကိုး"

ဟု မှတ်ချက်ချလိုက်သည်။

မစင်းက...

"ဟုတ်တယ်၊ သူ့သမီးဟာ ရန်သူ့လက်ထဲ ရောက်နေတယ်"

ရှောင်စုရီက မစင်းကို စိုက်ကြည့်လိုက်သည်။

"မင်းက သူ့ကို ကူညီမှာလား"

"ဟုတ်တယ်၊ ကူညီမယ်လို့ ကတိပေးလိုက်တယ်"

ရှောင်စုရီ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ကူညီမယ် ပြောပြီးပြီဆိုတော့ ကူညီရမှာ



ပေါ့၊ သူ့ရဲ့ပြဿနာဟာ ခင်ဗျားရဲ့ပြဿနာ၊ အင်း ခင်ဗျားရဲ့ပြဿနာဟာ ကျုပ်ရဲ့ပြဿနာပဲပေါ့"

မစင်း ပြုံးလိုက်သည်။

"ကျုပ်က ဘာကြောင့် ကူညီမယ်လို့ ကတိပေးလိုက်သလဲဆိုတာ ခင်ဗျားတွေးမိသလား"

ရှောင်စုရီက...

"ဝူးပေကျားကြောင့် ဖြစ်မှာပေါ့"

ဤတွင် မစင်းက တဟားဟား ရယ်မောလိုက်လေတော့သည်။

♠ ♠ ♠

ဝူးပေကျား...

ဝူးပေကျားသည် သဘောထားဆိုးသူ၊ အနက်ရောင်သိုင်းသမားများနှင့် ပေါင်းသင်းကာ သိုင်းလောကအား ဒုက္ခပေးလိုသူဖြစ်ကြောင်း လူတိုင်း သိထားကြလေသည်။

ထို့အပြင်...

ဝူးပေကျားသည် သူ့ထက် ပို၍ ချမ်းသာကြွယ်ဝကာ နာမည်သတင်း မွှေးပျံ့နေသော ကျန်းစုထင်းအား မနာလို မရှုစိမ့်ဖြစ်နေကြောင်းလည်း သိထားကြလေသည်။

"ဝူးပေကျားဟာ မကြာသေးခင်က အနက်ရောင်သိုင်း

www.burmeseclassic.com

www.burmeseclassic.com



လောကက အင်မတန် ရက်စက်ကြမ်းကြုတ်တယ်လို့ သတင်းကြီးနေတဲ့ ကျူးစုနဲ့ ဆက်သွယ်ခဲ့တယ်လို့ သတင်းကြားခဲ့တယ်”

ရှောင်စုရီက သူကြားသိထားသည့် သတင်းကို ပြောပြလေသည်။

မုစင်းက...

“ကျန်းစုထင်းရဲ့သမီးကို ဖမ်းဆီးသွားတာ၊ ဝူးပေကျားနဲ့ ကျူးစုတို့ရဲ့ လက်ချက်လို့ ဆိုလိုချင်တာလားဗျာ”

ရှောင်စုရီက...

“သူက လွဲပြီး ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲဗျာ”

မုစင်းက...

“ဒါဆိုရင်..”

ရှောင်စုရီက...

“ကျန်းစုထင်းရဲ့သမီး ကျန်းဗွာကို ကယ်တင်ချင်တယ်ဆိုရင်တော့ ဝူးပေကျားနဲ့ ရင်ဆိုင်ဖို့ပဲ ရှိတော့တာပေါ့ဗျာ”

မုစင်း သက်ပြင်းချလိုက်လေသည်။

♠ ♠ ♠

# ကံကြမ္မာ

ဝူးပေကျား၏ ကြာဖြူကန်ဂေဟာသည် လရောင်အောက်၌ လှပတင့်တယ်နေ၏။

ဝူးပေကျားသည် ပြတင်းပေါက်တစ်ခု အနီး၌ရပ်ကာ ကောင်းကင်ပေါ်မှ လဝန်းကို ငေးမောကြည့်နေသည်။

သူ၏မျက်နှာ ပြုံးယောင်သန်းကာ အားရကျေနပ်သည့် အသွင်မျိုး ရှိလေသည်။

သူက ကျန်းစုထင်းကို ဆုံးမလိုသည်။

ကျူးစု ရောက်ရှိလာသောအခါ သူ၏အကြံအစည် အောင်မြင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးပေကျား တီးတိုးကြုံးဝါးလိုက်သည်။

"ကျန်းစုထင်၊ ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

ထိုအချိန်မှာပင် သူ၏နားထဲသို့ ထူးခြားသော အသံဗလံများ ဝင်ရောက်လာလေသည်။

ဝူးပေကျား အံ့သြသွားသည်။

"ဘာသံပါလိမ့်"

အာရုံစိုက်ကာ နားထောင်လိုက်တော့မှ ဝူးဂေဟာ၏ အစောင့်အကြပ်များ တိုက်ခိုက်ခံနေရသည့် အသံများ ဖြစ်ကြောင်း သိရှိလိုက်လေတော့သည်။

"ဟင် ဘယ်သူတွေက ငါ့ရဲ့ဂေဟာကို လာပြီး တိုက်ခိုက်နေကြတာပါလိမ့်"

ဝူးပေကျားသည် ချက်ချင်းပင် အခန်းတွင်းမှ ပြေးထွက်သွားလိုက်လေသည်။

ဂေဟာအပြင်ဘက်သို့ ရောက်ရှိသွားလျှင် လူနှစ်ယောက်က လာရောက်တိုက်ခိုက်နေခြင်း ဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်ကာ မုစင်းနှင့် ရှောင်စုရီပင် ဖြစ်ပါသည်။

ဝူးပေကျား ထိတ်လန့်သွားလေသည်။

"မုစင်းနဲ့ ရှောင်စုရီပါလား"

သိုင်းလောက၏ အကျော်ကြားဆုံး ရှောင်စုရီ ရောက်ရှိလာပြီ ဖြစ်ရာ အခြေအနေ မဟန်တော့ကြောင်း ကောင်းစွာ သဘော



ပေါက်လိုက်လေသည်။

ရှောင်စုရီအား သူက မည်နည်းနှင့်မျှ ရင်ဆိုင်နိုင်မည် မဟုတ်ကြောင်း နားလည်ထားလေသည်။

ဝူးပေကျား မကျေမနပ် ဖြစ်သွားလေသည်။

"ငါလောက် အသုံးမကျတဲ့ လူ လောကပေါ်မှာ ရှိတော့မှာ မဟုတ်ဘူး၊ ကျန်းစုထင်က သံစဉ်ဓားမုစင်းနဲ့ ရင်းနှီးတာပဲ၊ သူက မုစင်းကို အတူအညီတောင်းရင် မုစင်းက ကူညီမှာပဲ၊ ဒါဆို မုစင်းနဲ့ အင်မတန် ရင်းနှီးတဲ့ ရှောင်စုရီက လက်ပိုက်ကြည့်နေပါ့မလား"

မုစင်းနှင့် ရှောင်စုရီတို့ ရောက်လာကြပြီ ဖြစ်ရာ သူ၏အကြံအစည် ပျက်စီးသွားသည့်အပြင် ကြာဖြူကန်ဂေဟာလည်း အခြေအနေကောင်းတော့မည် မဟုတ်ကြောင်း နားလည်သွားလေတော့သည်။

ထိုစဉ်...

"ခင်ဗျား ဘာလုပ်နေတာလဲ"

စကားသံနှင့်အတူ ကျူးစု ရောက်ရှိလာလေသည်။

ဝူးပေကျားက...

"ရှောင်စုရီ ရောက်လာတယ်ဗျ"

ကျူးစုက...

"သူရောက်လာတော့ကော ဘာဖြစ်သလဲ"

ဝူးပေကျား ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"ကျုပ်တို့က သူ့ကို ယှဉ်နိုင်မှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျူးစုက...

"မယုံနိုင်ကော ဘာဖြစ်သလဲ၊ ကျုပ်တို့က သူတို့ကို ကြောက်နေရမှာလား"

ဂူးပေကျားက...

"ခင်ဗျားက သူ့ကို ရင်ဆိုင်မယ် ဟုတ်လား"

ကျူးစု မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တို့လက်ထဲမှာ ကျန်းစုထင်းရဲ့သမီး ရှိနေမှတော့ သူ ဘာလုပ်ရဲမှာလဲ"

ဂူးပေကျား မျက်မှောင်ကုပ်သွားလေသည်။

"ခင်ဗျားသဘောက.."

"ခင်ဗျားက ကျန်းစုထင်းရဲ့သမီးကို သွားခေါ်လာခဲ့ပါ၊ ကျုပ်က ကျန်းစုထင်းနဲ့ ရင်ဆိုင်ထားမယ်"

ဂူးပေကျားသည် ကျူးစု၏အကြံကို သဘောပေါက်သွားလေသည်။

ကျူးစုသည် ထိပ်သီးလူဆိုးတစ်ယောက် ဖြစ်ခြင်းကြောင့် ကျန်းစုထင်းနှင့် ရင်ဆိုင်လိုသည်။

အခြေအနေပေးပါက ကျန်းစုထင်းကို တိုက်ခိုက်အနိုင်ယူမည် ဖြစ်သည်။

အခြေအနေ မပေးပါက ကျန်းစုထင်း၏သမီးနှင့် အကြပ်ကိုင်ကာ ခြိမ်းခြောက်ရန် ဖြစ်လေသည်။

ဂူးပေကျား ပြုံးလိုက်သည်။



"ကောင်းပြီ၊ ကျန်းစုထင်းရဲ့သမီးကို ကျုပ်သွားခေါ်လိုက်မယ်"

"မြန်မြန်သွားပါ"

ကျူးစုက တိုက်ပွဲ ဖြစ်ပွားနေသော နေရာဆီသို့ ပြေးလွှားသွားလေသည်။

ဂူးပေကျားက ဂေဟာထဲ ဝင်သွားသည်။

ထို့နောက် ဂူးပေကျား ပြန်ထွက်မလာတော့ချေ။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျူးစုသည် တိုက်ပွဲ ဖြစ်ပွားနေသော နေရာသို့ ပြေးလွှားသွားလိုက်လေသည်။

မုစင်းနှင့် ရှောင်စုရီတို့က ကြာဖြူကန်ဂေဟာမှ သိုင်းသမားများကို တိုက်ခိုက်နေကြ၏။

"ဝှန်း"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်နေသည်။

ဂူးပေကျား၏လူများသည် ရှောင်စုရီတို့အား မယှဉ်နိုင်ဘဲ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

ကျူးစု ဒေါသထွက်သွားသည်။

"အသုံးမကျတဲ့ကောင်တွေ"

ဖြစ်တင်အော်ဝေါ်ကာ ကိုယ်တိုင် ပါဝင်တိုက်ခိုက်လိုက်လေသည်။

ကျူးစုသည် သိုင်းပညာ အဆင့်မြင့်ပြီး အလွန်ရက်စက်ကြမ်းကြုတ်သော အနက်ရောင်သိုင်းသမားတစ်ဦး ဖြစ်လေသည်။

သူ၏တိုက်ကွက်များက ပြင်းထန်လှသဖြင့် မုစင်း ကပျာကယာ နောက်ဆုတ်လိုက်ရလေသည်။

ရှောင်စုရီက သတိပြုမိသွားသဖြင့်...

"ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ်ဗျာ"

ရိပ်ခနဲ ပြေးသွားပြီး ကျူးစုနှင့် ရင်ဆိုင်လိုက်လေသည်။



"သေလိုက်စမ်း"

ကျူးစုက အော်ဝေါ်ရင်း ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

ကျူးစု၏ဓားချက်များက ရှောင်စုရီ၏တစ်ကိုယ်လုံး လွှမ်းခြုံသွားတော့သည်။

ရှောင်စုရီ ရင်ထိတ်သွား၏။

"ကျူးစုဟာ ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ဆိုတာ မှန်နေပါလား"

ဓားတစ်လက်ဆွဲကာ သတိဝီရိယဖြင့် ရင်ဆိုင်လိုက်ရလေသည်။

ကျူးစုသည် သိုင်းလောက၌ အတော်ဆုံးဟု ထင်ရှားနေသော ရှောင်စုရီကို အလိုလို မုန်းတီးနေမိလေသည်။

ရှောင်စုရီအား ဆုံးမမည်ဟု စိတ်ပိုင်းဖြတ်ထားသူ ဖြစ်လေသည်။

ရှောင်စုရီအား ဆုံးမနိုင်မည်ဆိုပါက သိုင်းလောကတစ်ခုလုံး သူ့အား ကြောက်ရွံ့ထိတ်လန့်သွားကြလိမ့်မည် မဟုတ်ပါလား။

"ဟိတ်"

"ယား"

ကျူးစုက ရှောင်စုရီအား အနိုင်ရလျှင်ပြီးကောဟု သဘောစိတ်ကာ အသက်ကို ပဓာနမထားဘဲ သူ့သေကိုယ်သေ တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်စုရီ ဘာမှ မတတ်သာတော့ဘဲ နောက်ဆုတ်ပေးလိုက်ရလေသည်။

"ဟား...ဟား...ဟား"

ကျူးစု သဘောကျစွာ ရယ်မောလိုက်သည်။

"ရှောင်စုရီ၊ မင်း ဘာတတ်နိုင်သေးသလဲ"

အော်ငေါက်ရင်း ထပ်မံတိုက်ခိုက်လိုက်လေသည်။

မုစင်းက...

"ကျုပ် ဓားကို ကြည့်ထားပါဦး"

သံစဥ်ဓားကို ဝေ့ယမ်းကာ ကြားဝင်ရင်ဆိုင်လိုက်သည်။

"သွားစမ်း"

ကျူးစုက မုစင်းကို ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

မုစင်းကလည်း တရကြမ်း တိုက်ခိုက်လိုက်ရာ တိုက်ပွဲ ပြင်းထန်လှပေတော့သည်။

ကျူးစုသည် ဓားဖြင့် တိုက်ခိုက်သကဲ့သို့ လက်နက်ပုန်းများလည်း အသုံးပြုလိုက်ခြင်းကြောင့် ကြာသော် မုစင်း အခက်ကြုံလာလေတော့သည်။

ကြာဖြူကန်ဂေဟာမှ သိုင်းသမားများကလည်း ဝင်ရောက်တိုက်ခိုက်လာကြသဖြင့် မုစင်း ဘာမှမတတ်နိုင်တော့ဘဲ နောက်ဆုတ်ပေးလိုက်ရတော့သည်။

ရှောင်စုရီက...



"နောက်ဆုတ်လိုက်ကြစမ်း"

အော်ငေါက်ရင်း ငှုးပေကျွန်း၏လူများကို ဦးစွာ တိုက်ခိုက်လိုက်လေသည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ငှုးပေကျွန်း၏လူများ အထိနာကာ ဖရိုဖရဲ နောက်ဆုတ်သွားကြတော့သည်။

ထိုအခါမှ...

"သတိထား"

ရှောင်စုရီက သတိပေးရင်း မုစင်းနှင့် ကျူးစုတို့နှစ်ယောက်ကြားသို့ ခုန်ဝင်လိုက်လေသည်။

မုစင်း ယခုမှ အသက်ဝဝရှူနိုင်တော့သည်။

ရှောင်စုရီက ကျူးစုကို တာဝန်ယူလိုက်ပြီဖြစ်ရာ မုစင်းလည်း နောက်ဆုတ်လိုက်လေတော့သည်။

ရှောင်စုရီနှင့် ကျူးစုတို့ ထိပ်တိုက်ရင်ဆိုင်လိုက်ကြလေသည်။

"ဟား...ဟား...ဟား"

ကျူးစု ဟားတိုက်ရယ်မောလိုက်လေသည်။

"သိုင်းလောကမှာ အတော်ဆုံး သိုင်းသမားလို့ နာမည်ကြီးနေတဲ့ ရှောင်စုရီနဲ့ တွေ့ရတာ ဝမ်းသာလို့ မဆုံးပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်စုရီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကတော့ ဝမ်းမသာနိုင်ပါဘူးဗျာ"

"ဘာဗျ"

"လူတစ်ယောက်ကို သတ်ပစ်ရတော့မယ့် ကိစ္စက ဘယ်လိုလုပ်ပြီး ဝမ်းသာစရာကောင်းမှာလဲဗျာ"

"ဟား..ဟား..ဟား"

ကျန်းစုက ရယ်မောလိုက်လေသည်။

"ခင်ဗျားက ကျုပ်ကို သတ်ပစ်နိုင်မယ် ထင်နေရင် မှားသွားမှာပေါ့ဗျာ"

ရှောင်စုရီက...

"ခင်ဗျားရဲ့လက်မှာ အပြစ်မရှိတဲ့ လူတွေရဲ့ သွေးတွေ စွန်းထင်းပေကျံနေတာ များလှပါပြီ၊ ခင်ဗျားအသက်ရှင်နေသမျှ ကာလပတ်လုံး ဒုက္ခရောက်ရမယ့်လူတွေ ရှိနေဦးမှာပဲ"

ကျူးစုက...

"သိပ်ပြီး ကြီးကြီးကျယ်ကျယ် ပြောမနေပါနဲ့လေ၊ ကျုပ်ကို အနိုင်ရအောင် အရင်ကြိုးစားကြည့်ပါဦး"

စကားဆုံးလျှင် ဓားဝှေ့ယမ်းကာ တရကြမ်း တိုက်ခိုက်လိုက်လေသည်။

လက်နက်ပုန်းလေးများဖြင့်လည်း ပစ်ခတ်တိုက်ခိုက်လိုက်လေသည်။

ကျန်းစု၏တိုက်ခိုက်မှုကြောင့် ရှောင်စုရီ တစ်ချက်ကလေး



များယွင်းလိုက်သည်နှင့် သေဆုံးသွားရလိမ့်မည် ဖြစ်လေသည်။

မုစင်းမှာ ရှောင်စုရီအတွက် စိုးရိမ်သွားလေသည်။

ထိုအချိန်မှာပင်...

"ဒုတ်..ဒုတ်..ဒုတ်"

"ထောက်..ထောက်..ထောက်"

ရှောင်စုရီက ဓားဝှေ့ယမ်းလိုက်ရာ ကျူးစု၏လက်နက်ပုန်းကလေးများမှာ မြေပေါ် ပြုတ်ကျသွားတော့သည်။

ရှောင်စုရီက...

"သည်တစ်ခါ ကျုပ်အလှည့်ပဲ"

ရုတ်တရက် ဓားကွက်ပြောင်းကာ တိုက်ခိုက်လိုက်လျှင် ကျူးစု အခက်ကြုံသွားလေတော့သည်။

ရှောင်စုရီ၏ဓားချက်များက ကျူးစု၏တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်လေသည်။

ကျူးစု ထိတ်လန့်သွားသည်။

ရှောင်စုရီအား မည်သို့မျှ မယှဉ်နိုင်ကြောင်း နားလည်သွားလေသည်။

သို့တိုင်...

"ကျုပ်က ကြောက်နေမယ်များ ထင်နေသလား"

အော်ဟစ်ရင်း နောက်မဆုတ်စတမ်း ရင်ဆိုင်လိုက်လေသည်။

မိုက်မိုက်မဲမဲ ရင်ဆိုင်လိုက်ခြင်းက ကျူးစု သေဆုံးဖို့ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

ရှောင်စုရီ၏ဓားကွက်များကို မယှဉ်နိုင်တော့ပေ။

ရှောင်စုရီ၏ဓားချက်များသည် ကျူးစု၏တစ်ကိုယ်လုံး ဖုံးလွှမ်းသွားတော့သည်။

ကျူးစု မျက်လုံးပြာဝေသွားလေသည်။

ရှောင်စုရီ၏ဓားက သူ၏ရင်ဝသို့ တိုးဝင်လာသည်ကို တွေ့မြင်လိုက်ရသော်လည်း ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါချေ။

ဓားဦးက သူ၏ရင်ဝကို ထိုးဖောက်စိုက်ဝင်သွားတော့သည်။

"အား"

ကျူးစု အသံနက်ကြီးဖြင့် အော်ဟစ်ကာ မြေပေါ် လဲကျသွားလေတော့သည်။

♠ ♠ ♠

မုစင်းနှင့် ရှောင်စုရီတို့သည် ကြာဖြူကန်ဂေဟာ၏ မကောင်းမှုများကို ချေမှုန်းနိုင်ခဲ့ကြလေသည်။

ကျူးစု သေဆုံးသွားပြီး ဝူးပေကျားက ထွက်ပြေးတိမ်းရှောင်သွားလေသည်။

ကျန်းစုထင်း၏သမီး ကျန်းဟွာကို ကယ်တင်ကာ ကျန်းစုထင်း၏လက်ထဲ ပြန်လည်အပ်နှံနိုင်ခဲ့လေသည်။

ကျန်းစုထင်းသည် မုစင်းနှင့် ရှောင်စုရီတို့အား ကျေးဇူးတင်



မဆုံး ဖြစ်နေတော့သည်။

သို့သော်...

ရှောင်စုရီနှင့် မုစင်းတို့သည် ဝူးပေကျားက ကျန်းစုထင်းအား ဒုက္ခပေးခဲ့သည့် ကိစ္စနှင့် ပတ်သက်ပြီး သဘောမကျနိုင်အောင် ဖြစ်နေကြပါတော့သည်။

ရှောင်စုရီက...

"ကျန်းစုထင်းရဲ့ အင်အားက အတော်တောင့်တင်းတာပဲ မဟုတ်လား"

မုစင်းက...

"ဟုတ်တယ်လေ"

ရှောင်စုရီက...

"သူက ဂရုစိုက်မယ်ဆိုရင် ဝူးပေကျားက သူ့ကို ဒုက္ခပေးနိုင်ပါ့မလား"

မုစင်း ခေါင်းခါယမ်းလိုက်သည်။

"ဘယ်နည်းနဲ့မှ ဒုက္ခပေးနိုင်မှာ မဟုတ်ပါဘူးဗျာ"

ရှောင်စုရီက...

"ကျန်းစုထင်းက လျစ်လျူရှုထားလို့သာ ဝူးပေကျားက ဒုက္ခပေးနိုင်ခဲ့တာ၊ ဒါဟာ ထောင်ချောက်တစ်ခု ဖြစ်နိုင်တယ်၊ ကျန်းစုထင်းမှာ အကြံအစည်တစ်ခုခု ရှိနေနိုင်တယ်၊ ဒါကြောင့် မင်းက ကျန်းစုထင်းအကြောင်းကို စုံစမ်းဖော်ထုတ်ဖို့ ကြိုးစားပါ"

"ကောင်းပြီ"

www.burmeseclassic.com

www.burmeseclassic.com



မုစင်း သဘောကျလိုက်သည်။

ရှောင်စုရီက…

"ကျုပ်က ဂူးပေကျား နောက်ကို လိုက်မယ်"

ကျန်းဂေဟာနှင့် ဂူးပေကျားတို့ ပြဿနာ ဖြစ်ပွားခဲ့ရာ၌ လျှို့ဝှက်သော အကြောင်းတစ်ခုခု ရှိရမည်ဟု ရှောင်စုရီနှင့် မုစင်းတို့ သတိပြုမိကာ အဖြစ်မှန်ကို ဖော်ထုတ်ရန် ဆက်လက်ကြိုးစားသွားကြဖို့ ဆုံးဖြတ်လိုက်ကြသည်။

ဤတွင်…

တစ်ချိန်က သိုင်းလောကအား ဒုက္ခပေးခဲ့သည့် အဆိပ်ဂိုဏ်းနှင့် ပတ်သက်လာခဲ့ရလေသည်။

အဆိပ်ဂိုဏ်းမှ ပျောက်ဆုံးသွားကြသော 'ဂူး'မျိုးနွယ် အဆိပ်ဂိုဏ်းခေါင်းဆောင်၏ မျိုးဆက်များနှင့် ရင်ဆိုင်ရဖို့ အကြောင်းဖန်လာခဲ့လေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်းစာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တရုတ်ဗိုလ်

# သီဟအောင်

# အဆိပ်ကျေးကျွန်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

# အကြီးဆိုးနှင့်လူ

လရောင်သည် မှေးမှိန်နေ၏။

လူနှစ်ယောက်သည် အရှေ့ဘက်သို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။

သူတို့သည် မြို့ပြင် ရောက်လာသောအခါ ရေကန်ဘောင် အတိုင်း လျှောက်သွားပြန်လေသည်။

သူတို့သည် ခဏတာမျှ ဆက်၍ လျှောက်ပြီး မြေလှမ်းရပ် တန့်သွားသည်။

ကန်ဘောင်တစ်ဘက်၌ အပင်များ အစီအရီ စိုက်ထားလေ သည်။

ရှေ့သို့ မျှော်ကြည့်လိုက်လျှင် ကန်ဘောင်ဘက်မှ မြောင့် တန်းပြီး အဆုံးအစ မရှိဟု ထင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လရောင်ပက်ဖြန်းထားသောကြောင့် ကဗျာဆန်သော ပန်းချီကားတစ်ချပ်သဖွယ် တူလှပေသည်။

ထိုလူနှစ်ယောက်ကား ရှောင်စုရီနှင့် သူခြေရာခံ ရှာဖွေနေသော ကြာဖြူကန်ဂေဟာပိုင်ရှင် ဝူးပေကျားတို့ပင် ဖြစ်နေပါတော့သည်။

♠ ♠ ♠

ရှောင်စုရီ...

ရှောင်စုရီသည် သက်ဲမကင်း ဖြစ်မိသော ကျန်းဂေဟာပိုင်ရှင် ကျန်းစုထင်းထံ၌ မုစင်းအား စုံစမ်းရန် ထားရှိခဲ့၏။

သူကမူ ကျန်းစုထင်းအား ပြဿနာရှာ ရင်ဆိုင်ခဲ့သော ဝူးပေကျားအား လိုက်လံရှာဖွေခဲ့သည်။

ထွက်ပြေးမလွတ်တော့ဟု သဘောထားကာ ဝူးပေကျားသည် ရှောင်စုရီနှင့် ထိပ်တိုက်တွေ့ဆုံရန် ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့်...

ယနေ့ည၌ သူသည် ရှောင်စုရီအား ဆက်သွယ်ကာ မြို့ပြင်ကန်ဘောင်သို့ ခေါ်ဆောင်လာခဲ့ခြင်းပင် ဖြစ်ပေတော့သည်။

သူတို့နှစ်ဦး တွေ့ဆုံမှု အဖြေရလဒ်ကား မည်သို့ ဖြစ်လာပေမည်နည်း။ မည်သူမျှ မခန့်မှန်းတတ်ကြပါတော့ချေ။

♠ ♠ ♠



ဝူးပေကျားသည် ဖြည်းညင်းစွာ လျှောက်သွားရင်းမှ ရပ်တန့်လိုက်သည်။

သူသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

ထို့နောက် သက်ပြင်းတစ်ချက် အသာချကာ...

"ဒီနေရာက တော်တော့်ကိုကောင်းတဲ့ နေရာပါပဲ"

ရှောင်စုရီ ခြေလှမ်းရပ်ကာ ခေါင်းညိတ်ပြလိုက်၏။

ဝူးပေကျားက ဆက်ပြောလာသည်။

"အရင်တုန်းကဆိုယင် ကျုပ် ဒီနေရာကို သဘောကျလို့ ခဏခဏ လာတတ်ပါတယ်"

ရှောင်စုရီက...

"ဘယ်လောက်ကြာပြီလဲ"

ဝူးပေကျားက...

"နှစ်သုံးဆယ်လောက် ရှိပြီ ထင်တယ်"

သူသည် သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်၏။

"နှစ်ပေါင်းအတော်ကြာပေမယ့် ပြောင်းလဲမှုတော့ လုံးဝမရှိပါဘူး"

ရှောင်စုရီ မျက်မှောင်ကုပ်သွားသည်။

"အရင်တုန်းက ဒီလို အချိန်မျိုးပဲလား"

ဝူးပေကျား ခေါင်းယမ်းလိုက်သည်။

"မဟုတ်ဘူး။ မနက် ဝေလီဝေလင်း အချိန်က ကဗျာအဆန်ဆုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက ရှောင်စုရှီအား တစ်ချက်အကဲခတ်ကြည့်ကာ ဆက်မေးလိုက်၏။

"ကျုပ်က ဘာကြောင့် ဒီလို အမျိုးမျိုး ရွေးချယ်လိုက်တယ်ဆိုတာ မင်းသိသလား"

ရှောင်စုရှီ ခေါင်းခါယမ်းလိုက်၏။

"မသိဘူး"

ဝူးပေကျား က...

"ကျုပ်က ကျန်းစုထင်းကို အခဲမကျေသလို မင်းက ကျုပ်နောက် တကောက်ကောက် ခြေရာခံလိုက်နေတယ်၊ ဒါကြောင့် အခုလိုအချိန် ဒီနေရာမှာ တွေ့ဖို့ ချိန်းဆိုလိုက်တာပါ"

ရှောင်စုရှီ ခေါင်းညိတ်လိုက်၏။

"အခုလို တွေ့ဆုံလိုက်တော့ စောစောကိစ္စပြတ်သွားတာပေါ့"

ဝူးပေကျားက...

"ဒါပဲလေ၊ ကျုပ်က ရှောင်ပုန်းနေလို့မှမရတာ၊ အခုလို တွေ့ဆုံတော့ အဖြေတစ်ခု ထွက်လာမှာပေါ့"

ရှောင်စုရှီက...

"ဒါထက် ကျန်းစုထင်းက ဘယ်လိုလူစားမျိုးလဲဗျ"

ဝူးပေကျားက အဖြေမပေးဘဲ ပြန်မေးလိုက်၏။

"ကျုပ်က သူ့ကို ရန်ရှာတာ ဘာကြောင့်လဲဆိုတာ မင်းသိသလား"



ရှောင်စုရှီက...

"သူ့စီးပွားရေးလုပ်ငန်းတွေ လိုချင်တဲ့အတွက် မဟုတ်လား"

ဝူးပေကျားက...

"ဒီနယ်မြေတစ်ဝိုက်မှာ စီးပွားရေးလုပ်ငန်း ငါးပုံတစ်ပုံဟာ သူပိုင်ဆိုင်တယ်ဆိုတာ ခင်ဗျားသိမှာပါ"

ရှောင်စုရှီ ခေါင်းညိတ်လိုက်၏။

"ကျုပ်သတင်းကြားမိပါတယ်"

ဝူးပေကျားက...

"ကောင်းပြီ၊ ဒီလို လုပ်ငန်းချဲ့တွင်နိုင်အောင် သူ ငွေတွေဘယ်က ရသလဲဆိုတာရော သိသလား"

ရှောင်စုရှီက...

"ဒါကို ကျုပ်လဲ မသင်္ကာ ဖြစ်မိတယ်၊ ဒါကြောင့် အဖြစ်မှန်သိရအောင် ခင်ဗျားနောက် လိုက်နေရတာပေါ့၊ ခင်ဗျားသာ သူ့အကြောင်း အသိဆုံးမို့ ရန်စခဲ့တာလို့ ကျုပ်ယူဆတယ်လေဗျာ"

ဝူးပေကျား ပြုံးလိုက်၏။

"မင်းဉာဏ်ကောင်းသားပဲ၊ ကျုပ်နောက်ကို သဲကြီးမဲကြီး ခြေရာခံ လိုက်နေကတည်းက ကျန်းစုထင်းကြောင့်ဆိုတာ ရိပ်မိပါတယ်၊ ကျုပ်ကလဲ သူ့အကြောင်း ပြောပြချင်စိတ် ပေါ်လာလို့ မင်းကို ချိန်းလိုက်ရတာပေါ့"

ရှောင်စုရှီက...

"ကျန်းစုထင်းအကြောင်း ပြောပြစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဝူးပေကျား က...

"ခင်ဗျားဟာ 'နန်းတွင်း' မှာ တော်တော်ကြာကြာ နေဖူးတယ်မဟုတ်လား"

ရှောင်စုရီ ခေါင်းညိတ်လိုက်သည်။

"မကြာမကြာတော့ ရောက်ဖူးပါတယ်"

ဝူးပေကျား က...

"နန်းတွင်းက မင်းစိုးရာဇာတွေနဲ့ သိကျွမ်းခဲ့တယ် မဟုတ်လား"

ရှောင်စုရီက...

"သိသင့်သလောက် သိပါတယ်"

ဝူးပေကျား က...

"ဒါဖြင့် အခု ခေတ်စားနေတဲ့ အသက်ရှည်ဆေးဆိုတာရော ကြားဖူးတယ် မဟုတ်လား"

ရှောင်စုရီ၏မျက်နှာတွင် ရှုံ့မှုန်းသည့် အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

"သိပါတယ်"

ဝူးပေကျား က...

"အမှန်ပြောရမယ်ဆိုရင် ဒီဆေးဟာ စပြီးသောက်ခါစတော့ စားသုံးတဲ့လူဟာ စိတ်ခတ်တက်ကြွပြီး အလွန်လန်းဆန်းသန်မာပါတယ်၊ ဒါပေမယ့် ကြာကြာစွဲလာတဲ့အခါမှာ တဖြည်းဖြည်း အသားအရည်ခြောက်ပြီးအရိုးပေါ်အရည်တင်ဖြစ်သွားတတ်ပါတယ်"



ရှောင်စုရီ မျက်မှောင်ကြုတ်သွားသည်။

ဝူးပေကျား က စကားဆက်လိုက်သည်။

"အဲဒီဆေးဟာ ဘိန်းပင်ဆိုတဲ့ အပင်တစ်မျိုးက အသီးထုတ်လိုက်တဲ့ ပစ္စည်းပါ"

ရှောင်စုရီက...

"ခင်ဗျားဆိုလိုတာက.."

ဝူးပေကျား က ကြားဖြတ်ပြောလိုက်သည်။

"ကျန်းစုထင်းဟာ အဲဒီ ဘိန်းပင်များ စိုက်ပြီး ဘိန်းချက်တဲ့နေရာမှာ တော်တော့်ကို ကျွမ်းကျင်တယ်ဆိုတာ ကျုပ်ကောင်းကောင်းသိတယ်"

ရှောင်စုရီက သူ့အား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားရော ဘိန်းချက်တတ်လို့လား"

ဝူးပေကျား ခေါင်းယမ်းလိုက်သည်။

"မချက်တတ်ပါဘူး"

သူသည် သက်ပြင်းချ၍ စကားဆက်လိုက်သည်။

"ကျန်းစုထင်းဟာ ဘိန်းကိုချက်ပြီး နန်းတွင်းအခြေစိုက်မိုင်ဖုံးမြို့တင်မက တဖြည်းဖြည်းနဲ့ ကျန်းနန်ဘက်ကိုတောင် နယ်ချဲ့နေတယ်လေ"

"ဟာ"

ရှောင်စုရီ ထိတ်လန့်တုန်လှုပ်သွား၏။

သူသည် အလွယ်တကူ ထိတ်လန့်တတ်သူ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှာမှ လျှို့ဝှက်ချက်ကို ကြားသိရသောအခါ ထိတ်လန့်တုန်လှုပ်သွားသည်မှာ အမှန်ပင် ဖြစ်သည်။

ဝူးပေကျား‌က စကားဆက်လိုက်သည်။

"ကျန်းစုထင်းက လယ်မြေများကို ဈေးကြီးပေးဝယ်နေတာ ဘိန်းပင်စိုက်ဖို့ပါပဲ၊ နောက်ပြီး နယ်မြေတစ်ခုလုံးကို သူက ပိုင်ထားမှ ဘိန်းချက်လုပ်ငန်းကို ဘယ်သူကမှ သိကြမှာ မဟုတ်ဘူးလေ"

ရှောင်စုရီ မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက ဒီလျှို့ဝှက်ချက် သိရအောင် အတော်ကို အချိန်ကုန်ခံပြီး ကြိုးစားထားတာ ဖြစ်ရမယ်"

ဝူးပေကျား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီလျှို့ဝှက်ချက်ကို ကျုပ်က မျိုသိပ်ထားတယ်၊ သူ့ကို ယှဉ်နိုင်တဲ့ အင်အား ရှိပြီလို့ ယုံကြည်ပြီးမှ သူ့ကို စိန်ခေါ်တဲ့ အနေနဲ့ ရန်စခဲ့တာပဲ"

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါပေမယ့် အဖြေကတော့ ကျုပ် မရှုမလှ ရှုံးနိမ့်သွားတယ်ဆိုတာ မင်းတွေ့တဲ့အတိုင်းပါပဲ"

ရှောင်စုရီက...

"ခင်ဗျား အစကတည်းက နည်းပရိယာယ်နဲ့ ဗျူဟာ အတွက်မှားလို့ ဖြစ်မှာပေ့ါ"

ဝူးပေကျားက...

"အမှန်ပြောရမယ်ဆိုရင် သူ့လက်ရှိ အင်အားကို ကျုပ်က



လျှော့တွက်မိလို့ပါ"

ရှောင်စုရီ သက်ပြင်းချလိုက်၏။

"သူ့ဘက်မှာ လျှို့ဝှက်သိုင်းသမားတွေ ရှိနေတာကို ဆိုလိုတာလား"

ဝူးပေကျား ခေါင်းညိတ်လိုက်သည်။

"အမှန်ပဲ သူ့မှာ လျှို့ဝှက်ထားတဲ့ ထိပ်တန်းသိုင်းသမားတွေရှိနေတယ်၊ ဘိန်းအရောင်းအဝယ်လုပ်ငန်း ဦးဆောင်နေတဲ့ ပထမကြေးစား စုန့်ချန်းတောင် သူနဲ့ ပတ်သက်ဆက်နွယ်နေတယ်"

ရှောင်စုရီ၏မျက်လုံးအစုံ ဝင်းလက်သွား၏။

"လက်စသတ်တော့ ပထမကြေးစား စုန့်ချန်းဟာ ကျန်းစုထင်းနဲ့ ပတ်သက်နေတာကိုး"

ဝူးပေကျားက...

"ခင်ဗျားက ဘိန်းအရောင်းအဝယ်နောက် ခြေရာခံလိုက်နေတယ်လို့ ကျုပ်ယူဆတယ်၊ ဒီတော့ ကျုပ်က တစ်ခုပြောချင်ပါတယ်"

ရှောင်စုရီက သူ့အား စိုက်ကြည့်ရင်း...

"ပြောပါ"

ဝူးပေကျားက...

"မင်းလုပ်ရမယ့်အလုပ် မလုပ်ခင် ကျုပ်ကို အလဲထိုးဖို့ ကြိုးစားရပါဦးမယ်"

ရှောင်စုရီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ရှုံးတဲ့လူက ကျုပ်ဖြစ်ခဲ့ရင် ဘာမှခက်လုပ်

www.burmeseclassic.com

www.burmeseclassic.com



လို့ မရတော့ဘူးလေ”

ဝူးပေကျား ပြုံးလိုက်သည်။

“ဒါပေါ့ ကျုပ်လို လူမျိုးဟာ တိုက်ခိုက်တဲ့အခါမှာ ညှာမှာ မဟုတ်ဘူး၊ နောက်ပြီး မင်းကြောင့် ကျုပ်ရဲ့လုပ်ငန်းတွေလဲ ပျက်စီးခဲ့ရသေးတယ်လေ”

ရှောင်စုရီက…

“ကျန်းစုထင်းက မကောင်းမှု ပြုလုပ်နေတယ်ဆိုတာ သိထားတာတောင် သူ့ရဲ့သမီးကို ကယ်ဖြစ်အောင် ကယ်မှာပဲဗျ၊ အဖေ မကောင်းတာ သမီးနဲ့မှမဆိုင်ဘဲ”

ဝူးပေကျား သက်ပြင်းချလိုက်သည်။

“အခုလို မင်းနဲ့ ရင်ဆိုင်ရမှာကို စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဒီနည်းကလွဲလို့ အခြားနည်းလမ်း ကျုပ် မစဉ်းစားတတ်ဘူးဗျ”

သူက စကားဆုံးသည်နှင့် ဓားကို ဆွဲထုတ်လိုက်၏။

“ရွှင်”

ရှောင်စုရီ မျက်မှောင်ကုပ်သွားသည်။

ဝူးပေကျား ဖြစ်သလို ရပ်နေသော်လည်း သူ့အနေအထားမှာ ခံစစ်၊ တိုက်စစ်၊ ဟာကွက်၊ ပျော့ကွက် မရှိအောင် အဆင်သင့်ပြင်ထားသည်ကို တွေ့ရ၏။

“ခင်ဗျားက ဂူတာန်ဂိုဏ်းကလား”

ဝူးပေကျားက…

“ကျုပ်ရဲ့သိုင်းကွက်က ဂူတာန်ဂိုဏ်းရဲ့ ဓားကွက်ဖြစ်ပါတယ်၊



ဒါပေမယ့် ကျုပ်ဟာ ဂူတာန်ဂိုဏ်းသား မဟုတ်ပါဘူး”

ရှောင်စုရီက…

“ခင်ဗျား အခု ရပ်နေတဲ့ပုံက ဂူတာန်ဂိုဏ်းသား မဟုတ်ရင် ဒီလောက် ပီပြင်မှာ မဟုတ်ဘူး”

ဝူးပေကျား ပြုံးလိုက်သည်။

“ဒါကတော့ ကျုပ်က ကောင်းတဲ့သိုင်းကွက် မှန်သမျှ စုဆောင်းလေ့ကျင့်တတ်လို့ပါ”

“ရွှင်”

ရှောင်စုရီ ဓားဆွဲထုတ်လိုက်သည်။

“ခင်ဗျားဟာ လက်ဝါးသိုင်း အတော်အစွမ်းထက်တယ်လို့ ကြားဖူးပါတယ်၊ ဒါပေမယ့် ဘယ်လောက်ထိ အစွမ်းထက်တယ်ဆိုတာ မသိပါဘူး”

“မှန်ပါတယ်”

သူက ပြုံး၍…

“ကျုပ်ဟာ ဓားသမားတစ်ယောက်လဲ ဖြစ်တယ်ဆိုတာ သိသူ အလွန်နည်းပါတယ်”

ရှောင်စုရီက…

“ကျုပ်လဲ အခုမှ သိရတော့တယ်”

ဝူးပေကျားက…

“မင်းက သိုင်းလောကမှာ အတော်ဆုံး ဓားသမားလို့ ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ၊ အခုလို ယှဉ်ပြိုင်ခွင့်ရတာ ဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



ယူပါတယ်”

သူက စကားဆုံးသွားသည်နှင့် ခန္ဓာကိုယ်သည် နောက်သို့ တစ်လံခန့် ဆုတ်သွားသည်။

သူ၏လက်ထဲမှ ဓားသည် ရုတ်တရက် လှုပ်ရှားလာ၏။

ပထမ စတင်တိုက်ခိုက်သောအခါ သုံးဆယ့်ခြောက်ကွက် ဖြစ်သည်။

ယင်းဓားချက်များသည် လေမှန်တိုင်းပမာ အင်အားပြင်းထန်လှ၏။

ရှောင်စုရီသည် တည်ငြိမ်စွာပင် ရှောင်တိမ်းပေးလိုက်၏။

ဝူးပေကျား၏ သုံးဆယ့်ခုနစ်ကွက်မြောက် သိုင်းကွက် ထုတ်ဖော်အသုံးပြုမှ သူက စတင်တုန့်ပြန်လိုက်လေသည်။

သူတို့ ဆက်လက်တိုက်ခိုက်ရာ လူရိပ်များ ရောထွေးသွားသည်။

သိုင်းကွက်တစ်ရာကျော် ယှဉ်ပြိုင်ပြီးသောအခါ သူတို့သည် မူလနေရာနှင့် အတော်ဝေးဝေးသို့ ရောက်ရှိသွားလေသည်။

ဝူးပေကျားက ရုတ်တရက် တိုက်ခိုက်ရာမှ ရပ်တန့်သွားသည်။

ရှောင်စုရီက ရှေ့သို့ ဖိ၍ တိုက်ခိုက်ခြင်း မရှိဘဲ နောက်သို့ နှစ်လံခန့် ဆုတ်သွား၏။

ဝူးပေကျားသည် နောက်တစ်လံခန့် ဆုတ်သွားပြန်သည်။

သူသည် ခြေထောက်ဖြင့် သစ်ပင်တစ်ပင်၏ပင်စည်ကို နင်း



၍ အားယူပြီး သူ၏ခန္ဓာကိုယ်သည် မြှားတစ်စင်းပမာ ရှောင်စုရီထံ ခုန်အုပ်လိုက်လေသည်။

သူ၏ဓားသည် လေထဲ၌ ဝှေ့ယမ်းလိုက်သောကြောင့် သစ်ရွက်နှင့် သစ်ကိုင်းများသည် တဖွဲဖွဲ ပြုတ်ကျသွားလေသည်။

သူ၏ပြင်းထန်သော ဓားချက်များကြောင့် ရှောင်စုရီ မိုးထိတ်သွားမိသည်။

“ယား”

ဝူးပေကျား ညာသံပေးကာ ထပ်မံတိုက်ခိုက်လိုက်သည်။

ဤတစ်ကြိမ် သူသည် ဓားရိုးမှ ချည်နှောင်ထားသော ကြိုးဖြင့် ရှောင်စုရီထံ ပစ်လွှင့်လိုက်ခြင်း ဖြစ်သည်။

ရှောင်စုရီ၏ခန္ဓာကိုယ်သည် လေထဲသို့ ကျွမ်းတစ်ပတ်ပစ်ကာ လက်ထဲမှ ဓားသည် ဝူးပေကျား၏ရင်ဝသို့ ဆက်လက်တိုက်ခိုက်လိုက်လေသည်။

ဝူးပေကျားက နောက်ဆုတ်လိုက်သည်။

သူသည် လေးကြိမ်တိတိ ရှောင်တိမ်းနိုင်ခဲ့သည်။

သို့သော်…

ငါးကြိမ်မြောက် ဓားချက်ကမူ ရင်ဝသို့ ထိုးသွင်းမိသွားလေသည်။

“အား”

ဝူးပေကျား စူးရှစွာ အော်ဟစ်လိုက်၏။

လက်တစ်ဘက်က ဓားပိုက်ထားကာ ရှေ့သို့ ပက်လက်

www.burmeseclassic.com

www.burmeseclassic.com



လန် လဲကျသွားလေသည်။

"ပလုံ"

သူ၏ခန္ဓာကိုယ်လည်း ကန်ရေထဲသို့ မြုပ်ဆင်းသွားလေသည်။

ရေများသည် နီရဲသွား၏။

ငွေပေကျား၏ခန္ဓာကိုယ်သည် ရေထဲ မြုပ်ဝင်သွားပြီးနောက် ထပ်မံမပေါ်လာတော့ချေ။

ရှောင်စုရှီသည် ရေကန်အနီးသို့ ပြေးကာ ကြည့်လိုက်၏။

ရေပြင်သည် လှိုင်းတံပိုးထပြီးနောက် ပြန်လည်ငြိမ်သက်သွားတော့မှ ဓားကိုဓားအိမ်ထဲသို့ ပြန်လည်ထည့်သွင်းလိုက်လေသည်။

ရှောင်စုရှီသည် ငွေပေကျားအား လွယ်လွယ်ကူကူဖြင့် အနိုင်ရလိုက်သည်ဟု ခံစားမနေရသည်။

ငွေပေကျား၏သိုင်းပညာမှာ ကျော်ကြားလှပေသည်။

ယခုမှာမူ ထိုက်သင့်သလောက် အစွမ်းမထက်ဟု ထင်မြင်မိလေသည်။

ရှောင်စုရှီ အကြံအိုက်နေ၏။

ယခု သူသည် မည်ကဲ့သို့ ဆက်ကာ လုပ်ဆောင်ရမည်ကို အခက်ကြုံနေသည်။

သူ၏မိတ်ဆွေ နယ်စားကြီးယို့သည် သတင်းအနံ့ခံကောင်းသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။



သူသည် ဘိန်းကူးသန်းရောင်းဝယ်ရာတွင် ပထမကြေးစားစုန်ချွန်းကိုသာ သိထားပေသည်။

အဓိကခေါင်းဆောင်မှာ ကျန်းစုထင်း ဖြစ်သည်ကို မသိသေးပါ။

အကယ်၍...

ငွေပေကျား၏စကား အမှန်ဖြစ်နေလျှင် ကျန်းစုထင်းသည် အလွန်လျှို့ဝှက်ပြီး ဝိရိသည်မှာ သေချာသည်။

သူ့အနေဖြင့် ယင်းအမှုနှင့် ပတ်သက်ပြီး စုံစမ်းရာ၌ မိမိနှင့်မှစင်း နှစ်ယောက်နှင့် လုံလောက်မည် မဟုတ်ချေ။

ကျန်းစုထင်းကဲ့သို့ လျှို့ဝှက်ပြီး နောက်ကွယ် အင်အားတောင့်တင်းသော အဖွဲ့တစ်ခုအား ရင်ဆိုင်ရာ၌ တစ်ကိုယ်တော်စွမ်းအားနှင့် မဖြစ်နိုင်မှန်း သူက နားလည်လိုက်၏။

ထို့ကြောင့်...

သူသည် ခေါင်းအေးအေးထားကာ စဉ်းစားပြီးမှ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

# ပရိယာယ်

ရှောင်စုရီ အပေးသို့ ရောက်ရှိသွားပြီး ပျောက်ကွယ်သွားတော့မှ ရေကန်ထဲမှ ခေါင်းတစ်လုံး ပြူထွက်လာလေသည်။

ထိုလူမှာ ကျွန်းစုထင်း လျှို့ဝှက်ထားသော တစ်ဦးတည်းသောတပည့် 'ကို့ရှမ်း'ဆိုသူပင် ဖြစ်၏။

ကို့ရှမ်းသည် ရှောင်စုရီ နောက်သို့ အခြေအနေ စုံစမ်းရန် ထက်ကြပ်မကွာ လိုက်ပါနေသူ ဖြစ်၏။

ရှောင်စုရီသည် ဂူးပေကျားနှင့် တွေ့ဆုံသောအခါ လိုက်ပါလာပြီး ရေကန်စပ် မြက်ပင်များကြားထဲ ပုန်း၍ ချောင်းကြည့်နေခဲ့သည်။



ဂူးပေကျားနှင့် ရှောင်စုရီတို့ တိုက်ခိုက်နေသည်ကို တွေ့ခဲ့ရသည်။

နောက်ဆုံး ဂူးပေကျား ရေထဲသို့ ကျသွားသည်အထိ တွေ့လိုက်ရလေသည်။

ယခု…

သူသည် မြင်တွေ့ခဲ့ရသော သတင်းများကို ကျွန်းစုထင်းထံသို့ ပြန်လည်ပေးပို့ရန်သာ ကျန်တော့သည်။

ထို့ကြောင့်…

သူသည် ချက်ချင်းပင် ရေကန်ထဲမှ ထွက်လိုက်လေသည်။

အမှန်မှာ ကို့ရှမ်းသည် ရေထဲမှ ခေါင်းပြူထွက်လာသော အခါ၌ ဂူးပေကျားကလဲ သူ့နောက် တစ်လံခန့်အကွာတွင် ခေါင်းပြူထွက်လာလေသည်။

အကယ်၍…

ဂူးပေကျားက သူ့အား ရှင်းပစ်လိုက်ပါလျှင် ကို့ရှမ်းမှာ အသက်ချမ်းသာရာရမည် မဟုတ်ပါ။

သို့သော်…

ဂူးပေကျားက သူ့အား ရှင်းပစ်ရန် ဆန္ဒမရှိပါ။

သူသည် ဓားတစ်ချက် ခွန့်စားကာ အထိခံ၍ ရေထဲသို့ [illegible] သွားခြင်းမှာ ကို့ရှမ်းကို ဆက်တိုက်ရန် မဟုတ်ပါ။

သူသည် ဓားတစ်ချက် အထိုးခံလိုက်ခြင်းမှာလည်း အလွန်အန္တရာယ်များလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့်...

ရှောင်စုရီကဲ့သို့ ထိပ်တန်းသိုင်းသမားရှေ့တွင် သေချင်ဟန်ဆောင်ရမည်မှာ လွယ်ကူမည် မဟုတ်ပါ။

ထိုအချိန်၌ သူ၏ယူဆချက်မှာ တိကျမှန်ကန်ရမည် ဖြစ်သည်။

သူ့လက်နှစ်ဘက်မှာလည်း တိကျမှန်ကန်စွာ လှုပ်ရှားရမည် ဖြစ်သည်။

သူ့လက်နှစ်ဘက်သည် ရှောင်စုရီဓားကို ဖမ်းဆုပ်လိုက်သောအခါ ရှောင်စုရီ ဓားဖျားသည် သူ့ရင်ဝသို့ နက်ရှိုင်းစွာ စူးဝင်မသွားအောင် ဟန့်တားနိုင်ရမည် ဖြစ်သည်။

သူသည် ပို၍ ပီပြင်စေရန် စူးရှစွာ အော်ရင်း ရေထဲသို့ ထိုးချခဲ့သည်။

အကယ်၍ နေ့ဘက်မှာဆိုလျှင် ရှောင်စုရီအား လိမ်၍ရမည် မဟုတ်ပါ။

သို့သော်...

ညမှောင်သော အချိန် ဖြစ်သည်။

ထို့အပြင်...

သစ်ပင်မှ အရွက်အကိုင်းများ ပလူပျံနေသော အချိန်တွင် ရှောင်စုရီက သေချာစွာ တွေ့မြင်နိုင်သော အခြေအနေ မရှိတော့ပါ။

ထို့ကြောင့်...

ဝူးပေကျား၏ ဟန်ဆောင်မှုအား ရှောင်စုရီ လုံးဝမသိခဲ့



တော့ချေ။

ထို့အပြင်...

သူက ရေထဲပြုတ်ကျသွားသော အချိန်၌ အတွင်းအားကို အနည်းငယ် ညှစ်ထုတ်လိုက်သည်နှင့် ဓားဒဏ်ရာမှ ထွက်လာသော သွေးများသည် ပန်းထွက်သွားသောကြောင့် ပို၍ ပီပြင်သွားခြင်း ဖြစ်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဝူးပေကျားသည် ရေထဲသို့ ကျသွားသည်နှင့် အသက်ရှူ ရပ်ထားလိုက်သည်။

သူ့ခန္ဓာကိုယ်တစ်ခုလုံး ခွန်အားမသုံးတော့ဘဲ ရေအောက်သို့ မြုပ်သွားစေသည်။

ရေအောက်သို့ ရောက်သောအခါမှ ရေစီးကြောင်းအတိုင်း ကမ်းစပ်သို့ ကူးခပ်သွားလေသည်။

အမှန်မှာ သူသည် ကို့ရှမ်း ပုန်းနေသည်ကို တွေ့နေခဲ့ခြင်း ဖြစ်လေသည်။

ကို့ရှမ်းသည် သူတို့နောက် ခြေရာခံလိုက်နေသည် ဖြစ်သော်လည်း အနီးကပ် မလိုက်ဝံ့ပေ။

ခပ်လှမ်းလှမ်းမှ နေပြီး သတိကြီးစွာဖြင့် လိုက်နေခြင်း ဖြစ်သည်။

ရှောင်စုရီကလည်း ကို့ရှမ်း လိုက်နေသည်ကို မသိပါ။

ရှောင်စုရီ ရှေ့တွင် လျှောက်နေသော ဝူးပေကျားက ပို၍ မသိပါ။

သူက ရပ်တန့်လိုက်ပြီး နောက်သို့ လှည့်၍ ရှောင်စုရီနှင့် မျက်နှာချင်းဆိုင်လိုက်သောအခါမှ ကို့ရှမ်းက ချောင်းကြည့်နေသည်ကို တွေ့ခဲ့ခြင်းပင်။

ထိုသို့ တွေ့ရှိချက်မှာ ကို့ရှမ်း ခါးမှာချိတ်ထားသော ဇာ ရောင်ကြောင့် တွေ့ခဲ့ခြင်းပင်။

ကောင်းကင်ပေါ်၌ လရောင်မှိန်နေသော်လည်း ဝူးပေကျ



၏ စူးရှသော မျက်လုံးအစုံသည် ဓားရောင်ဟပ်နေသည်ကို တွေ့ရှိလိုက်ခြင်း ဖြစ်သည်။

သူသည် ကို့ရှမ်းအား တွေ့မြင်သွားသည် ဖြစ်သော်လည်း ရှောင်စုရီအား ပြောမပြပါ။

သူသည် ယင်းသို့ တွေ့ရှိသွားသည်နှင့် ချက်ချင်းပင် စဉ်းစားဆင်ခြင်မိလေသည်။

ယင်းလူသည် ကျန်းစုထင်းက စေလွှတ်လိုက်သောသူ ဖြစ်ရမည်ဟု တစ်ထစ်ချ ယုံကြည်လေသည်။

ယင်းကဲ့သို့ လူများသည် မည်မျှ ရှိနေသည်ကို ခန့်မှန်းနိုင်မည် မဟုတ်ပါ။

သူသည် ရှောင်စုရီအား အနိုင်ရရှိသည့်တိုင်အောင် ကျန်းစုထင်း စေလွှတ်သော လူများ၏လက်ချက်မှ လွတ်နိုင်မည် မဟုတ်ပါ။

ထို့အပြင်…

သူသည် ရှောင်စုရီအား အလွယ်တကူ အနိုင်ရမည် မဟုတ်ဟုလည်း နားလည်ထားလေသည်။

ထို့ကြောင့်…

သူသည် ကိုယ့်ကိုယ်ကို သေချင်ဟန်ဆောင်သည်ကသာ အကောင်းဆုံး ဖြစ်သည်ဟု ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ယခု…

သူသည် ကို့ရှမ်း နောက်သို့ လိုက်သွားရန်သာ ရည်ရွယ်ကူးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်…

သူသည် ကို့ရှမ်းအား ချမ်းသာပေးလိုက်ပြီး ကို့ရှမ်း ထွက်ခွာသည်အထိ စောင့်ပြီးမှ ရေထဲမှ ထွက်ကာ လိုက်ပါသွားလေတော့သည်။

♠ ♠ ♠

အခရာ

ကို့ရှမ်းသည် ကျန်းဂေဟာသို့ ပြန်လည်ရောက်ရှိလာသောအခါ မိုးလင်းခါစ အချိန်သို့ရောက်နေ၏။

သူသည် ဝမ်းသာရွှင်မြူးနေသောကြောင့် နောက်ယောင်ခံလိုက်လာသော ဝူးပေကျားအား သတိမထားမိတော့ပါ။

ကို့ရှမ်းသည် လှို့ဝှက်လမ်းကျဉ်းလေးအတိုင်း ဝင်ရောက်လာသည်။

လှို့ဝှက်လမ်းထဲ ဝင်ရောက်လိုက်သည်နှင့် ဝဲယာတစ်ဖက်တစ်ချက်တွင် အနက်ရောင်ဝတ်ဆင်ထားသူ ဆယ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများ လက်ထဲတွင် လေးနှင့် မြှား အသင့်ပြင်ဆင်ထားကြ၏။

သူတို့သည် ကို့ရှမ်းအား တွေ့မြင်လိုက်သည်နှင့်...

"ဘယ်သူလဲ"

ဟု အော်မေးလိုက်သည်။

"မိတ်ဆွေ"

ကို့ရှမ်းက ချက်ချင်း အဖြေပေးလိုက်သည်။

အစောင့်တစ်ယောက်က ခလုတ်တစ်ခုကို နှိပ်လိုက်ရာ သံတိုင်ဖြင့် ပြုလုပ်ထားသော တံခါးတစ်ခုသည် ဘေးသို့ တဖြည်းဖြည်း လျှိုဝင်သွားလေသည်။

ကို့ရှမ်းက အထဲသို့ လှမ်းဝင်သွားလေသည်။

"ဆရာ ရှိသလား"

"ရှိပါတယ်"

အစောင့်များသည် ယင်းသို့ ပြန်ဖြေပြီး ခလုတ်ကို နှိပ်လိုက်ပြန်ရာ သံတိုင်တံခါးသည် ပြန်လည်ပိတ်သွားလေသည်။

ကို့ရှမ်း ဆက်လက်ဝင်ရောက်လာခဲ့၏။

မကြာမီ...

အခန်းတစ်ခုရှေ့ဝယ် ခြေလှမ်းရပ်လိုက်သည်။

ထို့နောက်...

တံခါးပေါ်သို့ တစ်ချက်ခေါက်ပြီး ခေတ္တနားပြီးမှ နောက်နှစ်ချက် ခေါက်လိုက်လေသည်။



မရှေးမနှောင်းမှာပင်...

"ဝင်ခဲ့"

အတွင်းမှ စကားသံ ထွက်ပေါ်လာ၏။

ကို့ရှမ်းသည် တံခါးတွန်းဖွင့်ကာ ဝင်သွားသည်။

အခန်းသည် လျှို့ဝှက်အခန်း ဖြစ်သည်။

သပ်သပ်ရပ်ရပ် မွမ်းမံထားသည်။

ကျန်းစုထင်းသည် စားပွဲနောက်ကွယ်တွင် ထိုင်နေ၏။

ကျန်းစုထင်းက လက်ကာပြလိုက်သည်။

သူသည် စာရွက်စာတမ်းများကို စိတ်ဝင်တစား ဖတ်ရှုနေ၏။

ကို့ရှမ်းသည် ရိုသေစွာဖြင့် စားပွဲရှေ့သို့ ဒူးထောက်လိုက်လေသည်။

ကျန်းစုထင်းက စာရွက်ကို ချထားလိုက်လေသည်။

"ထိုင်"

"ဟုတ်ကဲ့ ဆရာ"

ကို့ရှမ်းက အရိုအသေပြုပြီးမှ ထ၍ စားပွဲအနီးရှိ ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်သည်။

ကျန်းစုထင်းက ကို့ရှမ်းအား အကဲခတ်ကြည့်လိုက်၏။

"မင်းမျက်နှာ ကြည့်ရတာ ပျော်ရွှင်သလိုပဲ၊ သတင်းကောင်းများ ရလာလို့လား"

ကို့ရှမ်း ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာ"

"ဒါဖြင့် သိပ်မလေးနဲ့ ငါ့ကို အေးအေးဆေးဆေး အသေးစိတ် ပြောပြပါ"

ကိုရှမ်းသည် အနည်းငယ် စဉ်းစားပြီးမှ အသေးစိတ် ပြောပြလိုက်သည်။

ကျန်းစုထင်းသည် နားထောင်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေ၏။ တစ်ခါတစ်ရံ သဘောကျ၍ ရယ်မောလိုက်သည်။

သူ့မျက်နှာမှာလည်း ပြုံးရွှင်နေ၏။

သူသည် ကိုရှမ်း စကားကို ဆုံးသည်အထိ နားထောင်ပြီးမှ ကျေနပ်စွာ ပြုံးလိုက်လေသည်။

"ဒါဖြင့် ဝူးပေကျားက သေသွားပြီပေါ့"

ကိုရှမ်းက...

"ဟုတ်ပါတယ် ဆရာ"

ကျန်းစုထင်းက...

"ဒီသတင်းဟာ ငါတို့အတွက် အကောင်းဆုံး သတင်းတစ်ခုပါပဲ"

"ဟုတ်ပါတယ် ဆရာ၊ အခုဆိုရင် ကျွန်တော်တို့က ရှောင်စုရီကို ရင်ဆိုင်ဖို့ပဲ ကျန်တော့တယ်"

ကျန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူ့ကို အလွယ်တကူ ရင်ဆိုင်လို့ မရပေမယ့် ဝူးပေကျားလောက် မခက်ပါဘူး"



ကိုရှမ်းက...

"ဝူးပေကျားကိုလဲ ရင်ဆိုင်ဖို့ မခက်ပါဘူး၊ ကျန်းဟွာ သူ့လက်ထဲ ရောက်နေလို့ ကျွန်တော်တို့ အကြပ်တွေ့သွားတာပါ"

ကျန်းစုထင်းက...

"ဝူးပေကျားက ရန်စလာတဲ့အတွက် မုစင်းကဲ ရှောင်စုရီကို ခေါ်ပြီး ငါတို့ကို ကူညီပြီး ကြာဖြူကန်ဂေဟာကို ဆုံးမခဲ့တာပေါ့"

သူက သက်ပြင်းချလိုက်သည်။

"ဒါပေမယ့် ရှောင်စုရီဟာ အကင်းပါးတယ်၊ ဒါကြောင့် တစ်နေ့ ငါတို့ အပေါ်မှာ သံသယ ပြန်ဖြစ်လာနိုင်တယ်"

ကိုရှမ်းက...

"သူက သိသွားသည့်တိုင်အောင် မှုစရာမလိုဘူး ထင်ပါတယ်"

ကျန်းစုထင်းက...

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ရန်သူတစ်ယောက် ရှိမယ့်အစား မိတ်ဆွေတစ်ယောက် ပိုတာပဲ လိုချင်တယ်"

"ဆရာက သူ့အပေါ် ဘယ်လိုယူဆထားသလဲ"

ကျန်းစုထင်းက သက်ပြင်းချကာ...

"ငါသိထားရသလောက် သူက ဘိန်းကိစ္စနဲ့ ပတ်သက်ပြီး [illegible]နေတယ်လို့ သိရတယ်"

ကိုရှမ်း ရင်ထိတ်သွားသည်။

"ဒီအတိုင်းဆိုရင် သူ့ကို ထားလို့ မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းက...

"ရှောင်စုရီလို လူမျိုးကို ရန်သူအဖြစ် မခံချင်ဘူး"

ကို့ရှမ်းက...

"ဆရာမှာ သူ့ကို ရင်ဆိုင်ဖို့ နည်းလမ်းများ တွေ့နေပြီလား"

ကျန်းစုထင်းက...

"ရှိတယ်၊ ဒါပေမယ့် အဲဒီ နည်းလမ်းကို ကျုပ်က မသုံးချင်ဘူး"

"ဟုတ်ပါတယ်၊ ဆရာက တခြားလူကို ဘယ်တော့မှ အညှို့ခံမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်နားလည်ပါတယ်"

ကျန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က အညှို့ခံလို့ မဖြစ်ဘူးဆိုတာ မင်းလဲ နားလည်ပါတယ်"

"ဒါဖြင့် ဆရာက ရှောင်စုရီကို ဘယ်လိုရင်ဆိုင်ဖို့ စိတ်ကူးထားသလဲ"

ကျန်းစုထင်း ပင့်သက်ရှိုက်ကာ...

"အခုထိ သင့်တော်တဲ့ နည်းလမ်းကို စဉ်းစားလို့ မရသေးဘူး"

ကို့ရှမ်း ဟစ်ချက်စဉ်းစားပြီးမှ...

"ဒါဆိုလဲ အခုအချိန်မှာ ကျွန်တော်တို့ ကြိုတင်ကာကွယ်မယ့် နည်းလမ်းကိုတော့ စီစဉ်ထားရင် ကောင်းမယ်"



ကျန်းစုထင်းက...

"အခုလောလောဆယ်တော့ ငါတို့ဆီမှာ ချက်ပြီးသား ဘိန်းတွေကို အမြန်ဆုံးပို့မှ ဖြစ်မယ်၊ နို့မဟုတ်ရင် မင်းမှုထမ်းတွေ တွေ့သွားဦးမယ်"

ကို့ရှမ်းက...

"မင်းမှုထမ်း အဖွဲ့အစည်းကို ဆရာက အဆက်အသွယ် ရစ်ထားလိုက်ပြီ မဟုတ်လား"

ကျန်းစုထင်း မဲ့ပြုံးပြုံးလိုက်သည်။

"နယ်စားကြီးယှိုဟာ ခေါင်းမာတယ်၊ သူလုပ်ချင်တဲ့ အလုပ်ကို ဘယ်သူကမှ တားလို့ မရဘူး"

"အနည်းဆုံးတော့ ကျွန်တော်တို့နဲ့ ဆက်သွယ်ထားတဲ့ ဌာနတွေကို ကြိုတင်အကြောင်းကြားထားရင်ကော"

ကျန်းစုထင်း ခေါင်းယမ်းလိုက်သည်။

"သူတို့ အဆက်အသွယ် ပြန်တာကို စောင့်နေရင် နောက်ကျသွားမှာပေါ့"

ကို့ရှမ်းက...

"ဒါဖြင့် ကျွန်တော်တို့က ဒီဘိန်းတွေကို ဘယ်ပို့ရမလဲ"

ဟု မေးလိုက်သည်။

ကျန်းစုထင်းက...

"ချက်တဲ့နေရာ ပြန်ပို့ပေါ့"

ကို့ရှမ်း အံ့ဩသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ဒုက္ခမရောက်ဘူးလား၊ ကျွန်တော်တို့ ဖောက်သည်တွေဆီကို ပို့လိုက်ရင် မကောင်းဘူးလား"

ကျွန်းစုထင်း ပြုံးလိုက်သည်။

"နယ်စားကြီးယို့ဟာ စုန့်ချွန်းကို သက်သေမကင်း ဖြစ်နေတယ်၊ သူက စုံစမ်းနိုင်တယ်၊ ငါတို့ ဖောက်သည်တွေရဲ့ အမည်စာရင်းကို သူရထားနိုင်တယ်၊ အဲဒီကိုသာ သွားပို့ရင် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်လိုက်တာနဲ့ မတူဘူးလား"

ကို့ရှမ်း ပါးစပ်ပိတ်ထားလိုက်သည်။

ကျွန်းစုထင်း စကားဆက်လိုက်သည်။

"ပစ္စည်းဆုံးတာ အရေးမကြီးဘူး၊ အဖမ်းခံရရင် မလွယ်ဘူး"

ကို့ရှမ်းက...

"ခက်တာက ပစ္စည်းပို့မယ့်ရက်ကလဲ တဖြည်းဖြည်း နီးလာပြီ၊ ဖောက်သည်လက်ထဲမှာ ပစ္စည်းလဲ ကုန်တော့မယ်၊ မပို့လို့ ဖြစ်ပါ့မလား"

ကျွန်းစုထင်း မျက်မှောင်ကုပ်ကာ...

"သူတို့ စိတ်ဆိုးမှာ ကြောက်လို့လား"

ဟု မေးလိုက်သည်။

ကို့ရှမ်းက...

"ဟုတ်တယ်"

ကျွန်းစုထင်း မဲ့ပြုံးပြုံးလိုက်သည်။



"စိတ်ဆိုးစမ်းပါစေ၊ ဘယ်အထိအောင် စိတ်ဆိုးမလဲလို့"

ကို့ရှမ်းက...

"ဒီပစ္စည်းဟာ ကျွန်တော်တို့ တစ်ဦးတည်းပဲ ရှိတယ်၊ စိတ်ဆိုးလဲ အံမတုရဲပါဘူးလေ"

ကျွန်းစုထင်းက...

"တို့က မပို့လို့ရှိရင် သူတို့က စိတ်ဆိုးလိမ့်မယ်၊ ဒါပေမယ့် က်ရက်များ ပို့မပေးရင် လာပြီး တောင်းပန်မှာ သေချာတယ်"

ကို့ရှမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့ ဘိန်းပြတ်သွားရင် လာပြီး တောင်းပန်မှာ သေချာတယ်၊ သူတို့ တောင်းပန်မှပဲ ပို့လိုက်တာပေါ့"

ကျွန်းစုထင်း မဲ့ပြုံးပြုံးလိုက်သည်။

"လာပြီး တောင်းပန်တာနဲ့ပဲ လွယ်လွယ်ပေးရမှာလား"

ကို့ရှမ်း မျက်မှောင်ကုပ်သွားသည်။

"ကျွန်တော်တို့ အခွင့်ကောင်းယူပြီး ဈေးတင်ရောင်းဖို့လား"

ကျွန်းစုထင်း ခေါင်းယမ်းလိုက်သည်။

"လက်ရှိဈေးနှုန်းက မနည်းတော့ပါဘူး၊ နောက်ထပ် ဈေးတိုးလဲ မကောင်းပါဘူး"

ကို့ရှမ်းက...

"ဒါဖြင့် ဆရာက ဘယ်လိုသဘော ရှိသလဲ"

ကျွန်းစုထင်းက...

"သူတို့ ငါ့လက်အောက် သစ္စာခံရမယ်၊ သူတို့ကို ချုပ်ကိုင်

www.burmeseclassic.com



ထားနိုင်တဲ့အတွက် ကျုပ်ခိုင်းတာကို သူတို့လုပ်ရတော့မှာပေါ့"

ကို့ရှမ်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဆရာက လုပ်ငန်းကြီးကြီးလုပ်ဖို့ စီစဉ်ထားတယ် ဟုတ်လား"

ကျန်းစုထင်းက…

"အခုတော့ အစီအစဉ် မရှိသေးပါဘူး၊ အရေးကြီးဆုံးကတော့ ဒီအကြောင်းနဲ့ ပတ်သက်ပြီး သိထားတဲ့ လူတစ်ယောက်ပဲ ရှိတယ်"

ကို့ရှမ်းက…

"ဝူးပေကျားကတော့ သေဆုံးသွားပါပြီ"

ကျန်းစုထင်းက…

"သူက သေသွားပေမယ့် သူသိထားတဲ့ သတင်းကို တစ်ခြားတစ်ယောက်ကို မပြောဘူးလို့ လွယ်လွယ်နဲ့ စိတ်ချလို့ မရဘူး"

ကို့ရှမ်းက…

"ဒါဖြင့် ကျွန်တော် နောက်ထပ်သွားပြီး စုံစမ်းပါ့မယ်"

ကျန်းစုထင်းက…

"လုပ်သင့်လုပ်ထိုက်တာ အားလုံး စီစဉ်ပြီးပြီ၊ မင်းက အနားယူပြီး ခရီးထွက်ဖို့ ပြင်ပေတော့"

ထိုစဉ်…

ခေါင်းလောင်းသံတစ်ချက် ထွက်ပေါ်လာလေတော့သည်။

♠ ♠ ♠

## ပထမကြေးစား

ခေါင်းလောင်းသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ကျန်းစုထင်းက မျက်မှောင်ကြုတ်သွားသည်။

"ဝင်ခဲ့"

ဟူ၍ ဂုဏ်တံခါး ရွေ့လျားသောအသံ ထွက်ပေါ်လာသည်။ အခန်းထဲသို့ ဝင်လာသူမှာ ပထမကြေးစားစုန့်ချုန်းယင် ဖြစ်သည်။

သူသည် ကျန်းစုထင်းအား အရိုအသေပြုလိုက်ပြီး…

"သွားလို့ ရပါပြီ ခေါင်းဆောင်ကြီး"

ဟု ပြောလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းကား ဘိန်းများ ဖြန့်ဖြူးရာတွင် နောက်ကွယ်၌ ကြိုးကိုင်နေသူ ဖြစ်နေပါတော့သည်။

ကျန်းစုထင်းက...

"မစင်းရော အပြင်မှာ စောင့်ကြည့်နေသေးလား"

စုန့်ချန်း ပြုံးလိုက်သည်။

"သူ့အကြောင်း ကျုပ်ကို မသိဘူးမှတ်လို့ ပန်းခြံထဲမှာ ပန်းတွေ ဟန်ဆောင်ပြီး ကြည့်နေတယ်လေ"

ကျန်းစုထင်း သက်ပြင်းချလိုက်သည်။

"ဒီလူကတော့ အလုပ်မရှိ၊ အလုပ်ရှာချင်နေတာနဲ့ တူတာ..."

ကိုရှမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"မစင်းက ကျွန်တော်တို့ကို စောင့်ကြည့်နေတယ် ဟုတ်လား"

ကျန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကိုရှမ်းက...

"သူက ဘယ်သူ့ကို စောင့်ကြည့်နေတာလဲ"

စုန့်ချန်းက...

"အစတုန်းကတော့ ဟိုဟိုသည်သည် လျှောက်ပြီး ရှာ...လေ၊ ဒါပေမယ့် ဘယ်မှာမှ မတွေ့ခဲ့ပါဘူး"

ကိုရှမ်းက...

"နောက်ရော"



"သူက ခေါင်းဆောင်ကြီးရဲ့ အခြေအနေကို စောင့်ကြည့်နေတယ်လေ"

ကျန်းစုထင်းက...

"ဒီလူက ဉာဏ်သိပ်မကောင်းဘူး၊ ဒါကြောင့် ပါးပါးနပ်နပ် မနေတတ်တာပေါ့"

စုန့်ချန်းက...

"သူ ဒီမှာ နေခဲ့တာ ရှောင်စုရိရဲ့ အကြံ ဖြစ်ဖို့ များတယ်"

ကျန်းစုထင်း ခေါင်းယမ်းလိုက်သည်။

"ဒါပြောလို့ မရဘူး၊ မစင်းက အလွန်ခေါင်းမာတယ်၊ တစ်ခုခု လုပ်ချင်ပြီဆိုရင် လုပ်ကိုလုပ်ရမှ..."

စုန့်ချန်းက...

"ဒီလိုဆိုရင် သူ့ကို အပြတ်ရှင်းလိုက်ရင် မပြီးဘူးလား"

ကျန်းစုထင်း ခေါင်းယမ်းလိုက်ပြန်သည်။

"မဖြစ်ဘူး၊ ငါ့သမီးကျန်းဝှာက သူ့ကို ကယ်ခဲ့တဲ့ မစင်းနဲ့ ရှောင်စုရိကို ကျေးဇူးတင်နေတာ၊ တော်ကြာ သိသွားရင် ပြဿနာ တက်နေဦးမယ်"

ကိုရှမ်း မျက်မှောင်ကြုတ်ကာ...

"ဒီလိုဆိုရင် ဆရာက သူ့ကို ဘယ်လိုနေရာမှာ ရှင်းပစ်ရင် ကောင်းတယ်လို့ ထင်လဲ"

ကျန်းစုထင်း ပြုံးကာ...

"မင်းတို့ တော်ကြာ သွားတဲ့အခါမှာ သူက နောက်ယောင်...

www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာပဲ၊ အဲဒီတော့ သက်ခြေတောင်ကုန်းရောက်ရင် အပြတ်ရှင်း ပစ်လိုက်ပေါ့"

ကို့ရှမ်းက...

"သူနဲ့ ရှောင်စုရီ ဘယ်လို ဆက်သွယ်ကြတယ်ဆိုတာ မသိတော့ဘဲ နေမှာပေါ့"

ကျန်းစုထင်း ခေါင်းယမ်းကာ...

"သိဖို့ မလိုဘူး၊ သူတို့ အဆက်အသွယ်မိအောင် ဘယ်စောင့်နိုင်ပါ့မလဲ"

ကို့ရှမ်းက...

"ရှောင်စုရီ၊ ဘယ်လောက်တော်တော် သက်ခြေတောင်ကုန်းရောက်ရင် သေရမှာ သေချာတယ်"

စုန့်ချန်းက...

"ဒီလူ အသက်ရှင်နေတဲ့ ကာလပတ်လုံး ကျုပ်တို့အတွက် စိတ်မချရဘူး"

ကို့ရှမ်းက...

"ဒီအချက်ကို ဆရာက ပိုသိပါတယ်လေ"

ကျန်းစုထင်း တစ်ချက်မှဲ့ကာ...

"ဒီလောက် ခေါင်းမာပြီး မဆီမဆိုင်ကိစ္စ ဝင်စွက်ချင်တဲ့ လူတစ်ယောက်ဟာ ငါတို့နဲ့ မိတ်ဆွေ မဖြစ်သင့်ပါဘူးလေ"

ကို့ရှမ်း သက်ပြင်းချကာ...

"ကျန်းဗွာက သိသွားရင်ကော"



ကျန်းစုထင်း တစ်ချက်စဉ်းစားကာ...

"အတတ်နိုင်ဆုံး လျှို့ဝှက်ပေါ့၊ မလွဲသာဘဲ သိသွားရင်လဲ သိပါစေ"

ကို့ရှမ်း ပါးစပ်ပိတ်သွား၏။

ကျန်းစုထင်းက ပြုံးလိုက်သည်။

"ငါတောင်မှ သူ့ကို ဂရုမစိုက်တာ မင်းက ဘာဖြစ်လို့ ဂရုစိုက်နေရတာလဲ"

ကို့ရှမ်း ဘာမှ မပြောပါ။

ကျန်းစုထင်း လက်ဝှေ့ယမ်းပြလိုက်သည်။

"ဒီကိစ္စ ငါကြည့်စီစဉ်ပါ့မယ်၊ မင်းက မယုံကြည်လို့လား"

ကို့ရှမ်း ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ကျွန်တော်ယုံပါတယ် ဆရာ"

ကျန်းစုထင်း ရယ်မောလိုက်သည်။

"မင်းတို့ လူငယ်တွေဟာ တော်တော်စက်တာပဲ"

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## လိုက်လေဝေး

မုစင်းသည် ပန်းဥယျာဉ်ထဲ ရောက်နေ၏။

သူ့မျက်လုံးအစုံသည် ကျွန်းစုထင်း အဆောင်ဘက် မကြာခဏ ကြည့်နေ၏။

ရုတ်တရက်...

"အစ်ကိုကြီး"

အသံတစ်ချက် ထွက်ပေါ်လာသည်။

မုစင်း ကမန်းကတန်း လှည့်ကြည့်လိုက်သည်။

အသံရှင်မှာ ချူးအော့ ဖြစ်နေသည်ကို တွေ့ရတော့မှ စိတ်သက်သာရာ ရသွားလေသည်။



ချူးအော့မှာ ကျွန်းဗုာ၏ညီမဝမ်းကွဲ ဖြစ်သည်။

မုစင်းနှင့် ခင်မင်ရင်းနှီးသူလည်း ဖြစ်သည်။

ချူးအော့က အနီးသို့ ရောက်လာလျှင်...

"အစ်ကိုကြီး ဘာလုပ်နေတာလဲ"

ဟု မေးလာသည်။

မုစင်း ပြုံးလိုက်သည်။

"ဘာမှ မလုပ်ပါဘူး"

ချူးအော့က မုစင်းအား အကဲခတ်ကြည့်ကာ...

"အစ်ကိုကြီးကို ကြည့်ရတာ ခိုးကြောင်ခိုးဝှက်နဲ့ ဘာတွေလုပ်နေတာလဲ"

မုစင်း မျက်နှာကွက်ခနဲ ပျက်သွား၏။

"အို ကြိုကြိုဖန်ဖန် ငါက ဘာလုပ်နေလို့လဲ"

"ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးက အမူအရာ ပျက်နေတာကိုး"

မုစင်းသည် ယခုမှ မိမိဟန်မူရာမှာ သူများအဖို့ သံသယဖြစ်လာနိုင်သည်ကို သတိပြုမိလေသည်။

ချူးအော့က...

"အစ်ကိုကြီးကို ကြည့်ရတာ တစ်ခုခုပဲ"

မုစင်း ခေါင်းခါယမ်းလိုက်သည်။

"ဘာမှ မဟုတ်ပါဘူးကွာ"

ချူးအော့က...

"ရှင် ဘာပဲပြောပြော စိတ်ထဲမှာ တစ်ခုခု ဖြစ်နေတာတော့

www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်"

မှစင်း ရင်ထိတ်သွားသည်။

ချက်ချင်းရယ်မောကာ...

"မင်းစိတ်ထင်လို့ပါကွာ"

ချူးအောင့်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။

"ဒီနေရာတစ်ဝိုက်မှာ အစ်ကိုကြီး စိတ်ဝင်စားစရာ ဘာတွေများ တွေ့ထားလို့လဲ"

"ပန်းဥယျာဉ်ထဲ စိုက်ပျိုးထားတဲ့ ပန်းတွေက စိတ်ဝင်စားဖို့ကောင်းအောင် လှတာကိုး"

ချူးအောင့် ပြုံးလိုက်သည်။

"အစ်ကိုကြီး ဘာတွေ လျှောက်ပြောနေတာလဲ၊ အခု မှောင်ပြီး မှောင်လာပြီ၊ ဘာကိုမှ မမြင်ရတော့ဘူး မဟုတ်လား"

မှစင်းသည် ချူးအောင့်အား အံ့ဩစွာဖြင့် ကြည့်လိုက်မိသည်။

ချူးအောင့်မှာ တစ်စုံတစ်ခု သတိလာပေးနေသည်ဟု စိတ်ထဲ၌ အလိုလို ခံစားလာမိသည်။

ချူးအောင့်က...

"အစ်ကိုကြီး မိုးချုပ်ပြီပဲ၊ အထဲကို ဝင်ပါတော့"

မှစင်း ခေါင်းညိတ်ကာ...

"ဟုတ်သားပဲ၊ မင်းရော အနားမယူသေးဘူးလား"

"အိပ်မပျော်လို့ လမ်းထွက်လျှောက်တာ အစ်ကိုကြီးနဲ့ လာ



တွေ့ရတယ်"

မှစင်းက...

"ကျူပ်လိုက်ပို့ပေးမယ်"

သူတို့နှစ်ယောက်သည် ပန်းဥယျာဉ်ထဲမှ ထွက်ခွာသွားခဲ့ေ

သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်မှ ထွက်ခွာလာပြီးနောက် ငါးကန်တစ်ခုကို ဖြတ်ကျော်လိုက်လေသည်။

ထို့နောက်...

စင်္ကြံလမ်းအတိုင်း လျှောက်သွားလေသည်။

ခြံဝင်းတံခါးနှစ်ခု ကျော်သွားပြီးမှ ချူးအော့ အခန်းသို့ ရောက်ရှိသွားလေသည်။

မုစင်းနှင့် ချူးအော့တို့သည် လမ်းတစ်လျှောက်လုံး စကားတစ်ခွန်းမှ မပြောပါ။

ချူးအော့က အခန်းတံခါး တွန်းဖွင့်ပြီး အထဲသို့ ခြေလှမ်းလှမ်းလိုက်ပြီးမှ ရုတ်တရက် မုစင်းအား လှည့်ကြည့်လိုက်လေသည်။

"အစ်ကိုကြီး"

မုစင်းက...

"ဘာလဲ ညီမ"

ချူးအော့က...

"ကိစ္စအားလုံး ပြီးပြတ်သွားပြီ မဟုတ်လား၊ အစ်ကိုကြီး ရှောင်စုရီလဲ သွားပြီ၊ အစ်ကိုကြီးက ဘာဖြစ်လို့ မသွားသေးတာလဲ"

မုစင်း ပြုံးလိုက်သည်။

"ငါက အားနေလို့ပါ"

ချူးအော့ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အစ်ကိုကြီးမှာ တခြားအရေးကြီးတဲ့ကိစ္စ မရှိဘူးဆိုရင် ဒီနေရာက အမြန်ဆုံး ထွက်သွားတာ ကောင်းပါတယ်"



သူမ၏စကားမှာ အဓိပ္ပါယ်တစ်မျိုး သက်ရောက်နေသည်ဟု မုစင်း ယူဆမိလိုက်သည်။

သူက ချူးအော့အား စိုက်ကြည့်ကာ...

"ညီမ၊ မင်း ဘာပြောချင်တာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောပါလား"

"ဒီမှာ နေတာ အစ်ကိုကြီးအတွက် အကျိုးမရှိနိုင်ဘူး ထင်လို့ပါ"

မုစင်းက...

"ငါ ဒီမှာ နေတာ အခြားအကြောင်းလဲ ရှိတယ်ဆိုတာ မင်း ရိပ်မိတယ် မဟုတ်လား"

ချူးအော့ ခေါင်းယမ်းလိုက်သည်။

"ကျွန်မ ဘာမှ မသိပါဘူး"

မုစင်းက သူမအား စိုက်ကြည့်လိုက်သည်။

"တကယ် ပြောနေတာလား ညီမ"

ချူးအော့ နောက်သို့ ခြေလှမ်းဆုတ်သွားသည်။

"ကျွန်မ အိပ်တော့မယ်"

သူမသည် အခန်းတံခါးပိတ်ရန် ဟန်ပြင်လိုက်လေသည်။

မုစင်းက သူမ၏လက်တစ်ဘက်ကို ဖမ်းဆွဲထားလိုက်၏။

"မင်းက ငါ့ကို ပြောစရာရှိတာ ပြောစမ်းပါ"

ချူးအော့ ခေါင်းခါယမ်းလိုက်သည်။

သူမ၏မျက်နှာတစ်ခုလုံးမှာ ဝမ်းနည်းကြေကွဲသည့် အရိပ်

www.burmeseclassic.com

www.burmeseclassic.com



အရောင်များ ပေါ်လွင်နေ၏။

မုစင်းက သူမ လက်ကို လွှတ်လိုက်သည်။

"မင်းက မပြောချင်ရင် ငါအတင်းမမေးပါဘူးကွာ"

ချူးအော့ ပါးစပ်ပိတ်ထား၏။

မုစင်း ပြုံး၍ စကားဆက်လိုက်သည်။

"လောကပေါ်မှာ လျှို့ဝှက်ချက်ဆိုတာ ကြာကြာမခံပါဘူး။ ငါသိချင်တာတွေ တစ်နေ့ သိရမှာပါ"

"ကျွန်မ...ကျွန်မ"

ချူးအော့သည် ပြောပြီးမှ စကားရပ်တန့်သွားပြီး ခေါင်းခါယမ်းလိုက်သည်။

မုစင်းက ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

"မင်းအိပ်ဖို့ အချိန်တန်ပါပြီ"

စကားဆုံးလျှင် လှည့်ထွက်သွားလေသည်။

ချူးအော့သည် အခန်းတံခါး ပိတ်လိုက်ပြီး တံခါးကို ကျောမှီထားလိုက်တော့၏။

♠ ♠ ♠



ချူးအော့သည် ကျန်းစုထင်း လျှို့ဝှက်ချက်များအား များများစားစား သိထားခြင်း မရှိသော်လည်း သူမသိထားသော အချက်မှာ အလွန်လုံလောက်ပြီ ဖြစ်သည်။

သူမသည် အလွန်ပါးနပ်သော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သူမသည် မုစင်း လှုပ်ရှားပုံကို မြင်တွေ့ထားသည်နှင့် မုစင်းမှာ ကျန်းစုထင်းအပေါ် သံသယဝင်ကာ စောင့်ကြည့်နေသည်ကို နားလည်လိုက်သည်။

အမှန်မှာ မုစင်းသည် အလွန်စိတ်ဆန္ဒစောသူတစ်ဦး ဖြစ်သည်။

သူ၏ဟန်မူရာနှင့် လှုပ်ရှားမှုများသည် သံသယဖြစ်ဖွယ်ရာ ကောင်းလှပေသည်။

ထို့ကြောင့်...

ကျန်းစုထင်းက သူ့အပေါ် သံသယ ဖြစ်လာမည်ကို စိုးရိမ်ပူပန်နေခြင်း ဖြစ်လေသည်။

ကျန်းစုထင်းသည် အလွန်ကြောက်စရာကောင်းသူတစ်ယောက် ဖြစ်သည်။

ထို့ကြောင့်...

မုစင်း အန္တရာယ် ဖြစ်မည်ကို မလိုလားပါ။

ထို့အပြင်...

မုစင်းသည် သဘောကောင်းကာ သစ္စာရှိသော ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



ဓကာ ား ဖြစ်သည်ကို သူမသိရှိထားသောကြောင့် မုစင်းအား သတိပေးရန် သူမအကြိမ်ကြိမ် ကြိုးစားခဲ့သည်။

သို့သော်...

သူမသည် မုစင်းအား မည်သို့ ဖွင့်ပြောရမည်နည်း။

အကယ်၍ မုစင်းက သူမ စကားကို မယုံကြည်ပါလျှင် အားလုံး ဒုက္ခရောက်သွားနိုင်သည်ကိုလည်း စိုးရိမ်မိလေသည်။

ထို့ကြောင့်...

သူမသည် ဖွင့်ပြောရန် အကြိမ်ကြိမ် ကြိုးစားပြီးမှ ဖွင့်မပြောဝံ့ဘဲ ဖြစ်နေ၏။

သူမသည် တံခါးကို ကျောဖြင့် မှီယင်း တဖြည်းဖြည်း အောက်လျှောလိုက်ပြီး ကြမ်းပေါ်သို့ ထိုင်ချလိုက်သည်။

သူမသည် မည်သို့ လုပ်ရမှန်းမသိ ဖြစ်နေ၏။

မုစင်းအား ဖွင့်မပြောလျှင် အမှန်တကယ် ဒုက္ခရောက်သွားနိုင်သည်။ သူမသည် ဖွင့်ပြောရန် ယတိပြတ် ဆုံးဖြတ်လိုက်သည်။

သူမ ထိုင်ရာမှ ထလိုက်သည်။

အခန်းတံခါးကို ဆွဲဖွင့်လိုက်ပြီး အပြင်သို့ လှမ်းထွက်လိုက်လေသည်။

သို့သော် မုစင်း မရှိတော့ပါ။

ဝန်းကျင်မှာလဲ မှောင်အတိကျနေပြီ ဖြစ်လေသည်။

♠ ♠ ♠

## ဆုပ်လဲဆူး စားလဲရှူး

"အစ်ကိုကြီး"

ချူးအော့ အသံ ကျယ်လောင်စွာ အော်လိုက်၏။

သူမ၏အော်သံသည် တိတ်ဆိတ်သော ဝန်းကျင်သို့ ပဲ့တင်ထပ်သွားလေသည်။

သို့သော်...

မုစင်းကား မကြားတော့ပါ။

သူမသည် စိတ်ပျက်စွာဖြင့် ငေးငိုင်၍ ရပ်နေ၏။

မျက်ရည်များသည် သူမပါးပြင်ပေါ်သို့ လိမ့်ဆင်း၍ လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်…

လူတစ်ယောက်သည် ချူးအော့၏အခန်း ရှိရာသို့ ချဉ်းကပ်လာလေသည်။

ထိုလူမှာ ကျန်းစုထင်းပင် ဖြစ်ပေသည်။

မုစင်းနှင့် ချူးအော့တို့ စကားပြောနေသည့် အသံကို သူက ကြားခဲ့သည်။

ချူးအော့နှင့် မုစင်းတို့ တပွေးတတွဲတွဲ နေကြသည်ကိုလည်း တွေ့မြင်သွားလေသည်။

ချူးအော့သည် ဓိဓိ လျှို့ဝှက်ချက် တစ်စုံတစ်ရာကို သိရှိသွားသည်ကိုလည်း သူက ရိပ်စားမိလိုက်လေသည်။

ထို့အပြင်…

ချူးအော့က သူမ သိရှိထားသော လျှို့ဝှက်ချက်များကို မုစင်းအား ဖွင့်ပြောရန် ဆန္ဒ ရှိသည်ကိုလည်း သိရှိလိုက်လေသည်။

ထို့ကြောင့်…

သူသည် ချူးအော့အား ဤအတိုင်း မထားနိုင်တော့ပါ။

နှုတ်ပိတ်ရန်သာ ရှိတော့သည် မဟုတ်ပါလား။

♠ ♠ ♠



ကျန်းစုထင်းသည် အနီးရှိ ဝါးတစ်ချောင်းကို ချိုးလိုက်လေသည်။

ဝါးချောင်းသည် သူ့လက်ထဲတွင် ဓားတစ်လက်နှင့် မခြားတော့ပါ။

သူသည် ဝါးလုံးဖြင့် ချူးအော့အား သုတ်သင်ရန် ကြံစည်လိုက်လေသည်။

ချူးအော့အား အကာအကွယ်ပေးနိုင်သူမှာ မုစင်းတစ်ယောက်တည်းသာ ရှိသည်။

ယခု…

မုစင်း ထွက်ခွာသွားသည်ကို သူက ကောင်းစွာ တွေ့မြင်ခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့်…

ချူးအော့အား သတ်ရန် ရှေ့သို့ ခြေလှမ်းလှမ်းလိုက်လေသည်။

ထိုစဉ်မှာပင်…

သူ မမျှော်လင့်သော လူတစ်ယောက်က ရောက်ရှိလာသည်။

သူ၏သမီး 'ကျန်းဝှာ'ပင် ဖြစ်လေသည်။

ကျန်းစုထင်း ကမန်းကတန်း နောက်ဆုတ်သွားသည်။

ဝါးတံကို မြေပေါ်သို့ ပြန်လည်ထိုးစိုက်ပြီး အခြေအနေကို စောင့်ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ကျန်းဗိုသည် ချူးအော့၏နောက်ဘက်သို့ ရောက်ရှိလာသည်။

သူမသည် တစ်ဘက်သို့ ငေးမောကြည့်ရှုနေသော ချူးအော့ ပခုံးကို လှမ်းကိုင်လိုက်လေသည်။

"အမယ်လေး"

ချူးအော့ ထိတ်လန့်သွားသည်။

သူမ လှည့်ကြည့်၍ ကျန်းဗို ဖြစ်နေသည်ကို တွေ့ရတော့မှ စိတ်သက်သာရာရသွားလေသည်။

"မမ"

ကျန်းဗိုက သူမအား စိုက်ကြည့်ကာ...

"ညည်းက ဘာကို ငေးနေတာလဲ"

ချူးအော့ ခေါင်းယမ်းလိုက်သည်။

"ဘာမှ မဟုတ်ပါဘူး"

ကျန်းဗိုက...

"ငါ့ကို မလိမ်နဲ့၊ ခုနတုန်းက မင်းခေါ်သံကို ကြားလိုက်တယ်"

ချူးအော့ ခေါင်းငုံ့သွားသည်။

ကျန်းဗိုက သူမအား အကဲခတ် ကြည့်လိုက်သည်။

"ပြောစမ်း၊ ညည်းက ဘယ်သူ့ကို ခေါ်နေတာလဲ"

ချူးအော့ ခေါင်းမော့လာသည်။

"မမ ဒီကို လာတုန်းက အစ်ကိုမုစင်းကို မတွေ့မိဘူးလား"



ကျန်းဗို ခေါင်းယမ်းလိုက်သည်။

"မတွေ့ခဲ့ပါဘူး"

သူမ ပြုံး၍...

"ညည်းက အစ်ကိုမုစင်းကို ခေါ်တာကိုး"

ချူးအော့ မငြင်းတော့ဘဲ ခေါင်းညိတ်လိုက်သည်။

ကျန်းဗိုက...

"ခုနတုန်းက ညည်းဆီ အစ်ကိုမုစင်း လာတယ် ဟုတ်လား"

ချူးအော့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

"သူက ဘာလာလုပ်တာလဲ"

ချူးအော့ ခေါင်းယမ်းလိုက်သည်။

"ဘာမှ မဟုတ်ပါဘူး"

ကျန်းဗို မျက်မှောင်ကုပ်သွားသည်။

"အစ်ကိုမုစင်းက အကြောင်းမရှိဘဲ ညည်းဆီ လာမှာ မဟုတ်ဘူး"

ချူးအော့ သက်ပြင်းချကာ...

"သူက ကျွန်မကို လိုက်ပို့တာပါ"

ကျန်းဗိုက မျက်မှောင်ကြုတ်သွားသည်။

"ညည်းကို လိုက်ပို့တယ်ဆိုရင် ညည်းက သူ့ဆီကို ရောက်နေလို့လား"

ချူးအော့ ခေါင်းခါယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ကျွန်မ ဥယျာဉ်ထဲသွားရင်း သူ့ကို တွေ့ခဲ့လို့ပါ"

ကျန်းဗွာက...

"ငါသိပြီ၊ သူက ညည်းကို လိုက်ပို့ပြီး ညည်းကို တစ်ခုခု ပြောလိမ့်မယ်၊ ညည်းက လက်မခံလို့ သူထွက်သွားတယ်၊ ညည်းက နောက်မှ အဖြေပေးမယ်ဆိုပြီး ထွက်အလာမှာ သူက ထွက်သွားပြီ၊ ဒါကြောင့် ညည်းက သူ့ကို အော်ခေါ်လိုက်တာ ဖြစ်ရမယ်"

သူမသည် သဘောကျစွာ ရယ်မောရင်း ဆက်ပြောလိုက်သည်။

"အစ်ကိုမှစင်းဟာ မိန်းကလေးတွေနဲ့ စကားပြောတဲ့ နေရာမှာ ခွကျတယ်၊ ရှက်တတ်တယ်၊ ညည်းအပေါ် မေတ္တာရှိတယ်ဆိုရင် သူ့ကို လက်ခံသင့်ပါတယ်"

ချူးအော့က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး မမ"

ကျန်းဗွာက...

"ဒါဖြင့် ညည်းက ဘာကြောင့် သူ့ကို ဒီလောက်တောင် အရေးတကြီး လိုက်ခေါ်နေရတာလဲ"

ချူးအော့က ခေါင်းငုံ့ကာ...

"ကျွန်မ သူ့ကို စကားပြောစရာရှိလို့"

ကျန်းဗွာက...

"ညည်းက သူ့ကို ဘာပြောမလို့လဲ"



ချူးအော့က...

"ကျွန်မ သူ့အတွက် စိုးရိမ်နေလို့၊ ဒါကြောင့် သူ့ကို ဒီနေရာကနေ အမြန်ဆုံး ထွက်သွားပါလို့ ပြောမလို့ပါ"

ကျန်းဗွာက အံ့အားသင့်သွားသည်။

"သူ ဒီမှာနေတာ ဘာဖြစ်လို့လဲ"

ချူးအော့က...

"သူ ဒီမှာ ဆက်နေရင် အန္တရာယ် ဖြစ်လာမှာ စိုးရိမ်လို့ပါ"

ကျန်းဗွာက မျက်မှောင်ကြုတ်သွားသည်။

"ညည်းက ဘာကြောင့် ဒီလို ပြောချင်ရတာလဲ"

ချူးအော့၏မျက်ဝန်းမှ မျက်ရည်များ စီးကျလာ၏။

"သူ ဒီမှာ မနေသင့်လို့ပါ"

ကျန်းဗွာ၏မျက်နှာ တည်သွားသည်။

သူမသည် အလွန်အကင်းပါးသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

ချူးအော့ စကားထဲ၌ အဓိပ္ပါယ်တစ်မျိုး ပါဝင်နေသည်ကို နားလည်လိုက်လေသည်။

သူမသည် ချူးအော့ ပခုံးကို အသာအယာ ဆုပ်ကိုင်လိုက်သည်။

"မငိုပါနဲ့ကွယ် ညည်းပြောစရာရှိတာ ငါ့ကို ပြောပြပါဦး"

ချူးအော့ ဆတ်ခနဲ ဖြစ်သွားသည်။

"မမကို ပြောပြလို့ မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဝှာ မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

ချူးအော့က...

"ကျွန်မ မပြောချင်ဘူး၊ တစ်နေ့ မမကိုယ်တိုင် သိလာပါလိမ့်မယ်"

ဝါးရုံနောက်ကွယ်တွင် ပုန်း၍ နားထောင်နေသော ကျန်းစုထင်းသည် ချူးအော့အား နှုတ်ပိတ်ရန် ဆန္ဒများ ဖြစ်ပေါ်လာပြန်လေသည်။

သို့သော်...

သူသည် ကျန်းဝှာရှေ့တွင် ချူးအော့အား သုတ်သင်လိုက်ပါက သမီးဖြစ်သူက မိမိအပေါ် သံယောဇဉ် ပြတ်သွားလိမ့်မည်ဟု စိုးရိမ်လာသဖြင့် သူသည် ဖြစ်ပေါ်လာသော စိတ်ဆန္ဒကို ပြန်လည် ထိန်းချုပ်လိုက်လေသည်။

ကျန်းဝှာ သက်ပြင်းချလိုက်၏။

သူမ မျက်လုံးအစုံသည် ကရုဏာသက်စွာဖြင့် ချူးအော့အား စိုက်ကြည့်လိုက်သည်။

"နေပါဦး၊ ညည်းက ပြောချင်တဲ့ စကားကို ဘာကြောင့် ငါ့ကို မပြောချင်ရတာလဲ"

ချူးအော့သည် အတန်ကြာ စဉ်းစားတွေဝေနေ၏။

ကျန်းဝှာက...

"ကဲ ညည်းက ငါ့ကို ပြောရမှာ ခက်တယ်ဆိုရင် ဖေဖေ့ကို



ပြောလိုက်မယ်၊ သူက ညည်းကိုပဲ မေးလိမ့်မယ်"

ချူးအော့ မျက်နှာပျက်သွားသည်။

သူမ ကမန်းကတန်း လက်ကာပြလိုက်လေသည်။

"ဦးလေးကိုတော့ မပြောပါနဲ့"

ကျန်းဝှာက...

"ဒါဖြင့် ဘာတွေ ဖြစ်နေသလဲဆိုတာ ငါ့ကိုပြော"

ချူးအော့ မျက်ရည်ကျလာပြန်သည်။

"ကျွန်မပြောမယ့် ကိစ္စကို တစ်နေ့ မမသိလာပါလိမ့်မယ်"

သူမတို့ ပြောဆိုနေသည်ကို ကျန်းစုထင်းက နားထောင်ယင်း ချူးအော့အား နှုတ်ပိတ်ချင်စိတ် တဖွားဖွား ပေါ်နေ၏။

သို့သော်...

ကျန်းဝှာ ရှိနေ၍ စိတ်ကို ချုပ်တည်းထားလိုက်လေသည်။

နောက်ဆုံး သူသည် ချူးအော့ ပြောပြလည်း မိမိကိုယ်တိုင် ပြောပြသည်ထက် ပိုသင့်တော်သည်ဟု ယူဆမိလေသည်။

သူသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

အကယ်၍...

ကျန်းဝှာက သိရှိသွားပါလျှင် မိမိအပေါ် မည်သို့ တုံ့ပြန်လာမည်နည်း။ သူ၏ရင်ထဲ၌ လေးလံလာ၏။

ကျန်းဝှာ စိတ်ဓာတ်ကို မည်သူကမှ သူ့ထက် နားလည်မည် မဟုတ်ပါ။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## ထောင်ချောက်

မစင်းသည် ချူးအော့ ခေါ်သံကို မကြား၍ မဟုတ်ပါ။

သူသည် စကြိုလမ်းအတိုင်း ထွက်ခွာသွားစဉ်တုန်းက လူနှစ်ယောက် လျှောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ ကျန်းစုထင်း အား အထားရဆုံးသောတပည့် ကို့ရှမ်း ဖြစ်သည်ကို သူက မှတ်မိလိုက်သည်။

ကျန်တစ်ယောက်မှာမူ သူက တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးပါချေ။

သူက သေသေချာချာ အကဲခတ် ကြည့်လိုက်သောအခါ



ထိုလူသည် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားပြီး ဓားကောက်တစ်လက် ချိတ်ဆွဲထားသည်ကို တွေ့ရ၏။

မစင်း ရင်ထဲ လှုပ်ရှားသွားသည်။

ထိုလူမှာ ပထမကြေးစား စုန့်ချန်း ဖြစ်သည်ကို ခန့်မှန်းမိလေသည်။

အကြောင်းမှာ...

ကြေးစားလောကတွင် စုန့်ချန်းတစ်ဦးတည်းသာ ဓားကောက်ကိုင်ဆောင်သည် မဟုတ်ပါလား။

မစင်းသည် အနီးရှိ ဝါးရုံတောထဲသို့ ကမန်းကတန်း ဝင်ရောက်ပုန်းကွယ်လိုက်သည်။

သူဝင်သွားပြီး မကြာမီ ကို့ရှမ်းတို့သည် စကားတပြောပြောဖြင့် လျှောက်လာလေသည်။

မစင်းက နားစွင့်ထောင်နေလိုက်သည်။

ကို့ရှမ်းက...

"ဆရာက မှာလိုက်တယ်၊ ကျုပ်တို့ ပစ္စည်းတွေကို လျှို့ဝှက်လမ်းကြောင်းကနေ အမြန်ဆုံး ထုတ်သွားရမယ်တဲ့"

စုန့်ချန်းက...

"ဟာ အဲဒါ အလုပ်မရှုပ်ဘူးလား"

ကို့ရှမ်းက...

"ဒါကတော့ ဆရာ မှာလိုက်တာပဲ"

စုန့်ချန်းက...

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့လေ ဘယ်ကို ရွှေ့ပြောင်းသွားမလို့လဲ"

ကိုရှမ်းက...

"ဘိန်းချက်တဲ့ နေရာကိုပေါ့"

စုန့်ချန်း မျက်မှောင်ကြုတ်ရင်း...

"ဒီမှာထားတာ ကောင်းရဲ့သားနဲ့ ဘာကြောင့် ဟိုအထိ သယ်ရတာလဲ"

ကိုရှမ်းက...

"ဆရာက ပြောတော့ ရှောင်စုရီ ဒီကိုစွ လိုက်စုံစမ်းနေလို့ တော်ကြာ တွေ့သွားရင် မကောင်းဘူးလို့ ပြောတယ်"

စုန့်ချန်း မကျေမနပ် ဖြစ်သွားသည်။

"အို ရှောင်စုရီကို ဘာကြောင့် ကြောက်နေရမှာလဲ"

ကိုရှမ်းက...

"ကြောက်တာ မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် ရန်သူ မဖြစ်ချင်လို့ပါ"

စုန့်ချန်း မျက်မှောင်ကုပ်ကာ...

"အခု ရှောင်စုရီမှ မရှိတော့ဘဲ"

ကိုရှမ်း သက်ပြင်းချလိုက်၏။

"သူက မရှိပေမယ့် သူ့သူငယ်ချင်း မုစင်းက ကျန်ရစ်ခဲ့တယ် ဗျ"

စုန့်ချန်းက ကိုရှမ်းအား ကြည့်၍...

"ဒါနဲ့ မုစင်းက မင်းဆရာရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်



ယောက် မဟုတ်လား"

ကိုရှမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီလူက ခေါင်းမာတယ်၊ ဆရာက ဘိန်းချက်တဲ့ အလုပ်ကို သူသိသွားရင် ရန်သူ ဖြစ်လာမယ်လို့ ပြောပါတယ်"

စုန့်ချန်း လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"မုစင်းကတော့ ဒုက္ခသယ်လာတာနဲ့ တူတယ်"

"ဘာပဲပြောပြော ဒီလူဟာ ကျုပ်တို့ ဆရာဘက်က နေပြီး အတော့်ကို ကူညီခဲ့သေးတယ် မဟုတ်လား"

စုန့်ချန်းက...

"ဒါနဲ့ တို့ ဘယ်အချိန် သွားမှာလဲ"

ကိုရှမ်းက...

"ကျုပ်ထွက်လာတဲ့အခါ အားလုံး အဆင်သင့် ဖြစ်နေပြီ၊ ဒါကြောင့် ဆရာက ခင်ဗျားကို လာခေါ်ခိုင်းတာ"

စုန့်ချန်း မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ငါရောက်တာနဲ့ ထွက်တော့မယ်ဆိုပါတော့"

ကိုရှမ်းက...

"ဟုတ်ပါတယ်"

စုန့်ချန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဒါဖြင့် တို့ မြန်မြန်သွားကြရအောင်"

သူတို့သည် ပြောပြောဆိုဆိုဖြင့် မုစင်း ပုန်းကွယ်နေသော

www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ဖြတ်ကျော်သွားလေသည်။

♠ ♠ ♠

ကိုရှမ်းတို့ ထွက်သွားပြီးနောက် မုစင်း ပုန်းကွယ်ရာမှ ထွက်လာသည်။

ယခု...

သူသည် ကျန်းစုထင်း၏လျှို့ဝှက်သော အကြံအစည်များကို ကြားသိလိုက်ပြီး ဖြစ်လေသည်။

သူကြိုးစားပမ်းစား စုံစမ်းခဲ့သည်များ အချည်းနှီး မဖြစ်တော့ပါ။

ထို့ကြောင့်...

သူသည် ပြုံးလိုက်မိသည်။

ကိုရှမ်းတို့နှစ်ယောက် ပျောက်ကွယ်သွားသော နေရာသို့ ကျေနပ်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

သူ့စိတ်ထဲတွင် ကျန်းစုထင်း၏ လျှို့ဝှက်ချက်များကို သိရှိထားပြီဟု ဝမ်းသာနေ၏။

အမှန်မှာ...

သူသည် ကိုရှမ်းနှင့် စုန့်ချုန်းတို့ ဆင်ထားသော ထောင်ချောက်ထဲသို့ တိုးဝင်မိသည်ကို လုံးဝမသိခဲ့ပါ။

ကိုရှမ်းနှင့် စုန့်ချုန်းတို့သည် စကြံလမ်းအတိုင်း လျှောက်လာ



သောအခါ မုစင်းအား တွေ့မြင်ခဲ့၏။

မုစင်းက ဝါးရုံတောထဲသို့ ပြေးဝင်ပုန်းကွယ်နေသည်ကို လည်း တွေ့ရှိမိလေသည်။

သို့သော်...

သူတို့သည် မတွေ့လိုက်သည့်အလား တမင်တကာ စကားကို အချီအချပြောပြီး ထောင်ချောက်ဆင်ထားလိုက်ခြင်း ဖြစ်လေသည်။

မုစင်းသည် မိမိက ရန်သူ ဆင်ထားသော ထောင်ချောက်ထဲသို့ ဝင်မိနေသည်ကို မသိဘဲ ကိုရှမ်းတို့ထံမှ ကျန်းစုထင်း လျှို့ဝှက်ချက်အား သိရှိလိုက်ပြီဟု ဝမ်းသာအားရ ဖြစ်နေမိလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## လှို့ဝှက်ချက်နှင့် အသက်

ချူးအော့ သိရှိထားသည့် အချက်အလက်များမှာ အလွန်နည်းလှ၏။

သို့သော်...

ကျန်းဟွာအဖို့ အလွန်အံ့ဩထိတ်လန့်သွားရသည်။

သူမ၏စိတ်ထဲ၌ ကျန်းစုထင်းမှာ အလွန်သဘောထားပြည့်ဝသော ဖခင်တစ်ယောက် ဖြစ်သည်ဟု ယူဆထား၏။

တစ်နည်းဆိုရလျှင် သူမဖခင်သည် လူရိုသေ ရှင်ရိုသေ သိုင်းပညာရှင်တစ်ယောက် ဖြစ်သည်ဟု ထင်မှတ်ထားလေသည်။

သို့သော်...



သူမသည် ဗဟုသုတ အလွန်ကြွယ်ဝသည်။

ဘိန်းဟူသည် လူသားများအား အကျိုးမပေးမှန်း သူမနားလည်ထား၏။

ယခုမှာမူ ဖခင်ဖြစ်သူက ဘိန်းချက်၍ စီးပွားရှာနေသည်ဟု ကြားလိုက်ရသောအခါ အံ့ဩထိတ်လန့်သွားရခြင်း ဖြစ်ပေ၏။

သူမ၏ဖခင်မှာ ဤမျှ ယုတ်မာလိမ့်မည်ဟုလည်း သူမ မယုံကြည်ပါ။

"ချူးအော့၊ ညည်းပြောတာ တကယ်ပဲလား"

သူမက ပို၍ သေချာစေရန် မေးလိုက်၏။

ချူးအော့ ခေါင်းညိတ်လိုက်သည်။

"သေချာပါတယ်"

ကျန်းဟွာက...

"မဟုတ်သေးဘူး ထင်တယ်"

ချူးအော့က...

"ကျွန်မတောင် မမျှော်လင့်ဘဲ သိခဲ့ရတာပါ၊ မမ မယုံရင် ကိုယ်တိုင်စုံစမ်းကြည့်ပါလား"

ကျန်းဟွာ ပင့်သက်ရှိုက်၍...

"ဝူးပေကျားက ဖေဖေ့ လုပ်ငန်းတွေကို မတရားလိုချင်နေတာ ဒီအကြောင်း ပါလိမ့်မယ် ထင်တယ်"

ချူးအော့ သက်ပြင်းချလိုက်သည်။

"ဘိန်းချက်တဲ့ လုပ်ငန်းဟာ အမြတ်အစွန်း များစွာရလို့

www.burmeseclassic.com

www.burmeseclassic.com



မက်မောစရာတော့ ကောင်းတာပေါ့ရှင်"

ကျန်းမှာ မျက်မှောင်ကုပ်သွားသည်။

"ဒီအကြောင်း ကို့ရှမ်းက သိသလား"

ချူးအော့က...

"သူက ဦးလေးရဲ့တပည့်ရင်းဆိုတော့ မသိဘဲ မနေပါဘူး"

ကျန်းမှာ တွေဝေသွားသည်။

ချူးအော့က...

"မမ မယုံရင် ဦးလေးကို မေးကြည့်ပါလား"

"ဘယ်လို ဖေဖေ့ကို မေးရမယ် ဟုတ်လား"

ချူးအော့က...

"ဟုတ်တယ်၊ သူက အသိဆုံးပဲလေ"

ကျန်းမှာက သူမအား စိုက်ကြည့်ကာ...

"ညည်း အခုလို ဖွင့်ပြောတာ အန္တရာယ်ရှိမှန်း မသိဘူးလား"

ချူးအော့က...

"ကျွန်မ မိဘတွေ မရှိတဲ့နောက် သေသွားရလဲ အကြောင်းမထူးတော့ပါဘူး"

ကျန်းမှာက သူမအား ကြောင်၍ ကြည့်နေ၏။

ထို့နောက်...

လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဘာမှ မကြောက်နဲ့ ဖေဖေ့ကို ငါတောင်းပန်လိုက်ရင်



အဆင်ပြေသွားမှာပါ"

ချူးအော့ ပါးစပ်ပိတ်ထားလိုက်သည်။

ကျန်းမှာက...

"ညည်းက ဒီမှာ မနေချင်ဘူးဆိုရင် ညည်းကို လုံခြုံတဲ့နေရာအထိ ပို့ပေးမယ်"

ချူးအော့က...

"မမကြိုက်သလို စီစဉ်ပါ"

"ငါ့ကို ယုံလို့လား"

"ကျွန်မ ယုံလို့ ပြောတာပေါ့"

ကျန်းမှာ ပြုံးလိုက်သည်။

"ဖေဖေက ငါ့ကို ချစ်ပါတယ်၊ ငါက ခွင့်တောင်းရင် အမြဲတမ်း အလိုလိုက်ပါတယ်။ ညည်းစိတ်ချလက်ချနေပါ၊ ဖေဖေ့ကို လုံးဝအလုပ်မလုပ်နိုင်းတော့ဘူး။ အိမ်မှာပဲ အေးအေးဆေးဆေးနေဖို့ ငါတိုက်တွန်းပါ့မယ်"

ချူးအော့က ပါးစပ်ပိတ်ထားလိုက်သည်။

ကျန်းမှာက စကားဆက်လိုက်သည်။

"ဖေဖေ လက်ခံလာအောင် ငါပြောမယ်၊ ကဲ ငါနဲ့ လိုက်ခဲ့"

ချူးအော့ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မရှိနေရင် စကားပြောခက်နေပါ့မယ်၊ ဒါကြောင့် မမတစ်ယောက်တည်း သွားပါ"

ကျန်းမှာ ပခုံးတစ်ချက် တွန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ငါကို ဒီမှာပဲ စောင့်နေပါ"

သူမသည် ပြောပြီးသည်နှင့် ချာခနဲလှည့်ထွက်ကာ ထွက်ခွာသွားတော့သည်။

♠ ♠ ♠

ကျန်းစုထင်းသည် မည်ကဲ့သို့ လူစားမျိုး ဖြစ်ပါသနည်း။

သူ့လက်အောက်ငယ်သားများသည် သူ့အကြောင်းကို ကောင်းစွာ သိထားကြလေသည်။

ချူးအော့သည် ကျန်းဟှာအတွက် မစိုးရိမ်ပါ။

သူမစိုးရိမ်မိသည်မှာ မုစင်းပင် ဖြစ်သည်။

သူမတစ်ယောက်တည်း တွေဝေငေးငိုင်နေဆဲမှာပင် လူတစ်ယောက်၏အသံကို ကြားလိုက်ရသည်။

"မင်းက ဘာဖြစ်လို့ ကျန်းဟှာနောက် လိုက်မသွားရတာလဲ"

ချူးအော့ ဆတ်ခနဲ ဖြစ်သွားပြီး နောက်လှည့်ကြည့်လိုက်သည်။

ထိုအခါ...

ကျန်းစုထင်းသည် လက်နှစ်ဖက် နောက်ပစ်၍ သူမအား ပြုံးစေ့စေ့ဖြင့် ကြည့်နေသည်ကို တွေ့ရှိရလေသည်။

ချူးအော့ မျက်မှောင်ကုပ်သွားသည်။

"ကျွန်မက ဘာဖြစ်လို့ သူ့နောက်ကို လိုက်သွားရမှာလဲ"



ကျန်းစုထင်းက...

"မင်းသာ သူ့နောက်ကို လိုက်သွားရင် အချိန်ကြာကြာ အသက်ရှင်နိုင်တာပေါ့"

ချူးအော့က တည်ငြိမ်စွာဖြင့်...

"ပုန်းလျှိုးကွယ်လျှိုး အသက်ရှင်နေသည့်တိုင်အောင် အဓိပ္ပါယ် မရှိပါဘူး"

ကျန်းစုထင်းက...

"မင်းအဖေဟာ ငါနဲ့ နှစ်ဝမ်းကွဲညီအစ်ကိုသာ တော်စပ်တာ၊ မင်းကို ညှာစရာမလိုဘူး ထင်တယ်"

ချူးအော့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဦးလေးဟာ လူသားတွေကို ကျေးကျွန်အဖြစ် ခိုင်းစားချင်တာတော့ ကျွန်မလက်မခံနိုင်ပါဘူး"

ကျန်းစုထင်း ပြုံးလိုက်သည်။

"မင်းသတ္တိကောင်းသားပဲ၊ မင်းကို လျှော့တွက်ထားမိတာ ငါ့အမှားပဲ"

ချူးအော့က...

"ဟုတ်ကဲ့၊ ကျွန်မသိထားတာတွေ အများကြီးလို့ မဆိုနိုင်ပေမယ့် ဦးလေးဟာ ဘိန်းချက်ပြီး ဖြန့်ဖြူးနေတယ်ဆိုတာ သိထားပါတယ်"

ကျန်းစုထင်း ရယ်မောလိုက်သည်။

"လျှို့ဝှက်ချက် သိထားတဲ့လူဟာ အသက်မရှည်ဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မင်း မကြားဖူးနဲ့တူတယ်"

ချုံးအော့က ကြောက်ရွံ့ခြင်း မရှိပါ။

မားမားမတ်မတ် ရပ်လိုက်သည်။

"ဦးလေးက နှုတ်ပိတ်ချင်တယ်ဆိုရင် ကြိုက်သလို လုပ်ပါ"

ကျန်းစုထင်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းမိဘရဲ့ မျက်နှာကို ထောက်ပြီး မင်းကို ဝေဒနာမခံစားရဘဲ သေသွားစေရမှာပါမယ်"

သူသည် ပြောပြီး နောက်ပစ်ထားသော လက်ကို ရှေ့သို့ဆန့်ထုတ်လိုက်၏။

သူ့လက်ထဲတွင် ဝါးချွန်တစ်ချောင်း အသင့်ကိုင်ဆောင်ထားလေသည်။ ချုံးအော့ မျက်လုံးမှိတ်ထားလိုက်သည်။

ထိုအချိန်မှာပင် ကျန်းစုထင်း၏ဝါးတံသည် သူမရင်ဝသို့ ထိုးဖောက်ဝင်ရောက်သွားလေသည်။

ချုံးအော့ ခန္ဓာကိုယ်သည် ပျော့ခွေ၍ အောက်သို့ လဲကျသွားလေသည်။

ကျန်းစုထင်းသည် သူမ လဲကျသွားသည်ကို အေးဆေးစွာကြည့်၏။

ထို့နောက် သူသည် ချာခနဲလှည့်ကာ ကိုယ်ဖော့ပညာကိုအသုံးပြုပြီး သူ့အခန်း ရှိရာသို့ အခြားလမ်းဖြင့် ပြေးလွှားသွားလေသည်။

♠ ♠ ♠



ကျန်းစုထင်းသည် ပြေးလွှားသွားနေ၏။

သူ၏ရင်ထဲ လေးလံနေ၏။

ကျန်းဖုံသည် မိမိအား တရားမျှတသော သိုင်းသမား တစ်ဦးဟု ထင်မှတ်ခဲ့သည်။

ယခုမှာမူ...

ချုံးအော့က မိမိ လျှို့ဝှက်ချက်များကို ထုတ်ဖော်ပြောဆိုလိုက်သောကြောင့် မိမိအကြောင်းကို သူမက သိရှိသွားပြီ ဖြစ်သည်။

ထို့ကြောင့်...

မိမိသည် ဖြေရှင်းရမည် ဖြစ်သည်။

မည်ကဲ့သို့ ဖြေရှင်းရမည်နည်း။

သူသည် အလွန်ဉာဏ်ကောင်းသော လူတစ်ယောက် ဖြစ်သည်။

သို့သော် ယခု ဖြေရှင်းနိုင်သော နည်းလမ်းကို ရှာမတွေ့ဘဲဖြစ်နေ၏။

သို့သော် သူ့သမီးအကြောင်းကို သူကောင်းစွာ သိထားလေသည်။

ကျန်းဖုံသည် အလွန်စိတ်ကောင်းပြီး မတရားမှုကို လုံးဝမကြိုက်သော မိန်းကလေးတစ်ယောက် ဖြစ်၏။

ယခု သူသည် သမီးဖြစ်သူကျန်းဖုံအား မည်ကဲ့သို့ ဖြေရှင်းပြောပြရမည်နည်း။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

# ဖြေရှင်းခြင်း

ကျန်းဗွာသည် ကျန်းစုထင်း အခန်းထဲ ရောက်သွားသော အခါ ကျန်းစုထင်းသည် ပြတင်းပေါက်မှ ဝင်ရောက်ပြီး သူမအား စောင့်ဆိုင်းနေ၏။

သူသည် လက်နှစ်ဘက်ပိုက်၍ ကျောပေးရပ်ထား၏။

ကျန်းဗွာသည် အခန်းတံခါး တွန်းဖွင့်လိုက်သည်နှင့် ကျန်းစုထင်း ရပ်နေသည်ကို တွေ့ရလေသည်။

ကျန်းစုထင်းသည် တစ်ချိန်လုံး အခန်းထဲ ရှိနေသည်ဟု ထင်မှတ်ရလေသည်။

သူမသည် ကျန်းစုထင်းထံသို့ တစ်လှမ်းချင်း လှမ်းသွား



ထိုအချိန်ကျမှ ကျန်းစုထင်းက သူ့ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"ဩော် သမီးကိုး"

ကျန်းဗွာက အဖြေမပေးမီ သူက စကားဆက်လိုက်ပြန်၏။

"သမီးက ဒါလောက် မိုးချုပ်မှ လာတယ်ဆိုတော့ ကိစ္စရှိလို့လားဟင်"

ကျန်းဗွာက နှုတ်ခမ်းကိုက်ထားသည်။

"သမီး အိပ်မပျော်တာနဲ့ ချူးအော့ဆီကို ရောက်ခဲ့တယ်"

ကျန်းစုထင်းက နားထောင်နေ၏။

ကျန်းဗွာက စကားဆက်လိုက်သည်။

"သူက သမီးကို လျှို့ဝှက်ချက်တစ်ခု ပြောပြလိုက်တယ်"

ကျန်းစုထင်းက...

"လျှို့ဝှက်ချက်ဆိုရင် ဘာဖြစ်လို့ ပြောပြရတာလဲ"

ကျန်းဗွာက...

"လောကပေါ်မှာ အချိန်ကြာကြာ ဝှက်ထားတဲ့ လျှို့ဝှက်ချက်ဆိုတာ မရှိနိုင်လို့ပါ"

ကျန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ဟုတ်ပါတယ်"

ကျန်းဗွာက...

"ချူးအော့ ပြောတဲ့စကားဟာ မှန်သလား ဖေဖေ"

ကျန်းစုထင်းက...

www.burmeseclassic.com

www.burmeseclassic.com



"သမီးသိပ်သိချင်နေသလား"

ကျန်းဗွာက...

"ဟုတ်ကဲ့"

ကျန်းစုထင်းက သူမအား ပြုံးစေ့စေ့ဖြင့် ကြည့်လိုက်သည်။

"ချုံးအော့ ပြောတာတွေ မှန်ကန်ပါတယ်"

ကျန်းဗွာသည် ထိုစကားကြားလိုက်သောအခါ ငယ်ထိပ်ပေါ်သို့ မိုးကြိုးပစ်ချခြင်း ခံလိုက်ရသည့်အလား ဝုန်းခနဲ ဖြစ်သွားလေသည်။

သူမဦးနှောက်တစ်ခုလုံး ဟာလာဟင်းလင်း ဖြစ်သွားရလေသည်။

ကျန်းစုထင်းက တစ်ဘက်သို့ လှည့်လိုက်သည်။

"သမီးသိချင်တာတွေ သိပြီ မဟုတ်လား၊ ပြန်အိပ်တော့"

ကျန်းဗွာက ငေးငိုင်နေရာမှ သတိရလာလေသည်။

"ဘိန်းဆိုတာ လူသားတွေကို ဘယ်လိုဒုက္ခပေးတယ်ဆိုတာ ဖေဖေသိသလား"

ကျန်းစုထင်းက...

"ဖေဖေက ကောင်းကောင်းသိလို့လဲ ဘိန်းကို ချက်နိုင်တဲ့အထိ ဖြစ်လာတာပေါ့"

ကျန်းဗွာက...

"ဖေဖေ ဘာဖြစ်လို့ ဒီအလုပ်လုပ်ချင်နေရတာလဲ"

ကျန်းစုထင်း တစ်ချက်ပြုံးကာ...



"ဒီပစ္စည်း ထုတ်လုပ်ရောင်းချတဲ့အတွက် အမြတ်အစွန်းရတဲ့နေရာမှာ ဘယ်ဟာမှ လိုက်မမီပါဘူး"

ကျန်းဗွာ ခေါင်းယမ်းလိုက်၏။

"ဒီလောက် ငွေများများ ကျွန်မတို့ မလိုအပ်ပါဘူး"

ကျန်းစုထင်း သက်ပြင်းချလိုက်သည်။

"ဖေဖေ့လက်အောက်ငယ်သားတွေဘက်ကို ကြည့်ရဦးမယ်၊ သူတို့ စားဝတ်နေရေးကို ဖေဖေက ဖြေရှင်းမပေးရင် အားလုံး ငတ်ကုန်မှာပေါ့"

ကျန်းဗွာ မျက်မှောင်ကြုတ်လိုက်သည်။

"ဖေဖေ့လက်အောက်မှာ လူ ဘယ်နှစ်ယောက်များ ရှိလို့လဲ"

ကျန်းစုထင်းက...

"အနည်းဆုံး တစ်ထောင်ကျော် ရှိတယ်"

ကျန်းဗွာ အံ့အားသင့်သွားလေသည်။

"တစ်ထောင်ကျော် ဟုတ်လား"

"ဟုတ်တယ်"

"ဖေဖေက လူ ဒီလောက် များများထားပြီး ဘာလုပ်ဖို့လဲ"

ကျန်းစုထင်းက...

"ဖေဖေဟာ အလွန်ကြီးကျယ်တဲ့ လုပ်ငန်း လုပ်နေတာယ်လေ"

ကျန်းဗွာ မျက်မှောင်ကြုတ်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့မှာ ဘာတွေ ကြီးကျယ်တဲ့ လုပ်ငန်းတွေ လုပ်နေတာလဲ"

ကျွန်းစုထင်းက...

"သမီးသိထားဖို့က ဖေဖေလုပ်တဲ့ လုပ်ငန်းဟာ အတော့်ကို ကြီးကျယ်ဆိုတာ သိထားရင် လုံလောက်ပါပြီ"

"အခုထိ ဖေဖေလိမ်ချင်တုန်းပဲလား"

ကျွန်းစုထင်း မျက်နှာတည်သွား၏။

"လုပ်ငန်းကြီးကြီးကျယ်ကျယ် လုပ်တဲ့ နေရာမှာ အများနဲ့ ကိုယ်ပိုင်ဆိုတာ သေချာခွဲခြားရတယ်၊ မင်းက ငါ့သမီး ဖြစ်ပေမယ့် ငါ့လုပ်ငန်းထဲမှာ ပါဝင်နေတာ မဟုတ်ဘူး"

"ဖေဖေက.."

"သမီးသိထားတာ များလွန်းနေပြီ၊ အခုအချိန်ကစပြီး ပါးစပ်လုံဖို့ လိုတယ်၊ သတင်းတစ်ခုခု ပေါက်ကြားသွားရင်တော့ ဖေဖေ့ကို အပြစ်မတင်နဲ့"

သူသည် ပြောရင်း အသံက မာကျောလာ၏။

မျက်နှာထားက ခက်ထန်လာသည်။

ကျွန်းဝှာသည် ဖခင်အား ငေးငိုင်၍ ကြည့်နေသည်။

ရုတ်တရက် ကျွန်းစုထင်းမှာ မိမိဖခင် မဟုတ်ဘဲ လူစိမ်းတစ်ယောက် ဖြစ်နေသည်ဟု ခံစားလိုက်ရသည်။

ကျွန်းစုထင်းက သူမအား စိုက်ကြည့်လိုက်သည်။

"နှုတ်လုံဖို့ အရင်ကြိုးစားပါ၊ ဖေဖေ့လုပ်ငန်းလျှို့ဝှက်ချက်



ပေါက်ကြားတဲ့လူအားလုံး သေရမယ်ဆိုတာ နားလည်ထားပါ"

ကျွန်းဝှာက ရင်ထိတ်သွားသည်။

"ဒီအကြောင်းတွေ ချူးအော့ပြောတာ"

ကျွန်းစုထင်းက...

"ဒါကလဲ ငါက မင်းသိနိုင်အောင် လွှတ်ထားတာပါ၊ နို့မဟုတ်ယင် သူစကားပြောဖို့ အချိန်တောင်ရမှာ မဟုတ်ဘူး"

ကျွန်းဝှာ ကျောချမ်းသွားမိသည်။

ကျွန်းစုထင်းက အေးတိအေးစက် လေသံဖြင့်...

"သူက သမီးတစ်ယောက်တည်းကို ပြောပြရုံနဲ့ လုံလောက်ပါတယ်၊ အခုတော့ အခြားလူတစ်ယောက်ကို ပြောပြဖို့ ကြိုးစားနေတယ်လေ"

ကျွန်းဝှာ မျက်မှောင်ကုပ်သွားသည်။

"အစ်ကိုကြီးမုစင်း ဟုတ်လား"

ကျွန်းစုထင်း မဲ့ပြုံးပြုံးလိုက်၏။

"သူက ဝိဝိရိရိ မလှုပ်ရှားတတ်တော့ ဖေဖေ့အကြောင်း စုံစမ်းနေတယ်ဆိုတာ သိခဲ့ရတယ်လေ"

ကျွန်းဝှာက...

"ချူးအော့က အစ်ကိုမုစင်းကို ပြောပြပြီးပြီလား"

ကျွန်းစုထင်း ခေါင်းခါယမ်းလိုက်သည်။

"သူက မပြောရသေးပါဘူး၊ ဒါပေမယ့် မုစင်း သွားမယ့် နေရာနဲ့ ထပ်တူထပ်မျှ ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဗှာ ရင်ထိတ်သွားသည်။

"အစ်ကိုမှုစင်းက ဘယ်ကို သွားမှာမို့လဲ"

ကျန်းစုထင်းက…

"ဖေဖေတို့ ဘိန်းချက်တဲ့နေရာလေ"

ကျန်းဗှာ ရင်ထိတ်သွားသည်။

"သူက ဖေဖေတို့ နေရာကို ဘယ်လိုလုပ် သိသွားသလဲ"

ကျန်းစုထင်းက ပါးစပ်ပိတ်ထားလိုက်၏။

ကျန်းဗှာ တစ်စုံတစ်ရာကို သတိရလာသည်။

"ဖေဖေက သူ့ကို ထောင်ချောက်ဆင် မျှားခေါ်ခဲ့တယ် ဟုတ်လား"

ကျန်းစုထင်းက ခံစားချက်ကင်းမဲ့သော လေသံဖြင့်…

"ဒါကတော့ သူက ကိုယ့်သေလမ်း ကိုယ်ရှာခဲ့တာကိုး"

ကျန်းဗှာ အံကြိတ်လိုက်သည်။

"သူက သမီးကို ကယ်ခဲ့တယ်ဆိုတာ ဖေဖေ မမေ့သင့်ပါဘူး"

"သူ့ရဲ့ကျေးဇူးကို ဖေဖေ မမေ့ပါဘူး၊ ဒါပေမယ့် အခုကိစ္စက တခြားစီပါ"

ကျန်းဗှာ ငေးငိုင်သွားသည်။

"ချူးအော့ကော"

"သူက နှုတ်မှ မလုံဘဲ"

"ဖေဖေရယ် သူ့ကိုတော့ ခွင့်လွှတ်"



သူမ၏စကားမဆုံးမီ ကျန်းစုထင်းက ကြားဖြတ်ပြောလိုက်၏။

"သမီး သူ့အတွက် တောင်းပန်ပေးတာ နောက်ကျသွားပါပြီ"

ကျန်းဗှာ ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွားလေသည်။

"ဘာဖြစ်လို့လဲ ဖေဖေ"

"သူသေပြီ"

သူသည် ပြောပြီး လက်တစ်ဘက် ဝှေ့ယမ်းလိုက်ရာ ဝါးရွက်တစ်ရွက်သည် သူ၏အင်္ကျီလက်ထဲမှ လွင့်စဉ်သွားလေသည်။

ကျန်းဗှာ မျက်လုံးအစုံသည် ဝါးရွက်ပေါ် ရောက်ရှိသွား၏။

ဝါးရွက်၌ သွေးစများ စွန်းပေနေပါသည်။

ကျန်းဗှာ ခန္ဓာကိုယ် ဆတ်ခနဲ ဖြစ်သွားသည်။

"ဖေဖေကိုယ်တိုင် သူ့ကို သတ်လိုက်တယ်ပေါ့"

ကျန်းစုထင်း၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

စကားမပြောတော့ဘဲ တစ်ဘက်သို့ လှည့်လိုက်၏။

ကျန်းဗှာသည် ခဏကြာရပ်နေပြီးမှ ချာခနဲလှည့်ကာ ပြေးလွှားထွက်ခွာသွားလေသည်။

ကျန်းစုထင်းကား လှည့်မကြည့်ပါ။

သူ၏ခန္ဓာကိုယ်သည် ကျောက်ရုပ်ပမာ မလှုပ်မယှက် ရှိနေလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ချူးအော့အလောင်းသည် ထိုနေရာတွင်ပင် ရှိနေသေး၏။

ကျန်းဝှာသည် ရုပ်သေးကြိုးပြတ်ပမာ အလောင်းနံဘေး၌ ထိုင်ချလိုက်သည်။

သူမသည် ငိုကြွေးခြင်း မရှိပါ။

သူမသည် သက်မဲ့တစ်ယောက်ပမာ မလှုပ်မယှက် ထိုင်နေ၏။

သူမသည် ချူးအော့စကားကို ကြားသိခဲ့သော်လည်း မိမိဖခင်မှာ ဤအထိ မိုက်ကန်းယုတ်မာလိမ့်မည် မဟုတ်ဟု ယုံကြည်ထားခဲ့ပင်။

ချူးအော့ ပြောပြသည့် လျှို့ဝှက်ချက်များသည် မဟုတ်မမှန် ဖြစ်ရမည်ဟုလည်း မျှော်လင့်ထားသည်။

သို့သော်...

သူမမျှော်လင့်ချက်အား ဖခင်တစ်ယောက်က ဖျက်ဆီးလိုက်ခြင်း ဖြစ်သည်။

ချူးအော့ သေဆုံးမှုသည် ထိုလျှို့ဝှက်ချက်၏ အကောင်းဆုံးသော အထောက်အထား ဖြစ်နေသည် မဟုတ်ပါလား။

ယခု သူမသည် အလွန်စိတ်ထိခိုက်နေ၏။

သူမအား မည်သူကမှ လာရောက်၍ ကြည့်ရှုခြင်း မရှိပါ။

ဝန်းကျင်တစ်ခုလုံး မြေပေါ် လဲလျောင်းနေသော ချူးအော့ တစ်ယောက်တည်းသာ အဖော်ရှိနေသည်။

သို့သော်...



တစ်ခဏအကြာတွင် အိမ်ဖော်လေးယောက်သည် သူမထံသို့ ရောက်ရှိလာလေသည်။

သူမတို့သည် ကျန်းဝှာအား မေးမရှင်း ထိုနေရာမှ ထွက်ခွာသွားလေသည်။

ထိုအိမ်ဖော်လေးယောက်စလုံးမှာ လက်နက်ကိုယ်စီ ဆောင်ထား၏။

သူမတို့အားလုံးမှာ ကိုယ်ကြပ်အင်္ကျီများ ဝတ်ဆင်ထားလေသည်။

သူမ၏လှုပ်ရှားမှုများကို မြင်တွေ့လိုက်ရသည်နှင့် သိုင်းပညာ မည့်ကြောင်း ပေါ်လွင်နေသည်။

ကျန်းဝှာသည် ခုခံခြင်း မရှိပါ။

သူမတို့ ခေါ်ဆောင်ရာသို့ လိုက်သွားလေသည်။

အပြင်ဘက်၌ မြင်းလှည်းတစ်စီး ရှိသည်။

အိမ်ဖော်များသည် သူမအား မြင်းလှည်းပေါ်သို့ ဆွဲတင်လိုက်၏။ မြင်းလှည်းမှာ ချက်ချင်းပင် မောင်းနှင်ထွက်ခွာသွား၏။

ကျန်းစုထင်းသည် ကျန်းဝှာ မြင်းလှည်းပေါ်သို့ တက်သွားသည်ကို ကြည့်နေသည်။

မြင်းလှည်း ပျောက်ကွယ်သွားသည့်အထိ ကြည့်နေ၏။

သူ့ရုပ်သွင်သည် ငါးနှစ်ခန့် အိုမင်းသွားသည်ဟု ထင်မှတ်ရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## ရှေ့ပြေး

နံနက်…။

ဝန်းကျင်တစ်ခုလုံးသည် မြူနှင်းများဖြင့် ဖုံးလွှမ်းထား၍ ဝေနေ၏။

မြူနှင်းများသည် ပါးလွှာသော ဇာပဝါတစ်ထည်ပမာ

အရာရာတို့အား လွှမ်းခြုံထားသည်။

ထို့ကြောင့်…

မြင်ကွင်းတစ်ခုလုံးမှာ ဝိုးတဝါးနိုင်လှပေသည်။

ရုတ်တရက်…

"ခွပ်ခွပ်…ခွပ်ခွပ်"

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။



မြင်းဆယ့်သုံးကောင်သည် နံနက်ခင်း၏ တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်လေသည်။

ရှေ့ဆုံးမြင်းပေါ်၌ ရှောင်စုရိက ဦးဆောင်၍ စီးနှင်းလိုက်ပါလာသည်။

မြင်းများသည် ဒုန်းစိုင်း၍ ကျန်းဂေဟာခြံဝင်းထဲသို့ တဟုန်ထိုး ဝင်ရောက်လာလေသည်။

ရှောင်စုရိ နောက်တွင် ကိုယ်ရံတော်မြင်းသည်တော် ဆယ့်နှစ်ယောက် လိုက်ပါလာ၏။

ယင်းကိုယ်ရံတော်မြင်းသည်တော်များသည် နယ်စားကြီးယို့က အထူးရွေးချယ်ထားသော လက်ရွေးစင်ဆယ့်နှစ်ယောက်ဖြစ်သည်။

သူတို့တာဝန်မှာ ရှောင်စုရိ လိုအပ်သောအခါ အကူအညီပေးရန် ဖြစ်သည်။

ရှောင်စုရိနှင့် မြင်းသည်တော်ဆယ့်နှစ်ယောက်သည် ဤကဲ့သို့ စောစောစီးစီး ဝင်ရောက်လာခြင်းမှာ သူတို့သည် မည်သည့်စုံစမ်းရေးကို လုပ်နေပါသနည်း။

သူတို့သည် သက်သေအထောက်အထားများ ရရှိထားပြီလော။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ရောင်စုရီတို့လူစုသည် ကျွန်းဂေဟာခြံဝင်းထဲသို့ ဝင်ရောက်လာသည်နှင့် လူနှစ်ဆယ်ခန့်သည် ကျွန်းဂေဟာခြံဝင်းထဲမှ ထွက်လာကြလေသည်။

ယင်းလူစုထဲ၌ လယ်သမား၊ အလုပ်သမား စသည့် လူများ ပါဝင်နေလေသည်။

သူတို့သည် ကျွန်းစုထင်း၏လက်အောက်ငယ်သားများ မဟုတ်မှန်း ခန့်မှန်းမိလေသည်။

ရောင်စုရီက မြင်းကို ရပ်တန့်လိုက်သည်။

မြင်းသည်တော်ဆယ့်နှစ်ယောက်စလုံးကလည်း မြင်းကို ရပ်တန့်လိုက်ကြလေသည်။

လယ်သမားတစ်ယောက်က ရောင်စုရီထံသို့ လျှောက်လာသည်။

ရောင်စုရီအား အကဲခတ်ကြည့်ကာ…

"ခင်ဗျားတို့က ကျွန်းစုထင်းကို တွေ့ချင်လို့ လာကြတာလား"

ဟု မေးလာသည်။

ရောင်စုရီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လယ်သမားက…

"ခြံဝင်းထဲမှာတော့ တစ်ယောက်မှ မရှိတော့ဘူး၊ သူတို့အားလုံး ထွက်သွားကုန်ကြပြီ"



ရောင်စုရီသည် အံ့ဩခြင်း မရှိပါ။

ကျွန်းစုထင်းတို့က ထွက်ပြေးတိမ်းရှောင်လိမ့်မည်ဟု ကြိုတင်ခန့်မှန်းထားပြီး ဖြစ်လေသည်။

"ဒါဖြင့် ခြံဝင်းထဲမှာ တစ်ယောက်မှ မရှိတော့ဘူးပေါ့"

လယ်သမား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် မိန်းကလေး အလောင်းတစ်ခုတော့ ကျန်ရစ်ခဲ့တာ တွေ့ရတယ်"

ရောင်စုရီ မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူ့အလောင်းလဲ"

လယ်သမား ခေါင်းယမ်းလိုက်သည်။

"ဒါတော့ မသိဘူး"

ရောင်စုရီ တစ်ချက်စဉ်းစားကာ…

"ဒါဖြင့် ကျုပ်ကို လိုက်ပြပါလား"

လယ်သမားသည် ခေါင်းညိတ်လိုက်ပြီး နောက်သို့ လှည့်၍ လျှောက်သွားသည်။

ရောင်စုရီက မြင်းကိုသော့၍ နောက်မှလိုက်သွား၏။

မြင်းသည်တော်တစ်ယောက်က လယ်သမားအား ပြစ်တင်ပြောဆိုလိုက်သည်။

"သူတို့လို ဒီလောက်များများ ထွက်သွားတာတောင် မသိလိုက်တာ အံ့ဩစရာပဲ"

လယ်သမားက…

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ဒီအနီးအနားမှာ သူတို့ကို စောင့်ကြပ်နေတဲ့ အဖွဲ့သားဆယ့်ရှစ်ယောက်စလုံး အသက်ဆုံးရှုံးသွားခဲ့တယ်"

"ဟာ"

မြင်းသည်တော်များ မျက်နှာကွက်ခနဲ ပျက်သွားကြ၏။

ရှောင်စုရီ မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်က ကျန်းဂေဟာကို သံသယ ဖြစ်ပြီး ချက်ချင်းပဲ မင်းတို့ကို လာပြီး စောင့်ကြပ်ခိုင်းတဲ့ အချိန်အထိ အချိန်မကြာပါဘူး၊ ဒီသတင်း ဘာကြောင့်မြန်မြန်ပေါက်ကြားသွားတာလဲ"

လယ်သမားက သက်ပြင်းချလိုက်သည်။

"အံ့ဩစရာ အကောင်းဆုံးကတော့ ကျုပ်တို့ ဒီက လူတွေအားလုံးကို သူတို့က တစ်ယောက်မကျန် ဖော်ထုတ်နိုင်တာပဲ ဖြစ်တယ်"

ရှောင်စုရီက မျက်မှောင်ကြုတ်သွား၏။

"ဒီမှာ ခေါင်းဆောင်ကျတဲ့လူက ဘယ်သူလဲ"

အလုပ်သမားဝတ်စုံ ဝတ်ဆင်ထားပြီး ခေါင်းတုံးနှင့်လူက ကြားဖြတ်အဖြေပေးလိုက်၏။

"ရှီဝမ်းပါ"

သူ့အနီးတွင် ကုန်သည်နှင့်တူသူက ရှေ့ထွက်လာရင်း…

"ကျုပ်က ရှီဝမ်းပါ၊ ကျုပ်က လွဲလို့ ဘယ်သူဘယ်ဝါကို တာဝန်ပေးတယ်ဆိုတာ ဘယ်သူမှ မသိပါဘူး"

လယ်သမား၏မျက်လုံးအစုံသည် ရှီဝမ်း၏မျက်နှာပေါ်သို့



ရောက်ရှိသွားသည်။

"မှတ်တမ်းများရော ကျန်ခဲ့သေးသလား"

ထိုလယ်သမားသည် ရှီဝမ်းထက် အဆင့်မြင့်သည်မှာ သေချာသည်။

ရှီဝမ်း ခေါင်းညိတ်ပြလိုက်သည်။

"မှတ်တမ်းတော့ ရေးထားပါတယ်၊ ဒါမှ အထက်ကို အစီရင်ခံနိုင်မှာ မဟုတ်လား"

လယ်သမားက…

"အဲဒီ မှတ်တမ်းက ဘယ်မှာထားခဲ့သလဲ"

ရှီဝမ်းက…

"စည်းကမ်းချက်အရ အုပ်ချုပ်ရေးမှူးဆီကို ပို့ထားပါတယ်"

လယ်သမားက…

"အုပ်ချုပ်ရေးမှူးက စိတ်ချရသူပါ"

ရှီဝမ်းက စူးရဲသော မျက်လုံးအစုံဖြင့် အလုပ်သမားအကျႌဝတ်ဆင်ထားသော ခေါင်းတုံးကြီးအား စိုက်ကြည့်ကာ…

"အုပ်ချုပ်ရေးမှူးရဲ့ သီးသန့်အခန်းကို ဝင်နိုင်ထွက်နိုင်တဲ့လူတစ်ယောက်တည်းပဲ ရှိတယ်၊ အဲဒါ သူ့ရဲ့မွေးစားသားကျွဲပေပဲ"

ခေါင်းတုံးကြီး မျက်နှာကွက်ခနဲ ပျက်သွား၏။

"ကျုပ်က မွေးစားအဖေရဲ့ အခန်းထဲ မရောက်ပါဘူး"

ရှီဝမ်း အံတစ်ချက်ကြိတ်ကာ…

"ကျွဲပေ၊ မင်းခြေလှမ်းပျက်နေတာ ငါ မသိဘူးများ မှတ်နေ

www.burmeseclassic.com

www.burmeseclassic.com



သလား"

ဟု ဝေါက်လိုက်၏။

လယ်သမား မျက်မှောင်ကြုတ်သွားကာ...

"သူ့ကိုယ်ပေါ်မှာ ရှာစမ်း"

လူနှစ်ယောက်သည် ကျိုပေ၏အနီးသို့ ချဉ်းကပ်လာပြီး ဖမ်းချုပ်လိုက်သည်။

ထို့နောက်...

စိစစ်ရှာဖွေကြလေသည်။

သူတို့သည် ကျိုပေကိုယ်ပေါ်တွင် ငွေဖုးတစ်ခု ရှာဖွေတွေ့ ရှိလေသည်။

လယ်သမားက ငွေဖုး၏အဖုံးကို ဖွင့်၍ နှာခေါင်းဖြင့် နမ်း ကြည့်လိုက်သည်။

ဘိန်းများ ဖြစ်နေသည်ကို တွေ့ရလေသည်။

သူသည် ကျိုပေအား စိုက်ကြည့်လိုက်သည်။

"မင်းက ဘိန်းစွဲနေပြီ ဟုတ်လား"

ကျိုပေက...

"ကျူးချစ်၊ မင်းနဲ့ ဘာဆိုင်လို့လဲ"

လယ်သမား(ဝါ)ကျူးချစ် မဲ့ပြုံးပြုံးလိုက်သည်။

"တခြားလူက ဘိန်းစွဲတာ အရေးမကြီးဘူး။ မင်းက မင်းမှု ထမ်းပဲလေ"

ကျိုပေ အံကြိတ်လိုက်သည်။



"ကျုပ်ပစ္စည်း ပြန်ပေးပါ။ အခုအချိန်ကစပြီး ကျုပ် မင်းမှု ထမ်းက ထွက်တော့မယ်"

ရှီဝမ်း ခေါင်းယမ်းလိုက်သည်။

"လွယ်လွယ်နဲ့ ဘယ်ထွက်လို့ရမလဲ၊ ဒီငွေဘူးထဲက ဘိန်း တွေက တို့အဖွဲ့သားတွေရဲ့ အသက်နဲ့ ဘာမှ မပတ်သက်ဘူးဆိုရင် မင်းလို ဘိန်းစွဲတဲ့လူကို ငါတို့က ကန်ထုတ်မှာပဲ"

ကျိုပေ တံတွေးမျိုချကာ...

"ကျုပ်က သတ်တာမှ မဟုတ်ဘဲ၊ ခင်ဗျားတို့ ကျုပ်ကို ဖမ်း လို့ မရဘူး"

ရှီဝမ်းက ကျူးချစ်အား ကြည့်လိုက်သည်။

ကျူးချစ်က အေးတိအေးစက် လေသံဖြင့်...

"ဘိန်းစွဲတဲ့လူတွေက သာမန်လူတစ်ယောက်ထက် စိတ်နိုင် ရည် မရှိဘူးလို့ ပြောတယ်"

ကျိုပေ မျက်လုံးပြူးသွားသည်။

"ကျူးချစ်၊ မင်း ဘာလုပ်မလို့လဲ"

လယ်သမားအသွင် ရုပ်ဖျက်ထားသော ကျူးချစ်မှာ အာ ထာသားခေါင်းဆောင်ပင် ဖြစ်သည်။

ကျူးချစ်က...

"မင်းကို အနုနည်းနဲ့ မေးမရရင် အကြမ်းနည်းနဲ့မေးမယ်"

ရှီဝမ်းကလည်း ကြားဖြတ်ပြောသည်။

"ငါက လူဆိုးထိန်းဆိုပေမယ့် ဒီလို လူစားမျိုးကို ရတဲ့နည်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဖြေရှင်းမှာပဲ"

ကိုပေ မျက်နှာပျက်သွားသည်။

"ကျုပ်လက်မခံဘူး၊ မွေးစားအဖေဆီ ပို့ပေးပါ"

ကျူးချစ်က...

"အုပ်ချုပ်ရေးမှူးက ဥပဒေ မျက်နှာကိုပဲ ကြည့်တယ်၊ မင်းဘက်ကနေမယ် မထင်နဲ့"

ကိုပေ လက်မခံပါ။

"ဘာပဲဖြစ်ဖြစ် ကျုပ်ကို သူ့ဆီပို့ပေး"

ကျူးချစ် ခေါင်းခါယမ်းလိုက်သည်။

"မပို့နိုင်ဘူး၊ ဒီကိစ္စကို တို့ ချက်ချင်းသိချင်တယ်"

ကိုပေက...

"ကျုပ် ဘာမှ မသိဘူး"

ကျူးချစ်သည် ရှောင်စုရီဘက်သို့ လှည့်လိုက်သည်။

"အစ်ကိုကြီး ကျုပ်တို့ ဟိုဘက်သွားပြီး ကြည့်ကြရအောင်"

ရှောင်စုရီက ကျူးချစ် ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေသည်။

ထိုအချိန်မှာပင်...

"အား"

ကိုပေ၏ရှူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျူးချစ်က လှည့်ပင်မကြည့်ပါ။



"ဒီလိုလူမျိုး သေတာပဲ ကောင်းတယ်"

ရှောင်စုရီ သက်ပြင်းချလိုက်သည်။

"ဘိန်းချက်ရောင်းတဲ့လူဟာ ဝိသမလောဘသား ဖြစ်တာတော့ မှန်တယ်၊ ဒါပေမယ့် ဘိန်းရှူရင် ဒုက္ခရောက်မှန်း သိရက်နဲ့ ရှူတဲ့လူဟာ တော်တော့်ကို အံ့ဩဖို့ ကောင်းတယ်"

ကျူးချစ် ခေါင်းညိတ်လိုက်သည်။

"ဘိန်းက ဘယ်လောက် ဒုက္ခပေးတယ်ဆိုတာ ကိုပေက လက်တွေ့ခံနေရပြီ မဟုတ်လား"

ရှောင်စုရီက...

"သူဟာ မင်းမှုထမ်းတစ်ယောက် ဖြစ်တယ်၊ ဘယ်သူက ဆွဲဆောင်လိုက်မှန်း မသိဘူး၊ သူ့ကို သနားချင်ပါတယ်၊ ဒါပေမယ့် သေဆုံးသွားရတဲ့ အဖွဲ့သားတွေနဲ့ ပတ်သက်နေတဲ့အတွက် သူဟာ သေသင့်နေတယ်"

ကျူးချစ်က...

"ဘိန်းစွဲတဲ့ လူတစ်ယောက်က ဘာမဆို လုပ်ရဲတယ်ဗျ"

ရှောင်စုရီက...

"ဖြတ်လို့ မရဘူးလားဗျာ"

ကျူးချစ်က...

"ရတော့ ရပါတယ်၊ စိတ်ဓာတ်ကြံ့ခိုင်မှ ဖြစ်မယ်၊ ဒါပေမယ့် အခုထိ ဖြတ်တဲ့ လူတစ်ယောက်မှ မတွေ့သေးဘူး"

ရှောင်စုရီက စဉ်းစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘိန်းဖြတ်လို့ အသက်မသေဘူးဆိုရင်တော့ အခွင့်အရေး ရှိပါသေးတယ်"

ကျူးချစ်က...

"ဘိန်းဖြတ်တာတော့ ခံစားရမှာပါပဲ၊ ဒါပေမယ့် မသေနိုင်ပါဘူးလေ"

ရှောင်စုရီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျန်းစုထင်းဟာ ဘိန်းချက်တဲ့ ခေါင်းဆောင် ဖြစ်တယ်ဆိုတာ ဘယ်လိုမှ စဉ်းစားလို့ မရပါဘူးဗျာ"

ကျူးချစ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူက ဟန်ဆောင်ကောင်းတာကိုး"

♠ ♠ ♠

## ပြေးသူလိုက်သူ

ချူးအော့၏အလောင်းကို တွေ့ရသောအခါ ရှောင်စုရီသည် အလောင်းနံဘေးတွင် ဒူးထောက်လိုက်လေသည်။

သူ၏မျက်လုံးအစုံသည် အလောင်းကို သေချာစွာ ကြည့်နေလေသည်။

ကျူးချစ်က...

"အစ်ကိုကြီး သူ့ကို သိလို့လား"

ရှောင်စုရီ ခေါင်းညိတ်ပြလိုက်လေသည်။

"သူက ကျန်းစုထင်းရဲ့တူမဝမ်းကွဲ ချူးအော့ ဖြစ်တယ်"

ကျူးချစ်က တစ်ချက်စဉ်းစားကာ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ညတုန်းက ဒီနေရာမှာ တစ်စုံတစ်ရာ ဖြစ်ပွားနေပြီနဲ့ တူတယ်"

ရှောင်စုရီ ခေါင်းခါယမ်းလိုက်သည်။

"ဒီနယ်မြေတစ်ဝိုက်မှာ ကျန်းဂေဟာကို လာပြီး အနှောင့်အယှက်ပေးဝံ့တဲ့ လူတစ်ယောက်မှ မရှိပါဘူး"

ကျူးချစ် မျက်မှောင်ကြုတ်သွား၏။

"ဒါဖြင့် ဒီမိန်းကလေးကို ဘယ်သူသတ်လိုက်တာလဲ"

ရှောင်စုရီက...

"ချူးအော့ကို သတ်တဲ့လူဟာ သိုင်းပညာမှာ အလွန်အဆင့်မြင့်တဲ့သူ ဖြစ်ရမယ်"

ကျူးချစ်က...

"ဘယ်သူများ ဖြစ်နိုင်မလဲ"

ရှောင်စုရီက...

"ဝါးတံတစ်ချောင်းကို ဓားလို အစွမ်းထက်အောင် အသုံးပြုနိုင်တဲ့လူက ဂူးပေကျားနဲ့ ကျန်းစုထင်းတို့နှစ်ယောက်ပဲ ရှိတယ်"

သူက စကားဆက်လိုက်သည်။

"ဂူးပေကျား၊ ကျုပ်လက်ချက်နဲ့ သေသွားပြီ"

ကျူးချစ်က...

"ဒါဖြင့် ကျန်းစုထင်းပဲ ဖြစ်တယ် ဟုတ်လား"

ရှောင်စုရီက...

"ဒီနေရာမှာ တိုက်ခိုက်တဲ့ အခြေအနေလဲ မတွေ့ခဲ့ဘူး၊



တိုက်ခိုက်ခဲ့တယ်ပဲထား ချူးအော့တစ်ယောက်ပဲ သေမှာ မဟုတ်ဘူး"

ကျူးချစ်က...

"ကျန်းစုထင်းက ဘာကြောင့် သူ့ကို သတ်ရတာလဲ"

ရှောင်စုရီက...

"ကျုပ်အယူအဆ မလွဲဘူးဆိုရင် သူက လျှို့ဝှက်ချက်ကို တစ်ယောက်ယောက်ကို ထုတ်ဖော်ပြောပြလို့ ဖြစ်ရမယ်"

ကျူးချစ်က...

"သူက ဘယ်သူ့ကို ပြောပြမယ် ထင်သလဲ"

ရှောင်စုရီက...

"မုစင်း"

သူက စကားဆက်လိုက်သည်။

"ချူးအော့က စိတ်ကောင်းရှိတဲ့ မိန်းကလေးပါ၊ မုစင်းနဲ့လဲ ခင်မင်ရင်းနှီးတော့ အန္တရာယ်ရှိမှန်း သိပြီး သူက ဝင်ပြောမိတာ ဖြစ်ရမယ်"

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"မုစင်းက သူ့ရဲ့အကြောင်းကို စုံစမ်းဖို့ နေခဲ့တာ၊ အဲဒါကို ချူးအော့တောင် သိသွားတယ်ဆိုရင် ကျန်းစုထင်း မသိဘဲနေပါမလား"

ကျူးချစ်က...

"ကျန်းစုထင်းက သူ့ကို ရှင်းပစ်မယ်ဆိုရင် အလွယ်လေး

www.burmeseclassic.com

www.burmeseclassic.com



ပါ ဒါပေမယ့် ဒီနေရာမှာ ကျုပ်ရှာပြီးပြီ၊ မုစင်းရဲ့အလောင်းကို မတွေ့ပါဘူး"

ရှောင်စုရီက...

"ကျန်းစုထင်းမှာ ဒါထက်ကောင်းတဲ့ အကြံ ရှိချင်ရှိမှာပေါ့"

ကျူးချစ်က ခေါင်းညိတ်လိုက်သည်။

"ကျုပ်က သူနဲ့ မဆက်သွယ်မိတာ တော်တော်နှမြောဖို့ကောင်းတယ်"

ရှောင်စုရီက...

"ကျုပ်ကလဲ အသိနောက်ကျသွားလို့ အခုလို ကျန်းစုထင်းက လွတ်လွတ်ကျွတ်ကျွတ် တိမ်းရှောင်ခဲ့တာမွေ့"

ကျူးချစ်က...

"သူတို့သွားတာ သိပ်မကြာသေးဘူး။ ကျုပ်တို့ဆက်လိုက်သွားရုံပဲပေါ့"

ရှောင်စုရီက သက်ပြင်းချကာ...

"တို့က သဲလွန်စ ပြတ်တောက်သွားတဲ့အတွက် ဘယ်လိုလိုက်ရမလဲဆိုတာ အခက်ဖြစ်နေပါတယ်"

ထိုစဉ် ရှီဝမ်းက လျှောက်လာသည်ကို တွေ့ရလေသည်။

ကျူးချစ်က...

"ရှီဝမ်းလာနေပြီ၊ ကျိုပေဆီက သဲလွန်စ ရချင်ရလာလိမ့်မယ်"

♠ ♠ ♠



ရှီဝမ်းသည် ကျိုပေထံမှရရှိသော သတင်းများမှာ အထောက်အကူ မဖြစ်ပါ။

ကျိုပေ ပြောပြချက်အရ သူနေ့စဉ်နေ့စဉ် ဘိန်းစားနေသည်မှာ အုပ်ချုပ်ရေးမှူးရုံးခန်းမှ လုလင်တစ်ယောက်ထံမှ ရရှိခြင်း ဖြစ်သည်ဟု သိရှိရသည်။

ထိုလုလင်သည် 'ယွင်'လောင်းကစားဂေဟာနှင့် ဆက်သွယ်မှု ရှိသည်ကို သိရှိထားကြောင်း သိရှိနေလေသည်။

ရှီဝမ်းသည် ယင်းသို့ ပြောပြပြီးနောက်...

"ကျုပ်တို့ ယွင်လောင်းကစားဂေဟာကို သွားရှာကြရင်ကောင်းမယ်"

ကျူးချစ်က ခေါင်းခါယမ်းလိုက်သည်။

"ဒါကို အသာထား၊ အခု အရေးတကြီး လုပ်ရမှာ ကျန်းစုထင်းတို့လူစု ဘယ်ကို သွားနေကြတယ်ဆိုတာပဲ"

ရှီဝမ်းက...

"အခုအချိန်ထိ သဲလွန်စ နည်းနည်းမှ မရသေးပါဘူး"

ကျူးချစ်က ရှောင်စုရီဘက်သို့ လှည့်လိုက်သည်။

"အစ်ကိုကြီး ဘယ်လိုသဘောရသလဲ"

ရှောင်စုရီက...

"ကျန်းစုထင်းတို့ ဘယ်ကို သွားကြတယ်ဆိုတာ တိတိကျကျ မသိတဲ့အတွက် တို့က လိုက်သွားမယ်ဆိုရင် လူစုခွဲရမယ်၊ လူစုခွဲလိုက်ရင် အင်အားနည်းသွားမှာလဲ စိုးရသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျူးချစ် မချိုပြုံးပြုံးလိုက်သည်။

"အရေးကြီးဆုံးကတော့ ကျွန်းစုထင်း ဘယ်ကို သွားတယ်ဆိုတာ သိဖို့ပါပဲ"

သူတို့သည် စကားပြောနေစဉ်မှာပင် ဆူဆူညံညံ အသံထွက်ပေါ်လာသည်။

ကျူးချစ်၏လက်အောက်ငယ်သားနှစ်ယောက်သည် သူဖုန်းစားတစ်ယောက်အား ခြံရံ၍ ခေါ်ဆောင်လာသည်ကို တွေ့ရလေသည်။

သူဖုန်းစားက ဟောင်ဖွာဟောင်ဖွာဖြင့်...

"ဟေ့ ငါ့ကို ငွေမပေးရင် ငါ ဘာတစ်ခွန်းမှ မပြောဘူးကွ"

ထိုစဉ်...

ကျူးချစ် တစ်ပည့်တစ်ယောက်က ကျူးချစ်ထံ လှမ်းလာပြီး...

"ဆရာ ဒီသူဖုန်းစားက ကျွန်းစုထင်း သတင်းရထားတယ်၊ ဒါပေမယ့် ငွေတစ်ဆယ်ပေးမှ ပြောမယ်လို့ ဆိုနေပါတယ်"

ကျူးချစ်နှင့် ရှောင်စုရီတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

သူဖုန်းစားက...

"မစင်းဆိုတဲ့လူက ကျုပ်ကို ငွေတစ်ကျပ်ပေးလိုက်တယ်၊ ကျုပ်က သတင်းပို့ပေးနိုင်ရင် နောက်ထပ် ငွေတစ်ဆယ်တောင်းပါလို့ မှာလိုက်တယ်"



ကျူးချစ်က...

"အစ်ကိုကြီး ဘယ်လိုသဘောရသလဲ"

ရှောင်စုရီက သူဖုန်းစားအား အကဲခတ်ကြည့်ရင်း...

"သူ့ကို ကြည့်ရတာ သိုင်းလောကသား မဟုတ်တဲ့အတွက် ပြဿနာ မရှိဘူးလို့ ထင်ပါတယ်"

ကျူးချစ်က သူဖုန်းစားဘက် လှည့်လိုက်သည်။

သူသည် ရှောင်စုရီအား ညွှန်ပြလိုက်သည်။

"သူက မစင်းရဲ့ သူငယ်ချင်း ရှောင်စုရီဆိုတာပဲ"

သူဖုန်းစားသည် ရှောင်စုရီအား မော့ကြည့်လိုက်၏။

"မင်းက ရှောင်စုရီ ဟုတ်လား၊ မစင်းက အမှာစကားပါးလိုက်တယ်"

သူဖုန်းစားက လက်ဝါးဖြန့်လိုက်၏။

ရှောင်စုရီက ငွေကို ထည့်ပေးပြီးမှ သူဖုန်းစားက ပြောလာ၏။

"မစင်းက သတင်းပို့ခိုင်းတယ်၊ ကျွန်းစုထင်းတို့လူစုက အနောက်တောင်ဘက်ကို သွားနေပါတယ်၊ ဝါးတံတား ရောက်သွားမှ နောက်ထပ် သတင်းပို့ပေးမယ်လို့ မှာလိုက်ပါတယ်"

ကျူးချစ်က...

"ဒါပဲလား"

သူဖုန်းစားက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒါပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်စုရီက…

"ဒါနဲ့ မှစင်းရဲ့ ပုံသဏ္ဍာန် ပြောပြပါဦး"

သူဖုန်းစားက မှစင်း၏ပုံသဏ္ဍာန်ကို ပြောပြလိုက်၏။

ထို့နောက်…

နှုတ်ဆက်ကာ လှည့်ပြန်သွားလေသည်။

သူဖုန်းစား ထွက်သွားပြီးမှ ကျူးချစ်က…

"သူပြောတာ ဖြစ်နိုင်ပါ့မလား"

ရှောင်စုရီက…

"ဒီကိစ္စမှာ သံသယ ဖြစ်စရာတွေ အများကြီး ရှိပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့က ဆက်လိုက်ရမှာပဲ"

"မှစင်း လိုက်နေတာ ကျန်းစုထင်း မသိဘူးလား"

"ကျန်းစုထင်းက မှစင်းထက် အဆတစ်ရာလောက် ပါးနပ်တယ်၊ ဒီတော့ သူက ရိပ်မိမှာပဲ"

ရှောင်စုရီ တစ်ချက်စဉ်းစားပြီးမှ ဆက်ပြောလိုက်သည်။

"ကျုပ်အံ့ဩနေတာက ကျန်းစုထင်းက မှစင်း နောက်ယောင်ခံလိုက်နေတာကို သိသားနဲ့ ဘာကြောင့် ငြိမ်နေရသလဲဆိုတာပဲ"

ကျူးချစ်က…

"ကျန်းစုထင်းက သူ့ကို တစ်နေရာထိ မျှားခေါ်သွားပြီးမှ ရှင်းပစ်လိုက်မယ် ထင်တယ်"

ရှီဝမ်းက…



"ဒါဖြင့် ကျန်းစုထင်းက ကျုပ်တို့ကို မှားခေါ်ပြီး ထောင်ချောက်ဆင်ထားလားမှ မသိတာ"

ရှောင်စုရီ သက်ပြင်းချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့က လိုက်ရမယ့် လူတွေပဲ၊ အခြေအနေက ထောင်ချောက်ဖြစ်မှန်းသိလဲ နောက်ဆုတ်လို့ မရတော့ဘူး"

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## ထောင်ချောက်နှင့် ဉာဏ်များသူ

မစင်းသည် ဝါးတဲတား ကျော်လွန်ပြီး သုံးမိုင်ခန့် အကွာတွင် ရောက်ရှိနေလေသည်။

သူသည် လမ်းဘေးစားသောက်ဆိုင်လေး တစ်ဆိုင်သို့ ရောက်ရှိ စားသောက်လိုက်လေသည်။

စားသောက်ဖွယ်ရာများ မှာကြားပြီးနောက် စာတစ်စောင် ရေးသားလိုက်သည်။

ထို့နောက်...

ဆိုင်ရှင်လက်ထဲ အပ်ကာ ငွေငါးကျပ် ထုတ်ပေးလိုက်၏။

"ဒီစာကို ကျန်းဂေဟာကို ပို့ပေးပါ"



ဆိုင်ရှင်က ငွေငါးကျပ်ကို လက်ခံလိုက်ပြီး...

"ဘယ်သူ့ကို ပေးရမှာလဲ"

မစင်းက...

"ရောင်စုရီကိုပါ။ စာအိတ်ပေါ်မှာလဲ ရေးထားပါတယ်"

ဆိုင်ရှင် ခေါင်းညိတ်လိုက်သည်။

"စိတ်ချ၊ ရောင်အောင် ပို့ပေးပါ့မယ်"

သူသည် လမ်းတစ်လျှောက်လုံးမှာ ခြေရာခံလိုက်လာခဲ့သော်လည်း ရောင်စုရီနှင့် ဆက်သွယ်မရသည်ကို စိတ်ညစ်နေ၏။

သူသည် ကျန်းဂေဟာမှ ထွက်လာသည့် ညတုန်းက ကျန်းစုထင်း လူများသည် အထုပ်ကလေးများကို ခြင်းထဲသို့လည်းကောင်း သေတ္တာများထဲသို့လည်းကောင်း ထည့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသတိမထားမိသည့် အချက်မှာ ကျန်းစုထင်းတို့က ယင်းကဲ့သို့ လျှို့ဝှက်သော လုပ်ငန်းကို လုပ်ဆောင်ရာတွင် အဘယ်ကြောင့် အစောင့်အကြပ် မထားဘဲ ပေါ့ပေါ့တန်တန် လုပ်နေရခြင်းပင် ဖြစ်သည်။

သူက စောင့်ကြည့်ရာ ကျန်းစုထင်း၏လူများသည် အထုပ်အပိုးကိုယ်စီဖြင့် တစ်သုတ်ပြီးတစ်သုတ် လူစုခွဲ၍ ထွက်သွားကြလေသည်။

နောက်ဆုံး ထွက်သွားသော လူတစ်စုမှာ ကျန်းစုထင်းပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုစင်းသည် ကျန်းစုထင်းအား တွေ့မြင်လိုက်သည်နှင့် သူတို့နောက် လိုက်သွားလေသည်။

သူသည် ယခုမှသာ ကျန်းစုထင်းတို့ ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ရောက်တည်းခိုကြသည်ကို တွေ့ရလေသည်။

ထို့ကြောင့်...

သူသည် ထိုစားသောက်ဆိုင်ကလေးထဲသို့ ဝင်ရောက်ပြီး ရှောင်စုရီထံသို့ စာတစ်စောင် ရေးလိုက်ခြင်း ဖြစ်သည်။

ဤစာသည် သူ့ပထမဆုံးစာပင် ဖြစ်သည်။

ပထမဆုံး ရေးသားပေးပို့သော သတင်းပင် ဖြစ်လေသည်။

တစ်နည်းဆိုရလျှင် ရှောင်စုရီတို့ ရရှိသွားသော စာမှာ မုစင်း ပို့လိုက်သောစာ မဟုတ်ပါ။

အကင်းပါးသော ကျန်းစုထင်းက ထောင်ချောက်ဆင် လှည့်စားလိုက်ခြင်းပင် ဖြစ်ပေသည်။

♠ ♠ ♠



ကျန်းစုထင်း စားသောက်ဆိုင်မှ ထွက်သွားသောအခါ မုစင်းက လိုက်ပါသွားလေသည်။

သူ့ခေါင်းပေါ်တွင် ကြီးမားသော မြက်ခမောက်ဆောင်းထားသောကြောင့် သူ့မျက်နှာကို မမြင်ရပါ။

ကျန်းစုထင်းနှင့် သူ့လူများသည် နောက်သို့ တစ်ချက်မျှပင် မကြည့်ပါ။

ရှေ့သို့သာ အေးဆေးစွာ လျှောက်သွားလေသည်။

မုစင်းက နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။

ထိုအခါ...

ဆိုင်လုလင်တစ်ယောက်က သူ့စာကို ယူ၍ ထွက်ခွာသွားသည်ကို တွေ့ရ၍ သူက စိတ်ချသွားသည်။

ရှောင်စုရီသည် ကျန်းဂေဟာသို့ ပြန်လည်ရောက်ရှိလာလိမ့်မည်ဟု သူကကောင်းစွာ ယုံကြည်ထားသည်။

ကျန်းစုထင်းတို့လူစုသည် ကျန်းဂေဟာမှ အားလုံး ဆုတ်သွားပြီ ဖြစ်ရာ သူပို့ထားသော စာသည် ရှောင်စုရီ လက်သို့ သေချာစွာ ရောက်လိမ့်မည်ဟုလည်း ယုံကြည်ထားလေသည်။

သို့သော်...

သူထင်မြင်ယူဆချက်များ လွဲချော်သွားခဲ့ရ၏။

သူဝင်ရောက် စားသောက်သော ဆိုင်ကလေးသည် ကျန်းစုထင်း၏ ဆိုင်ကလေး ဖြစ်သည်ကိုလည်း သူက မသိခဲ့ပါချေ။

ဆိုင်လုလင်က စာကို ယူ၍ ထွက်လာခြင်းမှာ သူ့အား စိတ်

www.burmeseclassic.com

www.burmeseclassic.com



ရှုရလေအောင် ဟန်ပြလိုက်ခြင်းပင် ဖြစ်သည်။

ထိုစာသည် ရောင်စုရီ လက်ထဲသို့ ရောက်နိုင်တော့မည် မဟုတ်တော့ပါ။

♠ ♠ ♠

မုစင်းသည် ရှေ့သို့ လျှောက်သွားသည်။

ထိုစဉ်...

ခမောက်ဆောင်းထားသော လယ်သမားတစ်ယောက်သည် နွားတစ်ကောင်ကို မောင်း၍ လမ်းကြားထဲမှ ထွက်လာလေသည်။

သူသည် ဆိုင်လုလင်က တစ်ပတ်ပတ်ပြီး ဆိုင်ထဲသို့ ပြန်ဝင်သွားသည်ကို ကြည့်ပြီး ပြုံးလိုက်လေသည်။

ထို့နောက်...

ကျန်းစုထင်းနှင့် မုစင်းတို့ သွားရာလမ်းဘက်သို့ ဆက်လက်လျှောက်သွား၏။

ထိုနွားကို မောင်းသော လယ်သမားသည် လယ်သမားတစ်ယောက် ဖြစ်သည်ကို သံသယ ဖြစ်ဖွယ် မရှိပါ။

မုတ်ဆိတ်ဗရပွစ် ဖြစ်ပြီး တစ်ကိုယ်လုံးမှာလည်း ဖောင်းနွမ်းညစ်ပတ်နေ၏။

သို့သော်...



သူ့လက်နှစ်ဖက်ကိုမူ မည်သူကမှ သတိမထားမိပါချေ။

၎င်းလက်နှစ်ဖက်သည် ဖြူဖွေးနုနယ်နေ၏။

ယင်းလက်နှစ်ဖက်သည် အခြားလူနှင့် မည်သို့မျှ ထူးခြားသည်ကို မတွေ့ရသော်လည်း ထိုလက်နှစ်ဖက်ကို မြင်တွေ့လိုက်ရသည်နှင့် ဝူးပေကျားကို သတိရလာမည် ဖြစ်သည်။

ဝူးပေကျား၏လက်နှစ်ဖက်သည် ထိပ်တန်းသိုင်းပညာများ ထုတ်ဖော်အသုံးပြုနိုင်သည်ဟု ကျော်ကြားခဲ့သည် မဟုတ်ပါလား။

ဝူးပေကျားအမည်သည် သိုင်းလောက၌ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ကျန်းစုထင်းကိုယ်တိုင်ပင် ဝူးပေကျားအား လုံးဝမေ့ပျောက်သွားပြီ ဖြစ်လေသည်။

ကို့ရှမ်း၏စကားကို ကျန်းစုထင်းက စိတ်ချလေသည်။

ကို့ရှမ်းကလည်း လိမ်ညာပြောခြင်း မဟုတ်ပါ။

ဝူးပေကျား၏ဟန်ဆောင်မှုသည် အလွန်ပိရိပြင်သောကြောင့် ဖြစ်လေသည်။

ဝူပေကျားသည် သေချင်ဟန်ဆောင်သည် ဖြစ်စေ၊ လယ်သမားတစ်ယောက်အဖြစ် ဟန်ဆောင်ထားသည် ဖြစ်စေ အလွန်ပိရိပြင်လေသည်။

ထို့အပြင်...

ကျန်းစုထင်းနှင့်တကွ လူများသည် မုစင်းအပေါ် အာရုံ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိနေကြသဖြင့် ဝူးပေကျားအဖို့ နောက်ယောင်ခံလိုက်နေသည်မှာ အလွန်လွယ်ကူသွားစေလေသည်။

သို့သော်...

သူသည် ပေါ့ပေါ့တန်တန် မနေပါ။

အလွန်သတိဝီရိယဖြင့် လိုက်နေခြင်း ဖြစ်သည်။

အထူးသဖြင့်...

ယခုအချိန်မှာ သူ၏နောက်ဆုံး အခွင့်အရေး ဖြစ်လေသည်။

သူသည် လုံးဝအတိမ်းအစောင်း မခံနိုင်တော့ပါ။

♠ ♠ ♠



## တစ်ဆင့်ခံသတင်း

ရောင်စုရီနှင့် ကျူးချစ်တို့ လူစုသည် ဝါးတံတားသို့ ရောက်လာသောအခါ သူဖုန်းစား ပြောကြားခဲ့သည့်အတိုင်း နောက်ထပ်သတင်းတစ်ခု ရောက်လာလေသည်။

သတင်းလာပို့သူမှာ အဘိုးအိုတစ်ယောက် ဖြစ်သည်။

အဘိုးအိုသည် တံတားထိပ်၌ ရပ်စောင့်နေ၏။

သူသည် ရောင်စုရီတို့ ရောက်လာသည်နှင့် သူတို့ထံ ချဉ်းကပ်လိုက်လေသည်။

ထိုအဘိုးအို ပြောပြသည့်အတိုင်း ခန့်မှန်းကြည့်သည်ဆိုလျှင် သတင်းပို့နိုင်းသူမှာ မုစင်း ဖြစ်သည်မှာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ကြိမ် ရရှိသောသတင်းမှာ ကျန်းစုထင်းတို့လူစုသည် အနောက်တောင်ဘက်သို့ ဦးတည်၍ ထွက်ခွာသွားသည့်အကြောင်း ပါသည့်အပြင် ဝါးတံတား အနီးတစ်ဝိုက်၌ ရှိသော ဆိုင်ကလေး အများအပြားမှာ ကျန်းစုထင်းဆိုင် ဖြစ်ကြောင်းနှင့် အစစအရာရာ သတိထားရန် ဖြစ်ကြောင်း ပါရှိလေသည်။

ဤသတင်းသည် ရှောင်စုရီအဖို့ ပို၍ အံ့ဩစေသော သတင်း ဖြစ်သည်။

မှစင်း အကြောင်းကို သူက ကောင်းစွာ သိထားလေ၏။

မှစင်းမှာ ဈေးစပ်သေချာသူတစ်ယောက် မဟုတ်ပါ။

ယခုမှာမူ…

ကျန်းစုထင်း၏ဆိုင် အများအပြား ရှိသည်ကို သူက မည်ကဲ့သို့ သိရှိပါသနည်း။

သူသည် မျက်မှောင်ကြုတ်သွားသည်။

"သတင်းပို့နိုင်းတဲ့လူဟာ မှစင်း မဖြစ်နိုင်ဘူးလို့ ကျုပ်ထင်မိတယ်"

ကျူးချစ် မျက်မှောင်ကြုတ်သွားသည်။

"သတင်းပို့နိုင်းတဲ့လူက မှစင်း မဟုတ်ဘူးဆိုရင် နယ်စားကြီးယို့ကများ ကျုပ်တို့ကို ကူညီဖို့ လွှတ်လိုက်တဲ့ လူများ ဖြစ်နေမလား"

ရှီဝမ်းက…

"ဒါမှ မဟုတ်ရင် ကျန်းစုထင်း ဆင်ထားတဲ့ ထောင်ချောက်



များ ဖြစ်နေမလား"

ရှောင်စုရီ ခေါင်းခါယမ်းလိုက်သည်။

"ကျန်းစုထင်းရဲ့ ထောင်ချောက် မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် သူက ကျုပ်တို့ကို မှားခေါ်သွားရင် နယ်စားယို့ရဲ့ အင်အားကြီးတဲ့ ကိုယ်ရံတော်အဖွဲ့ အင်အားတွေကို သူက ရင်ဆိုင်နိုင်ပါ့မလား"

သူသည် အနည်းငယ် စဉ်းစားရင်း ဆက်ပြောလိုက်သည်။

"ဖြစ်နိုင်တဲ့ အကြောင်းတစ်ခုတော့ ရှိတယ်"

ကျူးချစ်က…

"ဘာများလဲ"

ရှောင်စုရီက…

"ကျန်းစုထင်းက ကျုပ်တို့ကို လမ်းလွှဲပေးလိုက်တာနဲ့ တူတယ်"

ကျူးချစ် ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်တယ်"

ရှီဝမ်းက…

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

ရှောင်စုရီ ပခုံးတွန့်ကာ…

"မထူးတော့ပါဘူး၊ ဆက်လိုက်ကြတာပေါ့"

စကားဆုံးလျှင် စတင်လျှောက်လှမ်းသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဂူးပေကျားသည် ရှေ့သို့ ဆက်လျှောက်သွားပြီး ခြေလှမ်း ရပ်လိုက်လေသည်။

အကြောင်းမှာ...

သူ့ရှေ့တွင် ကျန်းစုထင်းနှင့် မုစင်းတို့က ရပ်တန့်အနားယူနေသောကြောင့် ဖြစ်သည်။

ထိုရပ်နားသော အချိန်ကို သူက ကောင်းစွာ အသုံးချလိုက်လေသည်။

သူသည် အဘိုးအိုတစ်ယောက်ကို တွေ့မြင်လိုက်သည်နှင့် သစ်ပင်နောက်ကွယ်သို့ ဝင်ရောက်ပုန်းကွယ်လိုက်လေသည်။

တခဏအကြာတွင် သူက ပြန်လည်ထွက်လာလေသည်။

ထိုအချိန်တွင် သူက မုစင်းအသွင် ရုပ်ဖျက်ထားပြီး ဖြစ်သည်။

သူသည် ရေးပြီးသား စာတစ်စောင်နှင့် ငွေတစ်ဆယ်အား အသုံးချကာ ရှောင်စုရီထံ စာပို့ပေးရန် အကူအညီ တောင်းခဲ့၏။

ထိုလူက စာနှင့် ငွေကို လက်ခံပြီး ထွက်သွားတော့မှ သူက သစ်ပင်နောက်ကွယ်သို့ ပြန်လည်ဝင်ရောက်သွားသည်။

သစ်ပင်နောက်ကွယ်မှ ပြန်ထွက်လာသောအခါ သူသည် လယ်သမားအသွင် ပြန်လည်ကူးပြောင်းသွားလေသည်။

သူ့ကျောပေါ်တွင် ဓားတစ်လက်နှင့် အဝိုအဝတ်အစားများ ပါရှိသော အထုပ်ကလေးတစ်ထုပ် ပိုးထားသည်။

သူသည် ထိုသို့ ချွတ်ယွင်းချက် မရှိအောင် စစ်ဆေးပြီးမှ



ဆိုင်ကလေးသို့ ဝင်ရောက်ပြီး ဗိုက်ဖြည့်လေသည်။

သူသည် ကျန်းစုထင်းနောက်သို့ လိုက်သွားရင်း ကျန်းစုထင်းမှာ မုစင်းအား မျှားခေါ်နေခြင်း ဖြစ်သည်ကို ကောင်းစွာ အကဲခတ်မိလေသည်။

ကျန်းစုထင်းက အဘယ်ကြောင့် ယင်းကဲ့သို့ မျှားခေါ်နေသည်ကို သူက မသိရသော်လည်း မုစင်းအတွက် စေတနာဝန်ထမ်း သတင်းပို့ပေးနေလေသည်။

ယခု သူတစ်ယောက်တည်းသာ အထီးကျန် ဖြစ်နေ၏။

သို့သော်...

ကျန်းစုထင်းက ရှုံးနိမ့်သွားခဲ့လျှင်မူ သူသည် အင်အားပြန်လည် ထူထောင်နိုင်မည် မဟုတ်ပါလော။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းသည် ဝူးပေကျား နောက်ယောင်ခံလိုက်လာသည်ကို လုံးဝမသိပါ။

သူတို့သည် မုစင်းကိုသာ အာရုံစိုက်နေ၏။

မုစင်း ပို့လိုက်သော သတင်းများကို သူ့ယေသားများက ကြားဖြတ်ရယူလိုက်လေသည်။

ယခု လက်ရှိ အခြေအနေမှာ သူသည် မုစင်းအား ရှင်းပစ်ရန်မှာ အလွန်လွယ်ကူနေ၏။

သို့သော်...

သူသည် မုစင်းအား ရှင်းမပစ်သေးဘဲ ရှေ့သို့သာ ဆက်လက်သွားနေ၏။

သူက အဘယ်ကြောင့် ယခုကဲ့သို့ ဆက်လက်သွားနေပါသနည်း။ မည်သူကမှ မသိပါ။

ကို့ရှမ်းနှင့် စုန့်ချန်းတို့လည်း မသိပါ။

သို့သော် သူတို့သည် ကျန်းစုထင်း အကြောင်းကို ကောင်းစွာ သိထားသည်။

ကျန်းစုထင်းမှာ မပိုင်သည့် အလုပ်ကို လုံးဝမလုပ်ပါ။

သူ မပြောလိုသော စကားကို မည်သူကမှ မေး၍မရပါ။

သူတို့လည်း မေးရန် မကြိုးစားပါ။

သူတို့သိလိုသော အဖြေသည် အချိန်ကြာစွာ စောင့်ရန် မလိုဘဲ သိရှိပါမည်ဟု ယုံကြည်ထားတော့သည်။

♠ ♠ ♠

## သားကောင်

တတိယမြောက်နေ့ နံနက်...

ကျန်းစုထင်းတို့လူစုသည် တောင်တန်းဒေသသို့ ချဉ်းနင်းဝင်ရောက်လာလေသည်။

ထို့နောက်...

တောအုပ်တစ်ခုထဲသို့ ဝင်သွားကြလေသည်။

ကျောက်တုံးကလေးများဖြင့် ခင်းကျင်းထားသော လမ်းကလေးတစ်ခုသည် အထဲသို့ ကွေ့ကွေ့ကောက်ကောက် ဆန့်တန်းနေ၏။

လမ်းတစ်ဘက်တစ်ချက်တွင် ကြီးမားသော သစ်ပင်များ

www.burmeseclassic.com

www.burmeseclassic.com



သည် အလွန်မြင့်မားနေ၏။

နေရောင်ခြည်သည် သစ်ပင် ထူထပ်သော အရွက်များကြား မှ တိုးဝင်နေသော်လည်း ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေသည် ဟု ထင်ရလေသည်။

မုစင်းသည် သစ်ပင်များကို အကာအကွယ်ယူ၍ ဆက် လိုက်သွားသည်။

လမ်းကလေးအဆုံးတွင် တောင်ကြားတစ်ခု ရှိသည်။

တောင်ကြားအဆုံး၏ တစ်ဘက်တစ်ချက်၌ တောင်နံရံများ မတ်စောက်၍ နေ၏။

ထိုတောင်ကြားလမ်းသည် ကွေ့ကောက်၍ ကျဉ်းမြောင်း နေ၏။

ကျန်းစုထင်းတို့လူစုသည် လမ်းကြားထဲသို့ဝင်၍ ဆက် လက်လျှောက်သွားလေသည်။

မုစင်းကလည်း နောက်မှ လိုက်၍ တောင်ကြားထဲသို့ ဝင် သွားလေသည်။

တောင်ကြားလမ်းထဲ မှောင်မည်းကာ တိတ်ဆိတ်၍ နေ လေသည်။

ကျန်းစုထင်းတို့လူစုသည် တောင်ကြားလမ်းထဲ ဝင်ရောက် သွားသည်နှင့် မြေလျှိုးသွားသည့်အလား လုံးဝမတွေ့ရတော့ပါချေ။

ထို့ကြောင့်...



မုစင်းသည် သတိကြီးစွာဖြင့် ရှေ့သို့ ဆက်လက်လျှောက် သွားသည်။

သူသည် အကွေ့တစ်ခုသို့ ရောက်ရှိလာသောအခါ မြင် ကွင်းတစ်ခုလုံးမှာ ကျယ်ဝန်းသွားသည်ကို တွေ့ရှိရလေသည်။

သူသည် ကမန်းကတန်း နောက်သို့ ဆုတ်သွားပြီးမှ ခေါင်း ပြူကြည့်လိုက်သည်။

သူ့ရှေ့တွင် ရေကန်ကြီးတစ်ခု ရှိနေသည်ကို တွေ့ရလေ သည်။

၎င်းရေကန်သည် တောင်ကြား၏တစ်ဘက် ထွက်ပေါက် နှင့် ဆက်စပ်နေသည်ကို တွေ့ရလေသည်။

ရေကန်၏ ကျောက်တောင်များသည် တစ်ခုပြီးတစ်ခု ဆက် ၍ တည်ရှိနေ၏။

ယင်းကျောက်ဆောင်အား ကျော်လွှားသွားလျှင် ကျောက် တုံးကလေးများဖြင့် ခင်းကျင်းထားသော လမ်းကလေးတစ်ခုကို တွေ့ မြင်နိုင်သည် ဖြစ်၏။

ထိုလမ်းကလေး တစ်ဘက်တစ်ချက်တွင် ကြီးမားသော သစ်ပင်များ အစီအရီ ရှိနေ၏။

အတန်ကြာ စောင့်ကြည့်သော်လည်း ကျန်းစုထင်းတို့လူစု လုံးဝမတွေ့ရတော့မှ မုစင်း ထွက်လာလေသည်။

ရေပြင်တစ်ခုလုံးမှာ ငြိမ်သက်နေသည်။

ကျန်းစုထင်းသည် ခဏကြာ ရပ်ပြီးမှ ရေကန်အနီးသို့

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားသည်။

သူသည် လက်နှစ်ဖက်ဖြင့် ရေကို ယူ၍ သောက်လိုက်၏။

ကန်ရေသည် အေးပြီး မွှေးကြိုင်နေသည်ဟု ခံစားရသည်။

တခဏအတွင်း လန်းလန်းဆန်းဆန်း ဖြစ်သွားသည်။

မုစင်း အပျင်းတစ်ချက် ဆန့်လိုက်သည်။

ထို့နောက်...

ရေထဲမှ ပြူထွက်နေသော ကျောက်ဆောင်များကို တစ်ခုပြီးတစ်ခု နင်း၍ ကျော်လွှားသွားလေသည်။

သူသည် ရေကန်အလယ်၌ ရှိနေသော အကြီးဆုံး ကျောက်ဆောင်ပေါ်သို့ ရောက်သွားသောအခါ ဆက်တိုက်ရယ်မောသံတစ်ခုကို ကြားလိုက်ရ၏။

"ဟား..ဟား..ဟား"

"ဟင်"

မုစင်း ထိတ်လန့်သွားသည်။

အသံထွက်ပေါ်လာရာသို့ ကြည့်လိုက်သောအခါ ကမ်းစပ်အနီးတွင် ရှိသော ကျောက်ဆောင်ပေါ်၌ လူတစ်ယောက် အေးအေးဆေးဆေး ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား ကျန်းစုထင်းပင် ဖြစ်သည်။

ကျန်းစုထင်းသည် သူ့အား ကြည့်၍ ပြုံးနေ၏။

သူ့မျက်နှာပေါ်တွင် ဒေါသထွက်သည့် အရိပ်အရောင်များ လုံးဝမတွေ့ရပါ။



မုစင်း ရင်ထဲ လေးလံလာ၏။

ထိုအချိန်မှာပင် နင်းထားသော ကျောက်ဆောင်က ရုတ်တရက် ရေထဲသို့ နိမ့်ကျသွားသည်။

သူ့ခန္ဓာကိုယ်မှာလည်း ရေထဲသို့ ထိုးကျသွားသည်။

သူသည် ကမန်းကတန်း ရေထဲမှ ခေါင်းပြူထွက်လိုက်လေသည်။

ထိုအချိန် တစ်စုံတစ်ယောက်က သူ့ခြေထောက်တစ်ဘက်ကို ဖမ်းချုပ်ပြီး အောက်သို့ ဆွဲချလိုက်လေသည်။

သူသည် အသက်ရှူ ကျပ်လာသဖြင့် ပါးစပ်ဟလိုက်ရာ ရေများသည် သူ့ပါးစပ်ထဲသို့ တိုးဝင်သွားလေသည်။

သူသည် ကမန်းကတန်း ပါးစပ်ပိတ်ထားပြီး ခါးမှ ဓားကို ဆွဲထုတ်ရန် ဟန်ပြင်လိုက်၏။

သို့သော်...

လက်တစ်ဘက်က သူ့လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလိုက်လေသည်။

တစ်ချိန်တည်းမှာပင် ကျန်လက်တစ်ဖက်ကို တစ်စုံတစ်ဦးက ဖမ်းချုပ်လိုက်ပြန်သည်။

ယခုမှ သူသည် မိမိအား ဖမ်းဆုပ်ထားသော လူကို ကြည့်မိလိုက်သည်။

ကိုရှမ်းနှင့် စုန့်ချန်းတို့ ဖြစ်ကြသည်ကို တွေ့ရလေသည်။

သူတို့နှစ်ယောက်သည် မုစင်းအား ဖမ်းချုပ်ပြီး ရေပြင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



သို့ တက်လာကြသည်။

ထို့နောက်...

မစင်းအား ကျောက်ဆောင်ပေါ်၌ပင် ချုပ်ထားလိုက်လေသည်။

ထိုအချိန် ကျွန်းစုထင်းက ထိုင်ရာမှ ထလိုက်ပြီး မစင်း ရှေ့သို့ လျှောက်လာလေသည်။

မစင်းက စကားတစ်လုံးမျှ မပြောဘဲ ကျွန်းစုထင်းအား စိုက်ကြည့်နေ၏။

ကျွန်းစုထင်းက သူ့အနီးတွင် ထိုင်ချကာ...

"မစင်း၊ လမ်းတစ်လျှောက်လုံး အေးအေးချမ်းချမ်းဆိုတော့ အခုလိုဖြစ်မယ် မထင်မိဘူး မဟုတ်လား"

မစင်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ဉာဏ်များတဲ့လူမှ မဟုတ်ဘဲ၊ ဒါတွေကို ဘယ်စဉ်းစားမိမှာလဲဗျာ"

ကျွန်းစုထင်း သက်ပြင်းချကာ...

"ဒါက ဉာဏ်များတဲ့လူမှန်း မင်းသိပြီးပြီပဲ၊ အဲဒီတော့ ဒါကို သတိထားသင့်တာပေါ့"

မစင်း ပခုံးတွန့်လိုက်၏။

"ကျုပ်မိတ်ဆွေ အများကြီးပါ၊ ဒီတစ်ခါပဲ လူပေါင်း များမိခဲ့တယ်"

"တစ်ခါများတာနဲ့ အသက်မရှည်နိုင်တာတော့ စိတ်မ



ကောင်းစရာဘဲ၊ အမှန်မှာ အစကတည်းက မင်းထွက်သွားသင့်တာ"

မစင်း မဲ့လိုက်၏။

"ခင်ဗျား ဘာတွေ လုပ်နေသလဲဆိုတာ ကျုပ်က သိချင်တယ်လေဗျာ"

"ဘာပဲဖြစ်ဖြစ် ရှောင်စုရီက မင်းထက် ကံကောင်းတယ်လို့ ဆိုရမယ်"

"ခင်ဗျားအကြောင်း သူက သိသင့်သလောက် သိသွားပြီ"

ကျွန်းစုထင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ သူက ဝူးပေကျားကို သတ်လိုက်တဲ့အပြင် ဝူးပေကျားဆီက ငါ့ရဲ့လျှို့ဝှက်ချက်တွေ ရသွားခဲ့တယ်လေ"

မစင်းက...

"ကျုပ်ဆီက သတင်းတွေလဲ ရသွားသေးတယ်ဗျ"

ကျွန်းစုထင်း ဟားတိုက်ရယ်မောလိုက်သည်။

"မင်းပေးတဲ့သတင်း သူ့ဆီ ရောက်သွားတယ် ထင်လို့လား"

သူသည် ပြောပြီး စာငါးစောင် ထုတ်ပြလိုက်လေသည်။

မစင်း မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူသည် ရှောင်စုရီထံသို့ စာငါးစောင် ပို့ခဲ့သည်။

ယခု...

၎င်းစာများ အားလုံးသည် ကျွန်းစုထင်း လက်ထဲသို့ ရောက်ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းက ပြုံးစေ့စေ့ဖြင့်…

"နောက်ထပ် စာတစ်စောင်ပေးဖို့ ကျန်သေးလား"

အရွဲ့တိုက်ကာ မေးလာ၏။

မုစင်း ခေါင်းယမ်းလိုက်သည်။

"မရှိတော့ဘူး၊ ကျုပ်မှာလဲ အသက်တစ်ချောင်းပဲ ကျန်တော့တယ်"

ကျန်းစုထင်းက…

"မင်းကို ကူညီမယ့်သူ တစ်ယောက်မှ မရှိဘူး"

မုစင်းက…

"ခင်ဗျားရဲ့ သိုင်းပညာက ကျုပ်ထက်သာတယ်၊ ဉာဏ်နီဉာဏ်နက်များတယ်၊ ကျုပ်ကို သတ်ချင်ရင် အလွယ်ကလေးပါ။ ဒီလောက် အလုပ်ရှုပ်ခံမှာ မဟုတ်ဘူးဆိုတာ ကျုပ်သိတယ်"

သူက စကားဆက်လိုက်သည်။

"ကဲ ကျုပ်ကို ဘာလုပ်မလဲ"

ကျန်းစုထင်းက ပြုံးလိုက်သည်။

"ငါက ဘာလုပ်နေတယ်ဆိုတာ မင်းသိချင်နေတယ် မဟုတ်လား"

"ခင်ဗျားက ပြောပြမလို့လား"

"အခုလို အခြေအနေရောက်မှတော့ မဖုံးကွယ်ချင်တော့ပါဘူး"

"ကျုပ်ကို ပြောပြရင် ကျုပ်ကို လုပ်ချင်တာလုပ်၊ ခင်ဗျား



ကို အပြစ်မတင်ဘူး"

"ဟား…ဟား…ဟား"

ကျန်းစုထင်း ရယ်မောလိုက်သည်။

"မင်းစကား မင်းမှတ်ထားနော်"

ကျန်းစုထင်း၏ ရယ်မောနေပုံကို ကြည့်ကာ မုစင်း ကျောချမ်းသွားလေသည်။

ထိုအချိန်မှာပင် ကျန်းစုထင်း လက်တစ်ချောင်းသည် မုစင်း၏သွေးကြောကို ပိတ်ထားလိုက်သည်။

မုစင်း သတိမေ့သွားလေသည်။

ကျန်းစုထင်း လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"သူ့ကို ဘိန်းချက်တဲ့နေရာ ခေါ်သွားစမ်း"

စုန့်ချန်း ထရပ်လိုက်သည်။

"ခေါင်းဆောင်ကြီးက စမ်းသပ်မယ့်လူ တွေ့ပြီကိုး"

ကျန်းစုထင်း ခေါင်းညိတ်ပြလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မည်မျှ ကြာသွားမှန်းမသိ။

မစင်း သတိရလာသောအခါ သူ၏ခြေလက်များအား နွားသားရေကြိုးဖြင့် အနိုင်အမာ ချည်နှောင်ထားသည်ကို တွေ့ရသောကြောင့် ထိတ်လန့်သွား၏။

သူ့အား ကျန်းစုထင်းက ပြုံး၍ ကြည့်နေ၏။

သူက ငွေဗူးတစ်ခုအား အဖုံးပွင့်ပြလာ၏။

မစင်းက ကြည့်လိုက်သောအခါ အဖုံးပေါ်၌...

"အသက်ရှည်ဆေး"

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

ကျန်းစုတင်းက...

"သူ့ကို ရှူလိုက်ရင် နတ်ပြည်ရောက်သွားသလိုပဲ တော်တော့်ကို အစွမ်းထက်တယ်"

မစင်း မျက်လုံးပြူးသွားသည်။

"ဒီဘိန်းတွေ ဘယ်က ရတာလဲ"

ကျန်းစုထင်း ပြုံးလိုက်သည်။

"ကျုပ်စိုက်ပျိုးထားတာလေ"

"လက်စသတ်တော့ ခင်ဗျားက ဘိန်းချက်ရောင်းနေတာကိုး"

"မြေပြန့်မှာ ဒီပစ္စည်း ကျုပ်တစ်ယောက်ထဲပဲ ရှိတယ်"

မစင်းက...

"ပူးပေကျား ပြဿနာရှာတာ ဒီပစ္စည်းတွေကို သိမ်းပိုက်



ချင်လို့ကိုး"

"ဟုတ်တယ်"

"ခင်ဗျားသမီး သိသလား"

"ကျုပ်က ဖုံးကွယ်ထားတယ်"

"ခင်ဗျားကို ကျုပ်က အထင်ကြီးလေးစားခဲ့တယ်၊ လက်စသတ်တော့ ခင်ဗျားဟာ တိရစ္ဆာန်နဲ့ ဘာထူးလို့လဲ ယုတ်မာတဲ့လူ"

"ဒါနဲ့များ ရှောင်စုရီကို ဖိတ်ခေါ်ပြီး ကျုပ်ကို ကူညီခဲ့သေးတယ် မဟုတ်လား"

"ကျုပ်အသုံးမကျလို့ ဖြစ်ရတာ"

သူက ကျန်းစုထင်းအား စိုက်ကြည့်ကာ ဆက်မေးလိုက်၏။

ကျန်းစုထင်းက...

"ဘိန်းကိစ္စနောက် နယ်စားကြီးယို့ဟာ အပူတပြင်း ခြေရာခံစုံစမ်းနေတယ်၊ သူက ရှောင်စုရီကို အကူအညီတောင်းခဲ့လို့ ရှောင်စုရီက ဒီကိစ္စကို လျှို့ဝှက်စုံစမ်းနေခဲ့တယ်"

မစင်းက...

"နယ်စားကြီးယို့နဲ့ ရှောင်စုရီတို့ဟာ မိတ်ဆွေရင်းချာတွေပဲ၊ သူက ကူညီမှာပေါ့"

ကျန်းစုထင်းက...

"သူတို့က ဘိန်းဖြန့်ဖြူးတဲ့လူဟာ ပထမကြေးစား စုန့်ချွန်း ဆိုတာပဲ သိထားတယ်"

"ရှောင်စုရီက ဘာဖြစ်လို့ ခင်ဗျားအပေါ် သံသယ ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



တာလဲဗျ"

"ဂူးပေကျား မသေခင် ဖွင့်ပြောခဲ့လို့ပေါ့"

"ဒါဖြင့် ခင်ဗျားပြေးမလွတ်တော့ဘူး"

ကျန်းစုထင်း ပြုံးလိုက်သည်။

"ဂူးပေကျားက ကျုပ် ဘိန်းအရောင်းအဝယ် လုပ်နေတယ်ဆိုတာပဲ သိတယ်၊ ဒါပေမယ့် ကျုပ်ဘိန်းချက်တဲ့ နေရာကိုတော့ လုံးဝမသိပါဘူး။ အခုတော့ ကျုပ်တို့ ဒီနေရာမှာပဲ တစ်နှစ်ကိုးသီတင်း နေထိုင်ဖို့ ဆုံးဖြတ်လိုက်ပြီ"

မုစင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဖြင့် ခင်ဗျားနောက်ထပ် ငွေရနိုင်တဲ့လမ်း မရှိတော့ဘူးပေါ့"

ကျန်းစုထင်း အပြုံးမပျက်ပါ။

"ကျုပ်က မမှုပါဘူး၊ ကျုပ်ကလွဲရင် ဖြန့်ဖြူးသူမှ မရှိဘဲ၊ နောက်ပြီး ဒီနေရာမှာ စားသောက်ဖို့လဲ လုံးဝမပူရဘူးလေ"

မုစင်း မဲ့လိုက်သည်။

"ခင်ဗျားစုဆောင်းထားတဲ့ ဘိန်းတွေသာ မပျက်စီးပါစေနဲ့လို့သာ ဆုတောင်းထား"

ကျန်းစုထင်း ရယ်မောလိုက်၏။

"ဘိန်းကို စိတ်ဝင်စားသူတွေ ရှိနေသမျှ ငါ မပူပန်မိပါဘူး။ အခုလဲ မင်းကို ဘိန်းစွဲသူ ဖြစ်အောင် စမ်းသပ်မယ်လေ"

"ခင်..ခင်ဗျား"



မုစင်း အလွန်တရာပင် ထိတ်လန့်သွားလေသည်။

ကျန်းစုထင်းက လက်ခုပ်တစ်ချက်တီးရာ လူနှစ်ယောက် ဝင်လာ၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ ဝါးပြွန်တစ်ချောင်း ကိုင်ထား၏။

ကျန်တစ်ယောက်၏ လက်ထဲ၌ ဘိန်းထည့်ထားသော ဗူးတစ်ခု ကိုင်ဆောင်ထား၏။

မုစင်းမှာ သေမင်းနှင့် တွေ့ရသည့်အလား တုန်လှုပ်နေမိ၏။

ကျန်းစုထင်းမှာ မုစင်းအား ကြည့်ကာ သဘောကျနေ၏။

"သိပ်လဲ မလန့်ပါနဲ့၊ နောက်ဆို ကောင်းမှန်းသိပြီး ကျုပ်မပေးမှာကိုတောင် မင်းစိုးရိမ်မိမှာပါ"

မုစင်း အံကြိတ်ရင်း...

"ကျန်းစုထင်း၊ ငါ့ကို သတ်လိုက်"

ကျန်းစုထင်း ခေါင်းယမ်းလိုက်သည်။

"မင်းကို သတ်ချင်မှတော့ ဒီအထိ ခေါ်လာပါ့မလား။ ကဲ ငါ့တပည့်တွေက မင်းကို ပြုစုကြလိမ့်မယ်၊ မကြာခင် မင်းဟာ ဘိန်းသမား ဖြစ်လာတော့မှာပါ"

စကားဆုံးလျှင် ဟားတိုက်ရယ်မောကာ ထွက်ခွာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုစင်း၏ခဲဆိုကြိမ်းသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

မုစင်း အဖမ်းခံရသည်ကို ဝူးပေကျားက တွေ့ရှိသွားလေသည်။

သူသည် တောင်ကြားလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားပြီး အနီးရှိ တောင်ကုန်းတစ်ခုပေါ်သို့ တက်သွားသည်။

တောင်ကုန်းမှာ အလွန်မတ်စောက်နေပြီ ဖြစ်သော်လည်း သူက အလွယ်တကူ တက်ရောက်နိုင်ခဲ့လေသည်။

သူသည် တောင်ကုန်းပေါ်ထိုင်လျက် သူလုပ်ရမည့် လုပ်ငန်းများကို ခေါင်းအေးအေးထား၍ စဉ်းစားတွေးတောနေ၏။

ယခုအချိန်၌ သူသည် ကျန်းစုထင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရန် လုံးမစဉ်းစားပါ။

သူ့အစီအစဉ်မှာ ရှောင်စုရီတို့လူစုကို ဤနေရာသို့ ရောက်လာနိုင်ရန် မည်ကဲ့သို့ စီစဉ်ရမည်ကိုသာ စဉ်းစားနေ၏။

ဤနေရာသည် ကျန်းစုထင်း၏ လျှို့ဝှက်စခန်း ဖြစ်သည်ကို သူက တစ်ထစ်ချ ယုံကြည်ထားသည်။

ယင်းသို့ ဆုံးဖြတ်ပြီးသည်နှင့် သူသည် တောင်ကုန်းပေါ်မှ ဆင်းလာပြီး လမ်းအတိုင်း ပြန်လှည့်ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠

ငုပ်ကောင်

ထိုတောင်ကြားလမ်းနှင့် ငါးမိုင်ခန့် အကွာတွင် ရွာကြီးတစ်ရွာခန့်သာရှိသော မြို့လေးတစ်မြို့ ရှိလေသည်။

ယင်းနေရာတွင် တည်းခိုခန်းတစ်ခု ရှိသည်။

ရှောင်စုရီတို့လူစုသည် ထိုနေရာသို့ ရောက်လာပြီ ဖြစ်လေသည်။

သူတို့သည် လမ်းတစ်လျှောက်၌ ကျန်းစုထင်း၏ ကင်းပုန်းများ ရှိရမည်ဟု ယုံကြည်ထားသည်။

ထို့ကြောင့်...

သူတို့သည် လူစုခွဲ၍ ရောက်လာကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်စုရီနှင့် ကျူးချစ်တို့မှာ ကိုယ်ရံတော်လေးဦးနှင့်အတူ ရှေ့ဆုံး အသုတ်ဖြင့် ရောက်လာလေသည်။

သူတို့သည် လမ်းတစ်လျှောက်၌ သတင်းပေးသူတစ်ဦးသာ တွေ့ခဲ့သည်။

သို့သော်...

ဤတစ်ကြိမ်တွင် သူတို့သည် တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာသည့်တိုင်အောင် သတင်းပို့သူ လုံးဝမတွေ့ရတော့ပါ။

အတန်ကြာတော့မှ ကလေးငယ်တစ်ဦး ရောက်လာသည်ကို တွေ့ရလေသည်။

ဤတစ်ကြိမ် သတင်းလာပို့ခြင်း မဟုတ်ပါ။

မြေပုံတစ်ခု လာပေးသွားခြင်း ဖြစ်သည်။

ယင်းမြေပုံပေါ်၌ သွားရမည့် လမ်းကြောင်းများ၊ တောအုပ်များ၊ တောင်ကြားလမ်းနှင့် ရေကန်[illegible]ကို သေသေချာချာ ဖော်ပြ ထားသည်ကို တွေ့ရလေသည်။

ရေကန်ပြထားသော နေရာတွင် ထောင်ချောက်ကို သတိ ပါဟု ရေးသားထားသည်။

သူတို့သည် ကလေးငယ်အား ငွေတုံးတစ်တုံးပေးပြီးနောက် ...ို့ ဝင်ရောက်ပြီး ထိုမြေပုံကို သေချာစွာ လေ့လာကြလေ

...ကို သေချာစွာ လေ့လာကြည့်ပြီးနောက် ရှောင်စုရီ၏ ...းမှာ တည်ကြည်လေးနက်နေသည်ကို တွေ့ရသည်။



ကျူးချစ် မျက်မှောင်ကြုတ်သွားသည်။

"မြေပုံကို သံသယ ဖြစ်နေလို့လား"

"မြေပုံကို ယုံကြည်ပါတယ်၊ ဒါပေမယ့် မြေပုံရေးဆွဲတဲ့လူကို ကျုပ်က သံသယ ဖြစ်နေတာပါ"

ကျူးချစ် သဘောပေါက်သွားသည်။

"ဟုတ်သားပဲ၊ မုစင်းက ဒီလောက် သေသေချာချာ ရေး မယ့်လူ မဖြစ်နိုင်ဘူး"

ရှောင်စုရီ ခေါင်းညိတ်လိုက်သည်။

"ဖော်ပြထားတဲ့ မြေပုံနဲ့ တကယ် ရှိတဲ့ နေရာနဲ့ တစ်ပုံစံထဲ ရှိနေသလားဆိုတာ မသိရပေမယ့် ဒီမြေပုံဆွဲတဲ့လူဟာ အလွန်စေ့စပ် သေချာပြီး ပန်းချီပညာကျွမ်းကျင်တဲ့လူ ဖြစ်ရမယ်လို့ ကျုပ်ထင်မိ တယ်"

သူသည် စကားဆက်လိုက်သည်။

"နောက်ပြီး အဲဒီ မြေပုံဆွဲတဲ့လူက သိုင်းပညာ အဆင့်မြင့် ရမယ်လို့ ကျုပ်တွေးမိတယ်"

ရှိဝမ်းက မျက်မှောင်ကြုတ်သွားသည်။

"ဒီမြေပုံကို မုစင်းက ဆွဲတာ မဟုတ်လား"

ရှောင်စုရီက...

"မုစင်း ဒီလောက် မတော်ဘူး"

ကျူးချစ်က တစ်ချက်စဉ်းစားကာ...

"သူက လျှို့ဝှက်စခန်းကို တွေ့မှတော့ ကျုပ်တို့ဆီ အမြန်

www.burmeseclassic.com

www.burmeseclassic.com



ဆုံး ပြန်လာမှာပေါ့၊ မြေပုံပေးစရာတောင် မလိုဘူး”

ရှောင်စုရီက...

“မြေပုံဆွဲတဲ့လူဟာ ကျုပ်တို့ကို သတိထားပါဆိုတဲ့ စကားလုံး ရေးထားတာကို စဉ်းစားစရာ ဖြစ်နေတယ်”

ကျူးချစ်က...

“မြေပုံဆွဲတဲ့လူဟာ မုစင်း မဟုတ်ရင် ဘယ်သူများ ဖြစ်ပါလိမ့်၊ ဒီလူဟာ ရန်သူလား မိတ်ဆွေလား”

ရှီဝမ်းက...

“ကျန်းစုထင်းက ထောင်ချောက်ဆင် မျှားခေါ်ထားတာလားမှ မသိဘဲ”

ကျူးချစ် ခေါင်းယမ်းလိုက်သည်။

“မဖြစ်နိုင်ဘူး၊ သူက ဒီလိုလုပ်လို့ ကျုပ်တို့က ဒီသတင်းကို နယ်စားကြီးယို့ဆီကတစ်ဆင့် နန်းတွင်းကို ပို့မှာ၊ သူက စဉ်းစားမိမှာပေါ့”

ရှောင်စုရီက...

“ကျုပ်တွေးမိတာ လူတစ်ယောက်ပဲ ရှိတယ်”

“ဘယ်သူလဲ”

ရှီဝမ်းနှင့် ကျူးချစ် ပြိုင်တူ မေးလာသည်။

ရှောင်စုရီက...

“ဂူးပေကျား၊ သူက ပန်းချီတော်တယ်၊ သိုင်းပညာအဆင့်မြင့်တယ်”



ကျူးချစ်က...

“သူသေသွားပြီလေ”

ရှောင်စုရီက...

“ဒါကြောင့် စဉ်းစားရခက်နေတာပေါ့”

ရုတ်တရက် ကျူးချစ်က တမ်းမှုံတစ်ရာ စဉ်းစားမိဟန်ဖြင့်...

“သူသေဆုံးသွားတယ်ဆိုတာ ခင်ဗျားမျက်မြင်ကိုယ်တွေ့ဟုတ်လား”

ရှောင်စုရီ မျက်လုံးများ ဝင်းလက်တောက်ပလာ၏။

“ခင်ဗျားပြောမှပဲ ကျုပ်စိတ်ထဲ သံသယ ဖြစ်လာတော့တယ်”

သူသည် စကားဆက်လိုက်သည်။

“ကျုပ်ရဲ့ဓားနဲ့ ထိပြီး သူရေကန်ထဲ ကျသွားတာတော့ မှန်တယ်၊ ဒါပေမယ့် သူအသက်ရှင်ချင် ရှင်နေမှာ”

ကျူးချစ်က...

“သူက သေချင်ဟန်ဆောင်တာဆိုရင်ကော မဖြစ်နိုင်ဘူးလား”

ရှောင်စုရီ ခေါင်းညိတ်လိုက်သည်။

“ဖြစ်နိုင်တယ်”

ကျူးချစ်က သူ့အား တစ်ချက်ကြည့်ကာ...

“အခု ကျုပ်တို့ကို သတင်းပို့တဲ့ မြေပုံဟာ ဂူးပေကျား ရေးဆွဲတယ်ပဲထား၊ သူက ဘာကြောင့် ကျုပ်တို့ကို သတင်းပို့တာလဲ”

www.burmeseclassic.com

www.burmeseclassic.com



ရှီဝမ်း တစ်ချက်စဉ်းစားကာ…

"ဒါရှင်းပါတယ်၊ ကျုပ်တို့ကို သတင်းပို့ပြီး ကျန်းစုထင်းနဲ့ ရင်ဆိုင်မယ်၊ သူက ကြားထဲက အမြတ်ထုတ်ရုံပဲ"

ကျူးချစ်က…

"ခင်ဗျားပြောတဲ့အတိုင်းသာ ဖြစ်မယ်ဆိုရင် မုစင်းက အခြေအနေ မကောင်းတော့ဘူးနဲ့ တူတယ်"

ရှောင်စုရီ ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်တယ်၊ ဒါပေမယ့် ဖြစ်မယ်ဆိုရင် အခု ဒီတစ်ရက် နှစ်ရက်အတွင်းမှာပဲ ဖြစ်ရမယ်"

ကျူးချစ်က…

"ဒါဖြင့် သူ့သတင်းပို့မှာတော့ သေချာတယ်၊ သူပို့တဲ့ သတင်းတွေ အားလုံးကို ကျန်းစုထင်းက ဖြတ်ယူထားလိုက်တာ ဖြစ်ရမယ်"

ရှီဝမ်း ခေါင်းညိတ်လိုက်သည်။

"ဒါဖြစ်နိုင်တယ်"

ရှောင်စုရီသည် မြေပုံပေါ်၌ ရေးဆွဲထားသော ရေကန်ပေါ်သို့ လက်ညှိုးထောက်ပြလိုက်သည်။

"ဒီရေကန်ဟာ ထောင်ချောက် ဖြစ်နိုင်တယ်"

ကျူးချစ်က…

"ရေကန်ထဲမှာက ထောင်ချောက်ရှိတယ်ဆိုရင် ရှာဖို့ မလွယ်ဘူး၊ မြေပုံရေးဆွဲတဲ့လူဟာ မုစင်း ရေကန်ထဲ ကျသွားတာကို



သူကိုယ်တိုင် တွေ့မြင်လိမ့်မယ်လို့ ထင်ပါတယ်"

ရှောင်စုရီ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဖြစ်နိုင်တယ်"

ရှီဝမ်းက…

"ဒါဖြင့် ကျုပ်တို့ ဘာဆက်လုပ်မလဲ"

ရှောင်စုရီက…

"အခု ကျုပ်တို့ ထွက်ပြီး တိုက်ခိုက်ရင် အခြေအနေ မသင့်သေးဘူး၊ ဟိုရောက်ရင် မိုးလင်းသွားမယ်"

ကျူးချစ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့လူတွေ မစုံသေးဘူး"

ရှီဝမ်းက…

"ဒါဖြင့် ဒီညဒီမှာပဲ တစ်ရက်နားမယ်၊ တို့လူစုံတော့မှ ဆက်ပြီးသွားမယ်"

ကျူးချစ်က…

"ကျုပ်တို့သွားရင် မတော်တဆ သူ့ကိုဆင်ထားတဲ့ ထောင်ချောက်ထိုးမိရင် ဘယ်လိုလုပ်မလဲ"

ရှောင်စုရီက ပြုံးလိုက်သည်။

"တိုက်ခိုက်မှုဆိုတာ စွန့်စားရပါတယ်၊ ဒါကြောင့် ထောင်ချောက် ဖြစ်သည့်တိုင်အောင် သွားကို သွားရမှာပဲ"

ကျူးချစ်က သဘောတူလိုက်လေသည်။

ရှီဝမ်းလည်း သဘောတူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရောင်စုရီသည် အားလုံး သဘောတူသည်ကို တွေ့ရ၍ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ်ထိုင်ကာ မြေပုံကို သေချာစွာ ထပ်မံကြည့်ရှုလိုက်လေတော့သည်။

♠ ♠ ♠

ဂူးပေကျား ပြီးနေ၏။

မစင်းနှင့် ပတ်သက်သော အဝတ်အစားများ၊ ဟန်ဆောင်မှုများအား သူက စွန့်ခွာလိုက်ပြီ ဖြစ်သည်။

မိမိဦးတည်ရာ နိဂုံးပိုင်း မကြာခင် ရောက်လာတော့မည်။

ထို့ကြောင့်…

မစင်းအဖြစ် ဟန်ဆောင်ရန် မလိုတော့ပါ။

သူသည် မြေပုံကို ရောင်စုရီထံ ပို့ပေးပြီးနောက် ခေါင်းအေးအေးထား၍ မိမိလုပ်ရပ်များကို အသေးစိတ် ပြန်လည်သုံးသပ်မိလေသည်။

ယင်းကဲ့သို့ သုံးသပ်မိလိုက်သောအခါ မိမိမှာ ဟာကွက်များစွာ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရလေသည်။

အထူးသဖြင့်…

သူသည် မြေပုံကို ဤမျှ သေချာပြီး ဤမျှ အသေးစိတ် ရေးဆွဲပေးခြင်းမှာ သူ၏အမှားတစ်ခု ဖြစ်သည်ကို ဆင်ခြင်မိလေသည်။



မစင်းမှာ ပန်းချီပညာ လုံးဝမကျွမ်းကျင်ပါ။

ယခုမှာမူ သူ့မြေပုံပေါ်တွင် ရေးဆွဲထားသော နေရာများမှာ အလွန်ပီပြင်နေသဖြင့် ပန်းချီဆရာတစ်ဦး လက်ရာ ဖြစ်သည်ကို ဖော်ပြချင်းနှင့် တူလှပေသည်။

ထို့အပြင်…

သူသည် သတင်းပို့ရာ၌ ရေးသားချက်များမှာလဲ အလွန်သေချာလှပေသည်။

မစင်းက ဤကဲ့သို့ လူစားမျိုး မဟုတ်ပါ။

သူသည် ရောင်စုရီမှာ အလွန်ဉာဏ်ကောင်းသော လူတစ်ယောက် ဖြစ်သည်ဟု နားလည်ထားလေသည်။

ထို့ကြောင့်…

ရောင်စုရီမှာ မိမိပို့လိုက်သော သတင်းများကို သံသယဖြစ်လာမည်မှာ သေချာသည်။

ထို့ကြောင့် ရောင်စုရီသည် မိမိပို့လိုက်သော စာများနှင့် နောက်ဆုံးပို့လိုက်သော မြေပုံကို သေချာစွာ လေ့လာမိလျှင် ယင်းမြေပုံမှာ ပန်းချီပညာကျွမ်းကျင်သော လူတစ်ယောက် လက်ရာ ဖြစ်ရမည်ဟု တွေ့ရှိသွားမည် ဖြစ်သည်။

ထိုအချက်မှတစ်ဆင့် မိမိမှာ မသေသေးကြောင်း သံသယစိတ်များ ဖြစ်ပေါ်လာနိုင်သည်။

သူသည် တွေးရင်း စိတ်ပျက်လာသည်။

မိမိအမှားကို နောင်တရလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်းစုထင်းနှင့် ရှောင်စုရီတို့ ရင်ဆိုင်တိုက်ခိုက်လာသည်အထိ ဖန်တီးထားသည်။

သူ့ရည်ရွယ်ချက်မှာ နှစ်ဘက်စလုံး အထိနာပြီး သူတစ်ယောက်တည်းသာ ဘိန်းချက်လုပ်သည့် စခန်းကို အပိုင်စီးနိုင်မည်ဟု မျှော်လင့်ထားလေသည်။

သို့သော်...

သူသည် တစ်ကိုယ်တော် ဖြစ်နေသဖြင့် နောက်ဆုံး အနိုင်ရမည်လောဟု ကိုယ့်ကိုကိုယ်ပင် သံသယ ဖြစ်လာ၏။

ယခု သူသည် ကံကို စမ်းနေခြင်း ဖြစ်သည်။

သူစီစဉ်ထားသည့်အတိုင်း အောင်မြင်ခဲ့လျှင် ကျွန်းစုထင်း၏ ပစ္စည်းဥစ္စာအားလုံးကို သူက ရရှိနိုင်သည်။

အကယ်၍...

သူ့အစီအစဉ် ရှုံးနိမ့်သွားပါက သူ့ဘဝသည် မတွေးဝံ့လောက်အောင် ဖြစ်လေသည်။

ဤသို့ဆိုလျှင် သူက မည်သည့်အရာကို ဆက်လုပ်ရမည်နည်း။

သူသည် သက်ပြင်းချလိုက်ပြီး ထိုင်ချလိုက်သည်။

ယခုအခါ သူသည် ထိုင်စောင့်ရုံမှတပါး အခြားနည်းလမ်းမရှိတော့ပါ။

♠ ♠ ♠

## တိုက်ပွဲ

မိုးမလင်းသေးပါ။

ရှောင်စုရီတို့လူစုသည် လူစုခွဲပြီး တစ်သုတ်ပြီးတစ်သုတ်ထွက်ခွာသွားကြလေသည်။

သို့သော်...

သူတို့သည် မြေပုံပြသထားသည့် လမ်းကြောင်းအတိုင်း မသွားကြပါ။

သူတို့သည် ထိုလမ်းကြောင်းကို ရှောင်ရှားပြီး အခြားလမ်းကြောင်းတစ်ခုကို ရွေးခွဲ၍ ထွက်သွားခြင်း ဖြစ်လေသည်။

"ဒီလူက ဒီတောင်ကြားလမ်းအဝထိသာ ညွှန်ပြခဲ့တာကို

www.burmeseclassic.com

www.burmeseclassic.com



ယောက်တော့ သူ့အင်အား အလွန်နည်းပါးလို့ လိုက်မသွားရဲတာ ထင်ရှားတယ်"

ရှောင်စုရီ ခေါင်းညိတ်လိုက်သည်။

"ဒါ ဟုတ်တယ်"

ကျူးချစ် မျက်မှောင်ကြုတ်သွားသည်။

"ဒီလူက ဘယ်သူ ဖြစ်နိုင်သလဲ"

အားလုံးသော လူများသည် တိတ်ဆိတ်နေကြလေသည်။

ရှောင်စုရီ မျက်လုံးများ ဝင်းလက်တောက်ပသွားသည်။

"ကြည့်စမ်း၊ ဟိုမှာ လူနှစ်ယောက် ထွက်လာတယ်"

ကျူးချစ်တို့သည် ကျောက်ဆောင်ကို အကာအကွယ်ယူပြီး အောက်သို့ ငုံ့ကြည့်လိုက်သည်။

လူငယ်နှစ်ယောက် ဖြစ်သည်။

ထိုလူငယ်နှစ်ယောက်သည် တောအုပ်ထဲမှ ထွက်လာကြခြင်း ဖြစ်သည်။

သူတို့လက်ထဲတွင် ရေပုံးတစ်ပုံးစီ ပါရှိလေသည်။

သူတို့သည် ရေကန်အနီးသို့ ရောက်သွားပြီး ရေတစ်ပုံးစီ ခပ်ကြသည်။

ထို့နောက်...

တောအုပ်ရှိရာသို့ ပြန်လျှောက်သွားကြလေသည်။

ကျူးချစ်က မျက်မှောင်ကြုတ်သွားသည်။

"အင်း ဒီလူငယ်နှစ်ယောက် ကြည့်ရတာ ထမင်းချက်တွေ



ဖြစ်နိုင်တယ်"

ရှီဝမ်း ပြုံးလိုက်သည်။

"သူတို့က ရေထမ်း၊ ထင်းခွဲတဲ့လူ ဖြစ်ရမယ်"

ကျူးချစ်က...

"ဒီလူနှစ်ယောက်ကို ဖမ်းပြီး စစ်ဆေးလိုက်ရင် မကောင်းဘူးလား"

ရှောင်စုရီက လက်ကာပြလိုက်သည်။

"သွားမလုပ်နဲ့"

ကျူးချစ်က...

"ဘာဖြစ်လို့လဲ"

ရှောင်စုရီက...

"အခြေအနေကို စောင့်ကြည့်ပြီးမှ လှုပ်ရှားတာ ကောင်းပါတယ်"

သူတို့အားလုံးသည် စကားမပြောတော့ဘဲ တိတ်ဆိတ်စွာ အကဲခတ်ကြည့်ရှုလေသည်။

အချိန်သိပ်မကြာလိုက်။

တောအုပ်ထဲ၌ ထမင်းချက်သော မီးခိုးများ ထွက်ပေါ်လာသည်ကို တွေ့ရလေသည်။

သူတို့သည် အတန်ကြာ စောင့်ကြည့်နေ၏။

သို့သော်...

မီးခိုးများ ထပ်မံပေါ်ထွက်လာသည်ကို မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျူးချစ်က…,

“မဟုတ်မှလွဲရော တောအုပ်ထဲမှာ လူများများ မရှိနိုင်ဘူး”

ရောင်စုရီက…

“ဒါဖြင့် ကျူပ်သွားပြီး လေ့လာကြည့်ဦးမယ်”

ကျူးချစ် ယိုင်ရာမှ ထလိုက်သည်။

“ကျူပ်လိုက်မယ်၊ ဒါမှ အဖော်ရှိမယ်”

သူသည် ရှိဝမ်းဘက်သို့ လှည့်လိုက်သည်။

“ခင်ဗျားတို့ ဒီမှာပဲ နေကြ၊ ကျူပ်တို့က အချက်ပြမှပဲ လှုပ်ရှားရမယ်”

ရှိစမ်း ခေါင်းညိတ်ပြလိုက်လေသည်။

♠ ♠ ♠



ကျူးချစ်နှင့် ရောင်စုရီတို့သည် တောင်ကုန်းပေါ်မှ ပြေးဆင်းသွားသည်။

သူတို့သည် တဖြည်းဖြည်းဖြင့် ရေကန်ရှိရာသို့ ပြေးလွှားသွားလေသည်။

ရုတ်တရက် သူတို့သည် အလွန်ရှည်လျားသော မြက်ခင်းတစ်နေရာသို့ ရောက်လာလေသည်။

ရောင်စုရီက ခြေလှမ်းရပ်တန့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် မြက်ခင်းထဲသို့ စူးရဲစွာ စေ့ယမ်းကြည့်ရှုလိုက်သည်။

ကျူးချစ်က သူကြည့်သည့်အတိုင်း လိုက်၍ ကြည့်ရှုလေသည်။

“ဟင်”

သူ၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွား၏။

အကြောင်းမှာ…

မြက်ခင်းထဲ၌ အလွန်သေးငယ်သော ကြိုးကွင်းများ အစီအရီ ချထားသည်ကို တွေ့ရလေသည်။

အကယ်၍ မဆင်မခြင်ဘဲ ပြေးဝင်သွားလျှင် ၎င်းကြိုးကွင်းထဲသို့ တိုးဝင်သွားမည်သာ ဖြစ်ပါသည်။

ရောင်စုရီက ကျူးချစ်အား ကြည့်လိုက်သည်။

ကျူးချစ် ခန္ဓာကိုယ်သည် လေထဲသို့ ခုန်တက်သွားပြီး ကျွမ်းတစ်ပတ်ခန့် ပစ်ပြီး မြက်ခင်းတစ်ဘက်သို့ ရောက်ရှိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်စုရီကလည်း ကိုယ်ဖော့ပညာကို အသုံးပြုကာ မြက်ခင်းပေါ်မှ ကျော်ဖြတ်သွားလေသည်။

ထိုအချိန် တောအုပ်ထဲမှ လူတစ်ယောက် ထွက်လာသည်ကို တွေ့ရလေသည်။

သူသည် လက်ဝှေ့ယမ်းကာ အသံကျယ်စွာဖြင့်...

"ထမင်းပြီးပြီဗျို့"

ကျူးချစ်နှင့် ရှောင်စုရီတို့သည် သစ်ပင်တစ်ပင် နောက်ကွယ်သို့ ကမန်းကတန်း ဝင်ရောက်ပုန်းကွယ်လိုက်ကြသည်။

ထိုအချိန်မှာပင် တောင်ကြားလမ်းထဲမှ လူနှစ်ယောက် ပုန်းကွယ်ရာမှ ထွက်လာလေသည်။

ကျူးချစ်သည် ကျောပြင်တစ်ခုလုံး ချွေးများ စိုရွှဲသွားလေသည်။

သူတို့သည် ထိုလူနှစ်ယောက်ကို လုံးဝမတွေ့မိရိုး အမှန်ပါ။

အကယ်၍...

သူတို့သည် မဆင်မခြင်ဘဲ ဆက်လက်ရှေ့သို့ ပြေးလွှားသွားလျှင် ထိုလူနှစ်ယောက်နှင့် ပက်ပင်းတိုးမည်သာ ဖြစ်ပေသည်။

ရှောင်စုရီသည် အခြားသစ်ပင်ရှိရာသို့ ပြေးလွှားကူးသွားသည်။

ကျူးချစ်က သူ့နောက်သို့ လိုက်လာသည်။

ထိုစဉ်...

သစ်ပင်တစ်ပင်နှင့် တစ်ပင်ကြားတွင် ကြိုးများ ရှုပ်ထွေးစွာ



တန်းထားသည်ကို တွေ့ရလေသည်။

အကယ်၍ သတိမထားဘဲ ထိုကြိုးများကို ခြေထောက်ဖြင့် ချိတ်မိလျှင် ခေါင်းလောင်းသံများ ထွက်ပေါ်လာမည်ဟု သူတို့ယုံကြည်ကြလေသည်။

ရှောင်စုရီသည် သတိကြီးစွာဖြင့် တန်းထားသော ကြိုးများကြားမှ ရှောင်တိမ်းသွားလေသည်။

သူတို့သည် သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်သွားလေသည်။

ထိုသစ်ပင်သည် အလွန်မြင့်မားပြီး အရွက်များ ထူထပ်နေ၏။

ရှောင်စုရီက သစ်ပင်ပေါ်မှ တစ်ဘက်သို့ လှမ်းကြည့်လိုက်သည်။

တစ်ဘက် လမ်းကလေးတစ်ဘက်တွင် လူဆယ်ယောက်ခန့် ထိုင်နေသည်ကို တွေ့ရလေသည်။

ရှောင်စုရီက လက်ဟန်ခြေဟန် ပြလိုက်သည်။

ကျူးချစ်က သူ့ထံ ချဉ်းကပ်လာသည်။

အစောင့်များသည် ထိုအနီးတဝိုက်တွင် ခေါင်းလောင်းသံကြိုးတန်းများ ထားရှိနေသောကြောင့် လုံးဝသတိမစွူကြပါ။

ထို့ကြောင့်...

ရှောင်စုရီနှင့် ကျူးချစ်တို့ ရောက်လာသည်ကို သူတို့က မသိနိုင်ဘဲ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်စုရီက အသံတိုးတိုးဖြင့်...

"ကဲ တို့ပြန်ကြမယ်"

ကျူးချစ်က ခေါင်းညိတ်လိုက်သည်။

သူတို့နှစ်ယောက်သည် သစ်ပင်တစ်ပင်နှင့်တစ်ပင် ကူးကာ တောအုပ်ထဲမှ ထွက်ခွာသွားကြလေတော့သည်။

♠ ♠ ♠



ရှောင်စုရီနှင့် ကျူးချစ်တို့သည် အဖွဲ့သားများနှင့် တိုင်ပင်ဆွေးနွေးကာ တိုက်ခိုက်ရမည့် လမ်းကြောင်းများကို ရေးဆွဲကြသည်။

အဖွဲ့များကိုလည်း ခွဲလိုက်သည်။

ထို့နောက်...

သူတို့သည် အုန်းမောင်းသုံးချက် ခေါက်သည်နှင့် ကိုယ့်လူစုနှင့်ကိုယ် ကြိုတင်ချမှတ်ထားသော လမ်းကြောင်းအတိုင်း အလစ်ဝင်ရောက် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လရောင်သည် ထိန်ထိန်လင်းနေ၏။

အနက်ရောင်ဝတ်ဆင်ထားသော ကိုယ်ရံတော်များသည် လက်နက်များ ကိုင်ဆောင်ပြီး ခြေလှမ်းပေါ့ပါးစွာဖြင့် တောင်ကြားလမ်းဘက်သို့ ကွေ့ပတ်ပြေးလွှားသွားလေသည်။

ယင်းအဖွဲ့ ဦးဆောင်သူမှာ ရှိဝမ်း ဖြစ်သည်။

ကျူးချစ်မှာမူ သူ့အဖွဲ့သားများကို ဦးဆောင်၍ တောင်ကြားလမ်း ညာဘက်သို့ ကွေ့ပတ်၍ ချီတက်သွားကြလေသည်။

ရှောင်စုရှီမှာမူ အလယ်ဗဟိုလမ်းကြောင်းမှ ချီတက်သွားလေသည်။

သူ့နောက်တွင် ကိုယ်ရံတော်ဆယ့်နှစ်ယောက် လိုက်ပါလာ၏။

သူတို့သည် လူသားများအား လူမျိုးတုံးစေရန် ဘိန်းများကို တိုက်ခိုက်ဖျက်ဆီးချေမှုန်းရန် ဖြစ်သည်။



သူတို့သည် အလွန်သွက်လက်ပြီး အကာအကွယ်ယူတတ်ကြသဖြင့် တောင်ကြားလမ်းအဝ ရောက်သွားတော့မှ အစောင့်များက သိရှိသွားကြလေည်။

သူတို့သည် ကမန်းကတန်း ဟန့်တားရှဲ ပြေးထွက်လာစဉ်မှာပင် အရှိန်ပြင်းစွာဖြင့် ဝင်ရောက်လာသော ကိုယ်ရံတော်ဆယ့်နှစ်ယောက်က လက်ဦးပြီး တိုက်ခိုက်လိုက်ရာ...

တောင်ကြားလမ်း စောင့်ကြပ်နေသော အစောင့်ဆယ်ယောက်မှာ အတုံးအရုံး လဲကျသွားလေသည်။

ရှောင်စုရှီက ရှေ့သို့ လက်တစ်ချက် ဝှေ့ယမ်းပြလိုက်လေသည်။

ထို့နောက်...

ရှေ့ဆုံးမှ ပြေးဝင်သွားလေသည်။

ကိုယ်ရံတော်ဆယ့်နှစ်ယောက်တို့မှာ သူ့နောက်မှ ထပ်ကြပ်မကွာ လိုက်သွားကြလေသည်။

တောင်ကြားလမ်းဘက်သို့ ကွေ့ပတ်၍ ချီတက်သွားကြလေတော့သည်။

တောအုပ်အနီးသို့ ရောက်သွားရာ...

ထိုနေရာတွင် အစောင့်ရှစ်ယောက်ခန့်တို့သည် အေးအေးဆေးဆေး ထိုင်နေကြရာ မမျှော်လင့်ဘဲ ရှိဝမ်းတို့လူစုနှင့် ရင်ဆိုင်တိုးမိသွားလေသည်။

သူတို့သည် ရန်သူများ ရောက်ရှိလာမည်ဟု မမျှော်လင့်

www.burmeseclassic.com

www.burmeseclassic.com



ထားသဖြင့် ကြောင်အမ်းအမ်း ဖြစ်နေ၏

ကိုယ်ရံတော်များက တစ်ရှိန်ထိုး တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

အော်သံများ ဆူးရှစွာ ထွက်ပေါ်လာသည်။

သို့သော်...

တခဏအကြာတွင် ပြန်လည်ငြိမ်သက်သွားသည်။

ရှီဝမ်းသည် သူ့ကိုယ်ရံတော်များကို စုစည်းကာ ရှေ့သို့ဆက်လက်ချီတက်သွားလေသည်။

♠ ♠ ♠



ကျူးချစ်က ဦးစီးသော ကိုယ်ရံတော်များသည် တောင်ကြားညာဘက်မှ ကွေ့ပတ်၍ ချီတက်သွားသည်။

လမ်းတစ်လျှောက်လုံးမှာ ရန်သူ၏ကင်းပုန်းကို လုံးဝမတွေ့ခဲ့ပေ။

ကျူးချစ် အနည်းငယ် အံ့ဩသွားသည်။

သူသည် သူ့လူများ ရပ်တန့်သွားရန် ကမန်းကတန်း ဟန့်တားလိုက်သည်။

ထိုအချိန်မှာပင် အစောင့်များက သူတို့အား ဝိုင်းရံထားမိလေသည်။

"ဟေ့ မင်းတို့ကို ဝိုင်းထားပြီ၊ အားလုံး အဖမ်းခံတော့"

အစောင့်များ ခေါင်းဆောင်က အော်ပြောလာ၏။

ကျူးချစ် မဲ့လိုက်၏။

"သတ္တိရှိရင် လာခဲ့"

အစောင့်များအား အမိန့်ပေးလိုက်၏။

သူ၏လူများသည် လေးဘက်လေးတန်မှ နေ၍ ကျူးချစ်တို့အဖွဲ့အား ဝိုင်းရံတိုက်ခိုက်လိုက်လေသည်။

ကျူးချစ်တို့ ကိုယ်ရံတော်များသည် လူအင်အားနည်းနေသည် ဖြစ်သော်လည်း တိုက်ရည်ခိုက်ရည်မှာ အလွန်ရင့်ကျက်သောလူများ ဖြစ်ကြသည်။

သူတို့သည် ခွတ်ခွတ်ချွန်ချွန်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်ရာ အချိန်မကြာမီ အတွင်း၌ အစောင့်များအားလုံးတို့သည် တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်မကျန် မြေပေါ်သို့ လဲကျသွားလေသည်။

ကျူးချစ်က လက်မောင်းတန်းလိုက်သည်။

"တက်"

သူ့ကိုယ်ရံတော်များသည် ညာသံပေးကာ ရှေ့သို့ ပြေးလွှားသွားကြလေသည်။

♠ ♠ ♠



"ယား"

ဆူညံသော ညာသံပေးသံများသည် တောတောင်တစ်ခုလုံး ပဲ့တင်ထပ်သွားလေသည်။

ထိုအချိန် ရှိဝမ်းဦးဆောင်သော ကိုယ်ရံတော်တို့မှာလည်း ညာသံပေး၍ ရှေ့သို့ ပြေးတက်နေ၏။

သူတို့သည် တောင်ကြားလမ်း၌ ထွက်ပေါက်ရှိရာသို့ ခုန်တက်သွားလေသည်။

ထိုအချိန် ရှောင်စုရီတို့သည် လမ်းတစ်လျှောက်၌ ရှိသော ကျွန်းစုထင်း၏ ကင်းပုန်းများကို လိုက်လံတိုက်ခိုက်ပြီး ရောက်လာကြလေသည်။

သူတို့အဖွဲ့အားလုံး ပြန်လည်စုစည်းမိကြလေသည်။

ရှောင်စုရီက ဘယ်ညာဘက်သို့ ညွှန်ပြလိုက်သည်။

"ကဲ ရှိဝမ်းက ကိုယ့်လူနဲ့ကိုယ် ရောက်နဲ့ရဲ့ ညာဘက်ကို ပတ်သွားပါ။ ကျူးချစ်က ရောက်နဲ့ဘက်ကို ပတ်သွားပါ"

ကျူးချစ်နှင့် ရှိဝမ်းတို့သည် အသီးသီး ထွက်ခွာသွားကြလေသည်။

ရှောင်စုရီသည် သူတို့ ထွက်ခွာသွားသည်ကို ပျောက်ကွယ်သွားသည်အထိ ကြည့်နေ၏။

ပြီးမှ ရောက်နဲ့ထဲ ရှိနေသော ကျောက်ဆောင်အတိုင်းတစ်ဘက်ကမ်းသို့ ခုန်ကျော်ဖြတ်သန်းသွားလေသည်။

သူ၏ကိုယ်ရံတော်များသည် ရှောင်စုရီ နည်းတူ တစ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ကမ်းသို့ ခုန်ကျော်ဖြတ်သန်းသွားလေသည်။

ထိုအချိန်မှာပင် ကျူးချစ်နှင့် ရှိဝမ်းတို့လူစုက လာရောက်စုစည်းကြလေသည်။

ရှောင်စုရှိက ရှိဝမ်းအား မေးလိုက်သည်။

"ရန်သူကို တွေ့ခဲ့ရဲ့လား"

ရှိဝမ်းက ခေါင်းခါယမ်းလိုက်သည်။

"မတွေ့ခဲ့ဘူး"

ရှောင်စုရှိက ကျူးချစ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ကျူးချစ် ခေါင်းယမ်းလိုက်သည်။

"ကျုပ်အက်ကလဲ မတွေ့ဘူး"

ရှောင်စုရှိ မျက်မှောင်ကြုတ်သွားသည်။

"အင်း သူတို့လူတွေ ဒီလောက်မကဘူး ထင်တယ်"

ကျူးချစ် ခေါင်းညိတ်လိုက်သည်။

"သူတို့ တစ်နေရာရာမှာ စုနေပြီ ထင်တယ်"

ရှောင်စုရှိ ခေါင်းညိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျန်းစုထင်းကို တွေ့အောင် ရှာမယ်၊ ဘိန်းတွေကို တွေ့အောင် ရှာမယ်"

သူသည် ပြောပြီးသည်နှင့် ရှေ့ဆုံးမှ ထွက်ခွာသွားလေသည်။

ကျူးချစ်နှင့် ရှိဝမ်းတို့က နောက်မှ လိုက်သွားကြလေ၏။

♠ ♠ ♠



ရှောင်စုရှိသည် ရှေ့ဆုံးမှ လျှောက်သွားလေသည်။

သူသည် ကြိုးတံတားထိပ်၌ ခြေလှမ်းရပ်တန့်ပြီး အကဲခတ်ကြည့်နေစဉ်မှာပင်…

ကြိုးတံတားတစ်ဘက်တွင် အစိမ်းရောင်ဝတ်ဆင်ထားသော လူသုံးဆယ်ခန့် ပြေးလွှားရောက်လာလေသည်။

သူတို့သည် ကြိုးတံတားထိပ်၌ တန်းစီ၍ ရပ်နေကြပြီး လေးမြှားကိုယ်စီဖြင့် ပစ်လွှင့်ရန် အသင့်ချိန်ထားကြ၏။

ထိုစဉ်…

လူတစ်ယောက် တိုးထွက်လာသည်။

ပထမကြေးစား စုန့်ချုန်းပင် ဖြစ်သည်။

စုန့်ချုန်းသည် အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားလျက် လှံတံတစ်ချောင်းကိုင်၍ တံတားပေါ်သို့ တက်၍ ရပ်တန့်လိုက်သည်။

ရှောင်စုရှိသည် ဓားကို ကိုင်လျက် တိတ်ဆိတ်စွာဖြင့် စုန့်ချုန်းအား စောင့်နေလေသည်။

စုန့်ချုန်းသည် တည်ငြိမ်စွာဖြင့် တစ်လှမ်းချင်း လျှောက်လာနေသည် မဟုတ်ပါလား။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အမှားနှင့် မကင်းသူ

ဆူညံသော အသံများ ထွက်ပေါ်လာခြင်းကြောင့် အိပ်မောကျနေသော ကျန်းစုထင်း နိုးလာလေသည်။

သူသည် အိပ်ရာမှ ထွက်လာပြီး အပြင်သို့ ပြေးထွက်ကြည့်လိုက်သည်။

ထိုအခါ...

ရန်သူများ ထိုးဖောက်ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုအချိန်မှာပင် ကို့ရှမ်းလည်း ပြေးလွှားရောက်ရှိလာလေသည်။



ကျန်းစုထင်းသည် တံတားအနီးဘက်၌ စုရုံးရောက်ရှိနေကြသော ရန်သူများကို ကြည့်ပြီး ရယ်မောလိုက်လေသည်။

ကို့ရှမ်းက ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်သည်။

ကျန်းစုထင်း မျက်လုံးအစုံသည် ကို့ရှမ်းအား စိုက်ကြည့်လိုက်ပြီး...

"ကျုပ်က အထူးသတိထားပါလို့ အကြိမ်ကြိမ် အမိန့်ထုတ်ထားရက်နဲ့ ဘယ်သူကမှ သတိမထားဘူး၊ အခု ရန်သူက ထိုးဖောက်ဝင်ရောက်လာပြီ ရယ်စရာ မကောင်းဘူးလား"

ကို့ရှမ်း အံတစ်ချက်ကြိတ်ကာ...

"သူတို့က ရန်သူ ဒီလောက် မြန်မြန်ရှာလို့ တွေ့လိမ့်မယ်လို့ မထင်ကြဘူး"

ကျန်းစုထင်း မဲ့လိုက်သည်။

"သူတို့က အမြဲတမ်း အမိန့်နာခံတယ်၊ ဒါကြောင့် အသင့်ပြင်ထားမယ်လို့ ယူဆမိတာ"

ကို့ရှမ်းက...

"ဒါက သူတို့အမှား ဖြစ်သွားပြီ"

ကျန်းစုထင်း ခေါင်းယမ်းလိုက်သည်။

"ကျုပ်ရဲ့အမှားပါ၊ သူတို့က ဘိန်းစွဲနေတော့ ဘယ်အရာဆို ပေါ့ပျက်ပျက် ဖြစ်ကုန်ကြတာပေါ့"

ကို့ရှမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာ၊ သူတို့က ဘိန်းမကောင်းမှန်း သိ

www.burmeseclassic.com

www.burmeseclassic.com



လျက်နဲ့ ရှုနေကြတာကိုး"

ကျွန်းစုထင်း ပြုံးလိုက်သည်။

"သူတို့ကို အပြစ်တင်လို့ မရဘူး။ နေ့တိုင်း ဘိန်းနဲ့ ထိတွေ့နေတော့ အကျင့်ပါလာတာပေါ့"

သူသည် စကားဖာက်လိုက်သည်။

"ရန်သူကို တားနိုင်ပါ့မလား"

ကို့ရှမ်းက...

"ရှောင်စုရီက တဲတားထိပ်မှာ စောင့်နေတယ်လို့ ပြောပါတယ်၊ ဒါကြောင့် သူ့ဆီကို ထိုးဖောက်သွားဖို့ လွယ်မယ် မထင်ပါဘူး"

ကျွန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရှောင်စုရီက ချက်ကောင်းမှာ ယူထားတာကိုး။ သူ့ကို တစ်ယောက်ချင်း ယှဉ်နိုင်တဲ့လူ တစ်ယောက်မှ မရှိဘဲ"

ကို့ရှမ်း တစ်ချက်စဉ်းစားကာ...

"ကျွန်တော့်သဘောကတော့ လောလောဆယ် ဆုတ်ခွာလိုက်ရင် ကောင်းမယ်"

ကျွန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ လိုအပ်တာ ပြင်ဆင်လိုက်တော့"

ကို့ရှမ်းက...

"ကျွန်တော် တစ်ခု စဉ်းစားလို့ မရအောင် ဖြစ်နေတယ်"

ကျွန်းစုထင်း ပြုံးလိုက်သည်။



"ရှောင်စုရီ ဘာကြောင့် ဒီနေရာကို တွေ့အောင် ရှာနိုင်တယ်ဆိုတာ မေးမလို့ ဟုတ်လား"

ကို့ရှမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာ"

ကျွန်းစုထင်းက...

"ငါတို့နောက်ကို ခြေရာခံလိုက်လာတာ မုစင်းတစ်ယောက်ပဲ ရှိတယ်၊ သူပို့တဲ့စာတွေ အားလုံး တို့က ဖြတ်ယူထားတဲ့အတွက် သိနိုင်မှာ မဟုတ်ဘူး"

"မုစင်း မဟုတ်ရင် တခြားလူလား"

ကျွန်းစုထင်း တစ်ချက်စဉ်းစားကာ...

"အခြေအနေ ဆက်စပ်တွေးကြည့်မယ်ဆိုရင် ရှောင်စုရီနဲ့ မပတ်သက်တဲ့ လူတစ်ယောက်က မုစင်းနောက်က လိုက်ရင်း တို့စခန်းကို ခြေရာခံနိုင်တာပဲ ဖြစ်ရမယ်"

သူသည် စကားဆက်လိုက်သည်။

"အဲဒီတုန်းက မုစင်းကိုပဲ အာရုံစိုက်နေကြလို့ အဲဒီ လူကို သတိလစ်သွားတာ ဖြစ်ရမယ်"

ကို့ရှမ်း မျက်မှောင်ကုပ်သွားသည်။

"ဆရာဆိုလိုတာက အဲဒီ လူက ရှောင်စုရီကို သတင်းပို့လိုက်တယ် ဟုတ်လား"

ကျွန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကို့ရှမ်းက...

"အဲဒီလူ ဘယ်သူလဲ၊ သူက ဒီလိုလုပ်တာ ဘယ်လိုအကျိုးအမြတ်ရနိုင်လို့လဲ"

ကျန်းစုထင်း၏မျက်နှာ လေးနက်သွား၏။

"အဲဒီ လူဟာ ငါနဲ့ ရန်ငြိုးရှိသူ ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင် ငါ့လုပ်ငန်းကို အပိုင်စီးချင်တဲ့လူ ဖြစ်ရမယ်"

ကို့ရှမ်း. မျက်မှောင်ကုပ်သွားသည်။

"ဆရာ့ရဲ့လုပ်ငန်းကို အပိုင်စီးမယ့်လူဟာ တစ်ယောက်တည်းပဲ ရှိတယ်၊ သူဟာ ဝူးပေကျားပါပဲ"

ကျန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူက လွဲလို့ တခြားလူ ငါစဉ်းစားလို့ မရဘူး"

ကို့ရှမ်းက...

"ဒါပေမယ့် သူသေသွားပြီ"

ကျန်းစုထင်းက...

"သူသေသွားတာပဲ သိတယ်၊ ဒါပေမယ့် မင်းက သူ့အလောင်း တွေ့ခဲ့လို့လား"

ကို့ရှမ်း ပါးစပ်ပိတ်ထားလိုက်သည်။

ကျန်းစုထင်း စကားဆက်လိုက်သည်။

"ဝူးပေကျားဟာ သေချင်ယောင်ဆောင်တာလဲ ဖြစ်ချင် ဖြစ်နိုင်တာပဲ"

ကို့ရှမ်းက...



"သူက သေချင်ဟန်ဆောင်ရင် ရှောင်စုရိက မသိဘဲ နေပါ့မလား"

ကျန်းစုထင်း မဲ့ပြုံးပြုံးလိုက်၏။

"ဝူးပေကျားအကြောင်း ငါ့လောက်သိတဲ့လူ မရှိဘူး။ ဒါတောင် ငါက သတိလစ်သွားသေးတာပဲ၊ ရှောင်စုရိက ဘယ်သိနိုင်ပါ့မလဲ"

ကို့ရှမ်းက...

"အခုလာပြီး တိုက်ခိုက်သူတွေဟာ ရှောင်စုရိနဲ့ နယ်စားကြီးယန်ရဲ့ ကိုယ်ရံတော်တပ်ဖွဲ့ပဲ ဖြစ်ပါတယ်၊ ဝူးပေကျားရဲ့ သူတွေ မဟုတ်ပါဘူး"

"ငါသိတယ်၊ ဒါကြောင့် သူက ရှောင်စုရိကို သတင်းပို့ပြီး တစ်နေရာရာမှာ အချောင်နိုက်ဖို့ လက်ပိုက်ကြည့်နေမှာပေါ့"

ကို့ရှမ်း ပါးစပ်ပိတ်ထားလိုက်သည်။

ဓားကြီးမှ စကားဆက်လိုက်သည်။

"အခု ကျွန်တော်တို့ ဘာဆက်လုပ်မလဲ ဆရာ"

ကျန်းစုထင်းက...

"စုန့်ချန်းကို တံတား မီးရှို့ဖျက်ဆီးဖို့ ပြောလိုက်"

ကို့ရှမ်း ခေါင်းညိတ်ကာ ထွက်ခွာသွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တခဏအကြာတွင် ကို့ရှမ်း ပြန်လည်ရောက်ရှိလာ၏။

ကျန်းစုထင်းက မျက်မှောင်ကြုတ်သွားသည်။

"စုန့်ချုန်းက ရောင်စုရှီနဲ့ ရင်ဆိုင်ပြီလား"

ကို့ရှမ်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ကျန်းစုထင်း သက်ပြင်းချလိုက်သည်။

"သူက ကိုယ့်ကိုယ်ကို အတော်လေး အထင်ကြီးတာ ဆိုး တယ်၊ အစုရင်ဆိုင်မှုတော့ မထူးတော့ဘူး၊ အခြေအနေ စောင့်ကြည့် တာပေါ့"

ကို့ရှမ်းက...

"ဒါဖြင့် ကျွန်တော် တံတား စီးရှို့ဖို့ သွားပြီး အမိန့်ပေးလိုက် မယ်"

သူသည် ပြောပြီး ထွက်ခွာသွားလေသည်။

♠ ♠ ♠



ကို့ရှမ်း ထွက်ခွာသွားပြီးနောက် ကျန်းဗွာက ရောက်ရှိလာ လေသည်။

ကျန်းစုထင်း မချိပြုံးပြုံးလိုက်သည်။

"ရောင်စုရှီ ရောက်လာပြီ"

သူမ အံ့အားသင့်သွားသည်။

ကျန်းစုထင်း စကားဆက်လိုက်သည်။

"သူရောက်လာတာနဲ့ ဒီနေရာလဲ ဆုံးရှုံးပျက်စီးသွားတော့ မှာပဲ"

ကျန်းဗွာ ခေါင်းငုံ့ထားလိုက်သည်။

ကျန်းစုထင်းက...

"သမီး ဘယ်လိုခံစားနေရတယ်ဆိုတာ ဖေဖေသိပါတယ်"

သူသည် တစ်ဘက်သို့ လှည့်လိုက်သည်။

"ဖေဖေရဲ့ လက်ချက်ကြောင့် သူသေသွားတာကို သမီး လိုလားမှာ မဟုတ်သလို သူ့လက်ချက်ကြောင့် ဖေဖေ သေသွားတာ လဲ သမီးကြည့်ရက်မှာ မဟုတ်ဘူးဆိုတာ ဖေဖေသိပါတယ်"

ကျန်းဗွာ မျက်ရည်ကျလာလေသည်။

ကျန်းစုထင်းက...

"ဖေဖေက လူဆိုးလူမိုက်တစ်ယောက် ဖြစ်ပေမယ့် သမီးရဲ့ ဖေဖေပါပဲ"

ကျန်းဗွာက...

"ဟုတ်ပါတယ် ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းက…

"ဒါကြောင့် အခု ဖေဖေဟာ ရောင်စုရီလဲ မသေစေရဘူး၊ ဖေဖေလဲ လွတ်မြောက်သွားနိုင်အောင် နည်းလမ်းရှာဖွေနေပါတယ်"

ကျန်းဟုဘက…

"ဖေဖေရယ် ကိုယ့်အပြစ်ကိုယ် ဝန်ခံပြီး အဖမ်းခံလိုက်ပါလား၊ ဒီလိုဆိုရင် ဖေဖေလဲ အသက်မသေနိုင်ဘူးပေါ့"

"တော်"

ကျန်းစုထင်း အသံ ဟိန်းထွက်လာသည်။

"ဖေဖေ့အကြောင်း သမီးသိပါတယ်၊ အသက်သေချင် သေသွားပါစေ၊ ဘယ်တော့မှ အညံ့မခံဘူး"

ကျန်းစုထင်းသည် ယင်းသို့ ပြောပြီး လျှောက်သွားလေသည်။

ကျန်းဟုဘသည် လက်ဝါးနှစ်ဘက်ဖြင့် မျက်နှာကို အုပ်ကာ လှိုက်လှိုက်လှဲလှဲ ငိုကြွေးလိုက်လေတော့၏။

♠ ♠ ♠

## ယှဉ်ပြိုင်ခြင်း

စုန့်ချုန်းသည် ရောင်စုရီနှင့် တစ်လံခန့် အကွာတွင် ရပ်တန့်လိုက်လေသည်။

ထိုစဉ်…

အစိမ်းရောင်ဝတ်ဆင်ထားသော လူတစ်ယောက်သည် စုန့်ချုန်းအား ကျော်လွှားကာ ဓားဖြင့် ရောင်စုရီအား ခုတ်ချလိုက်လေသည်။

ရောင်စုရီက ကိုယ်တစ်ခြမ်းစောင်း၍ ရောင်တိမ်ပြေးဓားကို နောက်ပြန်ခုတ်ချလိုက်ရာ…

"အား"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ချောက်ကမ်းပါးထဲသို့ ထိုးကျသွား၏။

စုန့်ချမ်းက အေးဆေးစွာ ကြည့်နေ၏။

သူသည် အလစ်ဝင်ရောက် တိုက်ခိုက်ရန် အခွင့်အရေးကို ရလျက်နှင့် ထိုအခွင့်အရေးကို မယူဘဲ ရပ်နေ၏။

"ကျုပ်က သူများကို အလစ်ဝင်ပြီး မတိုက်ခိုက်တတ်ပါဘူး"

ရှောင်စုရီက...

"ကျေးဇူးတင်ပါတယ်"

စုန့်ချမ်းက...

"သိုင်းလောကမှာ တရားမျှတပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီလို အခွင့်အရေးရလိုက်ရင် ကျုပ်လို လက်လွှတ်ခံနိုင်ပါ့မလား"

ရှောင်စုရီ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဒီလို လူမျိုး တစ်နေ့တစ်ခြား ရှားပါးလာပါပြီ"

စုန့်ချမ်းက...

"မင်းကော တရားမျှတတဲ့ သိုင်းသမားတစ်ယောက်လို့ ကိုယ့်ကိုယ်ကို အသိအမှတ်ပြုသလား"

ရှောင်စုရီက...

"အခု ကျုပ်လာတာ တရားမျှတတဲ့ ယှဉ်ပြိုင်ပွဲလုပ်ဖို့ မဟုတ်ဘူး၊ လူညွန့်တုံးစေတဲ့ ဘိန်းလုပ်ငန်းကို ဖျက်ဆီးပစ်ဖို့၊ ဒါကြောင့် တိုက်ခိုက်တဲ့ နေရာမှာ တရားမျှတမှု ဖြစ်ချင်မှ ဖြစ်မယ်"

စုန့်ချင်း သက်ပြင်းချလိုက်သည်။

"ကောင်းပြီ၊ မင်းနဲ့ ငါနဲ့ပဲ အရင် ယှဉ်ပြိုင်ကြတာပေါ့"



"ကျုပ်ဘက်က အဆင်သင့်ပဲ"

"ကောင်းပြီ သတိထားပါ"

သူက စကားဆုံးသည်နှင့် လက်ထဲမှ ဓားတိုဖြင့် လျှပ်တပြက် တိုက်ခိုက်လိုက်လေသည်။

ရှောင်စုရီက ပြန်လည်မတိုက်ခိုက်ပါ။

ရှောင်တိမ်းရင်း စုန့်ချမ်း၏တိုက်ကွက်များကို သေချာစွာ အကဲခတ်ကြည့်နေ၏။

စုန့်ချမ်းက ဓားကွက်များ တစ်ကွက်ပြီးတစ်ကွက် ပြောင်းလဲကာ တိုက်ခိုက်နေသည်။

ရှောင်စုရီက ခုခံရင်း ရှောင်တိမ်းနေ၏။

သိုင်းကွက်ငါးဆယ် ရောက်သောအခါ ရှောင်စုရီက ဟာကွက် ဖြစ်ပေါ်နေသော စုန့်ချမ်း၏ဝဲဘက် နံကြားသို့ ဓားဖြင့် ထိုးသွင်းလိုက်သည်။

"အား"

စုန့်ချမ်း ကမန်းကတန်း နောက်ဆုတ်သွားသည်။

သူသည် ရင်ဝမှ ဒဏ်ရာကို ကြည့်ရင်း ရှောင်စုရီအား အံ့ဩစွာဖြင့် ကြည့်ကာ...

"မင်းက မျက်စိလျင်တာကိုး၊ ငါ့မှာ ဒီတစ်ကွက်ပဲ ဟာကွက် ရှိတယ်"

ရှောင်စုရီ ပြုံးလိုက်၏။

"ကျုပ်က သိုင်းလောကမှာ အမြန်ဆုံး ဓားသမားဘွဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



ထားဟာ အကြောင်းမဲ့မှ မဟုတ်ဘဲ”

စကားဆုံးလျှင် ဓားကို ဝှေ့ယမ်းလိုက်သည်။

သူ၏မြန်ဆန်သော ဓားချက်အား ဒဏ်ရာရထားသော စုန့်ချန်း မရှောင်တိမ်းနိုင်ပါ။

မသဲမကွဲ ညည်းညူရင်း ချောက်ကမ်းပါးထဲ ထိုးကျသွားလေသည်။

စုန့်ချန်း ဓားချက်ကြောင့် သူ၏လက်မောင်းတွင်လည်း ဒဏ်ရာတစ်ချက် ရရှိသွားလေသည်။

ထိုအချိန်မှာပင် ကိုရှမ်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

“တံတားကို မီးရှို့”

သူ၏လူများသည် ကြိုးတံတားကို မီးရှို့လိုက်လေတော့သည်။

♠ ♠ ♠



မီးတောက်မီးလျှံများသည် စတင်လောင်ကျွမ်းလာ၏။

ရှောင်စုရိက ဟန့်တားခြင်း မပြုပါ။

ကိုရှမ်းတို့လူများသည် လေးနှင့် မြား အသင့်ပြင်ထားသည်ကို တွေ့သောကြောင့် ဖြစ်သည်။

သူသည် တစ်ဘက်ကမ်းသို့ လှမ်းကြည့်လိုက်သည်။

ကြိုးတံတား တစ်ဘက်တွင် ကြီးမားသော အဆောက်အအုံတစ်ခု တည်ရှိနေသည်ကို တွေ့ရလေသည်။

ယင်းအဆောက်အအုံမှာ နှစ်ထပ် ရှိသည်။

ဤအဆောက်အအုံသည် ဘိန်းများ သိုလှောင်သော နေရာနှင့် ကျန်းစုထင်း၏စခန်း ဖြစ်သည်ကို ခန့်မှန်း၍ ရလေသည်။

သို့သော်...

ရှောင်စုရိက အံ့ဩနေသည်မှာ ကျန်းစုထင်းက အဘယ်ကြောင့် တံတားကို မီးရှို့ပြီး ထွက်ပေါက်ကို ဖျက်ဆီးထားပါသနည်း။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ပေါက်နဲ့ ထောင်ချောက်

ကျူးချစ်တို့သည် အနီးတစ်ဝိုက်တွင် ရှိသော ကျွန်းစုထင်း တပည့်များကို သုတ်သင်ရှင်းလင်းလိုက်၏။

ကြိုးတံတားအား မီးရှို့နေသည်ကို တွေ့သောအခါ အံ့သြနေ၏။

"သူတို့က တံတားကို ဖျက်ဆီးလိုက်တာ၊ ကျုပ်တို့ ဝင်ရောက်တိုက်ခိုက်မှာ စိုးလို့နဲ့ တူတယ်"

စုန့်ချန်း၏စကားကြောင့် ကျူးချစ် မျက်မှောင်ကုပ်ကာ...

"ဒါဆို သူတို့လဲ ထွက်ပေါက်ပိတ်သွားမှာပေါ့"

ရှောင်စုရီက ကျူးချစ်အား ကြည့်ကာ...



"ခင်ဗျား လူအင်အား အကူအညီ တောင်းထားသေးသလား"

ကျူးချစ် ခေါင်းညိတ်လိုက်၏။

"ခြေမြန်တော်လွှတ်ပြီး အကြောင်းကြားခိုင်းလိုက်တယ်"

ရှောင်စုရီက...

"သူတို့ ဘယ်တော့ ရောက်လာမှာလဲ"

ကျူးချစ် တစ်ချက်စဉ်းစားကာ...

"နောက်အကျဆုံး မနက် နေမွန်းတည့် ရောက်လာနိုင်မယ် ထင်တယ်"

ထိုစဉ်မှာပင် တစ်ဘက်ကမ်းမှ အသံတစ်ချက် ထွက်ပေါ်လာလေသည်။

"ရှောင်စုရီ"

ကျွန်းစုထင်း၏အသံ ဖြစ်သည်။

ရှောင်စုရီက...

"ကျုပ်ရှိတယ်၊ အတော်ပဲ ကျုပ်က ခင်ဗျားနဲ့ စကားပြောချင်တယ်"

ကျွန်းစုထင်းက...

"မင်းဘာပြောချင်သလဲဆိုတာ ပြောနိုင်ပါတယ်"

ရှောင်စုရီက...

"ခင်ဗျား အဖမ်းခံရင် ကောင်းမယ်"

ကျွန်းစုထင်း ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မှ မရှိသေးဘဲ"

"ခင်ဗျား လွတ်မြောက်နိုင်လိမ့်မယ်လို့ ယူဆတုန်းပဲလား"

ကျန်းစုထင်း မဲ့လိုက်၏။

"ငါ့ဆီက စကားနှိုက်မနေချင်စမ်းပါနဲ့ကွာ"

ရှောင်စုရီက...

"မှစင်း အခြေအနေကော"

"သူ လောကစည်းစိမ် ခံစားနေလေရဲ့"

ကျန်းစုထင်း၏စကား ကြားလိုက်ရသောအခါ ရှောင်စုရီ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

သက်ပြင်းတစ်ချက်ချကာ...

"ခင်ဗျား သူ့ကို ဘိန်းကျွေးထားလို့လား"

ကျန်းစုထင်း ရယ်မောလိုက်သည်။

"မင်း မဆိုးဘူး၊ ကျုပ်က သူ့ကို အသုံးချဖို့ ကြံရွယ်ထားတယ်လေ"

ရှောင်စုရီ၏မျက်နှာ တင်းမာသွား၏။

"ခင်ဗျားလွတ်မြောက်ဖို့အတွက် မှစင်းကို အလဲအလှယ် လုပ်လို့ ရမယ်ထင်ရင် မှားသွားမှာပေါ့"

"မှစင်းအတွက် မစဉ်းစားတော့ဘူးလား"

"မှစင်းဟာ ကျုပ်မိတ်ဆွေ မှန်ပေမယ့် ကျုပ်က ခင်ဗျားကို လွှတ်ပေးဖို့ သဘောမတူဘူး"

ကျန်းစုထင်းက...



"ဒါနဲ့ ဒီနေရာရောက်အောင် ဘယ်သူက လမ်းပြလိုက်သလဲ"

ရှောင်စုရီ မဖြေပါ။

ကျန်းစုထင်း တစ်ချက်စဉ်းစားကာ...

"ဝူးပေကျား ဖြစ်ရမယ်"

ရှောင်စုရီ မျက်မှောင်ကုပ်သွားသည်။

"ဝူးပေကျား သေသွားတာ ခင်ဗျားလဲ သိပါတယ်"

ကျန်းစုထင်း မဲ့လိုက်၏။

"ဝူးပေကျားကို အထင်မသေးနဲ့၊ သူက ဒီလောက် လွယ်လွယ်နဲ့ သေမယ့်လူ မဟုတ်ဘူး"

ရှောင်စုရီက ထိုနေရာတွင် ပစ်ထိုင်ချလိုက်သည်။

ကျန်းစုထင်းက ဆော်ပြောလာသည်။

"ဒီမှာ ရှောင်စုရီ၊ ဝူးပေကျားဟာ ငါတို့ နှစ်ဘက်စလုံး သူ့သေကိုယ်သေ တိုက်ခိုက်ပြီးတဲ့အထိ လက်ပိုက်ကြည့်ပြီး သူက ကြားဝင်အမြတ်ထုတ်သွားမှာ"

ရှောင်စုရီ ပါးစပ်ပိတ်ထားလိုက်သည်။

ရှောင်စုရီ ဘာမျှ ပြန်မပြောသည်ကို တွေ့ရသောအခါ ကျန်းစုထင်းလည်း ပါးစပ်ပိတ်ထားလိုက်ရလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဝူးပေကျား...

သူသည် မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

သူသည် ကြိုးတံတားအနီးရှိ တောင်ကုန်းပေါ်၌ ထိုင်နေ၏။

ရောင်စုရီနှင့် စုန့်ချန်းတို့၏ တိုက်ပွဲကိုလည်း မြင်တွေ့ခဲ့ရသည်။

ကို့ရှမ်းတို့က ကြိုးတံတားကို မီးရှို့ဖျက်ဆီးနေသည်ကိုလည်း တွေ့မြင်ရသည်။

သူသည် နှစ်ဘက်စလုံး အချိန် စောင့်နေကြသည်ကို တွေ့ရတော့မှ ထိုနေရာမှ ထွက်ခွာသွားလေ၏။

♠ ♠ ♠



ရောင်စုရီသည် ထိုင်ရာမှ ပက်လက်လှန် လဲလျောင်းလိုက်သည်။

သူသည် မည်သို့ ဆက်လက်လုပ်ရမည်ကို ခေါင်းအေးအေးဖြင့် စဉ်းစားနေလေသည်။

ထိုစဉ်မှာပင်...

ခိုကလေးများသည် ရုတ်တရက် ပျံသန်းလာလေသည်။

၎င်းခြေထောက်ပေါ်တွင် ချူကလေးများ တပ်ဆင်ထားသောကြောင့် တချွင်ချွင် မြည်နေသည်။

ကျူးချစ် အော်ဟစ်လိုက်သည်။

"ကြည့်စမ်း ခိုတွေ"

ရောင်စုရီ ထရပ်လိုက်သည်။

"ဒါက စာပို့ခိုတွေပဲ"

ကျူးချစ်က...

"ကျန်းစုထင်းက အကူအညီ တောင်းပြီနဲ့ တူတယ်"

ရောင်စုရီက ခိုများကို မော့ကြည့်ရင်း...

"ဒါက အချက်ပြတာလဲ ဖြစ်နိုင်တယ်"

ကျူးချစ်က...

"ဘယ်သူ့ကို အချက်ပြတာလဲ"

ရောင်စုရီက...

"သူတို့လူတွေ ငါတို့ အနီးတစ်ဝိုက်မှာ ရှိချင်ရှိနေနိုင်တယ်"

ကျူးချစ်က...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ တိုက်ခိုက်ဖို့ အချက်ပြနေလားမှ မသိဘဲ"

ရှောင်စုရီ ခေါင်းယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး၊ အခြားအကြောင်း ရှိလိမ့်မယ်"

သူသည် ပတ်ဝန်းကျင်တစ်ဝိုက် ဖေ့ကြည့်လိုက်သည်။

ထို့နောက်...

အထိတ်တလန့် အော်ပြောလိုက်သည်။

"အားလုံး တောင်ကုန်းပေါ် အမြန်ဆုံးတက်ကြ"

ကျူးချစ်က အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲ"

ရှောင်စုရီက သူတို့လူစု၏အနီးမှ တောင်ခြေရင်းများကို လက်ညှိုးထိုးပြလိုက်သည်။

"ဟောသည် နေရာတွေကို ကျုပ်စိတ်မချဘူး"

ရှောင်စုရီသည် အကြောင်းမရှိဘဲ ပြောမည် မဟုတ်ဟု ကျူးချစ် နားလည်သွားကာ...

"အားလုံး တောင်ကုန်းပေါ်တက်ကြ"

ကိုယ်ရံတော်အားလုံးသည် နီးရာတောင်ကုန်းပေါ်သို့ ပြေးတက်ကြသည်။

ရှောင်စုရီ၊ ကျူးချစ်နှင့် ရှီဝမ်းတို့ကလည်း နောက်မှ ပြေးတက်သွားကြသည်။

ထိုအချိန်မှာပင်...

"ဝုန်း"



ကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ရှောင်စုရီတို့ မှလရပ်နေသော နေရာအနီးရှိ တောင်ခြေရင်း၌ အပေါက်တစ်ခု ပွင့်ထွက်သွားသည်။

ကျောက်တုံးကျောက်ခဲများ လွင့်စဉ်သွားလေသည်။

တစ်ဆက်တည်းမှာပင် ရေများသည် ဥဒဟို စီးဆင်းလာလေသည်။

ကျန်းစုထင်းက တောင်ကို ဖောက်ခွဲပြီး ကန်ရေများကို လွှတ်လိုက်ခြင်း ဖြစ်လေသည်။

အကယ်၍သာ ရှောင်စုရီ အသိနောက်ကျသွားလျှင် သူတို့လူစုအားလုံးသည် ရေ၏တိုက်စားမှုကြောင့် ချောက်ကမ်းပါးထဲသို့ လွင့်စဉ်ထိုးကျသွားမည်သာ ဖြစ်သည်။

အားလုံးသော လူများသည် ထိတ်လန့်တုန်လှုပ်ကာ ချွေးများပင် စို့ရွှဲသွားလေတော့သည်။

တစဏအကြာတွင် ရေများသည် ချောက်ကမ်းပါးထဲသို့ စီးဆင်းကျသွားပြီ ဖြစ်သည်။

ရှောင်စုရီသည် အောက်သို့ ငုံ့ကြည့်လိုက်ရာ ရေကန်ဘက်သို့ တွေ့မြင်လိုက်ရလေသည်။

ထိုရေကန်ဘက်တွင် ကျန်းစုထင်း လူများသည် လှေလေးများဖြင့် ကူးခတ်သွားနေကြသည်ကို တွေ့လိုက်ရလေသည်။

ကျူးချစ်တို့လည်း တွေ့မြင်သွားသည်။

"ကျန်းစုထင်း လူတွေ လှေတွေနဲ့ ထွက်ပြေးနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်စုရီ ခေါင်းညိတ်လိုက်သည်။

"သူတို့ ထွက်မပြေးနိုင်အောင် တားရမယ်"

ကျူးချစ်နှင့် ရှီဝမ်းတို့သည် သူတို့လူများကို ဦးဆောင်ကာ တောင်ပေါ်မှ ပြေးဆင်းသွားလေသည်။

တောင်ကုန်းပေါ်၌ ရှောင်စုရီတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

သူသည် အဘယ်ကြောင့် အောက်သို့ ဆင်းမလာပါသနည်း။

သူ့မျက်နှာပေါ်တွင် ဝေခွဲရခက်သော အရိပ်အယောင်များ ပေါ်လွင်နေ၏။

ထို့နောက်...

သူသည် ဖြည်းညင်းစွာဖြင့် တောင်ကုန်းအောက်သို့ ဆင်းသွားလေတော့သည်။

♠ ♠ ♠



## ပြေးသူ၊ လိုက်သူနှင့် ကြားလူ

ရေကန်၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်နေ၏။

ကျူးချစ်၊ ရှီဝမ်းတို့ ဦးဆောင်သော ကိုယ်ရံတော်များသည် ထွက်ပြေးရန် ကြိုးစားနေကြသော ကျန်းစုထင်း ဘက်တော်သားတို့အား လိုက်၍ တိုက်ခိုက်နေခြင်း ဖြစ်သည်။

ကျန်းစုထင်း ဘက်တော်သားများကလည်း သုံ့သေကိုယ်သေ ပြန်လည်ခုခံနေသဖြင့် တိုက်ပွဲသည် အလွန်ပြင်းထန်နေလေသည်။

ရှောင်စုရီသည် ထိုနေရာသို့ ရောက်ရှိလာလေသည်။

သူသည် ရန်သူ၏လှေဝယ်ပေါ်မှ လူများကို တိုက်ခိုက်ပြီး ထိုလှေငယ်ကလေးကို ဆွဲယူထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းလှေငယ်သည် သေးငယ်ပြီး အလွန်ပေါ့ပါးသည်။

ရှောင်စုရှီသည် ၎င်းလှေကို ပခုံးပေါ် ထမ်း၍ ကျောက်တုံးကလေးများဖြင့် ခင်းထားသော လမ်းကလေးအတိုင်း လျှောက်သွားလေသည်။

လမ်းကလေး တစ်ဘက်တစ်ချက်တွင် ကြီးမားသော သစ်ပင်များ အစီအရီ မိုးထားလေသည်။

ရှောင်စုရှီသည် လှေကလေးကို ထမ်းကာ ဆက်လက်လျှောက်သွားသည်။

လမ်းကလေး ဆုံးသွားသည်နှင့် မကျယ်မဝန်းသော ချောင်းကလေးတစ်ခုကို တွေ့မြင်ရလေသည်။

၎င်းချောင်းရေသည် အလွန်ရေစီးသန်သည်ကို တွေ့ရ၏။

ရှောင်စုရှီ ကျေနပ်စွာ ပြုံးလိုက်သည်။

သူသည် တောင်ကုန်းပေါ်တွင် ရပ်နေစဉ် ထိုချောင်းကလေးကို ရေးရေးမြင်တွေ့မိသည်။

သို့သော်...

ချောင်းကလေး ဟုတ်မဟုတ်ဟု တတ်အပ်မပြောနိုင်ပါ။

ထို့ကြောင့်...

သူသည် လှေကလေးတစ်စင်း ယူ၍ ထိုနေရာသို့ ရောက်အောင် သွားလိုက်ခြင်း ဖြစ်သည်။

ယခုမှာမူ သူတွေးထင်ထားသည့်အတိုင်း ချောင်းကလေးတစ်ခု ဖြစ်နေသည်ကို တွေ့ရသဖြင့် ကျေနပ်သွားလေ၏။



ကျွန်းစုထင်းသည် ရေကန်ဘက်သို့ ဖန်ပြပြီး ဤချောင်းကလေးမှ ထွက်ပြေးရန် ကြံစည်လိမ့်မည်ဟု ယုံကြည်လေ၏။

ယင်းချောင်းကလေးမှာ ကြိုးတံတား ရှိသော ချောက်ကမ်းပါးနှင့် ဆက်စပ်နေသည်ကို တဆက်တည်း တွေးမိ၏။

သူသည် ဝါးတစ်ပင်ကို ခုတ်ယူလိုက်ပြီး လှေငယ်ပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက် ချောင်းရေစီးသည့်အတိုင်း လိုက်ပါသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကလေးမှာ လူအားဖြင့် လုပ်ထားသည် ဖြစ်သော ကြောင့် ကျောက်ဆောင်များ လုံးဝမတွေ့ရပေ။

ရှောင်စုရီသည် ဝါးလုံးဖြင့် ထောက်ကာ အရှိန်ဖြင့် ရေစီး အတိုင်း လိုက်ပါသွားရာ ရေကြောင်းအတိုင်း တစ်ဘက်သို့ ကွေ့လိုက် သောအခါ သူ့ရှေ့ မဝေးသော နေရာတွင် လှေကလေးသုံးစင်းကို တွေ့မြင်လိုက်ရလေသည်။

နောက်ဆုံး လှေငယ်ပေါ်ရှိ လူများသည် ထိတ်လန့်~ အော်လိုက်ကြသည်။

"ရှောင်စုရီ လိုက်လာပြီ"

ၾငင်းလှေသုံးစင်းအနက် အလယ်၌ ရှိသော လှေသည် ကျန်း စုထင်း၏လှေပင် ဖြစ်သည်။

ၾငင်းလှေပေါ်တွင် ကျန်းစုထင်း ပါရှိသည့်အပြင် သူ့သမီး ကျန်းဗှာလည်း ပါရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ပစ်ကြ"

ကျန်းစုထင်းက အမိန့်ပေးလိုက်ရာ နောက်ဆုံး လှေပေါ်မှ လူများသည် မြှားဖြင့် ပစ်လွှင့်တိုက်ခိုက်ကြလေသည်။

ရှောင်စုရီသည် ဓားကို ဆွဲထုတ်လိုက်ပြီး တိုးဝင်လာသော မြှားတံများကို ရိုက်ချနေရလေသည်။

သူသည် မြှားကို ရိုက်ချနေရသဖြင့် အနည်းငယ် နှေးကွေး သွားလေသည်။

ကျန်းစုထင်း လှေမှာ တဖြည်းဖြည်း ဝေးကွာသွား၏။



ထို့ကြောင့်...

သူသည် လျှင်မြန်စွာ လိုက်သွားလေသည်။

မြှားပစ်သော လူများသည် မြှားများ ကုန်ခမ်းသွားသဖြင့် ချောင်းရေထဲသို့ ခုန်ဆင်း၍ ထွက်ပြေးသွားကြလေသည်။

ရှောင်စုရီက ဂရုမစိုက်ဘဲ ကျန်းစုထင်း နောက်သို့သာ သဲသဲ မဲမဲ လိုက်နေရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းသည် ရှောင်စုရီ လက်မှ လွတ်မြောက်သွားသည်ကို ဝမ်းသာနေ၏။

ရှောင်စုရီသည် မိမိအား မီရန် လုံးဝအကြောင်း မရှိတော့ချေ။

ထို့ကြောင့်...

သူသည် အေးဆေးစွာဖြင့် ဝါးလုံးနှင့် ထောက်၍ ဆက်လက်စီးဆင်းသွားလေသည်။

သူသည် ရေကြောင်းကွေ့လိုက်သောအခါ သူ့ရှေ့တွင် ကြီးမားသော သစ်ပင်ကြီးတစ်ပင်က ချောင်းကို ဖြတ်၍ တားဆီးထားသည်ကို တွေ့ရလေသည်။

"ဟာ"

ကျန်းစုထင်း ထိတ်လန့်သွားသည်။

ဝါးလုံးကို ချောင်းထဲသို့ စိုက်လိုက်ပြီး လှေကလေးကို အရှိန်နှင့် သစ်ပင်ကို ဝင်မဆောင့်မိရန် ထိန်းထားလိုက်၏။

သူသည် အတွင်းအားအသုံးပြုသောကြောင့် လှေကလေးသည် ရပ်တန့်သွားသည်။

ချောင်းအား ကန့်လန့်ဖြတ် လဲကျနေသော သစ်ပင်၏ပင်စည်ပေါ်တွင် လူတစ်ယောက် အေးဆေးစွာ ထိုင်နေသည်။

ထိုလူမှာ ဝူးပေကျား ဖြစ်သည်။

ဝူးပေကျား၏မျက်နှာ ပြုံးရွှင်နေ၏။

ကျန်းစုထင်း၏မျက်နှာ မည်းမှောင်သွားသည်။



"မင်းကိုး"

ဝူးပေကျားက...

"ကျုပ် ဒီမှာ စောင့်နေမယ်လို့ ခင်ဗျား မထင်မိဘူးနဲ့ တူတယ်"

ကျန်းစုထင်းက...

"ဒီမှာ လမ်းကြောင်းတစ်ခု ရှိတယ်ဆိုတာ ဘယ်သူက မင်းကို ပြောလဲ"

ဝူးပေကျားက နားထင်အား လက်ညှိုးဖြင့် ထောက်ကာ...

"ကျုပ်က ဉာဏ်မတုံးဘူးဆိုတာ မေ့နေပြီလားဗျ"

ကျန်းစုထင်း မဲ့ပြုံးပြုံးလိုက်သည်။

"ပြောစမ်း။ မင်းဘာလုပ်မလို့လဲ"

ဝူးပေကျားက...

"ပထမတုန်းက ကျွဲနှစ်ကောင်ခတ်တာကို အေးအေးဆေးဆေး ထိုင်ကြည့်မလို့ဘဲ၊ ဒါပေမယ့် ကျွဲတစ်ကောင်က ထွက်ပြေးမယ်ဆိုလို့ လာပြီး တားတာပါ"

ကျန်းစုထင်း မျက်မှောင်ကုပ်သွားသည်။

"ကျုပ်သိပြီ၊ မင်းက ရှောင်စုရီဆီကို သတင်းပို့တဲ့လူကိုး"

သူတို့ စကားပြောနေစဉ်မှာပင် ရှောင်စုရီ လှေကလေးသည် အနီးသို့ ရောက်ရှိလာလေသည်။

သို့သော်...

ရှောင်စုရီက ရှေ့မတိုးတော့ဘဲ ကျန်းစုထင်းနှင့် ဝါးတစ်ရိုက်

www.burmeseclassic.com

www.burmeseclassic.com



ခန့် အကွာတွင် ရပ်တန့်ထားလိုက်သည်။

ဂူးပေကျား‌က သူ့အား လှမ်းကြည့်ကာ...

"ခင်ဗျား အခုလို လိုက်လာနိုင်တာ ကျုပ်ကို ကျေးဇူးတင်ရမယ်"

ရှောင်စုရီ သက်ပြင်းချလိုက်သည်။

"ခင်ဗျားက အတော်ပရိယာယ်များတဲ့လူပဲ"

ဂူးပေကျား ရယ်မောလိုက်သည်။

"ကျန်းစုထင်း အစီအစဉ် မည့်ပါဘူး၊ ကျုပ်ကို ထည့်မတွက်လို့ အခုလို အခြေအနေမျိုး ရောက်သွားတာပါ"

ကျန်းစုထင်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းကို သတ်တဲ့လူက ရှောင်စုရီ ဖြစ်တာက တစ်ကြောင်း၊ မျက်မြင်တွေ့တာ ငါ့တပည့် ဖြစ်တာက တစ်ကြောင်းမို့ ငါအတွက်များသွားတာပါကွာ"

ဂူးပေကျား‌က...

"အလောင်းမတွေ့ရင် ဘယ်တော့မှ သေတယ်လို့ မယူဆရဘူးဗျ"

ကျန်းစုထင်းက...

"မင်းလိုလူမျိုး သေချင်ဟန်ဆောင်လိမ့်မယ်လို့ ကျုပ်က ဘယ်ထင်ပါ့မလဲ"

ဂူးပေကျား ပခုံးတွန့်လိုက်သည်။

"ဟန်ဆောင်ကောင်းတဲ့ နေရာမှာ ကျုပ်က ခင်ဗျားကို မမီ



ပါဘူး။ အပြင်ဘက်မှာ သူတော်ကောင်းကြီးလို ဟန်ပြပြီး အတွင်းမှာ ကျတော့ အယုတ်မာဆုံး အလုပ်ကို လုပ်နေတာ၊ အခုအချိန်ကစပြီး ခင်ဗျားနဲ့ ကျုပ်ဟာ ဘဝချင်းတူနေပြီ မဟုတ်လား"

ကျန်းစုထင်း မျက်မှောင်ကုပ်သွားသည်။

"မင်း ဘာကို ပြောချင်တာလဲ"

ဂူးပေကျား‌က မေးစေ့အား လက်ဖြင့် ပွတ်ရင်း...

"ကျုပ်ရဲ့ သဘောက ကျုပ်တို့နှစ်ယောက် လက်တွဲပြီး ရှောင်စုရီကို ရှင်းပစ်မယ်"

"ပြီးရင်ကော"

"ပြောစရာ လိုသေးလား၊ အကျိုးတူ လုပ်ငန်း လုပ်ကြမှာပေါ့"

"ကျုပ်က ကိစ္စပြီးရင် မင်းကို ရှင်းပစ်မှာ မကြောက်ဘူးလား"

"ခင်ဗျား မလုပ်ဘူးလို့ ကျုပ်ယုံတယ်၊ ကျုပ်နဲ့ ပူးပေါင်းလိုက်ရင် လုပ်ငန်းပိုကြီးကျယ်လာမယ် မဟုတ်လား"

ကျန်းစုထင်း နှာခေါင်းရှုံ့လိုက်သည်။

"မင်းက ငါ့ကို မကြောက်ပေမယ့် ငါက မင်းကို မယုံဘူးကွ"

ဂူးပေကျား ရယ်မောလိုက်သည်။

"ကျုပ်က အမြတ်ရရင် ဘာဖြစ်လို့ သစ္စာဖောက်ရမှာလဲ"

"မင်းကို မယုံဘူး"

"ဒါဖြင့် ကျုပ်ကို ဘိန်းချက်တဲ့နည်းပဲပေးပါ၊ ပြီးရင် ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ် ကိုယ်လုပ်ကြတာပေါ့"

ကျန်းစုထင်း လက်မခံပါ။

"ဒါလဲ နောင်တစ်ချိန်မှာ မင်းနဲ့ ငါ ထပ်ပြီး ထိပ်တိုက်တွေ့ဦး မှာပဲ"

ပွဲပေကျား လေပူမှုတ်ထုတ်လိုက်၏။

"ခင်ဗျားက ဘာမှ လက်မခံဘူးဆိုရင် ကျုပ်က အေးကာပဲ ထိုင်ကြည့်တော့မယ်"

သူသည် စကားဆက်လိုက်သည်။

"ခင်ဗျားကို သတိပေးမယ်၊ ရှောင်စုရီကို ကျုပ်က မနိုင်ဘူး ခင်ဗျားလဲ နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် သေရောစဉ်းစားရင် ကောင်း မယ်"

"ကျုပ်က သူနဲ့ ယှဉ်ပြိုင်မယ်ဆိုတာ မင်းက သေချာလှချည် လား"

"ဒါဖြင့် ခင်ဗျားက လက်မြောက်အရှုံးပေးပြီး သူ့နောက်ကို လိုက်သွားမယ်ဆိုပါတော့"

ကျန်းစုထင်း မဲ့လိုက်၏။

"ကျုပ် ဘယ်လိုလူစားမျိုးလဲဆိုတာ မင်းအသိဆုံးပဲ"

ပွဲပေကျား ခေါင်းယမ်းလိုက်သည်။

"ခင်ဗျားမှာ ထွက်ပေါက် မရှိတော့ဘူးဆိုတာ နားလည် ထားစမ်းပါ"

ကျန်းစုထင်းက...



"လမ်းဆိုတာ လူက လျှောက်လို့ ဖြစ်လာတာပါ"

"ခင်ဗျားက ကျုပ်ကို ရင်ဆိုင်ပြီးမှ ရှောင်စုရီကို ရင်ဆိုင်မယ် ဟုတ်လား"

ကျန်းစုထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ပွဲပေကျား သက်ပြင်းချလိုက်သည်။

"ထွက်ပြေးဖို့ အရေးကြီးသလား၊ ကျုပ်နဲ့ ရှင်းဖို့ အရေးကြီး သလား"

ကျန်းစုထင်းက...

"ကျုပ်က ထွက်ပြေးနေတာ၊ မင်းက ငါ့ကို တားတဲ့အတွက် ပြေးလို့ မလွတ်တော့ဘူး"

"အခု ကျုပ်က ခင်ဗျားကို မတားတော့ဘူး"

"အခု ငါပြေးလဲ လွတ်မယ် ထင်လို့လား"

သူသည် စကားဆက်လိုက်သည်။

"ရှောင်စုရီ ကိုယ်ဖျောက်ပညာကို မင်းလဲသိတယ် မဟုတ် လား"

ပွဲပေကျားက ခေါင်းညိတ်လိုက်၏။

"သိတာပေါ့"

ကျန်းစုထင်းက...

"ဒါကြောင့် သူက လိုက်လာမှာပဲ၊ ငါက သူနဲ့ တိုက်နိုက် ရင် မင်းအဖို့ အမြတ်ရမှာပဲ၊ သူနဲ့ မတိုက်နိုက်ရင် အဖမ်းခံရပြီး

www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းရောက်လဲ သေမှာပဲ၊ ဒါကြောင့် မသေခင် မင်းကို အရင်ဆုံး စာရင်းရှင်းတာပဲ ကောင်းတယ်"

ဝူးပေကျား ခေါင်းယမ်းလိုက်သည်။

"ခင်ဗျားကို အထင်ကြီးတာ မှားတာပဲ"

ကျွန်းစုထင်း မဲ့လိုက်၏။

"ဒါကတော့ မင်းက ငါ့ကို တားတာကိုး"

သူသည် ပြောပြီးသည်နှင့် လက်နှစ်ဘက်ကို တိုက်ခိုက်ရန် ဆန့်ထုတ်လိုက်သည်။

ဝူးပေကျားကလည်း လက်ကို ဆန့်ထုတ်လိုက်သည်။

"ခဏနေပါဦး၊ ကျုပ်လက်ထဲ ဘာရှိတယ်ဆိုတာ သေချာကြည့်ပါဦး"

သူ့လက်ထဲတွင် အရောင်တဖိတ်ဖိတ် တောက်နေသော ပစ္စည်းတစ်ခု ရှိသည်။

၎င်းပစ္စည်းမှာ ပလွေတစ်လက်နှင့် တူသည်။

သို့သော်...

လက်ကိုင်တွင် ခလုတ်တစ်ခု ရှိနေ၏။

ကျွန်းစုထင်းက...

"ဒါက အဆိပ်ဂိုဏ်းရဲ့ လက်နက်ဆန်းပဲ၊ ဒါပေမယ့်..."

ဝူးပေကျားက...

"ဒါပေမယ့် ဘာဖြစ်သလဲ"

ကျွန်းစုထင်းက...



"ဒီလက်နက်ဆန်းဟာ ကြောက်စရာကောင်းတဲ့ အဆိပ်ဖြူး မျိုး ထည့်သွင်းထားတယ်၊ အဝ်ကလေး ရာနဲ့ချီ ပစ်လွှင့်နိုင်တဲ့အတွက် ကြောက်စရာကောင်းတယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်အနွယ်ဝင်တွေဟာ အသုံးပြုတဲ့နည်းကို တခြားလူကို မပြောရဘူးလို့ ကျမ်းကျိန်သစ္စာဆို ထားရတယ်"

"ဒါပဲလား"

"ဂိုဏ်းချုပ်က အမွေဆက်ခံမယ့်လူ မရှိရင် ထိန်းသိမ်းထား တဲ့ ပစ္စည်းကို နောက်ထပ် အခြား အမွေဆက်ခံမယ့်လူကို ပြန်ပေးရ မယ်"

"ဘယ်ဆိုးလို့လဲ၊ ဒါနဲ့ အကြီးအကဲငါးယောက် အမျိုး အနွယ်ရော သိသလား"

ကျွန်းစုထင်း ပါးစပ်ပိတ်လိုက်သည်။

ဝူးပေကျားက...

"အကြီးအကဲငါးယောက်ရဲ့ အမျိုးအနွယ်ဟာ မား၊ ချီ၊ လု၊ ဆားနဲ့ဝူး အမျိုးအနွယ်ပဲ ဖြစ်တယ်"

သူသည် ပြောပြီး ရှောင်စုရှီဘက် လှည့်ကြည့်လိုက်၏။

"ကျုပ်က ဝူးမျိုးနွယ် အကြီးအကဲရဲ့ အမွေဆက်ခံသူပဲ၊ အဆိပ်ဂိုဏ်း ကျဆုံးသွားပြီ ဖြစ်ပေမယ့် ကျုပ်ကတော့ ဂိုဏ်းရဲ့ စည်း ကမ်းကို စောင့်ထိန်းထားပါတယ်၊ သေရေးရှင်ရေးနဲ့ မကြုံသေးရင် ဒီသေမင်းပလွေကို အသုံးမပြုပါဘူး"

ကျွန်းစုထင်းက...

www.burmeseclassic.com

www.burmeseclassic.com



"အဆိပ်ဂိုဏ်းရဲ့ လက်နက်ပုန်းဟာ ထင်သလောက်လဲ ကြောက်စရာ မကောင်းပါဘူး"

ဝူးပေကျား ရယ်မောလိုက်သည်။

"သူ့ရဲ့အစွမ်းကို ခင်ဗျား မမြင်ဖူးသေးလို့ပါ"

ကျန်းစုထင်း မဲ့ပြုံးပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်သိထားတာကတော့ ဒီလက်နက်ပုန်းဟာ တစ်ကြိမ်ပဲ အသုံးပြုနိုင်တယ်"

"ဟုတ်တယ်၊ ဒါဟာ ဒီလက်နက်ပုန်းရဲ့ ချို့ယွင်းချက်ပါပဲ"

"ဒီလိုဆိုရင် မင်းချင့်ချိန်ပြီးသုံးမှ ဖြစ်မယ်"

ဝူးပေကျားက အေးတိအေးစက် လေသံဖြင့်...

"ကျုပ်က ဘယ်သူ့ကို ချိန်းထားတယ်ဆိုတာ ခင်ဗျားတွေ့မှာပါ"

ကျန်းစုထင်း ကြောင်အမ်းအမ်း ဖြစ်ပြီးမှ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

"ကျန်းဗွာကို ဟုတ်လား"

ဟု လွှတ်ခနဲ မေးလိုက်သည်။

ဝူးပေကျား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားထက်စာရင် ကျန်းဗွာက ပိုပြီး အသုံးတည့်မယ် ထင်လို့ပါ"

ကျန်းစုထင်း အံကြိတ်လိုက်၏။

"မင်း ဒီလောက် ယုတ်မာလိမ့်မယ်လို့ မထင်ထားဘူး"



ကျန်းစုထင်းက...

"ကျုပ်ကလဲ ပစ်ဖို့ မရည်ရွယ်သေးပါဘူး၊ ခင်ဗျားက ကျန်းဗွာကို ခေါ်ပြီး ရှောင်စုရီရဲ့ လှေပေါ် ခုန်သွားရင် ကျုပ်က ထွက်ပြေးဖို့ အချိန်ရမှာပဲ"

"မင်း တကယ် ထွက်ပြေးမှာလား"

"ကျုပ်ခိုင်းတဲ့အတိုင်း လုပ်ပါ"

ရုတ်တရက်...

လှေထဲမှ လူတစ်ယောက် ခုန်ထွက်လာ၏။

ကျန်းဗွာပင် ဖြစ်သည်။

သူမသည် ဝူးပေကျားထံ ခုန်ဝင်သွားခြင်း ဖြစ်၏။

ကျန်းစုထင်းက ထိတ်လန့်စွာဖြင့် သူမအား လှမ်းဆွဲလိုက်သော်လည်း မမီတော့ချေ။

ကျန်းဗွာသည် ဓားတစ်လက်ဖြင့် ဝူးပေကျားအား တိုက်ခိုက်လိုက်သည်။

ဝူးပေကျား ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဤသို့ ဖြစ်လာမည်ဟု မမျှော်လင့်ထားပါ။

ကျန်းဗွာ တိုက်ခိုက်လာသောအခါ သူသည် ရှောင်တိမ်းရန် အချိန် မရှိတော့ပါ။

သူသည် အလိုအလျောက် လက်ကိုင်ခလုတ်ကို နှိပ်လိုက်လေသည်။

"တောက်"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသံတစ်ခုနှင့်အတူ သေးငယ်သော အပ်ကလေး များသည် ဗိုက်ကွန်သဖွယ် ထိုးထွက်လာ၏။

မည်သူကမှ ကာကွယ်ပေးနိုင်စွမ်း မရှိတော့ပါ။

ကျွန်းဗွာ ခန္ဓာကိုယ်ပေါ်တွင် သွေးစက်ကလေးများသည် ပျားအုံအပေါက်ကလေးများကဲ့သို့ ဖြစ်ပေါ်လာလေသည်။

ထိုသွေးစက်ကလေးများသည် နီရဲရာမှ ညိုမည်းလာလေသည်။

အလွန်အဆိပ်ပြင်းထန်သော လက်နက်ပုန်း ဖြစ်နေ၏။

ကျွန်းဗွာ ခန္ဓာကိုယ်သည် အောက်သို့ ပြုတ်ကျသွား၏။

ကျွန်းစုထင်းက သစ်ကိုင်းပေါ် ခုန်တက်ကာ ကျွန်းဗွာ ခန္ဓာကိုယ်အား ဆီး၍ ဖမ်းထားလိုက်၏။

ဝူးပေကျား မှာ ကျွမ်းပစ်ကာ ကုန်းပေါ်သို့ ထွက်ပြေးသွား၏။

သို့သော်...

လူတစ်ယောက်က သူ၏သွားလမ်းကို ပိတ်ဆို့ထားလိုက်လေသည်။

ထိုလူမှာ ရှောင်စုရိပင် ဖြစ်ပေတော့သည်။

♠ ♠ ♠

## မောဟမှန်တိုင်း

ရှောင်စုရိသည် ကျွန်းဗွာ အသက်အား ကယ်တင်နိုင်စွမ်း မရှိခဲ့ချေ။

သို့သော်...

ဝူးပေကျား ထွက်မပြေးနိုင်ရန် ဟန့်တားနိုင်ခဲ့လေသည်။

ဝူးပေကျားက လက်ထဲမှ ဖလွှေဖြင့် ပစ်ပေါက်လိုက်သည်။

ရှောင်စုရိက ဓားထုတ်ကာ ရိုက်ချလိုက်၏။

တဖန်...

ဝူးပေကျားအား စိုက်ကြည့်ကာ...

"ကျူပ်က ခင်ဗျားလို လူမျိုးကို ရှင်းပစ်ချင်ပါတယ်၊ ဒါပေမယ့် ကျူပ်ထက် ရှင်းပစ်ချင်တဲ့လူက ရှိနေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝူးပေကျား ကြည့်လိုက်ရာ ကျန်းစုထင်းသည် ကျန်းဗှာ အလောင်းကို ပွေ့ကာ ကန့်လန့်လဲနေသော သစ်ပင်ပေါ်မှ လျှောက် လာလေသည်။

သူ၏မျက်လုံးအစုံသည် မီးတောက်မီးလျှံပမာ သူ့အား စိုက်ကြည့်နေ၏။

ကျန်းစုထင်းသည် ကျန်းဗှာအား မြေပေါ်၌ ချထားလိုက် သည်။

ထို့နောက်...

ရှောင်စုရှီအား လက်နှစ်ဘက်ဆုပ်ကာ အရိုအသေ ပေး လိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ရှောင်စုရှီ နောက်ဆုတ်သွားသည်။

ယခု...

ကျန်းစုထင်းသည် ဝူးပေကျားနှင့် မျက်နှာချင်းဆိုင် ရပ်တန့် လိုက်သည်။

ဝူးပေကျားက...

"ခင်ဗျားလက်နှစ်ဘက်ဟာ သိုင်းလောကမှာ ကျော်ကြား သလို ကျုပ်လက်ချောင်းတွေကလဲ ကျော်ကြားတယ်၊ ကနေ့တော့ ပွဲကြီးပွဲကောင်းပဲ"

ဟု ပြောလာသည်။

ကျန်းစုထင်းက စကားမပြောဘဲ အတွင်းအားကို စုစည်း



ထားလိုက်လေသည်။

ဝူးပေကျား သက်ပြင်းချကာ...

"မကြာသေးမီကမှ ကျုပ်က ရှောင်စုရှီနဲ့ ယှဉ်ခဲ့ရလို့ အခုထိ ဒဏ်ရာမပျောက်သေးဘူး၊ ခင်ဗျားနိုင်သွားလဲ ဂုဏ်မရှိပါဘူး"

ကျန်းစုထင်းက...

"ဂုဏ်ရှိတာမရှိတာ ငါနားမလည်ဘူး၊ မင်းနဲ့ငါ တစ် ယောက်သေဖို့သာ အရေးကြီးတယ်"

သွားကြားထဲမှ လေသံဖြင့် ပြောလိုက်သည်။

ဝူးပေကျားက နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

"ခင်ဗျားပြေးရလွှားရတဲ့အတွက် ခွန်အားလဲ တော်တော် ကုန်သွားမယ်လို့ ထင်တယ်"

ကျန်းစုထင်းက အေးတိအေးစက်ဖြင့်...

"မင်းပြောချင်တာ ပြောစမ်း၊ ငါက မင်းအသက်ကို ယူဖို့ပဲ သိတယ်"

"ရှမ်း"

ဝူးပေကျား ဓားဆွဲထုတ်လိုက်သည်။

သူက ကျန်းစုထင်းအား ကြည့်ကာ...

"ခင်ဗျားက လက်နက်မဲ့ ယှဉ်မလို့လား"

ဟု မေးလိုက်သည်။

ကျန်းစုထင်း စကားတစ်ခွန်းမျှ မပြောပါ။

လက်ဝါးနှစ်ဘက်ဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဂူးပေကျားက ပြန်လည်တိုက်ခိုက်လိုက်၏။

ဂူးပေကျားသည် တကယ်ပင် ဓားပညာရှင်တစ်ယောက် ဖြစ်သည်။

သူ၏ဓားကွက်များသည် လျှို့ဝှက်ဆန်းကြယ်ပြီး မြန်ဆန်သွက်လက်လှပေသည်။

သို့သော်....

သမီးစိတ်ဖြင့် ဒေါသကြီးနေသော ကျွန်းစုထင်းမှာ သေရမှာ မကြောက်ဘဲ တိုက်ခိုက်နေသဖြင့် ဂူးပေကျားမှာ နောက်ဆုတ်သွားရသည်။

ဂူးပေကျားမှာ ဒဏ်ရာမပျောက်သေး၍ စွမ်းအားပြည့် မတိုက်ခိုက်နိုင်သေးပါ။

ကျွန်းစုထင်းမှာ အလွန်စံပြင်းနေသဖြင့် သူ၏ပညာရပ်များကို အစွမ်းကုန် အသုံးပြုပြီး တိုက်ခိုက်နေ၏။

သူ၏လက်သီး လက်ဝါးများသည် ဂူးပေကျား ဒဏ်ရာရရှိထားသော နေရာသို့သာ ဦးတည်တိုက်ခိုက်နေ၏။

ဂူးပေကျား လက်ထဲတွင် ဓားတစ်လက် ရှိသော်ငြား မိမိဒဏ်ရာမထိအောင် ကာကွယ်နေရသဖြင့် အသာစီးမရဘဲ နောက်ဆုတ်ပေးနေရသည်။

အသေခံ တိုက်နေသော ကျွန်းစုထင်းအား ရင်မဆိုင်ရဲတော့ပါ။

ချက်ချင်းပင် သူ၏ခန္ဓာကိုယ်သည် လေထဲကျွမ်းပစ်ကာ



လှေငယ်ပေါ်သို့ ခုန်တက်သွားလိုက်သည်။

တဆက်တည်း လှော်ခတ်လိုက်၏။

ထိုစဉ် လှေငယ်သည် ရုတ်တရက် တုန်ခါသွားပြီး ကျွန်းစုထင်း ရေထဲမှ ခေါင်းပြူထွက်လာ၏။

ဂူးပေကျားက ဓားဖြင့် ခုတ်ချလိုက်သည်။

သို့သော်...

ကျွန်းစုထင်း၏ လက်သီးတစ်လုံးသည် လှေငယ်ပေါ်သို့ ထုချလိုက်ရာ...

"ဝုန်း"

လှေငယ် ထက်ပိုင်းကျိုးသွားပြီး ဂူးပေကျား ရေထဲကျသွားလေသည်။

ယင်းနောက် သူတို့နှစ်ယောက်သည် ရေထဲ၌ အပြန်အလှန် တိုက်ခိုက်နေကြ၏။

ထိုမှတဖန် ကုန်းပေါ် တက်လာကြပြန်လေသည်။

ဆက်လက်တိုက်ခိုက်ရာ ဂူးပေကျား လက်ထဲမှဓား လွင့်စဉ်သွား၏။

ကျွန်းစုထင်း မဲ့ပြုံးပြုံးကာ...

"ကဲ မင်း ဘာလက်နက်များ ရှိသေးလဲ"

ဂူးပေကျားက...

"ကျုပ်မှာ လက်နှစ်ဘက် ရှိသေးတယ်၊ ကျုပ်ရဲ့လက်သိုင်းဟာလဲ မင်းထက် မနိမ့်ကျပါဘူး၊ ဒဏ်ရာအခံ ရှိနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းစုထင်းက...

"စကားမရှည်နဲ့ သေဖို့သာပြင်"

"ငါသေသွားရင် မင်းကော"

ကျွန်းစုထင်းက ခံစားချက် ကင်းမဲ့သော လေသံဖြင့်...

"မင်းသေသွားတာကို တွေ့ရရင် ငါသေပျော်ပြီ"

စကားဆုံးလျှင် တရကြမ်း တိုက်ခိုက်လိုက်သည်။

ယခုတစ်ကြိမ်...

ငူးပေကျားက လက်ချောင်းကလေးများ အသုံးပြုကာ လျှင်မြန်စွာ တုန့်ပြန်တိုက်ခိုက်လာ၏။

သူ၏လက်ချောင်းကလေးများသည် လိပ်ပြာပမာ ပလူပျံနေ၏။

ကျွန်းစုထင်းက ဂရုမစိုက်ပါ။

ရှောင်တိမ်းခြင်း မရှိဘဲ ငူးပေကျား၏ခန္ဓာကိုယ်ပေါ်သို့ လက်ဝါးများ ရိုက်ထုတ်လိုက်သည်။

ရုတ်တရက်...

ငူးပေကျား၏လက်ချောင်းကလေးများသည် ကျွန်းစုထင်း၏ကိုယ်ပေါ်သို့ ကျရောက်လာသည်။

ကျွန်းစုထင်း နောက်မတွန့်ပါ။

သူက လက်ဝါးလေးငါးချက်မက ရိုက်ထုတ်လိုက်၏။

"ဝုန်း"

ငူးပေကျား၏လှုပ်ရှားမှုများ ရပ်တန့်သွားသည်။



ကျွန်းစုထင်း ခန္ဓာကိုယ်ပေါ် ကျရောက်နေသော လက်မှာလည်း ပြေလျော့လာ၏။

ကျွန်းစုထင်း နောက်ဆုတ်သွားသည်။

သူ၏ရင်ဘတ်၌ အပေါက်ကလေးများစွာ ဖြစ်ငပေါ်နေ၏။

သွေးများသည် ထိုအပေါက်ကလေးများထဲမှ စီးဆင်းကျလာလေသည်။ သူ၏ခန္ဓာကိုယ် ယိမ်းယိုင်နေ၏။

ထိုအချိန်မှာပင် ငူးပေကျားက ရှိသမျှ အားကုန်ထုတ်ကာ လက်ငါးချောင်းဖြင့် ကျွန်းစုထင်း၏ဝမ်းဗိုက်သို့ ထိုးသွင်းလိုက်သည်။

ကျွန်းစုထင်း၏မျက်နှာ ရှုံ့မဲ့သွားသည်။

ငူးပေကျား ရယ်မောလိုက်သည်။

"ငါပြောတယ် မဟုတ်လား။ ငါသေရင် မင်းလဲသေရမယ်လို့"

ကျွန်းစုထင်း အံကြိတ်လိုက်သည်။

သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ရင်ဝသို့ ထိုးသွင်းလိုက်၏။

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ ငူးပေကျားမှာ အဝေးသို့ လွင့်စဉ်သွားသည်။

ထို့နောက်...

တုတ်တုတ်မျှပင် မလှုပ်ပါတော့ချေ။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဂူးပေကျား သေဆုံးနေသည်ကို ကြည့်ပြီးမှ ကျန်းစုထင်းသည် ရှောင်စုရီဘက် လှည့်လိုက်သည်။

ရှောင်စုရီ သက်ပြင်းချလိုက်သည်။

"ခင်ဗျားလက်သိုင်းဟာ အတော်ကြောက်စရာကောင်းတာပဲ"

ကျန်းစုထင်းက...

"ဂူးပေကျားလည်း ကြောက်စရာကောင်းတာပါပဲ၊ အခုတော့ အားလုံးပြီးဆုံးသွားပါပြီ"

ပြောရင်း ရယ်မောလိုက်သည်။

သူ၏ရယ်မောသံမှာ တစ်မျိုး ဖြစ်နေသည်ဟု ရှောင်စုရီ ထင်မိလိုက်သည်။

ရှောင်စုရီက သူ့အား တစ်ချက် အကဲခတ်ကြည့်ရင်း...

"မစင်းကော"

ကျန်းစုထင်းက...

"သူကောင်းကောင်းမွန်မွန် ရှိနေပါတယ်"

"သူ ဘယ်မှာလဲ"

"မင်းတို့ သွားရှာရင် တွေ့နိုင်ပါတယ်၊ သူ ဘယ်လို ခံစားတယ်ဆိုတာ ပြောပြပါလိမ့်မယ်"

ရှောင်စုရီ မျက်မှောင်ကုပ်သွားသည်။

"ရှင်းရှင်းပြောပါ၊ သူ အခု ဘာဖြစ်နေသလဲ"



ကျန်းစုထင်းက...

"သူ ဘိန်းသမား ဖြစ်နေပြီ"

ကျန်းစုထင်း၏စကားကြောင့် ရှောင်စုရီ မျက်နှာကွက်ခနဲ ပျက်သွား၏။

ကျန်းစုထင်းက...

"မင်းမိတ်ဆွေအတွက် ခံပြင်းပြီး ကျုပ်ကို ရင်ဆိုင်စရာ မလိုတော့ပါဘူး"

သူက ဝမ်းနည်းကြေကွဲသော မျက်လုံးအစုံဖြင့် သမီးဖြစ်သူ၏အလောင်းအား လှမ်းကြည့်ကာ...

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်သမီးနောက် ကျုပ်လိုက်သွားတော့မယ်လေ"

စကားဆုံးလျှင် ပါးစပ်ထဲမှ သွေးများ ပွက်ခနဲ အန်ထွက်လိုက်၏။

ထို့နောက် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးရန် ကြိုးစားသော ကျွန်းစုထင်း၏တပည့်တို့အချို့ကိုလည်း လက်ရဖမ်းဆီးနိုင်ခဲ့သည်။

ကိုရှမ်း၏ထုတ်ဖော်ပြောဆိုမှုကြောင့် ဘိန်းများအချို့ လက်ဝယ်ထားရှိသော ကုန်သည်အချို့၏လိပ်စာများအား ရရှိခဲ့သည်။

ကျူးချစ်က ဆက်လက်ရှင်းလင်းရန် တာဝန်ယူလိုက်၏။

ရှောင်စုရီ ဦးဆောင်သော အဖွဲ့ကား အကျဉ်းသားများနှင့် ကျွန်းစုထင်း၏တပည့်များအား အပြစ်ပေးနိုင်ရန် နယ်စားကြီးယို့ထံ ပြန်လည်ခေါ်ဆောင်လာခဲ့လေတော့သည်။

♠ ♠ ♠

## အမှောင်နိဂုံး

ရှိဝမ်းနှင့် ကျူးချစ်တို့သည် ကျွန်းစုထင်း၏ယသားများကို [illegible]ဆီးလိုက်၏။

တဖန် သူတို့သည် ဘိန်းသိုလှောင်ထားသော အဆောက်အအုံကိုလည်း မီးရှို့ဖျက်ဆီးလိုက်ကြသည်။

အကျဉ်းသားများအား ကယ်ထုတ်ရာ မုစင်းကိုလည်း တွေ့ရသည်။

မုစင်းသည် ဘာကိုမှ မသိတော့ဘဲ ကြောင်အအ ဖြစ်နေသည်။

ကျွန်းစုထင်း၏ယုတ်မာမှုကြောင့် ဘိန်းစွဲသည့် ဒဏ်ကို ခံစားနေရပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုထင်းအဖွဲ့ ပြိုကွဲသွားပြီးနောက် ဘိန်းရောင်းဝယ်မှုများ ချုပ်ငြိမ်းပျောက်ကွယ်သွားခဲ့ရသည်။

နယ်စားကြီးယို့သည် ရောင်စုရီအား အလွန်ပင် ကျေးဇူးတင်မိသည်။

ဘိန်းဖြတ်ရန်အတွက် မုစင်းကိုလည်း နန်းတွင်းသမားတော်တစ်ဦးထံ ပို့ဆောင်ခဲ့သည်။

မကြာမီ မုစင်းတစ်ယောက် လူကောင်းပကတိ ပြန်ဖြစ်လာမည်မှာကား မလွဲပါချေ။

ကျန်းစုထင်း အမှုပြီးပြတ်သွားသည်နှင့် ရောင်စုရီတစ်ယောက် ခြေသလုံးအိမ်တိုင် လှည့်လည်သွားနေခဲ့၏။

ယခုလည်း သူသည် မြေပုံတစ်ခုရှေ့ဝယ် ရောက်ရှိနေ၏။

ကျန်းတုာ၏မြေပုံပင် ဖြစ်သည်။

သူသည် သဘောမနောကောင်းကာ စိတ်ထားဖြူစင်လှသော ကျန်းတုာအတွက် ဆုတောင်းမေတ္တာပို့နေခြင်းပင် ဖြစ်ပေတော့သည်။

ပြီးပါပြီ။

BURMESE CLASSIC
www.burmeseclassic.com